The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .17, NO . 37
တနင်္လာနေ့တိုင်းထုတ်ဝေသည်
September 25, 2017

# အိန္ဒိယနိုင်ငံက ပဲတင်သွင်းမှုကို ခွဲတမ်းဖြင့် သတ်မှတ်လိုက်ခြင်းနှင့် Re-export သကြားတင်ပို့မှုများ ရပ်ဆိုင်းလိုက်ခြင်းကြောင့် ကုန်သွယ်မှုပမာဏ လျော့ကျသွားမည်လား


ဓာတ်ပုံ-မြန်မာ့ဩဘာ

မြန်မာနိုင်ငံရဲ့ ပြည်ပကိုတင်ပို့လျက်ရှိတဲ့ လယ်ယာထွက်ကုန်ပစ္စည်းများအနက် ပဲမျိုးစုံတင်ပို့မှုဟာ လယ်ယာထွက်ကုန်ပစ္စည်း တင်ပို့မှုစုစုပေါင်းရဲ့ ၄၅ ရာခိုင်နှုန်းခန့်ရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ပဲတင်ပို့မှုကို ကြည့်မယ်ဆိုရင် ပဲမျိုးစုံတင်ပို့မှုအနက် မတ်ပဲ၊ ပဲတီစိမ်းနဲ့ ပဲစင်းငုံတို့ကို အိန္ဒိယ၊ ထိုင်း၊ မလေးရှား၊ ပါကစ္စတန်၊ စင်ကာပူနဲ့ အာရပ်နိုင်ငံတွေကို တင်ပို့နေတာဖြစ် ပါတယ်။

ယခု ၂၀၁၇-၁၈ ဘဏ္ဍာနှစ် စက်တင်ဘာလ ၁၅ ရက်အထိ စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၈၈ ဒသမ ၂၃၇ သန်းတန်ဖိုးရှိ ပဲမျိုးစုံတန်ချိန် ရှစ်သိန်းကျော်ကို တင်ပို့ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဘဏ္ဍာနှစ် ကာလတူက အမေရိကန်ဒေါ်လာ ၈၄၃ ဒသမ ၆၂၆ သန်း တန်ဖိုးရှိပဲမျိုးစုံတန်ချိန် ခုနစ်သိန်း ကျော်ကို တင်ပို့ခဲ့တာကြောင့် ဒီနှစ်မှာ တန်ချိန်အားဖြင့် တစ်သိန်းနီးပါး ပိုမိုတင်ပိုနိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သန်း၂၅၀ ကျော် လျော့နည်းတင်ပို့ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

စာမျက်နှာ - ၁၈ ➢

ဂျပန်နိုင်ငံသို့တင်ပို့သည့် မြန်မာပို့ကုန်ပစ္စည်းများနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် ဂျပန်နိုင်ငံ၏စားသောက်ကုန်တင်သွင်းရန် လမ်းညွှန်ချက်များ

စာမျက်နှာ - ၁၂ ➢

ဟင်္သာတမြို့နယ် ပေါက်တန်းကြီးကျေးရွာတွင် မတ်ပဲအစားထိုးသီးနှံ စိုက်ပျိုးရေးအတွက် တောင်သူများနှင့် ဆွေးနွေး

စာမျက်နှာ - ၂၃ ➢

YPS တင်ဒါအတွက် နိုင်ငံတကာကုမ္ပဏီကြီးများအပြင် SME ကုမ္ပဏီများကိုပါ ဖိတ်ခေါ်

စာမျက်နှာ - ၂၆ ➢

## ဘယ်လိုလဲ ကြက်သွန်နီ

စာမျက်နှာ - ၂၁ ➢






FLAV-O-RICH
Chicken Franks
Valley Farm
CHICKEN FRANKS
FRANKFURTER AYAM
GOURMET Chef
Sole Distributor
SHWE GANDAMAR
No.22,Corner of Lut Latt Yae Street and Than Thumar Road,Thingan Gyun Township,Yangon.
Contant : 09 792990483 / 09 423735083 / 09 796302214


Gold Choice®
what a feeling!
White Coffee
My Life My Choice
ဘဝအတွက် ရွေးချယ်မှု...
CAFÉ MOCHA Coffee
Sole Distributor
SHWE GANDAMAR
No.22,Corner of Lut Latt Yae Street and Than Thumar Road,Thingan Gyun Township,Yangon.
Contant : 09 792990483 / 09 423735083 / 09 796302214


AUNG EMERALD CO.,LTD
Power Train & Pump
Gasket, Hydraulic Seal & Bearing
NOK NSK FAG NTN Koyo
Electrical Parts
BOSCH
Genuine, Japan, USA
Hydraulic Main Pump & Travel Motor Parts
Bonfiglioli
TOKOR
Fuel Injection Parts
ZEXEL
DENSO
Yangon Head Office : No.B-1, Naung Yoe Street, Insein Township, Bayint Naung, Yangon, Myanmar.
Tel. (95-1) 3686792, 3686793, 3686794, 3686795, 3528728, 3707675
Fax. (95-1) 3686178
Email: sales@aungemerald.com, multiparts.ygn@aungemerald.com
Yangon Branch Office : (Bayint Naung) No.Za-17, Bayint Naung Main Road,1st quarter, Mayangone Township
Tel. (95-1) 3682512, (95-9) 730 52132, 511 6177
Email: sales@aungemerald.com
Multi-Parts
Nay Pyi Taw Branch Office : No.14, Thit Sar Street, Tha Pyae Kone Quater, Nay Pyi Taw.
Tel & Fac. (95-67) 432014,
Mobile. (95-9) 8300 883, 8304 179
Email: multiparts.npt@aungemerald.com
Mandalay Branch Office : No.594/222, Yangon-Mandalay Main Road, Pyi Gyi Tagon Township, Mandalay
Tel & Fax. (95-9) 9100 5770, 5177 796
Email: Multiparts.mdy@aungemerald.com
Phar Kant Office : C-15, Mashikataung Quater, Pharkant-Seikmu Main Main Road, Phar Kant, Kachin State
Tel : (95-74) 70501, Fax:(95-74) 70501, Mobile. (95- 9) 5116177
Filters
Donaldson
Drilling Accessories Powerking ATB MKB
Engine Parts
VOLVO
CATERPILLAR
KOMATSU
Ground Engaging Tools
HPAD
TXCL
Turbo Charges
Garrett IHI HOLSET KKK
Undercarriage Parts
HS&HSB
KTR
Hydraulic Hose & Crimping Machine
EATON
EXITFLEX
UNIFLEX
ALFAGOMMA
- The Best Quality Parts Dealer for Heavy Mechinery Equipments -

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ပြည်တွင်း၌ ပဲစားသုံးမှုတိုးတက်လာစေရေးအတွက် ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့ များ၊ ပဲအခြေခံ စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်းပွဲသို့ တက်ရောက်အမှာစကားပြောကြား



ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်သည့်ပဲများနှင့်ပတ်သက်၍ ပြည်တွင်းပဲစားသုံးမှု တိုးတက်လာစေရန် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ ပဲကို အခြားနည်းလမ်းဖြင့် အသုံးပြုသည့် အသင်းအဖွဲ့လုပ်ငန်းရှင်များ၊ ပဲအခြေခံ စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်များနှင့်တွေ့ဆုံပွဲကို စက်တင်ဘာ ၂၂ ရက်က နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းမှုအရေအတွက် ကန့်သတ်ချက်ကြောင့် လက်ကျန်ပဲများ ဆက်လက်တင်ပို့နိုင်ရေးကိစ္စများ ညှိနှိုင်းဆွေးနွေးသကဲ့သို့ ပြည်တွင်း၌ပဲစားသုံးမှု ပိုမိုတိုးတက်လာစေရေးအတွက် ပဲအများဆုံးသုံးစွဲသည့်ဌာနများ၊ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းဖြင့် ပြည်တွင်း၌ လက်ကျန်ပဲများကို အသုံးပြုနိုင်မည့် နည်းလမ်းများကိုထုတ်ဖော်ပြီး ဆောင်ရွက်ခြင်းအားဖြင့် ပြည်တွင်းပဲပိုလျှံမှုအား တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ ကျန်ရှိသည့်ပဲများအား ပြည်ပသို့ ဆက်လက်တင်ပို့နိုင်ရေး ညှိနှိုင်းမှုများ၊ G to G အဆင့် MoU လက်မှတ်ရေးထိုးနိုင်ရေးအတွက် ညှိနှိုင်းမှုများ၊ ပဲမျိုးစုံဈေးကွက်သစ်များ တိုးချဲ့တင်ပို့နိုင်ရေးနှင့် ဈေးကွက်ဝင်သီးနှံများ ပြောင်းလဲစိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မကြာမီ ပြည်တွင်း၌ ထွက်ရှိလာတော့မည့် ပဲများ၏ ဈေးနှုန်းသည် တောင်သူများ၏ ထုတ်လုပ်မှုကုန်ကျစရိတ်အောက် နိမ့်ကျနေပါက တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ တောင်သူများထံမှ ဝယ်ယူပေးနိုင်ရေးများကိုလည်း သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းပြီး ဦးဆောင်အဖွဲ့သို့ တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မတ်ပဲကို လျှော့ချစိုက်ပျိုးပြီး အခြားသီးနှံပြောင်းလဲစိုက်ပျိုးနိုင်ရေးကိစ္စများ၊ ထွက်ရှိသည့်ပဲများတွင် ပိုးသတ်ဆေး ဓာတ်ကြွင်းပါဝင်မှုမရှိစေရေး၊ ကျောင်းများတွင် အာဟာရဓာတ်ပြည့်ဝသည့် ပဲကို အသုံးပြု၍ထုတ်လုပ်သည့် မုန့်များအားကျွေးမွေးရေးကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ပြည်တွင်း၌ ကျန်ရှိသည့်ပဲများအပေါ် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များ၊ ပြည်တွင်း၌ ပဲစားသုံးမည့် အစီအစဉ်များ၊ အကြံပြုချက်များအား ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြောကြားရန် မှာကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က ပြည်တွင်းပြည်ပ ပဲဈေးကွက်များ အိန္ဒိယနိုင်ငံသံရုံးနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ စိုက်ပျိုးရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍအလိုက် ဆောင်ရွက်သည့် အကြံပြုချက်များအား ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသည့် ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ဝန်ကြီးဌာနအလိုက် ပဲမျိုးစုံသုံးစွဲနေမှုနှင့် ပဲဝယ်ယူနိုင်မည့် အခြေအနေများအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် လယ်ဝေးမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးဇော်ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကုန်စည်ဒိုင်များ၊ တောင်သူလယ်သမားများ၊ တန်ဖိုးမြှင့်ကုန်ထုတ်လုပ်သူများ၏ အကြံပြုချက်များအား ဆွေးနွေးတင်ပြခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းမှုကန့်သတ်ချက်သည် နိုင်ငံအတွက် ကြီးမားသည့် သတိပေးချက်ဖြစ်ကြောင်း၊ နောင် ဤကဲ့သို့မဖြစ်စေရန် ရေတိုရေရှည် ဆောင်ရွက်မည့် အစီအမံများကို ချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အခက်အခဲများရှိသော်လည်း ဆောင်ရွက်ရမည့်လုပ်ငန်းများကို တစိုက်မတ်မတ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် လက်ကျန်ပဲများအား ဝယ်ယူနိုင်မည့် ကိစ္စရပ်များကို တင်ပြဆောင်ရွက်ပေးသွားရန် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**စာမျက်နှာ - ၁၇ သို့**

# အစားအသောက်နှင့်ပတ်သက်သော ဓာတ်ခွဲခန်းများ၏ စွမ်းဆောင်ရည်၊ ဝန်ဆောင်မှုနှင့် လိုအပ်ချက်များဆိုင်ရာ ဒုတိယအကြိမ် အစည်းအဝေးကျင်းပ ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက် အမှာစကားပြောကြား

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၌ စက်တင်ဘာ ၂၀ ရက်တွင် အစားအသောက်နှင့်ပတ်သက်သော ဓာတ်ခွဲခန်းများ၏ စွမ်းဆောင်ရည်၊ ဝန်ဆောင်မှုနှင့် လိုအပ်ချက်များဆိုင်ရာ ဒုတိယအကြိမ်အစည်းအဝေးကို ကျင်းပခဲ့ရာ အဆိုပါ အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့ လက်ရှိလုပ်ဆောင်နေသော တာဝန်နှစ်ရပ်ရှိကြောင်း၊ ပထမတစ်ခုအနေဖြင့် စားသုံးသူကာကွယ်ရေးအတွက် ကုန်ပစ္စည်းတို့၏ စံချိန်စံညွှန်းများရေးဆွဲ၍ လုပ်ဆောင်သွားရန်ဖြစ်ပြီး နိုင်ငံအတွင်းသို့ တင်သွင်းမှုနှင့် တင်ပို့သောကုန်ပစ္စည်းတို့သည် ဘေးအန္တရာယ်ကင်းရှင်းသော ကုန်ပစ္စည်းများဖြစ်ရေးကို ဆောင်ရွက်နေပါကြောင်းနှင့် ဒုတိယအချက်အနေဖြင့် SPS requirement များနှင့်ပတ်သက်၍ လုပ်ဆောင်ရာတွင် အလွန်ကျယ်ပြန့်သောကိစ္စဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းသာဖြစ်ပါကြောင်း၊ ဓာတ်ခွဲခန်းများ နိုင်ငံတကာအဆင့်မီဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာ အသိအမှတ်ပြုရရှိရေး၊ ဓာတ်ခွဲခန်းများအချင်းချင်း၊ နိုင်ငံအချင်းချင်း အပြန်အလှန် အသိအမှတ်ပြုရေးအတွက် ပူးပေါင်းလုပ်ဆောင်ကြရန် လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

ယင်းနောက် သက်ဆိုင်ရာ ဌာနများနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများအလိုက် ဓာတ်ခွဲခန်းများ၏ လက်ရှိဆောင်ရွက်နေမှုများနှင့် လိုအပ်ချက်များကို Lab Network အဖွဲ့ဝင်များက ဆွေးနွေးခဲ့ကြပြီး ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအနေဖြင့် ဓာတ်ခွဲခန်းဆိုင်ရာ ပညာရှင်များ မွေးထုတ်ရေး၊ ဓာတ်ခွဲခန်းများအနေဖြင့် လုပ်ဆောင်နေသော ကဏ္ဍအလိုက် Center of Excellent များ ထူထောင်၍ ဓာတ်ခွဲခန်းဆိုင်ရာ ပညာရှင်များ သင်တန်းပေးရေး၊ အသိအမှတ်ပြုခြင်းဆိုင်ရာ Procedure များကို ဓာတ်ခွဲခန်းများမှ ကျယ်ကျယ် ပြန့်ပြန့်သိရှိနိုင်အောင် ဆောင်ရွက်သွားရေး၊ သက်ဆိုင်ရာဌာနများအလိုက် မိမိတို့ ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ရန်အတွက် Project Proposal များပြုစု၍ စုစည်းပြီး ရန်ပုံငွေရရှိရေးအတွက် အထက်အဆင့်ဆင့်သို့ တင်ပြတောင်းခံရေး၊ မြန်မာနိုင်ငံ ဓာတ်ခွဲခန်းများအသင်း ဖွဲ့စည်းနိုင်ရေး၊ လိုအပ်သော ဓာတ်ခွဲခန်းသုံး ဓာတုပစ္စည်းများကို MITS မှ တာဝန်ယူ၍ တင်သွင်းဖြန့်ဖြူးပေးနိုင်ရေး၊ ဓာတ်ခွဲခန်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ပုဂ္ဂလိက ကဏ္ဍမှ ပါဝင်လာရန်စည်းရုံးလုပ်ဆောင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်းသတင်းရရှိပါသည်။

**တိုးဦး** (CTQM)

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
အောင်သူရ

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
-

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွန်း(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ခိုင်ဇော်မင်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ဆန်ကြမ်းဝယ်လိုအားများလာလို့ ဈေးထပ်မံမြင့်တက်

ယခုတစ်ပတ် ရန်ကုန်မြို့ဆန်ဈေးကွက်မှာ ဆန်ချော အရောင်းအဝယ်ပုံမှန်ရှိလို့ ဈေးငြိမ်နေပြီး အဝယ်လိုက်တဲ့ ဆန်ကြမ်းနွေသီးထပ်ရှယ်နဲ့ ဧည့်မထ ၂၅ မှတ်က ဈေးထပ်မံမြင့်တက်ကြောင်းသိရပါတယ်။ ဆန်ချောဖြစ်တဲ့ ဖျာပုံပေါ်ဆန်း ဆန်ထိပ်စတစ်အိတ်ကျပ် ၃၄၀၀၀ နဲ့ လတ်စ တစ်အိတ်ကျပ် ၃၃၀၀၀၊ ပုသိမ်၊ မြောင်းမြပေါ်ဆန်း ဆန်ထိပ်စ တစ်အိတ် ကျပ် ၃၆၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၃၃၅၀၀၊ နယ်စုံကျိုက်လတ်ထိပ်စတစ်အိတ်ကျပ် ၃၂၀၀၀ နဲ့ လတ်စ တစ်အိတ်ကျပ် ၃၁၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ် ကျပ် ၄၈၀၀၀ မှ ကျပ် ၄၉၀၀၀ ဖြစ်ပြီး အရောင်းအဝယ်အေးတဲ့အတွက် ဈေးလည်းငြိမ်နေကြောင်း ဝါးတန်းဆန်ဈေးကွက်မှ သိရပါတယ်။

ဆန်ကြမ်းနှစ်မျိုးကတော့ အဝင်နည်းပြီး သင်္ဘောတင်လည်းရှိ၊ အဝယ်လည်းလိုက်တဲ့အတွက် ဈေးတက်ကြောင်းသိရပါတယ်။ နွေသီးထပ်ရှယ်တစ်အိတ်ကျပ် ၂၂၅၀၀ မှ ကျပ် ၂၂၈၀၀၊ ဧည့်မထ ၂၅ မှတ်တစ်အိတ်ကျပ် ၂၀၅၀၀ မှ ကျပ် ၂၁၀၀၀ ဖြစ်ပြီး တစ်အိတ်ကို ကျပ် ၅၀၀ မှကျပ် ၇၀၀ အထိ ဈေးတက်ကြောင်း သိရပါတယ်။ ကျန်အမျိုးအစားများဖြစ်တဲ့ နွေဆန်ရက် ၉၀ ကတော့ တစ်အိတ်ကို ကျပ် ၂၃၅၀၀ မှ ကျပ် ၂၄၀၀၀၊ ဧည့်မထဆန်ထိပ်စတစ်အိတ်ကျပ် ၂၂၀၀၀ နဲ့ လတ်စ တစ်အိတ်ကျပ် ၁၉၇၀၀ ဖြစ်ပြီး ယခင်တစ်ပတ်အတိုင်း မပြောင်းလဲဘဲ ဈေးငြိမ်နေကြောင်း သိရပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာ အရောင်းအဝယ်လိုက်တဲ့ ဧည့်မထ ၅ မှတ်မော်ဘီတစ်အိတ် ၁၃၈ ယွမ်မှ ၁၄၁ ယွမ်၊ ဧည့်မထ ၁၀ မှတ်စူပါတစ်အိတ် ၁၃၄ ယွမ်မှ ၁၃၉ ယွမ်ဖြစ်ပါတယ်။ ပုံမှန်အရောင်းအဝယ်ရှိတဲ့ ဧည့်မထ ၁၀ မှတ် မော်ဘီ တစ်အိတ် ၁၃၂ယွမ်မှ ၁၃၃ ယွမ်၊ ဧည့်မထ ၁၀ မှတ် စူပါတစ်အိတ်ယွမ် ၁၃၀ မှ ၁၃၁ ယွမ်၊ မနောသုခ ၁၅ မှတ် တစ်အိတ် ယွမ် ၁၂၀ မှ ၁၂၄ ယွမ်၊မနောသုခ ၂၅မှတ်တစ်အိတ် ၁၁၆ယွမ်မှ၁၁၈ယွမ်၊ ငစိန်၅မှတ်တစ်အိတ်၁၂၅ယွမ်မှ ၁၂၈ ယွမ်၊ ငစိန် ၁၅မှတ်တစ်အိတ် ယွမ်၁၂၀ မှ ၁၂၃ ယွမ်၊ ငစိန် ၂၅ မှတ် တစ်အိတ် ၁၁၆ယွမ်မှ၁၁၆ယွမ်ဖြစ်ပြီး ယခင်တစ်ပတ်အတိုင်း ဈေးမပြောင်းကြောင်းသိရပါတယ်။

စက်တင်ဘာ ၁၃ ရက်မှ ၁၉ ရက်အထိ ရက်သတ္တပတ်အတွင်း မြို့တွင်းနယ်စုံမှ မူဆယ်သို့ဆန်အဝင်မှာ ၂၁၆၉၂တန်ရှိပြီး ဆန်အရောင်းအဝယ်ပုံမှန်ရှိနေကြောင်း သိရပါတယ်။ စက်တင်ဘာ ၂၂ ရက်နေ့ရဲ့ ငွေလဲနှုန်းအရ တစ်ယွမ်ကို ၂၀၄ ကျပ်ဈေးပေါက်ကြောင်း မူဆယ်မှသတင်းရရှိပါတယ်။

**ယဉ်ယဉ်အေး**

# ကျိုက်လတ်မြို့နယ်တွင် မိုးစပါးစတင်ရိတ်သိမ်း

ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့နယ်တွင် မိုးစပါးစိုက်ဧက ၁၂၇၆၁၈ ဧက စိုက်ပျိုးထားရှိပြီး ယခုအခါ ကျိုက်လတ်မြို့နယ်တွင် မိုးစပါးစတင်ရိတ်သိမ်းနေပြီဖြစ်ကြောင်းသိရသဖြင့် ကျိုက်လတ်မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးခင်မောင်ဇင်နှင့်ဝန်ထမ်းများသည် စက်တင်ဘာ ၁၃ ရက်က ဆူးဂဏန်းကျေးရွာအုပ်စု၊ ပင်လယ်တိမ်ကျေးရွာခွဲနှင့် ပန်းဘဲစုကျေးရွာအုပ်စု၊ အခြံကျောင်းကျေးရွာခွဲများသို့ ကွင်းဆင်းလေ့လာခဲ့ကြကြောင်းသိရပါသည်။

ကျိုက်လတ်မြို့နယ် ဆူးဂဏန်းကျေးရွာအုပ်စု၊ ပင်လယ်တိမ်ကျေးရွာခွဲရှိ တောင်သူဦးအေးမင်းထိုက်၏သီးထပ်ရင်စပါးဧက ၂၀ ရိတ်သိမ်းပြီးစီးခဲ့ပြီး အထွက်နှုန်းမှာ အခြောက်တင်း ၄၅ တင်းနှုန်းခန့်ထွက်ရှိပြီး ပန်းဘဲစုကျေးရွာအုပ်စု၊ အခြံကျောင်းကျေးရွာခွဲမှ တောင်သူဦးသောင်းရွှေ၏မနောသုခစပါးခြောက်ဧကရိတ်သိမ်းပြီးစီးမှုတွင် အခြောက်တင်း ၅၀ခန့်ထွက်ရှိကြောင်းသိရသည်။

အဆိုပါထွက်ရှိစပါးများအား တောင်သူများအနေဖြင့် မျိုးစပါးအဖြစ် ပြန်လည်ရောင်းချသွားမှာဖြစ်ပြီး လတ်တလော စပါးတင်း ၁၀၀လျှင် ကျပ်ရှစ်သိန်းနှုန်းဖြင့် လာရောက်ဝယ်ယူမှုရှိနေသော်လည်း ရောင်းချခြင်းမပြုသေးကြောင်း တောင်သူများထံမှသတင်းရရှိပါသည်။

**မင်းဇော်မွန်(ဖျာပုံ)**

# ယခုတစ်ပတ် ပင်လယ်ရေကြောင်းမှဆန်နဲ့ဆန်ကွဲပိုမိုတင်ပို့

ကုန်သွယ်ရေးစခန်းများမှ စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၈ ဒသမ ၁၇၉သန်းတန်ဖိုးရှိ ဆန်နဲ့ကောက်ညှင်းဆန် ၂၃၈၄၅ တန်ကျော် တင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဧည့်မထဆန် ၂၁၁၂၅ တန်နဲ့ ကောက်ညှင်းဆန်တန်ချိန် ၃၀၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၁၃၅ တန်ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၂၀၀၅တန်နီးပါးတင်ပို့ခဲ့ပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် တန်ချိန် ၅၅၀ တင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ ချင်းရွှေဟော်နဲ့လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဆန်ပိုမိုတင်ပို့နိုင်သော်လည်း မူဆယ်နဲ့စစ်တွေကုန်သွယ်ရေးစခန်းများမှ ဆန်တင်ပို့မှုလျော့ကျခဲ့ပါတယ်။ ယခင်တစ်ပတ်က ကုန်သွယ်ရေးစခန်းများမှ ဆန်တန်ချိန် ၂၇၃၃၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၃၄၈၅တန် တင်ပို့မှုလျော့ကျခဲ့ပါတယ်။

ယခုတစ်ပတ်မှာ ဆန်တင်ပို့မှုလျော့ကျသလို ဆန်ကွဲတင်ပို့မှုလည်းလျော့ကျခဲ့ပါတယ်။ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၉၆သန်းတန်ဖိုးရှိ ဆန်ကွဲ ၁၄၇၇တန်ခန့်ကို တင်ပို့ခဲ့ရာ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ၁၁၁၆ တန်ခန့်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၃၅၉ တန်ခန့်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ နှစ်တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က အဆိုပါစခန်းများမှ ဆန်ကွဲတန်ချိန် ၂၁၆၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ၆၈၃တန်လျော့ကျခဲ့တာ တွေ့ရပါတယ်။

စက်တင်ဘာ ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၆ဒသမ ၂၉၁သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ပေါင်းဆန် ၂၁၂၄၆တန်တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၂၆၀၀၊ အာဖဂန်နစ္စတန်နိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၃၉၀၀၊ သီရိလင်္ကာနိုင်ငံသို့ ဧည့်မထဆန် ၃၆၇၅ တန်နဲ့ ငစိန်ဆန် ၁၂၅ တန်၊ ရုရှားနိုင်ငံသို့ ပေါင်းဆန် ၂၂၅တန်နဲ့ ဧည့်မထဆန်တန်ချိန် ၂၅၀၊ တောင်အာဖရိကနိုင်ငံသို့ ဧည့်မထဆန် ၁၁၂၅ တန်၊ မက်ဒါဂါးစကားနိုင်ငံသို့ ဧည့်မထဆန် ၂၃၁၂ တန်၊ အီးယူနိုင်ငံများသို့ ပေါင်းဆန် ၁၂၅ တန်နဲ့ ဧည့်မထဆန် ၆၆၉ တန်၊ အိုင်ဗရီကို့စ်နိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၆၀၀၀နဲ့ တရုတ်နိုင်ငံသို့ ငစိန်ဆန်တန်ချိန် ၂၄၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၆၆၇၆ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန်ချိန် ၄၅၇၀ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ် ပင်လယ်ရေကြောင်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၁၂သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၇၆၉၀ တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်ဆန်ကွဲတင်ပို့မှုများမှာ ဗီယက်နမ်နိုင်ငံသို့ ၂၂၅ တန်၊ သီရိလင်္ကာနိုင်ငံသို့ တန်ချိန် ၅၀၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၂၅၀၊ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၁၀၀၀၊ ဆီနီဂေါနိုင်ငံသို့ ၁၇၇၅ တန်နဲ့ အီးယူနိုင်ငံများသို့ တန်ချိန် ၄၃၉၀ဖြစ်ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲ ၇၆၂၅ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၆၅ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ် ဆန်နဲ့ ဆန်ကွဲတင်ပို့မှုများမှာ ကုန်သွယ်ရေးစခန်းများမှလျော့ကျခဲ့ပြီး ပင်လယ်ရေကြောင်းမှ ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။

**ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၂-၉-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၁၅ | ၄၃၀ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၀၀ | ၄၁၅ | △ | ၃၈၀ | ၃၇၈ | ▽ | ၄၀၅ | ၄၀၅ | □ | ၃၉၀ | ၃၉၀ | □ |
| ဆန်ဖြူ ၁၀% | ၃၉၃ | ၄၀၉ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၃၉၂ | ၄၀၆ | △ | ၃၇၀ | ၃၆၈ | ▽ | - | - | - | ၃၈၀ | ၃၈၀ | □ |
| ဆန်ဖြူ ၂၅% | ၃၈၆ | ၃၉၈ | △ | ၃၅၈ | ၃၅၈ | □ | ၃၆၅ | ၃၆၅ | □ | ၃၅၀ | ၃၅၀ | □ |
| ပေါင်းဆန် | ၄၂၀ | ၄၅၂ | △ | - | - | - | ၄၃၀ | ၄၃၀ | △ | ၄၁၅ | ၄၁၅ | □ |

*Source: thairiceexporters*

## ပြည်တွင်းမြို့ကြီးများ၏ (၂၂-၉-၂၀၁၇)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၄၅၀ | □ | ၁၈၅၀၀ | □ | ၆၅၃၂ | □ | ၃၃၀၀၀ | □ |
| ပုသိမ် | ၅၆၅၀ | □ | ၂၁၀၀၀ | □ | ၁၀၆၀၀ | □ | ၃၈၅၀၀ | □ |
| ပဲခူး | ၅၀၀၀ | □ | ၂၀၀၀၀ | □ | ၆၇၀၀ | □ | ၃၄၀၀၀ | △ |
| ရွှေဘို | ၅၃၀၀ | □ | ၂၂၂၃၀ | △ | ၁၂၅၀၀ | □ | ၄၁၅၀၀ | □ |
| စစ်တွေ | ၃၈၅၀ | □ | ၁၇၀၀၀ | □ | ၇၀၀၀ | □ | ၃၂၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၃၀၀ | △ | ၂၇၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၆၀၀ | △ | ၂၁၀၀၀ | □ | - | - | ၃၈၀၀၀ | □ |
| မန္တလေး | ၅၈၀၀ | □ | ၂၇၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| မကွေး | ၇၀၀၀ | □ | ၂၃၅၀၀ | △ | - | - | ၄၀၀၀၀ | □ |
| မော်လမြိုင် | ၄၈၀၀ | △ | ၁၈၀၀၀ | □ | ၇၀၀၀ | □ | ၂၆၀၀၀ | □ |
| လှိုင်ကော် | ၆၇၇၀ | △ | ၃၂၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မြိတ် | ၃၈၀၀ | □ | ၂၃၀၀၀ | □ | - | - | ၄၀၀၀၀ | □ |
| ဘားအံ | ၅၄၀၀ | □ | ၂၁၀၀၀ | □ | - | - | ၄၀၀၀၀ | △ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၁၈-၉-၂၀၁၇ မှ ၂၂-၉-၂၀၁၇ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 1068 | 50,807,695.500 |
| 2 | Form D | 64 | 2,366,748.650 |
| 3 | Form E | 117 | 2,057,556.950 |
| 4 | Korea GSP | 9 | 116,222.500 |
| 5 | Form AK | 136 | 4,127,477.690 |
| 6 | Form AJ | 5 | 103,052.580 |
| 7 | Form AI | 40 | 1,982,939.860 |
| 8 | Form AANZ | 21 | 74,740.860 |
| 9 | Form DFTP | | |
| **Grand Total** | | **1460** | **61,636,434.590** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၂-၉-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁၅/၉ | ၂၂/၉ | ပြောင်းလဲမှု | ၁၅/၉ | ၂၂/၉ | ပြောင်းလဲမှု | ၁၅/၉ | ၂၂/၉ | ပြောင်းလဲမှု | ၁၅/၉ | ၂၂/၉ | ပြောင်းလဲမှု |
| မတ်ပဲ | ၉၁၉ | ၉၁၉ | ■ | ၉၇၅ | ၁၀၀၀ | ▲ | ၉၅၀ | ၁၀၀၀ | ▲ | ၉၁၀ | ၁၀၀၀ | ▲ |
| ပဲစင်းငုံ | ၆၉၁ | ၆၈၆ | ▼ | ၆၅၀ | ၆၆၇ | ▲ | ၆၆၀ | ၆၅၀ | ▼ | ၆၃၅ | ၆၅၀ | ▲ |
| ပဲတီစိမ်း | ၁၅၅၀ | ၁၅၈၀ | ▲ | ၁၆၀၀ | ၁၆၇၁ | ▲ | - | - | - | ၁၃၁၅ | ၁၃၇၀ | ▲ |
| ကုလားပဲရိုးရိုး | ၂၈၀၀ | ၃၀၀၀ | ▲ | ၂၃၀၆ | ၂၄၉၈ | ▲ | ၂၃၀၀ | ၂၃၆၈ | ▲ | ၂၂၄၀ | ၂၃၈၀ | ▲ |
| ပဲလွန်းဖြူ | ၁၆၆၅ | ၂၀၀၀ | ▲ | - | - | - | - | - | - | ၁၅၈၀ | ၁၅၈၀ | ■ |
| ထောပတ်ပဲ | ၁၆၅၀ | ၁၅၆၅ | ▼ | ၂၄၃၆ | ၂၄၃၆ | ■ | - | - | - | - | - | - |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၂-၉-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၁၅/၉ | ၂၂/၉ | ပြောင်းလဲမှု | ၁၅/၉ | ၂၂/၉ | ပြောင်းလဲမှု | ၁၅/၉ | ၂၂/၉ | ပြောင်းလဲမှု |
| မတ်ပဲ | ၄၂၀ | ၄၃၀ | ▲ | ၇၉၆ | ၆၇၇ | ▼ | ၇၀၂ | ၆၄၇ | ▼ |
| ပဲစင်းငုံ | ၃၁၅ | ၃၂၀ | ▲ | ၆၀၁ | ၅၈၅ | ▼ | ၆၅၆ | ၆၂၇ | ▼ |
| ပဲတီစိမ်း | ၆၈၀ | ၆၈၀ | ■ | - | - | - | ၇၄၉ | ၇၀၈ | ▼ |
| ကုလားပဲဖြူလုံးကြီး | ၁၀၃၀ | ၁၀၃၀ | ■ | ၉၂၅ | ၈၈၅ | ▼ | ၉၇၅ | ၉၂၄ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၁.၁၇) မှ |
| | (၉.၉.၁၇)ထိ | (၁၆.၉.၁၇)ထိ | (၁၆.၉.၁၇) ထိ |
| မတ်ပဲ | ၃၈၄၁၉၆ | ၇၂၁၈ | ၃၉၁၄၁၄ |
| ပဲတီစိမ်း | ၁၀၁၂၅၃ | ၄၆၄ | ၁၀၁၇၁၇ |
| ပဲစင်းငုံ | ၁၉၆၇၆၆ | ၁၀၉၃ | ၁၉၇၈၅၉ |
| ကုလားပဲ | ၃၆၂၅၁ | ၃၇၈ | ၃၆၆၂၉ |
| ပဲလွန်းဖြူ | ၁၂၅၈၁ | ၃ | ၁၂၅၈၄ |
| မြေထောက်ပဲ | ၉၀၂၅ | ၄၈ | ၉၀၇၃ |

## စက်တင်ဘာတတိယပတ်အတွင်း ပခုက္ကူကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သောဈေးကွက်နှင့်ဈေးနှုန်း

ပခုက္ကူကုန်စည်ဒိုင်၌ယခုတစ်ပတ်အတွင်းပဲစင်းငုံနီဈေးနှုန်းမှာ အနည်းငယ် ဈေးမြင့်လျက်ရှိပြီး တစ်တင်းလျှင် ကျပ် ၁၃၀၀၀ ဖြင့် တင်း ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ကုလားပဲဈေးနှုန်းများမှာ အနည်းငယ်မြင့်လျက်ရှိပြီး အရောင်းအဝယ် သွက်နေကာကုလားပဲဖြူ V2 တစ်တင်းလျှင်ကျပ် ၄၃၀၀၀၊ ကုလားပဲဝါ HL တစ်တင်းလျှင် ကျပ် ၄၅၀၀၀ နှင့် ကုလားပဲဖြူလုံးကြီး 929 တစ်တင်းလျှင်ကျပ် ၄၅၅၀၀ ဈေးများဖြင့် တင်း ၅၀ နှင့် ၁၀၀ ကြားတွင် အရောင်းအဝယ်ဖြစ်လျက် ရှိပါတယ်။

ပဲတီစိမ်းတစ်တင်းလျှင် ကျပ်၃၀၀၀ဈေးဖြင့် တင်း၅၀ ကျော်ခန့်အရောင်း အဝယ်ဖြစ်လျက်ရှိပါတယ်။ ပခုက္ကူဒေသထွက်၊ နှမ်းညိုတစ်တင်းလျှင်ကျပ် ၂၈၇၀၀၊ နှမ်းဝါ (ယော) တစ်တင်းလျှင် ကျပ် ၃၂၀၀၀ဖြင့် တင်း ၃၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ဒေသထွက်ကုန်ဖြစ်သည့်မြေပဲဆီ (ဆုံဆီ)တစ်ပိဿာဈေးနှုန်းမှာ လက်ကားဈေးကျပ် ၆၀၀၀ ဖြင့် အရောင်း အဝယ်ဖြစ်လျက်ရှိပါတယ်။

ကြက်သွန်နီစိုက်တောင်သူများတွင် ကြက်သွန်နီ လက်ကျန်နည်းကာ ဈေးအနည်းငယ် မြင့်တက်လျက်ရှိပြီး တစ်ပိဿာလျှင် ထိပ်စကျပ် ၁၉၀၀၊ အလတ်စ ကျပ် ၁၇၅၀၊ အနိမ့်စ ကျပ် ၁၆၅၀ဈေးဖြင့် တစ်နေ့လျှင် ပိဿာ ချိန် ၅၀၀၀ မှ ၁၀၀၀၀ ကြား နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## စက်တင်ဘာ တတိယပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ ပဲတီစိမ်းသီးနှံ ပုံမှန်အရောင်းအဝယ်ဖြစ်သလို ကုလားပဲနှင့်ပဲကြီးသီးနှံဈေးကောင်းဆက်ရ

စက်တင်ဘာ တတိယပတ်တွင် ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်မှာ မတ်ပဲနှင့်ပဲစင်းငုံသီးနှံမှာ အရောင်း အဝယ်အေးလျက်ရှိကာ ပြည်ပဝယ်လက် ပဲတီစိမ်းသီးနှံက တော့ နေ့စဉ်မန္တလေးလိုင်းသမားများ အဝယ်လိုက်လျက်ရှိလို့ အိတ် ၂၀၀ကျော် ရောင်းချခဲ့ရတယ်လို့ သိရပါတယ်။

ပြည်အနီးတစ်ဝိုက်ဒေသများမှ ပဲတီစိမ်းသစ်များ အဝင်ဆက်တိုက်ရှိခဲ့ ပြီး လက်ကျန်လည်းရှိလို့ လိုသလောက် ရောင်းချနိုင်ခဲ့ပါတယ်။ ပဲဈေးနှုန်းမှာ လလယ်ကဖြစ်ပေါ်ခဲ့ တဲ့ဈေးထက် အနည်းငယ် လျော့နည်းကျဆင်းသွားခဲ့တာ ကြောင့် ပဲတီစိမ်းသီးနှံတစ်တင်း ကျပ် ၂၅၀၀၀ ဖြင့် အရောင်း အဝယ်ဖြစ်နေခဲ့တာကိုတွေ့ရပါတယ်။

မတ်ပဲနှင့်ပဲစင်းငုံသီးနှံများအနက် ငွေလို၍ရောင်းချ သူအချို့ရှိခဲ့တဲ့အတွက် မတ်ပဲအိတ် အနည်းငယ်သာကျဈေး နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲစင်းငုံသီးနှံကတော့ အရောင်း အဝယ်သိပ်မဖြစ်ဘူးလို့သိရပါတယ်။ ယခုတစ်ပတ်အတွင်း မတ်ပဲတစ်တင်းကျပ် ၂၀၀၀၀၊ ပဲစင်းငုံတစ်တင်းကျပ် ၁၃၅၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးအနည်းငယ်စီပိုရခဲ့ပါတယ်။

ပဲကြီးသီးနှံမှာ ဒေသတွင်းသာ အရောင်းအဝယ်ဖြစ် သော်လည်း အိတ် ၂၀၀ ကျော်နေ့စဉ်အဝယ်ရှိပြီး ပဲကြော် ဖိုလုပ်ငန်းသမားများနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြသလို မျိုး ပဲဝယ်ယူသူများလည်း ရှိခဲ့ကြတာကို တွေ့ရပါတယ်။ ပဲအဝင် အနည်းငယ်ရှိခဲ့ပြီး လက်ကျန် ပဲများရှိကြတဲ့အတွက် ဝယ်လို အားရှိသလောက် အရောင်းအဝယ်ဖြစ်ခဲ့ပါ တယ်။

ပဲဈေးမှာ ဈေးငြိမ်နေပြီး (ရွှေကျွန်း) တစ်တင်းကျပ် ၅၅၀၀၀၊ (ကမ်းနား) တစ်တင်းကျပ် ၅၀၀၀၀ နှင့် မျိုးပဲတစ် တင်းကျပ် ၆၀၀၀၀ နဲ့ အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ပဲဈေးကွက်အတွင်းမှာ ယခုချိန်ထိ ပဲကြီးသီးနှံဟာ ဈေး အမြင့်ဆုံးမှာ ရပ်တည်နေခဲ့ကာ ကုလားပဲနဲ့ ပဲကြီးသီးနှံများ မှာ ဈေးလည်းကောင်း၊ အရောင်းအဝယ်လည်း အခြားပဲများ နှင့် ယှဉ်လျှင်သွက်နေခဲ့ပြီး ပဲတီစိမ်းသီးနှံမှာတော့ အရောင်း အဝယ်သွက်သော်လည်း ဈေးအေးနေခဲ့တယ်လို့ သိရပါ တယ်။

လက်လီပဲများဖြစ်တဲ့ ဘိုကိတ်၊ ပဲလွန်းဖြူ ပဲပုပ်သီးနှံ များမှာ လက်လီ ဝယ်ယူသူများနဲ့ ပုံမှန်အိတ်အနည်းငယ်စီ ရောင်းဝယ်ခဲ့ကြသော်လည်း ပဲပုပ်သီးနှံမှာ ဈေးပိုရလာလို့ တစ်တင်းကျပ် ၂၉၀၀၀နဲ့ လလယ်ကဈေးထက်တစ် တင်း ကျပ် ၁၅၀၀ ခန့်ပိုရလာခဲ့ပါတယ်။ ဘိုကိတ်၊ ပဲလွန်းဖြူသီးနှံများ ကတော့ ယခင်တစ်ပတ်ရဲ့ဈေးအတိုင်း ဈေးဆက်ငြိမ်လျက် ရှိခဲ့ကာ ဘိုကိတ်ပဲ သီးနှံတစ်တင်း ကျပ် ၂၇၀၀၀၊ ပဲလွန်းဖြူ သီးနှံတစ်တင်းကျပ် ၃၈၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်နှစ်ကာလတူက ပဲပုပ်တစ်တင်းကျပ် ၂၂၀၀၀၊ ဘိုကိတ် တစ်တင်းကျပ် ၂၅၀၀၀၊ ပဲလွန်းဖြူတစ်တင်းကျပ် ၂၄၀၀၀ တို့ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြတဲ့အတွက် ယခုနှစ်ဈေးနှုန်းများ အရ အဆိုပါပဲအားလုံး ဈေးကောင်းရခဲ့ ကြောင်း သိရပါတယ်။ ပြည်ပဲမျိုးစုံဈေးကွက်မှာ ယခုနှစ်အတွင်း မတ်ပဲ၊ ပဲစင်းငုံ သီးနှံများမှအပ ကျန်ပဲအားလုံးလိုလို ဈေးကောင်းရတဲ့နှစ် ဖြစ်ကြောင်းသိရပါတယ်။ **ခင်ဆွေဝင်း**



## စက်တင်ဘာတတိယပတ်အတွင်းရေစကြိုကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သောဈေးကွက်နှင့်ဈေးနှုန်း

ယခုတစ်ပတ်ရေစကြိုကုန်စည် ဒိုင်တွင် မြေပဲလုံးဆန်နီ(မြောင်) တစ် ပိဿာလျှင် ကျပ်၂၀၀၀၊ ကျွန်းဆန်မှာ တစ်ပိဿာလျှင်ကျပ်၁၉၀၀၊ S1 (မြေပဲ ဖြူလုံးဆန်) ကျပ်၂၀၀၀နှင့်၂၁၀၀ဈေး ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါ သည်။ရေစကြိုဒေသထွက်မတ်ပဲဈေးနှုန်း မှာ ယခင်တစ်ပတ်ထက် အနည်းငယ် ကျလျက်ရှိပြီး အနိမ့်ဈေးမှာ တစ်တင်း လျှင် ကျပ်၁၈၀၀၀၊ အမြင့်ဈေးတစ်တင်း လျှင်ကျပ်၁၉၀၀၀၊စွန်တာပြာ တစ်တင်း လျှင်ကျပ် ၂၈၀၀၀၊ ပဲဇီးကွက်ဈေးနှုန်း မှာလည်း စက်တင်ဘာတတိယပတ်တွင် အနည်းငယ်မြင့်လျက်ရှိပြီး တစ်တင်း လျှင်ကျပ် ၃၅၀၀၀၊ ပဲနီပြားတစ်တင်း လျှင် ကျပ် ၂၆၀၀၀ဖြင့် ရေစကြိုကုန် စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက် ရှိကြောင်းတွေ့ရသည်။ ကုလားပဲများ ဖြစ်သော HL တစ်တင်းလျှင် ကျပ် ၄၅၀၀၀၊929တစ်တင်းလျှင် ကျပ်၄၅၅၀၀ ဖြင့် တင်းနှစ်ရာကျော် အရောင်းအဝယ် ဖြစ်လျက်ရှိပါ သည်။

နှမ်းဖြူသန့် အနိမ့်ဈေး ကျပ် ၃၂၀၀၀၊ အမြင့်ဈေးကျပ် ၃၄၀၀၀ ဖြင့် ရေစကြိုကုန်စည်ဒိုင်တွင် အရောင်း အဝယ်ဖြစ်နေသည်ကိုလေ့လာတွေ့ရှိ ရပါသည်။ **လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ပြည်စားတော်ပဲ နှစ်စဉ်လိုလို ဈေးကောင်းရ

ပြည်ပဲမျိုးစုံဈေးကွက်တွင် ပုံမှန်အရောင်းအဝယ်ဖြစ်နေတဲ့ လက်လီပဲ များအနက် စားတော်ပဲသီးနှံဟာ နေ့စဉ်လက်လီအိတ် အနည်းငယ်ရောင်း ချခဲ့ရတာကို တွေ့ရပါတယ်။ ပဲဈေးမှာ လက်လီပဲများအားလုံးလိုလို ဈေး ကောင်းရလျက်ရှိတာကြောင့် စားတော်ပဲသီးနှံဈေးဟာ တစ်တင်းကျပ် ၅၀၀၀၀ နဲ့ ယခင်တစ်ပတ်ထက် ဈေးထပ်မြင့်လာသလို လက်လီပဲများအားလုံးထဲမှာ ဈေးအမြင့်ဆုံးရခဲ့တဲ့သီးနှံဖြစ်ပါတယ်။ အခြားပဲများ ဈေးအတက်အကျဖြစ်နေ သော်လည်း စားတော်ပဲသီးနှံကတော့ နှစ်စဉ်လိုလို ဈေးကောင်းရနေပြီး တစ် တင်းကျပ် သုံးသောင်းအထက်နဲ့အရောင်းအဝယ်ဖြစ်နေခဲ့ပါတယ်။**ခင်ဆွေဝင်း**

## ပြည်ကုလားပဲကို ခွဲစက်သမားများက ဝယ်ယူမှုရှိသလို မျိုးပဲအတွက်လည်း တောင်သူများက အဝယ်ရှိလာ

ပြည်ပဲမျိုးစုံဈေးကွက်အတွင်း စက်တင်ဘာတတိယပတ်တွင် ပြည်တွင်းဝယ်လက်ပဲများအနက် ကုလားပဲသီးနှံသည် ဈေး လည်းကောင်း၊ အရောင်းအဝယ်လည်းသွက်နေတယ်လို့ဆိုရမှာဖြစ်ပါတယ်။ ဝယ်လက်အနေဖြင့် ခွဲစက်များက အဓိကထား ဝယ်ယူလျက်ရှိသလို တစ်ခါတစ်ရံတောင်သူများက မျိုးပဲအတွက် ဝယ်ယူခဲ့တာကိုလည်း တွေ့ရပါတယ်။ ပဲဈေးမှာတော့ တစ်တင်း ကျပ် ၄၇၀၀၀ဖြင့် ဈေးအမြင့်အတိုင်းရှိနေခဲ့ပါတယ်။ ကုလားပဲသီးနှံဟာ ယခင်နှစ်ကတည်းက ဈေးကောင်းခဲ့လို့ မတ်ပဲနှင့် ဈေး အပြိုင်ရလျက်ရှိခဲ့ပြီး ယခုနှစ်မှာလည်း ဈေးကောင်းဆက်ရခဲ့လို့ ပြည်ပဝယ်လက်ပဲတွေထက်ပင် ဈေးအမြင့်နဲ့ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ **ခင်ဆွေဝင်း**

Vol: 17, No.37 Monday September 25 2017

## မြန်မာ့ဆိပ်ကမ်းတွင် ၂၁ .၉ . ၂၀၁၇ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်း (၁) | - SIMA PERFECT | ကုန်သေတ္တာ၅၃၃ကုန်တင်ရန်ကုန်သေတ္တာ၅၂၁ကုန်ချရန် |
| အလုံဆိပ်ကမ်း (၃) | - NK KHALEDA | ဆန် ၁၆၅၀တန်ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၁ | - PATRIA | ဆန် ၁၅၀၀၀ တန်ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၂) | - BLUE GATE | ဆန် ၂၀၀၀၀ တန်ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၅) | - TRUE BORN | ဆန် ၂၀၀၀၀ တန်ကုန်တင်ဆဲ |
| ဗိုလ်တထောင်ဆိပ်ကမ်း(၁) | - TAN BINH-127 | ဆန် ၁၁၀၀၀ တန်ကုန်တင်ဆဲ |
| သီလဝါဆိပ်ကမ်း (၂) | - YANTRA BHUM | ကုန်သေတ္တာ ၃၁၃ ကုန်တင်ဆဲ |
| သီလဝါဆိပ်ကမ်း (၃) | - KORALIA | Cement (In Bulk) ၈၀၀၀ကုန်ချရန် |
| သီလဝါဆိပ်ကမ်း (၄) | - CORESHIP OL | Steel ၁၀၀၉၇ တန်ကုန်ချရန် |
| သီလဝါဆိပ်ကမ်း (၅) | - ZI JING SONG | Steel & Equipment ၁၁၆၇၈ တန်ကုန်ချရန် |
| နန်းသီတာဆိပ်ကမ်း | - KYAW YADANA | G/C ၅၀၀ ကုန်တင်ရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| EXCEL | BUDDHA IMAGES + RAAWAY DUMPER ၂၇၈ တန်ကုန်တင်ရန် | | ၂၁.၉.၂၀၁၇ |
| HAN THAR | Steel Product ၅၀၀၅ တန်ကုန်ချရန် | | ၂၁ .၉ . ၂၀၁၇ |
| TRANG AN 05 | ဆန်တန် ၁၀၀၀၀ ကုန်တင်ရန် | PHILIPPINE | ၂၃ .၉ . ၂၀၁၇ |
| TUG;ASL COURAGEOUS | - | MALAYSIA | ၂၃ .၉ . ၂၀၁၇ |
| BG;AOM HOPPER-9 | - | MALAYSIA | ၂၃ .၉ . ၂၀၁၇ |
| BG;AOM HOPPER-10 | - | MALAYSIA | ၂၃ .၉ . ၂၀၁၇ |
| KIRANA NAREE | Rice ၂၅၀၀၀ တန်ကုန်တင်ရန် | AFRICA | ၂၃ .၉. ၂၀၁၇ |
| IDM DOODLE | Steel ၁၀၀၈၂ တန်ကုန်ချရန | INDIA | ၂၃ .၉. ၂၀၁၇ |
| NEPTUN | 9Units(MILYTRY TRUCK&TRALLERS) ၁၀၄ ကုန်တင်ရန် | RUSSIA | ၂၃ .၉. ၂၀၁၇ |
| HONG KAI | FERTILIZER & Steel ၁၇၅၁၈ တန်ကုန်ချရန် | CHINA | ၂၃ .၉ . ၂၀၁၇ |
| KANG YU | Steel ၂၈၁၆၂ တန်ကုန်ချရန် | CHINA | ၂၅ .၉ . ၂၀၁၇ |
| LOTOS LEADER | Units Vehicle (R0/RO) ၃၃၂ တန်ကုန်ချရန် | JAPAN | ၂၅ .၉ . ၂၀၁၇ |
| VIKING CORAL | Units Vehicle (R0/RO) ၁၃၀၈ တန်ကုန်ချရန် | JAPAN | ၂၅ .၉ . ၂၀၁၇ |
| ASIAN LEADER | Units Vehicle (R0/RO) ၆၀၈ တန်ကုန်ချရန် | JAPAN | ၂၆ .၉ . ၂၀၁၇ |
| LE MANS EXPRESS | Units Vehicle (R0/RO) ၁၀၄၂တန်ကုန်ချရန် | JAPAN | ၂၆ .၉ . ၂၀၁၇ |
| HAN ZHANG | Stator Assembly(1)Unit ၅၆ တန်ကုန်ချရန် | CHINA | ၂၆ .၉ . ၂၀၁၇ |
| PATARA | Units Vehicle (R0/RO) ၆၉၉တန်ကုန်ချရန | JAPAN | ၃၀ .၉ . ၂၀၁၇ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| KOTA RAJIN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၁ .၉ . ၂၀၁၇ |
| EVER ALLY | SINGAPORE | ထီးတန်းဆိပ်ကမ်း | ၂၂ .၉ . ၂၀၁၇ |
| SINAR BATAM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၂ .၉ . ၂၀၁၇ |
| MCC SINGAPORE | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၃ .၉ . ၂၀၁၇ |
| THANLWIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၃ .၉ . ၂၀၁၇ |
| SAN GIORGIO | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၆ .၉ . ၂၀၁၇ |
| MATHU BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၂၄ .၉ . ၂၀၁၇ |
| RATANA THIDA | SINGAPORE | အလုံ/သီလဝါဆိပ်ကမ်း | ၂၄ .၉ . ၂၀၁၇ |
| SINAR BANDA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၄ .၉ . ၂၀၁၇ |
| KUO HSIUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၄ .၉ . ၂၀၁၇ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.YU RU | MOGAS 92 RON | - | ၂၁.၉.၂၀၁၇ |
| MT.BABY LON | ဒီဇယ်ဆီ | - | ၂၂.၉.၂၀၁၇ |
| MT.SINGA PARAIS | ဒီဇယ်ဆီ | SINGAPORE | ၂၃.၉.၂၀၁၇ |
| MT.SK LINE-1 | P'Oil | INDONESIA | ၂၃.၉.၂၀၁၇ |
| MT.MADEIRO | MOGAS 92 RON | SINGAPORE | ၂၃.၉.၂၀၁၇ |
| MT.MESON | P'Oil | INDONESIA | ၂၃.၉.၂၀၁၇ |
| MT.CHAO ANOMA | P'Oil | SINGAPORE | ၂၃.၉.၂၀၁၇ |
| MT.GREAT DIOMOND | ဒီဇယ်ဆီ | SINGAPORE | ၂၅.၉.၂၀၁၇ |
| MT.VIET STAR | P'Oil | INDONESIA | ၂၆.၉.၂၀၁၇ |

# စက်တင်ဘာတတိယပတ် မုံရွာကုန်စည်ဒိုင်တွင် မြေပဲဆန်ဈေးငြိမ်ပြီး ဆီဆန်အရောင်းအဝယ်သွက်

စက်တင်ဘာတတိယပတ် မုံရွာကုန်စည်ဒိုင်ပဲမျိုးစုံဈေးကွက်တွင် ဆီထွက်သီးနှံဖြစ်သော မြေပဲဆန်ဈေးကွက်မှာ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်လျက်ရှိပြီး လုံးဆန်ဖြူနှင့် လုံးဆန်နီ အဝင်လည်းနည်း၍ အရောင်းအဝယ် အနည်းငယ် အေးနေကြောင်း သိရပါတယ်။

ဆီဆန်ကို မုံရွာမြို့တွင်း ဆီစက်သမားများနှင့်ဘုတလင်၊ ခင်မွန်ဆီစက်သမားများက အဝယ်လိုက်၍ အရောင်းအဝယ် သွက်လျက်ရှိကြောင်း သိရပါတယ်။ မြေပဲလုံးဆန်ဖြူနှင့် လုံးဆန်နီများကို မုံရွာကုန်စည်ဒိုင်သို့ ဆားလှော်သမားများက အဝင်ရှိသလောက် ဝယ်ယူလို့ အရောင်းအဝယ် ဖြစ်လျက်ရှိနေတာ သိရပါတယ်။ ယခုတစ်ပတ် မြေပဲဆန် တစ်ပိဿာပေါက် ဈေးနှုန်းမှာ လုံးဆန်ဖြူ ကျပ် ၂၃၅၀နဲ့ အိတ်၁၀၀ ခန့်၊ လုံးဆန်နီ ကျပ် ၂၂၀၀နဲ့ အိတ် ၂၀၀ခန့်၊ ဆီဆန် ကျပ် ၁၈၅၀ နဲ့ အိတ် ၅၀၀ခန့် အသီးသီး အရောင်းအဝယ်ဖြစ်လျက်ရှိကာ ဆီဆန်ကတော့ အရောင်းအဝယ်သွက်နေကြောင်း သိရပါတယ်။

ယခင်တစ်ပတ်က မြေပဲဆန် တစ်ပိဿာပေါက်ဈေးနှုန်းမှာ လုံးဆန်ဖြူ ကျပ် ၂၃၅၀၊ လုံးဆန်နီ ကျပ် ၂၂၀၀၊ ဆီဆန် ကျပ် ၁၈၅၀ နှုန်းပေါက်လို့ ယခုတစ်ပတ်နှင့်နှိုင်းယှဉ်ပါက ယခင်တစ်ပတ် အတိုင်းဈေးငြိမ်လျက်ရှိကြောင်းသိရပါတယ်။ မြေပဲဆီတစ်ပိဿာ (လက်ကား) ကျပ် ၄၀၀၀၊(လက်လီ) ကျပ် ၄၇၀၀ မှ ကျပ် ၄၈၀၀ နှုန်းရှိကြောင်း သိရပါတယ်။

**ကြည်ကြည်နွယ် ( မုံရွာ )**

# ပြည်ဆန်စပါးဈေးကွက်တွင် ဒေသတွင်းအရောင်းအဝယ်သာရှိ

ယခုတစ်ပတ် ပြည်ဆန်စပါးဈေးကွက်များတွင် စပါးဈေးရော ဆန်ဈေးတွေပါ မြင့်တက်နေတာ တွေ့ရပါတယ်။ ပြည်ဆန်စက်များတွင် စပါးကြိတ်ခွဲမှုရပ်ထားရတဲ့ရက်တွေလည်းရှိနေတာ သိရပါတယ်။ စပါးဈေး (ဧည့်မထအုပ်စု)တွေ ဈေးတက်နေပြီး ကြိတ်ခွဲရသမျှ ဆန်အိတ်များကိုတော့ ပြည်၊ တောင်တွင်းကြီး၊ အောင်လံ၊ ပန်းတောင်းမြို့များသို့ လက်ကျန်မရှိအောင် အရောင်းအဝယ်ဖြစ်နေကြောင်းလည်း သိရပါတယ်။ ပြည်ဈေးကွက်မှာ ပေါ်ဆန်းစပါး တင်း ၁၀၀ ၄၆ ပေါင်ကိုက်ကို ကျပ် ၈၂၈၀၀၀၊ ရတနာတိုး ကျပ် ၄၉၀၀၀၀၊ ဆင်း သွယ် ကျပ် ၅၀၀၀၀၀ တို့ရှိပြီး ဆန်တစ်အိတ်လျှင် တောင်ပျံမွှေး ကျပ် ၃၈၀၀၀၊ ရတနာတိုး ကျပ် ၂၂၀၀၀၊ဆင်းသွယ်လတ် ကျပ် ၂၃၀၀၀ဈေးတို့ဖြင့် ရောင်းချလျက်ရှိပါတယ်။ ဧည့်မထအုပ်စုဆန်များကို ဒေသတွင်းက အဆွဲများနေတာကြောင့် နယ်တင်ပို့မှုမှာအလွန်ရှားနေခဲ့တယ်လို့ ရောင်းဝယ်ရေးသမားတစ်ဦးကပြောပါတယ်။ **နီနီဝင်း**

# ပြည်ထောပတ်ပဲသီးနှံ ယခင်နှစ်ထက် ဈေးကောင်းရ

စက်တင်ဘာတတိယပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ လက်လီအရောင်းအဝယ်ဖြစ်တဲ့ပဲများအနက် ထောပတ်ပဲ သီးနှံဟာ တစ်တင်းကျပ် ၃၂၀၀၀ ဖြင့် လဆန်းရက်မှစ၍ ယခု အချိန်ထိ ဈေးငြိမ်နေခဲ့ပါတယ်။

ထောပတ်ပဲသီးနှံကို ပြည်ခရိုင်အတွင်း စိုက်ဧက လေး ထောင်ကျော်သာစိုက်ပျိုးပြီး ရွှေတောင်မြို့နယ်တွင် အများ ဆုံး စိုက်ပျိုးခဲ့ပါတယ်။ ပဲထွက်ပေါ်ချိန်များတွင် ပြည်ဈေးကွက်သို့ ဝင်ရောက်ပြီး ယခုအချိန်မှာတော့ ပဲလက်ကျန် အနည်းငယ်နဲ့လက်လီဝယ်ယူမှုအပေါ် အိတ်အနည်းငယ် နေ့စဉ်ရောင်းချခဲ့ရတယ်လို့သိရပါတယ်။ ယခင်နှစ်က အခြား လက်လီပဲအချို့ဈေးကောင်းခဲ့သော်လည်း ထောပတ်ပဲသီးနှံမှာ ဈေးအနိမ့်ဆုံးဖြစ်ခဲ့လို့ ယခုနှစ်မှာတော့ ယခင်နှစ်ဈေးထက် ကျပ်နှစ်သောင်းနီးပါထိ ဈေးပိုရခဲ့တာကို တွေ့ရပါတယ်။

**ခင်ဆွေဝင်း**

# မန်းကုန်စည်ဒိုင်တွင် စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းနှင့်ဈေးကွက်



မန္တလေးမြို့ မန်းကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ)မဟာကထိန်တော်အသင်းတွင် နေ့စဉ် (ဥပုသ်နေ့မှအပ) အနယ်နယ်အရပ်ရပ်မှ ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ လာရောက်ပြီး လယ်ယာထွက်ကုန်သီးနှံများကို အရောင်းအဝယ် ပြုလုပ်လျက်ရှိရာ စက်တင်ဘာလ တတိယပတ်ရဲ့ဈေးနှုန်းနဲ့ ယခင်လ ကာလတူဈေးနှုန်းကို နှိုင်းယှဉ်ပါက ယခုတစ်ပတ် အတွင်း နှမ်းဖြူ တစ်ပိဿာ ၂၅၅၆ ကျပ် (တစ်တန် ကျပ် ၆၇၉၇၅)၊ နှမ်းညို တစ်ပိဿာ ၁၉၅၆ ကျပ် (တစ်တန် ၄၀၄၁၈ ကျပ်)၊ နှမ်းနက် တစ်ပိဿာ ၂၅၅၆ ကျပ်၊ (တစ် တန် ၆၈၅၈၈၈ ကျပ်)နှင့် စမုံနှမ်းနက် တစ်ပိဿာ ၂၈၂၂ ကျပ် (တစ်တန် ၆၇၉၇၅ကျပ်)ဖြင့် တစ်ရက်လျှင် အိတ် ၃၅၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး၊ ပဲတီစိမ်းတစ်ပိဿာ ၁၆၈၉ ကျပ် (တစ်တန်လျှင် ၇၅၉၃၆ ကျပ်)ဖြင့် တစ်ရက်လျှင် အိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ဒေသတွင်း ဝယ်လက်အများဆုံးဖြစ်တဲ့ ပဲကြီးမှာ တစ်ပိဿာ ၃၁၆၇ကျပ်ဖြင့် တစ်ရက်လျှင် အိတ် ၂၅၀ခန့်၊ ပဲပုပ်ရှမ်းတစ်ပိဿာ ၉၉၅ ကျပ် (တစ်တန်လျှင် ကျပ် ၁၃၈၄၀၀)၊ ပဲပုပ်(ဗမာ)တစ် ပိဿာလျှင် ၁၇၆၅ ကျပ် (တစ်တန်လျှင် ၂၃၂၇၁ကျပ်)ဖြင့် ပဲပုပ်နှစ်မျိုးပေါင်း တစ်ရက်လျှင် အိတ် ၃၀၀ခန့်၊ ပဲယင်းတစ်ပိဿာ ကျပ် ၁၀၀၀နှင့် ထောပတ်ပဲ တစ်ပိဿာ ၂၄၃ ကျပ်ဖြင့် တစ်ရက်လျှင် အိတ် ၁၀၀-၁၅၀ခန့်၊ မြေထောက်ပဲ တစ်ပိဿာ ၂၁၃၀ ကျပ် (တစ်တန် ၅၆၉၅၂ ကျပ်)တစ်ရက်လျှင် အိတ် ၂၀၀ ခန့် ပုံမှန်အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

ရန်ကုန်ဝယ်လက်နှင့် ပြည်ပ (အိန္ဒိယ) ဝယ်လက်အများဆုံးဖြစ်သော မတ်ပဲမှာ တစ်ပိဿာလျှင် ၁၀၃၃ ကျပ်၊ (တစ်တန် ၂၃၅၁၅၈ ကျပ်)ဖြင့် ဈေးနှုန်း သိသာစွာကျဆင်းခဲ့ပြီး၊ တစ်ရက်လျှင် အိတ် ၃၀၀ ခန့်ဖြင့် အရောင်းအဝယ် အေးလျက်ရှိပါတယ်။ ကုလားပဲဖြူကြီး တစ်ပိဿာ ၂၅၃၃ ကျပ် (တစ်တန် ကျပ် ၁၂၈၆၀၀)၊ ကုလားပဲထိုင်ဝမ် တစ်ပိဿာ ၂၃၀၁ကျပ် (တစ်တန် ၈၆၉၅၉ ကျပ်) ဈေးအမာဖြင့် တစ်ရက်လျှင် ပဲနှစ်မျိုး ပေါင်း အိတ် ၆၀၀ ခန့်ဖြင့် အရောင်းအဝယ်အေးလျက်ရှိကြောင်း သိရပါတယ်။

မန္တလေးကုန်စည်ဒိုင်မှာ ပုံမှန်အရောင်းအဝယ်ဖြစ်နေတဲ့ သီးနှံများအနက် ပဲတီစိမ်းနှင့် နှမ်းရောင်စုံမှာ အဓိက အရောင်းအဝယ်ပြုလုပ်တဲ့ သီးနှံများဖြစ်ကြောင်း၊ ယခုလတွင် ဈေးနှုန်းကွာဟချက်မရှိဘဲ ဈေးအေးဖြင့် ပုံမှန်အရောင်း အဝယ်ဖြစ်လျက်ရှိကြောင်း ကုန်သည်ပွဲစားတစ်ဦးက ပြောကြားပါတယ်။

**အာကာကျော် (မန္တလေး)**

## ကြက်သွန်

### နယ်စပ်စခန်းစုံမှ ကြက်သွန်နီတင်ပို့

စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၉၈၄၀ တန်ဖိုးရှိ ကြက်သွန်နီ ၃၂ တန်ကို တရုတ်နိုင်ငံသို့လည်းကောင်း၊ မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၅၆၀၀ တန်ဖိုးရှိ ကြက်သွန်နီတန် ၂၀နဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၄၃၇၅ တန်ဖိုးရှိကြက်သွန်နီ ၂၅ တန်ကို ထိုင်းနိုင်ငံသို့လည်းကောင်း အသီးသီး တင်ပို့ခဲ့ကြပါတယ်။ ယခင်ရက်သီတင်းပတ်က မူဆယ်မှ ၃၂တန်၊ တာချီလိတ်မှ ငါးတန်တင်ပို့ခဲ့ပါတယ်။ ပြည်တွင်းကြက်သွန်နီဈေးကွက်တွင် ၂၀၁၃ နဲ့ ၂၀၁၄ နှစ်နှစ်သာ ဈေးကောင်းမရရှိဘဲ ၂၀၁၅၊ ၂၀၁၆၊ ၂၀၁၇ သုံးနှစ်တာကာလအတွင်း ဈေးကောင်းရခဲ့ကြောင်း၊ ၂၀၁၅ နှစ်ကုန်တွင် တစ်ပိဿာ ကျပ် ၃၇၀၀၊ ၂၀၁၇ ခုနှစ်နှစ်ဆန်းတွင် ကျပ် ၂၅၀၀ ဈေးရခဲ့ကြောင်းသိရပါတယ်။ **မော်မော်အောင်**

### ပြည်ကြက်သွန်နီဈေးနှုန်းများ အတက်အကျမြန်ဆန်လျက်ရှိ

ပြည်ဈေးကွက်အတွင်း ကြက်သွန်နီဈေးနှုန်းများ အတက်အကျမြန်ဆန်လျက်ရှိပြီး ယခုတစ်ပတ်တွင် လက်လီ၊လက်ကားပျမ်းမျှ တစ်ပိဿာလျှင် ကျပ် ၂၀၀ခန့် ကျဆင်းသွားကြောင်းသိရပါတယ်။ မော်လမြိုင်၊ ဘားအံမြို့နယ်များမှ ဝယ်လက်များအနေဖြင့် ကြက်သွန်နီအဓိကစိုက်ပျိုးထွက်ရှိရာ မန္တလေးတိုင်း၊ မကွေးတိုင်းများသို့ တိုက်ရိုက်ကွင်းဆင်းဝယ်ယူပြီး အောက်လိုင်းဖြစ်သော သင်္ဘောများဖြင့် မလေးရှားနိုင်ငံသို့တင်ပို့ရောင်းချမှုများရှိနေ၍ ယခုကဲ့သို့ အောက်လိုင်းထွက်ရှိမှုအပေါ်မူတည်၍ ဈေးနှုန်းများတက်လိုက် ကျလိုက်ဖြစ်နေခြင်းဖြစ်ကြောင်း ပြည်ပွဲရုံလုပ်ငန်းရှင်များနှင့် ကြက်သွန်နီရောင်းဝယ်ရေးသမားများ၏ ပြောကြားချက်အရ သိရပါတယ်။ ပြည်ဈေးကွက်သို့ဝင်ရောက်မှုအနေဖြင့် ဆိပ်ဖြူ၊ တောင်တွင်း၊ ကျောက်ပန်းတောင်းစသည့် မြို့များမှ ပုံမှန်ဝင်ရောက်မှုရှိနေပြီး အရောင်းအဝယ်မှာတော့ သီတင်းကျွတ်အခါကာလနီးပေမယ့် အရောင်းအဝယ်မသွက်ဘဲ ကြိုတင်ဈေးအနိမ့်ဖြင့် ဝယ်ယူထားရှိမှုများကြောင့် အရောင်းအဝယ်မှာ အေးနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အေး၍ ဈေးအနည်းငယ် ကျဆင်းရခြင်းဖြစ်ကြောင်းလည်းသိရပါတယ်။ ဈေးနှုန်းအနေဖြင့် ယခုတစ်ပတ် ပွဲရုံ လက်ကားဈေးတစ်ပိဿာလျှင်(ကြီး)ကျပ် ၂၂၀၀၊ (လတ်) ကျပ်၂၀၀၀ မှ ကျပ် ၂၁၀၀၊ (သေး) ကျပ် ၁၇၀၀မှ ကျပ် ၁၉၀၀ ရှိပြီး လက်လီဈေးအသေးများ တွင် (ကြီး)ကျပ်၂၄၀၀၊ (လတ်) ကျပ် ၂၂၀၀၊ (သေး) ကျပ် ၂၀၀၀နှုန်းဖြင့် ရောင်းဝယ်လျက်ရှိကာ ယခင်တစ်ပတ်လက်ကားဈေးတစ်ပိဿာ(ကြီး)ကျပ်၂၃၀၀၊(လတ်) ကျပ် ၂၂၀၀၊ (သေး) ကျပ်၁၉၀၀မှ ကျပ်၂၀၀၀နှုန်းရှိပြီး လက်လီဈေးများတွင် (ကြီး) ကျပ်၂၆၀၀၊(လတ်) ကျပ် ၂၄၀၀၊(သေး)ကျပ်၂၁၀၀ မှ ကျပ် ၂၂၀၀ နှုန်းရှိတဲ့အတွက် ယခုတစ်ပတ်ဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးနှုန်းအောက် ကျဆင်းလျက်ရှိနေတာ တွေ့ရပါတယ်။ ဈေးကွက်အတွင်း တရုတ်ကြက်သွန်နီများ တစ်ပိဿာလျှင် ကျပ် ၁၀၀၀ မှ ကျပ် ၁၁၀၀ နဲ့ ရောင်းချလျက်ရှိပြီး တရုတ်ကြက်သွန်နီမှာ အရွယ်အစားကြီးခြင်း၊ ပွခြင်း၊ အမွှေးနံ့နည်းခြင်းတို့ကြောင့် အရောင်းအဝယ်မှာ ကောင်းမွန်မှုမရှိကြောင်း သိရပါတယ်။ **ဝင်းလဲ့ဝါ(ပြည်)**



### သီတင်းကျွတ်နီးသော်လည်း ပြည်ကြက်သွန်ဖြူ ဈေးကျနေ

သီတင်းကျွတ်ပွဲတော်နား နီးနေသောကြောင့် ကြက်သွန်ဖြူ ရောင်းဝယ်သူများနှင့် စားသုံးသူများ အဝယ်များလျက်ရှိနေပါတယ်။ ဈေးနှုန်းမှာလည်း ယခင်နှစ်ထက် ပိုမိုသက်သာပြီး တစ်ဖက်မှာ ကြက်သွန်နီဈေး မြင့်တက်နေတာကြောင့် ကြက်သွန်ဖြူအရောင်းအဝယ်ဖြစ်လျက်ရှိနေပါတယ်။ အနီးဝန်းကျင်မြို့၊ ရွာများရှိ ဈေးများမှ အရောင်းအဝယ်သမားများက အိတ်လိုက်ဝယ်ယူမှုများတာကြောင့်လည်း ကြက်သွန်ဖြူများ အရောင်းအဝယ်ဖြစ်နေတာ တွေ့ရပါတယ်။ ယခုတစ်ပတ် ကြက်သွန်ဖြူပွဲရုံဈေး တစ်ပိဿာလျှင် ရှမ်းစ ကျပ် ၃၂၀၀၊ ကြူကုတ် စ ကျပ် ၂၁၀၀ တို့ဖြစ်ပြီး အိတ်လိုက် တစ်ပိဿာလျှင် ကျပ် ၁၈၅၀ထိသာရှိတော့ကြောင်းသိရပါတယ်။ ဒေသတွင်း လက်လီဈေးများတွင် ရှမ်းစ ကျပ် ၃၆၀၀ နှင့် ကြူကုတ်စ ကျပ် ၂၄၀၀ တို့ဖြင့် ရောင်းချလျက်ရှိပါတယ်။

ကြံခင်း၊ ဟင်္သာတ ထုံးဘို စတဲ့ဒေသများမှလည်း အဝယ်ရှိနေပါတယ်။ တစ်ပတ်အတွင်း ကြက်သွန်ဖြူ အိတ် ၃၂၀ ကျော် ပွဲရုံများတွင် အရောင်းအဝယ် ဖြစ်လျက်ရှိနေပါတယ်။ **နီနီဝင်း**

## ချင်း

### ပင်လယ်ရေကြောင်းလမ်းမှ ချင်းပိုမိုတင်ပို့

စက်တင်ဘာ ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း ချင်း ၁၈၉ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ချင်း ၁၀၈တန်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ချင်းတန်ချိန် ၈၀ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၀၆၃၅ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။ **သီတာဝင်း(DOT)**

### မူဆယ်မှ တစ်ဆင့် တရုတ်နိုင်ငံသို့ ချင်းခြောက်တင်ပို့

စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် အမေရိကန်ဒေါ်လာ ၃၈၂၈၅ တန်ဖိုးရှိ ချင်းခြောက် ၃၁ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ချင်းတင်ပို့မှုမရှိဘဲ ဩဂုတ်လ ဒုတိယပတ်မှာ ၁၄ တန်တင်ပို့ခဲ့တာတွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ချင်းခြောက်တစ်တန်ရဲ့ မိမိဘက်ပေါက်ဈေး (ငွေလဲနှုန်းအရ) ၁၆၆၈၄၈၅ ကျပ်ရှိပြီး ယမန်နှစ်ကာလတူက ၁၈၈၃၄၄၅ ကျပ်ခန့်ရှိခဲ့တယ်လို့သိရပါတယ်။ **မော်မော်အောင်**

### ရှမ်းချင်းအဝင်ရှိပေမယ့် ပြည်ပမှအဝယ်မရှိ၍ဈေးကျလာ

အောင်ပန်းဈေးကွက်မှာတော့ ရှမ်းချင်းကပုံမှန်အရောင်းအဝယ်ဖြစ်နေပါတယ်။ တောင်သူများကပုံမှန်လာရောက်ပြီး ရောင်းချမှုရှိနေတာကြောင့် ချင်းအဝင်ရှိနေပေမယ့် ပြည်ပအဝယ်မရှိလို့ ဈေးအနည်းငယ်ကျလာပါတယ်။ ချင်းတက်(သစ်)တွေ အနည်းငယ်ဝင်စပြုလာပြီလို့လည်းသိရပါတယ်။ အောင်ပန်း ဈေးကွက်က ချင်းကိုတော့ ရန်ကုန်၊ပြည်၊မုံရွာဝယ်လက်တွေက လှောင်ထားဖို့အတွက်ရယ်၊ထိုးချင်းတွေပြုလုပ်ဖို့ရယ်အတွက် အဝယ်ရှိနေတယ်လို့ဆိုပါတယ်။ တစ်နှစ်ပတ်လုံး ပစ္စည်းမပြတ်တဲ့ သီးနှံဖြစ်လို့ပြည်ပဝယ်လိုအားပေါ်မူတည်ပြီး ဈေးအတက်၊ အကျရှိနေပါတယ်။ အောင်ပန်းဈေးကွက်ကိုဝင်တဲ့အားပေါ်မူတည်ပြီး ချင်း(စို)တွေကိုတော့ ပြည်တွင်းဝယ်လက်တွေကသာဝယ်ယူနေပြီး တစ်ပတ်အတွင်းချင်းပိဿာချိန်ပေါင်း ၁ဒသမ ၂သိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့လည်းသိရပါတယ်။

ချင်းခြောက်ကိုတော့ ပွဲရုံတွေမှာပစ္စည်းလက်ကျန်တွေများနေလို့ ခေတ္တအဝယ်ရပ်ထားတယ်လို့လည်းသိရပါတယ်။ ဒီတစ်ပတ်အောင်ပန်းဈေးကွက်မှာ ချင်းတစ်ပိဿာပေါက်ဈေးတွေက ချင်းခြောက်တစ်ပိဿာကျပ်၁၀၀၀၊ချင်း(စို)က တစ်ပိဿာကို အနိမ့်ဆုံးကျပ် ၂၃၀ မှ ကျပ် ၂၅၀ ပေါက်ဈေးရှိပြီး လက်လီဈေးကတော့ ကျပ် ၁၂၀၀မှ ကျပ်၁၅၀၀ဈေးရှိပါတယ်။ **ဇေခိုင်(တောင်ကြီး)**

### စက်တင်ဘာတတိယပတ် မုံရွာကြက်သွန်နီဈေးကွက်နှင့်ဈေးနှုန်း

မုံရွာပွဲရုံစားဖိုဆောင်သီးနှံရောင်းဝယ်ရေးတွင် ယခုတစ်ပတ် ကြက်သွန်နီဈေးကွက်မှာ လက်ကားပေါက်ဈေးအနည်းငယ်ကျလာကာ လက်လီဈေးကတော့ အတက်ဈေးနဲ့ဈေးငြိမ်လျက်ရှိပြီး အရောင်းအဝယ် အနည်းငယ်အေးနေကြောင်းသိရပါတယ်။ ပြည်ပမှကြက်သွန်နီများ ဈေးကွက်အတွင်းသို့ဝင်ရောက်လာကာ ဈေးနှုန်းမှာထက်ဝက်ကွာခြားသော်လည်း ကိုယ်တိုင်ချက်ပြုတ်စားသုံးသူများအနေနဲ့ပြည်တွင်းကြက်သွန်နီများသာကြိုက်နှစ်သက်၍ ပြည်ပကြက်သွန်နီများ ဝယ်လိုအား သိပ်မရှိ၍ အစားအသောက် ချက်ပြုတ်ရောင်းချသည့်ဆိုင်များမှသာ ဝယ်ယူအသုံးပြုကြကြောင်းသိရပါတယ်။ ယခုတစ်ပတ် ကြက်သွန်နီတစ်ပိဿာလက်ကားပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၂၀၀၀၊ (လတ်) ကျပ် ၁၉၀၀၊ (သေး)ကျပ် ၁၈၀၀ နှုန်းပေါက်လျက်ရှိပြီး လက်လီတစ်ပိဿာပေါက်ဈေးနှုန်းမှာ(ကြီး)ကျပ် ၂၂၀၀၊ (လတ်) ကျပ် ၂၀၀၀၊ (သေး) ကျပ် ၁၉၀၀ နှုန်းနဲ့ ရောင်းဝယ်လျက်ရှိပါတယ်။ ယခင်တစ်ပတ် လက်ကားပေါက်ဈေးနှုန်းမှာ(ကြီး)ကျပ်၂၀၀၀၊ (လတ်) ကျပ် ၁၉၀၀၊ (သေး) ၁၈၀၀ နှုန်းပေါက်လျက်ရှိပြီး လက်လီတစ်ပိဿာပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၂၂၀၀၊(လတ်)ကျပ် ၂၀၀၀၊(သေး)ကျပ်၁၉၀၀နှုန်းပေါက်လို့ ယခုတစ်ပတ်လက်ကား ပေါက်ဈေးနှုန်းမှာ ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်ကျဆင်းကာ လက်လီပေါက်ဈေးကတော့ ယခင်တစ်ပတ်တိုင်း ဈေးငြိမ်လျက်ရှိကြောင်း တွေ့ရပါတယ်။ မုံရွာကြက်သွန်ဖြူဈေးကွက်မှာတော့ ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ နေ့စဉ်ပွဲရုံသို့ ကြက်သွန်ဖြူ ပိဿာ ၁၀၀၀ ခန့် အဝင်ရှိပြီး ပေါက်ဈေးနှုန်းကတော့ အနည်းငယ်သာ အတက်အကျရှိကာ အရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ်ကြက်သွန်ဖြူတစ်ပိဿာပွဲရုံပေါက်ဈေးနှုန်းမှာ (ဗမာ) ကျပ် ၃၅၀၀၊(ရှမ်း)ကျပ်၂၅၀၀၊(ကြူကုတ်)ကျပ် ၂၀၀၀နှုန်းဖြစ်ပြီးလက်လီပေါက်ဈေးနှုန်းမှာ (ဗမာ) ကျပ် ၄၀၀၀၊ (ရှမ်း) ကျပ် ၃၀၀၀၊ (ကြူကုတ်)ကျပ် ၂၅၀၀ နှုန်းပေါက်လျက်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိကြောင်း မုံရွာကြက်သွန်နီပွဲရုံမှသိရပါတယ်။ **ကြည်ကြည်နွယ်( မုံရွာ )**

## နန္ဒင်း

### ရှမ်းနန္ဒင်း အရောင်းအဝယ်အေးနေ

ရှမ်းနန္ဒင်းကတော့ အရောင်းအဝယ်အေးနေပါတယ်။ဝယ်လက်ကြီးတွေဖြစ်တဲ့ စစ်တွေ၊ တောင်ကုတ်၊ ပြည်ပဝယ်လက်တွေ အကြောင်းအမျိုးမျိုးကြောင့် အဝယ်ရပ်သွားတာ တစ်လခန့်ရှိသွားပါပြီ။ ပြည်တွင်းသုံးအဖြစ်သာ ဝယ်ယူမှုရှိနေပြီး အမှုန့်ကြိတ်သမားတွေကလည်း အဝယ်နည်းသွားပါတယ်။ ပရဆေးသမားရယ်၊ ခြင်ဆေးခွေသမားတွေကတော့ အနည်းငယ်ဝယ်ယူနေပါတယ်။ ချင်းဝယ်ယူနေတဲ့ ဝယ်လက်တွေဖြစ်တဲ့ တပ်ကုန်း၊ ပြည်၊ ရန်ကုန်ဝယ်လက်တွေက ချင်းဝယ်ယူရင်း လိုအပ်တဲ့နန္ဒင်းတွေကို ဝယ်ယူသွားတာကြောင့်တစ်ပတ်အတွင်းနန္ဒင်း ပိဿာချိန်ပေါင်း ခုနစ်သောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ နန္ဒင်းအရည်အသွေးပေါ်မူတည်ပြီး ဈေးကလည်းကွာပါတယ်။ နန္ဒင်းညှံ့စ တစ်ပိဿာကို ကျပ်၁၀၀၀ရှိပြီး တောင်ပို့လစကတော့ ကျပ် ၁၅၀၀ -၁၇၀၀-၂၀၀၀ အထိရှိပါတယ်။ ဆင်တောင်နန္ဒင်းကတော့ တစ်ပိဿာကို ကျပ် ၃၅၀၀ဈေးရှိတယ်လို့ နန္ဒင်းပွဲရုံတွေက သိရှိရပါတယ်။ **ဇေခိုင်(တောင်ကြီး)**

## လုံးဆန်

### ပြည်လုံးဆန်ကို မြဝတီဝယ်လက်များက အဝယ်လိုက်လာလို့ ဈေးပြန်မြင့်လာ

ယခုတစ်ပတ် ပြည်ဈေးကွက်သို့ ပြည်၊ အောင်လံကြားရှိ ကျေးရွာများဖြစ်သော ဝက်ထီးကန်၊ ပေါက်ခေါင်း၊ ပေါင်းတလည်နဲ့ ရွှေတောင်ဘက်မှ မိုးမြေပဲများ တစ်နေ့လျှင် အိတ် ၁၀၀၀ ခန့် ဝင်ရောက်လာတာတွေ့ရပါတယ်။

ဆီဆန်ကို မြို့တွင်းဆီစက်နှင့် မကွေးဆီစက်များက ဝယ်ယူမှုရှိသလို လုံးဆန်ကို မြဝတီဘက်မှ ထိုင်းနိုင်ငံသို့ တင်ပို့ရန် အဝယ်ရှိသဖြင့် ယခုတစ်ပတ်တွင် လုံးဆန်ဈေးပြန်မြင့်လာတာတွေ့ရပါတယ်။

ယခုတစ်ပတ် မြေပဲဆန်ဈေး မှာ ဆီဆန်တစ်ပိဿာလျှင် ကျပ် ၁၇၅၀ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေပြီး လုံးဆန်ဈေးမှာ လုံးဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၃၅၀၊ လုံးဆန် (အနီ)တစ်ပိဿာလျှင် ကျပ် ၂၂၅၀ ဖြင့် ယခင် တစ်ပတ်အတိုင်း ဈေးမြင့်လာပြီး တစ်နေ့လျှင် အိတ် ၁၀၀၀ ခန့်အရောင်းအဝယ်ဖြစ်တာတွေ့ရပါတယ်။ **ဝေဝေမင်း**

# ကမ္ဘာ့ဘဏ်၏ အဆင့်သတ်မှတ်ချက်အသစ်အတွက် ထိုင်းအစိုးရအနေဖြင့် တက်ကြွစွာ ဆောင်ရွက်လျက်ရှိ

ကမ္ဘာ့ဘဏ်မှ စီးပွားရေးလုပ်ကိုင်ရန် လွယ်ကူမှု (Ease of Doing Business) အဆင့်သတ်မှတ်ချက်တွင် ထိုင်းနိုင်ငံအနေဖြင့် အဆင့်(၁၀)အတွင်းရရှိရန် ရည်ရွယ်ချက်ရှိကြောင်း၊ ယခုအစိုးရလက်ထက်တွင် ရည်ရွယ်ထားသည့်အတိုင်း တိုးတက်လာမည်ဟု ယုံကြည်ကြောင်း၊ အစိုးရအနေဖြင့်လည်း အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းလွယ်ကူအောင် ချမှတ်ဆောင်ရွက်လျက်ရှိပြီး ရင်းနှီးမြှုပ်နှံမှုအတွက် အဟန့်အတားများကိုလည်း ပယ်ဖျက်ပေးပြီးဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး မစ္စတာအပီဆပ်က ရှင်းလင်းပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံသည် ၂၀၁၆ ခုနှစ်အတွက် ကမ္ဘာ့ဘဏ်၏ စီးပွားရေးလုပ်ကိုင်ရန် လွယ်ကူမှု (Ease of Doing Business) အဆင့်သတ်မှတ်ချက်တွင် နိုင်ငံပေါင်း ၁၉၀ အနက် အဆင့် ၄၆ ရရှိခဲ့ကြောင်း၊ ယခုနှစ်အတွက် အဆင့်သတ်မှတ်ချက်အား လာမည့်လတွင် ကြေညာမည်ဖြစ်ပြီး အဆင့်မြင့်တက်လာမည်ဟု ယုံကြည်ကြောင်းလည်း မစ္စတာအပီဆပ်က ပြောကြားသည်။ ကမ္ဘာ့ဘဏ်မှ အစီရင်ခံစာအတွက် လေ့လာတိုင်းတာသည့် အချက်(၁၀)ချက်တွင် ထိုင်းနိုင်ငံအနေဖြင့် အချက်လေးချက်၌ သိသာစွာတိုးတက်ခဲ့သည်။ ၎င်းအချက်များမှာ စီးပွားရေးလုပ်ငန်း စတင်ဆောင်ရွက်ခြင်း၊ ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်း၊ အစုရှယ်ယာအနည်းစု ပိုင်ဆိုင်သူများကို အကာအကွယ်ပေးခြင်းနှင့် ဒေဝါလီခံရမှုအတွက် ဖြေရှင်းပေးနိုင်ခြင်း စသည့်အချက်များပင်ဖြစ်သည်။ အစိုးရအနေဖြင့် စီးပွားရေးလုပ်ငန်းစတင်ဆောင်ရွက်လိုသူများအား အလုပ်သမားကာကွယ်ရေးနှင့် သက်သာချောင်ချိရေးဌာန၏ အတည်ပြုချက် ရယူရခြင်းအား ပယ်ဖျက်ပေးပြီးဖြစ်သည်။ ကုမ္ပဏီ ရှယ်ယာလက်မှတ်များအပေါ် အခွန်တံဆိပ်ခေါင်းကပ်ရခြင်းကိုလည်း ပယ်ဖျက်ထားပြီးဖြစ်ကြောင်း ဗန်ကောက်ပို့စ်သတင်းစာတွင် ဖော်ပြ ထားသည်။

အစိုးရကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ရုံး အတွင်းရေးမှူးချုပ် မစ္စတာတော့ဆာပွန်းက ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာအတွက် ကွင်းဆင်းလေ့လာခြင်းကို မေလတွင် ပြုလုပ်ခဲ့ပြီးဖြစ်၍ လာမည့်အောက်တိုဘာလတွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်မှုတွင် ပြဿနာရပ်များအဖြစ် အစိုးရ၏ဦးစားပေးအဆင့်သတ်မှတ်ချက်ဖြစ်သည်ဟု ဖော်ပြထားကြောင်း၊ အစိုးရအနေဖြင့် ပုဂ္ဂလိက ကဏ္ဍများသို့ သတင်းအချက်အလက်များ ဖြန့်ဝေပေးခဲ့ပြီး ကမ္ဘာ့ဘဏ်၏ မေးမြန်းချက်များအား ဖြေဆိုရာတွင် လွယ်ကူမှုရှိစေရန် အထောက်အပံ့ပြုခဲ့ကြောင်း၊ ယခုနှစ်အတွက် အဆင့်သတ်မှတ်ချက်သည် အဆင့် (၄၀) အတွင်း ရရှိမည်ဟု မျှော်လင့်ကြောင်း ပြောကြားသွားပါသည်။ အဆင့်သတ်မှတ်ချက် မြင့်တက်လာသည့်တိုင် စီးပွားရေးလုပ်ငန်းဆိုင်ရာ အခက်အခဲများအား ဆက်လက် ဖြေရှင်းပေးနေရဦးမည်ဖြစ်ကြောင်း၊ အချို့သော အခက်အခဲ အတားအဆီးများအား မည်သို့ဖြေရှင်းပေးရမည်ကိုလည်း စဉ်းစားနေကြောင်း စက်တင်ဘာ ၆ ရက် အစည်းအဝေးတွင် ပြောကြားခဲ့ပါသည်။

**သတင်းရင်းမြစ် -ဗန်ကောက်ပို့စ်**
**သောင်းနိုင် (တာချီလိတ်)**

# တရုတ်နိုင်ငံတွင် လောင်စာဆီ လက်လီဈေးနှုန်းများ တိုးမြှင့်

တရုတ်နိုင်ငံသည် ၂၀၁၇ခုနှစ်အတွင်း (၇)ကြိမ်မြောက် အဖြစ် ဓာတ်ဆီနှင့် ဒီဇယ်ဆီ လက်လီဈေးနှုန်းများကို စက်တင်ဘာ ၁၆ ရက်မှ စတင်တိုးမြှင့်သတ်မှတ်ခဲ့ကြောင်း တရုတ်နိုင်ငံ၏ ထိပ်တန်းစီးပွားရေးစီမံကိန်းရေးဆွဲရေးဌာနက စက်တင်ဘာ ၁၅ ရက်က ထုတ်ပြန်ကြေညာခဲ့ပါသည်။

နိုင်ငံတကာတွင် စက်သုံးဆီဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဓာတ်ဆီနှင့် ဒီဇယ်ဆီတို့၏ လက်လီဈေးနှုန်းများကို တစ်တန်လျှင် ၉၅ ယွမ် (ဒေါ်လာ ၁၄ ဒသမ ၅)ခန့်စီ မြင့်တက်မည်ဟု National Development and Reform Commission (NDRC) ၏ ပြောကြားချက်အရ သိရပါသည်။

လက်ရှိဈေးနှုန်းသတ်မှတ်သည့် စနစ်အရ နိုင်ငံတကာ ရေနံစိမ်းဈေးနှုန်းများမှာ တစ်တန်လျှင် ယွမ် ၅၀ နှင့်အထက် အပြောင်းအလဲရှိပြီး အဆိုပါဈေးနှုန်းပြောင်းလဲမှုသည် working days ၁၀ ရက်အထိ ဖြစ်ပေါ်နေမည်ဆိုလျှင် တရုတ်နိုင်ငံ၏ ဓာတ်ဆီ၊ ဒီဇယ်ကဲ့သို့သော သန့်စင်ပြီး စက်သုံးဆီဈေးနှုန်းများနှင့် ကိုက်ညီလာမည်ဖြစ်သည်။

တရုတ်နိုင်ငံ၏ စက်သုံးဆီကုမ္ပဏီများနှင့် တွေ့ဆုံပြီး ဈေးကွက်တွင် စက်သုံးဆီရောင်းလိုအားများ တည်ငြိမ်အောင် လုပ်ဆောင်ပေးရန် NRDC က တိုက်တွန်း ပြောကြားခဲ့ပါသည်။

ဒေါ်လာဈေး ကျဆင်းလာသကဲ့သို့ အိုပက်အဖွဲ့၏ စက်သုံးဆီ ထုတ်လုပ်မှုနှုန်းများကျဆင်းပြီး ဝယ်လိုအားမြင့်တက်မည်ဟု ခန့်မှန်းသောကြောင့် ကမ္ဘာ့ရေနံစိမ်းဈေးနှုန်း အနည်းငယ်မြင့်တက်လာသည်ဟု NRDC ဈေးနှုန်းစောင့်ကြည့်လေ့လာရေးစင်တာ၏ အစီရင်ခံစာတစ်စောင်တွင် ဖော်ပြခဲ့ပါသည်။

အိုပက်၏ ထုတ်လုပ်မှုနှုန်း ကျဆင်းလာခြင်းနှင့် ဝယ်လိုအားများ ဆက်လက် မြင့်တက်နေခြင်းကြောင့် ယခုနှစ် စတုတ္ထသုံးလပတ်ထိ ရေနံစိမ်းဈေးနှုန်းသည် တစ်စည်ကို အမေရိကန် ဒေါ်လာ ၅၀ ထိ မြင့်တက်လာမည်ဟု ခန့်မှန်းခဲ့ကြပါသည်။

စီးပွားရေးစီမံကိန်း ရေးဆွဲသူများအနေဖြင့် လက်ရှိဈေးနှုန်း သတ်မှတ်သည့် နည်းလမ်း၏ အကျိုးသက်ရောက်မှုများကို စောင့်ကြည့်နေမည်ဖြစ်ပြီး ကမ္ဘာ့ဈေးကွက်၏ အပြောင်းအလဲများနှင့် ကိုက်ညီသော နည်းလမ်းများကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

**အောင်ကိုကို -မူဆယ်(၁၀၅)မိုင်**

# ထိုင်းအစိုးရနှင့်ဂျပန်စီးပွားရေးကိုယ်စားလှယ်အဖွဲ့တို့ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး

ထိုင်းအစိုးရနှင့် ဂျပန်စီးပွားရေးကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၂ ရက်တွင် နားလည်မှုစာချွန်လွှာ(MoU)ခုနစ်ခုကို လက်မှတ်ရေးထိုးခဲ့ရာ အဆိုပါ MoUများတွင် စက်မှုဇုန်အဆင့်မြှင့် ခြင်း၊ အရှေ့ပိုင်းစီးပွားရေး စင်္ကြံ(EEC)တွင် ရင်းနှီးမြှုပ်နှံခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုနှင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs)ကို ထောက်ပံ့ပေးခြင်းတို့ ပါဝင်ကြောင်း ဗန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားသည်။ “Thailand 4.0 towards Connected Industries” ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ပွဲကိုလည်း စက်တင်ဘာလ ၁၂ ရက်တွင် ကျင်းပခဲ့ပါ သည်။




ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာန ဝန်ကြီး Hiroshige Seko ဦးဆောင်သော ဂျပန်ရင်းနှီးမြှုပ်နှံသူ ၅၇၀ ဦး ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းအစိုးရက အလေးထားဆောင်ရွက်လျက်ရှိသည့် အရှေ့ပိုင်း စီးပွားရေးစင်္ကြံ၏ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ရှာဖွေရန် လာရောက်ခြင်းဖြစ်ပါသည်။ တိုကျိုမြို့တော်နှင့် အိုဆာကာမြို့များမှ လုပ်ငန်းရှင်များ သာမက အခြားမြို့ကြီးများမှ လုပ်ငန်းရှင်များလည်းပါဝင်ပြီး ၎င်းတို့သည် ထိုင်းနိုင်ငံအပါအဝင် အခြားသော အာဆီယံနိုင်ငံများ၌ ရင်းနှီး မြှုပ်နှံရန်လည်း စိတ်အားထက်သန်သူများဖြစ်ကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ် စသည့် CLMV နိုင်ငံများအနက် ထိုင်းနိုင်ငံကို ဆက်လက်ထောက်ပံ့မည်ဖြစ်ကြောင်း ဝန်ကြီး Mr. Seko က ပြောကြားခဲ့ပါသည်။ ဂျပန်ကိုယ်စားလှယ်များအနေဖြင့် ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့ကို ချိတ်ဆက်ပေးမည့်အမြန်ရထားလမ်း တည်ဆောက်ခြင်းကို ထည့်သွင်းစဉ်းစားပေးသည့်အပြင် ထိုင်းနိုင်ငံမြောက်ပိုင်းနှင့် တောင်ပိုင်းကို ချိတ်ဆက်ပေးမည့်ရထားလမ်း တည်ဆောက်ရေးကိုလည်း အစီအစဉ်များထားရှိပေးစေလိုကြောင်း ဒုတိယဝန်ကြီးချုပ် SomkidJatusripitak က ပြောကြား ခဲ့ပါသည်။

အာဆီယံ+၆ နိုင်ငံပါဝင်သည့် Regional Comprehensive Economic Partnership (RCEP) အရ လွတ်လပ်သော ကုန်သွယ်မှုဒေသ ဖော်ဆောင်ရေးဆိုင်ရာ ညှိနှိုင်းမှုကို အရှိန်မြှင့်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် ထိုင်းနိုင်ငံအရှေ့ပိုင်းနှင့် အနောက်ပိုင်းဒေသတို့ကို ချိတ်ဆက်မည့် ရထားလမ်းစနစ်တည်ဆောက်ခြင်းကို စိတ်ဝင်စားပြီး အဆိုပါရထားလမ်း တည်ဆောက် ရေးအတွက် မိမိနှင့် ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးတို့အကြား အသေးစိတ် သဘောတူညီချက်များကို မကြာမီက ကျင်းပခဲ့သည့် RCEP အစည်းအဝေးတွင်ရရှိခဲ့ပြီးဖြစ် ကြောင်း၊ ယခုနှစ်ကုန်တွင် ကျင်းပမည့် RCEP ထိပ်သီး အစည်းအဝေးတွင် ရထားလမ်းတည်ဆောက်ရေးအစီအစဉ်ကို အဆိုပြု တင်ပြရန်ရှိကြောင်း၊ ဂျပန်အစိုးရအနေဖြင့် အလိုအလျောက် စက်မှုလုပ်ငန်းများ၊ စက်ရုပ်လုပ်ငန်းများနှင့် ကြီးမားသော အချက်အလက် ဒေတာလုပ်ငန်းများ(Big Data)ကို အဆင့်မြှင့်တင်မည့် မူဝါဒများ ချမှတ်ထားပြီးဖြစ်ရာ ထိုင်းနိုင်ငံနှင့် ကမ္ဘာတစ်ဝန်းတွင် ဆောင်ရွက်မည့် ဂျပန်ကုန်ထုတ်လုပ်ငန်းများကို အထောက်အကူ ပြုမည်ဖြစ်ကြောင်း Mr. Seko က ပြောကြားခဲ့ပါသည်။

ပထမငါးနှစ်အတွင်း EEC သို့ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ ၄၃ ဘီလီယံ (ထိုင်းဘတ် ၁ ဒသမ ၄ ထရီလီယံ) ရရှိရန် မျှော်မှန်းထားပြီး ၂၀ ရာခိုင်နှုန်းသည် အစိုးရဘတ်ဂျက်ဖြစ်၍ ကျန်ရင်းနှီးမြှုပ်နှံမှုပမာဏကို အစိုးရ-ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင်ရွက်မှု (Public-Private Partnership - PPP)အစီအစဉ်များဖြင့် ဝင်ရောက်လာမည်ဖြစ်ပါသည်။

ဟီတာချီကုမ္ပဏီသည် ကြီးမားသော အချက်အလက်ဒေတာစင်တာ လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရန် ဆန္ဒရှိကြောင်း၊ ထို့အပြင် ထိုင်ခုံ ၇၀ ပါရှိသော လေယာဉ်များကို ထုတ်လုပ်လျက်ရှိသည့် မစ်ဆူဘီရှိ လေယာဉ်ကော်ပိုရေးရှင်း (Mitsubishi Aircraft Corporation) သည်လည်း EEC တွင် ရင်းနှီးမြှုပ်နှံရန် ဆွေးနွေးလျက်ရှိပြီး ထုတ်လုပ်သည့်လေယာဉ်များကို Thai Smile Airline က ဝယ်ယူမည့် အစီအစဉ်များရှိကြောင်း EEC ရုံး၏အတွင်းရေးမှူးချုပ် Kanit Sangsubhan က ပြောကြားခဲ့ပါသည်။

ချွန်ဘူရီပြည်နယ်ရှိ AmataNakorn စက်မှုဇုန်၌ တည်ဆောက်မည့် စမတ်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေးတွင် ယိုကိုဟားမား မြို့နှင့်အတူ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး ယင်းစီမံကိန်းအတွက် ဘတ် ၁၀ ဘီလီယံခန့် ကုန်ကျနိုင်ပြီး ဆောက်လုပ်ရေးလုပ်ငန်းများကို ယခုနှစ်ဒီဇင်ဘာလတွင် စတင်မည်ဖြစ်ကြောင်း Amata Corporation Plcတည်ထောင်သူ Vikrom Kromadit က ပြောကြားခဲ့ပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ဓာတ်ဆီ/ဒီဇယ်

## ဓာတ်ဆီ၊ ဒီဇယ် စုစုပေါင်းတန်ချိန် ၇၀၀၀၀ ကျော်ဝင်

စက်တင်ဘာ ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၇၉၂၄၅၃၆ တန်ဖိုးရှိ ဒီဇယ် ၃၆၁၅၆ ဒသမ ၁၈၇ တန်နဲ့ အမေရိကန်ဒေါ်လာ ၂၀၇၆၄၈၈၀ တန်ဖိုးရှိ ဓာတ်ဆီ ၃၅၇၁၄ ဒသမ ၀၇၉ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် အဆင့်မြင့် ဒီဇယ်၊ အောက်တိန်း(92)နဲ့(95)တို့တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၄၃၃၄၀ နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၇၁၈၀ ကျော်အဝင်လျော့ခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၁၂၈၄၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၂၂၈၇၀ ကျော် အဝင်ပိုခဲ့ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဒီဇယ်အဝင်လျော့ခဲ့ပြီး ဓာတ်ဆီအဝင်ပိုခဲ့ပါတယ်။

နယ်စပ်စခန်းများဖြစ်တဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၄၅၆၀၆၈ တန်ဖိုးရှိ ဒီဇယ် ၂၈၅၀ တန်နဲ့ အမေရိကန်ဒေါ်လာ ၄၀၁၂၅၈ တန်ဖိုးရှိ အောက်တိန်း တန်ချိန် ၆၅၀ တင်သွင်းခဲ့သလို မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၆၃ တန်ဖိုးရှိ Re-export ဒီဇယ် တန်ချိန်၄၉၀၀နဲ့ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၅၅၅၄ တန်ဖိုးရှိ Re-exportဒီဇယ် တန်ချိန် ၁၀၀၀ ကိုလည်းကောင်း တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဓာတ်ဆီရောဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်၊အောက်တိန်း (92)နဲ့(95) မှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ ဒီဇယ် ကျပ် ၇၂၀ ၊ အောက်တိန်း (92) ကျပ် ၇၃၀ ၊ အောက်တိန်း (95) ၇၇၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ကျပ် ၇၄၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ စက်တင်ဘာ ၁၈ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၃၉၀၀၀၊ ရောင်းဈေး ကျပ် ၁၄၅၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ စက်တင်ဘာ ၂၂ ရက်မှာ ဝယ်ဈေး ကျပ် ၁၄၂၀၀၀၊ ရောင်းဈေး ကျပ် ၁၄၉၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ စက်တင်ဘာလ ၁၈ ရက်မှာ ဓာတ်ဆီဝယ်ဈေး ကျပ် ၁၅၀၀၀၀၊ ရောင်းဈေး ကျပ် ၁၅၃၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ရင် ဒီဇယ်ဈေးနည်းနည်းမြင့်လာပြီး ဓာတ်ဆီဈေး နည်းနည်းကျလာတယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း (92)၊ အောက်တိန်း(95)၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ အောက်တိန်း(95) တစ်လီတာ ကျပ် ၈၄၀၊ ဒီဇယ် တစ်လီတာ ကျပ် ၇၁၀၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ကျပ် ၇၄၀၊ အောက်တိန်း (92)တစ်လီတာ ကျပ် ၇၄၀၊ ဓာတ်ဆီတစ်လီတာ ကျပ် ၈၀၀နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ စက်တင်ဘာလ ၁၈ ရက်တွင် ဒီဇယ်ဝယ်ဈေး ကျပ် ၁၄၉၀၀၀၊ ရောင်းဈေး ကျပ် ၁၅၁၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာမှ စက်တင်ဘာ ၂၂ ရက်မှာ ဝယ်ဈေး ကျပ် ၁၅၀၀၀၀၊ ရောင်းဈေး ကျပ် ၁၅၃၀၀၀ နဲ့ အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း(92)ဈေးမှာ စက်တင်ဘာ ၁၈ ရက်တွင် ဝယ်ဈေး ကျပ် ၁၅၅၀၀၀၊ ရောင်းဈေးကျပ် ၁၅၇၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ စက်တင်ဘာလ ၂၂ ရက်တွင် ဝယ်ဈေး ကျပ် ၁၅၃၀၀၀၊ ရောင်းဈေး ကျပ် ၁၆၁၀၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဓာတ်ဆီရော ဒီဇယ်ပါ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ် ပုံမှန်ရှိပြီး ဈေးနည်းနည်းမြင့်လာတယ်လို့သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးများမှာ ဓာတ်ဆီ ၇၅၅ ကျပ် ၊ အဆင့်မြင့်ဒီဇယ် ကျပ် ၇၈၀ ၊ အောက်တိန်း(92) ကျပ် ၇၇၀၊ အောက်တိန်း (95) ကျပ် ၈၁၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၃၅၀၀၊ အောက်တိန်း (92) တစ်ဂါလံ ကျပ်၃၄၀၀၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၃၇၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

MIRT-DOT

## ပြည်တွင်းရွှေဈေး ပြန်လည်ကျဆင်းလာ

လအတန်ကြာမြင့်တက်လျက်ရှိသည့် ပြည်တွင်းရွှေဈေးများသည် ယခုတစ်ပတ်အတွင်း ပြန်လည်ကျဆင်းလာခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ကမ္ဘာ့ပထဝီနိုင်ငံရေး တင်းမာမှုများကြောင့် ကမ္ဘာ့ရွှေဈေးများ မြင့်တက်ခဲ့ပြီးနောက် အမေရိကန်အစိုးရ၏ ဘဏ်တိုးနှုန်းများအား ပုံမှန်အတိုင်း ဆက်လက်ထားရှိမည်ဟုဆိုသဖြင့် အမေရိကန်ဒေါ်လာတန်ဖိုး ပိုမိုခိုင်မာလာခဲ့သည်။ ထို့ကြောင့် ယခုတစ်ပတ်အတွင်း ကမ္ဘာ့ရွှေဈေးများပြန်လည်ကျဆင်းလာခဲ့သည်။ ကမ္ဘာ့ရွှေဈေးများ ပြန်လည်ကျဆင်းလာသဖြင့် ပြည်တွင်းရွှေဈေးများလည်း ပြန်လည်ကျဆင်းလာခဲ့သည်။

"ကမ္ဘာ့ပထဝီနိုင်ငံရေးကတင်းမာနေပေမယ့် အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းကို မပြောင်းလဲဘဲဆက်လက်ထားရှိမယ်လို့ဆိုတဲ့အတွက် အမေရိကန်ဒေါ်လာတန်ဖိုးတွေ မြင့်တက်လာခဲ့တယ်။ ဒါကြောင့် ကမ္ဘာ့ရွှေဈေးတွေပြန်လည်ကျဆင်းလာသလို ပြည်တွင်းရွှေဈေးတွေလည်း ကျဆင်းလာခဲ့ပါတယ်။ ပြည်ပမှာရော ပြည်တွင်းမှာပါ ရွှေဈေးတွေ မြင့်တက်နေတဲ့အတွက် အရောင်းအဝယ်က တော်တော်လေးကို အေးစက်နေပါတယ်။ အထူးသဖြင့် ပြောရမယ်ဆိုရင် အဝယ်ထက် အရောင်းက ပိုများနေတယ်"ဟု ရွှေကုန်သည် ဦးစံမြင့်က ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် စက်တင်ဘာ ၁၈ ရက်က ကျပ် ၉၅၁၀၀၀ ရှိခဲ့ရာမှ စက်တင်ဘာ ၂၁ ရက်တွင် ကျပ် ၉၄၀၀၀၀သို့ ဆက်လက်ကျဆင်းလာခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် စက်တင်ဘာ ၁၈ရက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၃၁၉ ရှိခဲ့ပြီး စက်တင်ဘာ ၂၁ ရက်တွင် အမေရိကန်ဒေါ်လာ ၁၃၀၀ ရှိခဲ့သည်။ စက်တင်ဘာလ ၂၂ ရက်တွင် အမေရိကန်ဒေါ်လာ ၁၂၉၆ သို့ ဆက်လက်ကျဆင်းခဲ့သည်။

**မယ်သီတာ**

## ပြည်တွင်းငွေလဲနှုန်းများ အတက်အကျအနည်းငယ်ရှိလာ

ယခုတစ်ပတ်အတွင်း ပြည်တွင်းငွေလဲနှုန်းများသည် အတက်အကျ အနည်းငယ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ပြည်တွင်းငွေလဲဈေးကွက်မှ သိရသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်ကတည်းကမြင့်တက်ရန် ဟန်ပြင်ခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင် မြင့်တက်လာခဲ့သည်။ ဈေးကွက်စတင်ဖွင့်လှစ်ချိန်တွင် အနိမ့်ဈေးဖြင့်ဖွင့်ခဲ့သော်လည်း နောက်ရက်များတွင် ဈေးမြင့်တက်လာခြင်းဖြစ်သည်။ သို့သော် ဈေးကွက်ပိတ်ရက်ရောက်ချိန်တွင်မူ ဈေးပြန်လည်ကျဆင်းခဲ့သည်။

"ပြည်တွင်းမှာငွေလဲနှုန်းတွေက ပြီးခဲ့တဲ့တစ်ပတ်ကတည်းက တက်မလိုဖြစ်နေတာ။ ဒါပေမယ့် ဈေးပိတ်ချိန်မှာ အနိမ့်ဈေးနဲ့ပိတ်ခဲ့တဲ့အတွက် ဒီတစ်ပတ်မှာ ဈေးပြန်လည်မြင့်တက်လာတာပါ။ အဝယ်လည်း လိုက်လာတယ်။ အဲဒါကြောင့် ဈေးတက်လာရတာပါ"ဟု ဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

ပြည်တွင်းငွေလဲစင်တာများတွင် စက်တင်ဘာ ၁၈ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၃၅၂ ကျပ်၊ ဝယ်ဈေး ၁၃၅၀ ကျပ်ရှိခဲ့သော်လည်း စက်တင်ဘာ ၁၉ ရက်တွင် ရောင်းဈေး ၁၃၅၆ ကျပ်၊ ဝယ်ဈေး ၁၃၅၄ကျပ်သို့ မြင့်တက်ခဲ့သည်။ စက်တင်ဘာ ၂၂ရက်တွင် ဈေးပြန်လည်ကျဆင်းလာခဲ့ရာ ရောင်းဈေး ၁၃၅၃ ကျပ်၊ ဝယ်ဈေး ၁၃၅၁ ကျပ်သို့ ပြန်လည်ကျဆင်းခဲ့သည်။

**မယ်သီတာ**

## တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ အများပိုင်ကုမ္ပဏီများအား အစုရှယ်ယာရောင်းချခွင့်ရှိသည့် ကုမ္ပဏီများအဖြစ် ထုတ်ပြန်ကြေညာ

တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ အများပိုင်ကုမ္ပဏီငါးခုအား အစုရှယ်ယာရောင်းချခွင့်ရှိသည့် ကုမ္ပဏီများအဖြစ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

ယခု ထုတ်ပြန်ကြေညာခဲ့သည့် ကုမ္ပဏီငါးခုစာရင်းတွင် ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ကုမ္ပဏီများဖြစ်ပြီး ၎င်းတို့မှာ တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်၊ ထားဝယ်ဖွံ့ဖြိုးတိုးတက်မှု အများပိုင်ကုမ္ပဏီလီမိတက်၊ ရခိုင်စီးပွားရေးဦးဆောင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၊ မြိတ်အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့ဖြစ်သည်။

လက်ရှိတွင် DICA က ထုတ်ပြန်ထားသည့် ကုမ္ပဏီ ၅၉ ခုမှတစ်ပါး အခြား မည်သည့်စီးပွားရေးလုပ်ငန်းမှ အများပြည်သူသို့ ရှယ်ယာရောင်းချခွင့်မရှိကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ ကုမ္ပဏီအချို့သည် ပြည်သူလူထုကို မက်လုံးများပေးခြင်း၊ အွန်လိုင်းမီဒီယာများ အသုံးပြု၍ ရှယ်ယာရောင်းချခြင်းနှင့် ဝယ်ယူရန် ဖိတ်ခေါ်နေခြင်းကို ဟန့်တားနိုင်ရန် ရည်ရွယ်၍ ယခုကဲ့သို့ ရှယ်ယာရောင်းချနိုင်သည့် အများပိုင်ကုမ္ပဏီများအား ထုတ်ပြန်ကြေညာရခြင်းဖြစ်သည်ဟု ဆိုသည်။

**မယ်သီတာ**

## Currency Exchange Rate

September 22, 2017
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.26 |
| BDT | Bangladesh Taka | 81.54 |
| CAD | Canada Dollars | 1.23 |
| CNY | China Yuan Renminbi | 6.59 |
| EUR | Euro | 0.84 |
| H KD | Hong Kong Dollars | 7.81 |
| I NR | India Rupees | 64.99 |
| I DR | Indonesia Rupiahs | 13324.51 |
| JPY | Japan Yen | 111.90 |
| MYR | Malaysia | 4.20 |
| PKR | Pakistan Rupees | 105.39 |
| PHP | Philippines Pesos | 50.82 |
| RUB | Russia Rubles | 57.87 |
| SGD | Singapore Dollars | 1.35 |
| KRW | South Korea Won | 1136.45 |
| LKR | Sri Lanka Rupe | 152.69 |
| THB | Thailand Baht | 33.11 |
| GBP | United Kingdom Pounds | 0.74 |
| VND | VietnamDon | 22732.25 |

Source:xe.com

## World Gold Price

September-2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 18 | 1319 | 1317 | 1317 |
| 19 | 1310 | 1310 | 1310 |
| 20 | 1318 | 1316 | 1315 |
| 21 | 1301 | 1300 | 1299 |
| 22 | 1300 | 1298 | 1298 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 18-9- 2017 | 950.50 | 950.20 |
| 19-9-2017 | 948.00 | 947.50 |
| 20-9- 2017 | 951.00 | 951.50 |
| 21-9 -2017 | 942.00 | 942.00 |
| 22-9- 2017 | 941.00 | 940.80 |

## နယ်စပ်ငွေလဲလှယ်နှုန်း

စက်တင်ဘာလ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 18 | 6.56 | 33.07 | 81.18 | 64.05 |
| 19 | 6.59 | 33.08 | 81.34 | 64.19 |
| 20 | 6.57 | 33.07 | 81.73 | 64.38 |
| 21 | 6.59 | 33.12 | 81.31 | 64.48 |
| 22 | 6.59 | 33.11 | 81.54 | 64.99 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 18-September | 17.52 | 3066.87 | 2059.86 | 6500.92 | 967.00 |
| 19-September | 17.14 | 3108.08 | 2074.63 | 6490.78 | 958.00 |
| 20-September | 17.31 | 3139.82 | 2141.19 | 6521.86 | 955.00 |
| 21-September | 17.00 | 3100.15 | 2080.36 | 6392.70 | 939.00 |
| 22-September | 17.00 | 3042.62 | 2091.16 | 6330.77 | 940.00 |

Source:kitco.com

## Energy NYMEX 22-9-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 50.70 | 0.15 | 0.20 |
| Brent Crude Futr (USD/bbl) | 56.49 | 0.06 | 0.11 |
| Gasoline Rbob Fut (Cent/gal) | 165.35 | 0.97 | 0.59 |
| Natural Gas Futr (USD/MMBtu) | 2.96 | 0.01 | 0.37 |
| Heating Oil Futr (Cent/gal) | 181.47 | -0.06 | -0.03 |

## ဘိလပ်မြေ

### ပင်လယ်ရေကြောင်းလမ်းမှ ဘိလပ်မြေတန်ချိန် ၂၀၀၀၀ကျော်ဝင်

စက်တင်ဘာ ၁၀ ရက်မှ ၁၆ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၃၄၃၆၉၀ တန်ဖိုးရှိ ဘိလပ်မြေ ၂၂၀၁၇တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မလေးရှားနိုင်ငံမှ ၇၉၄၀ တန်၊ ဗီယက်နမ်နိုင်ငံမှ ၁၄၀၀၂ တန်နဲ့ ထိုင်းနိုင်ငံမှ ၇၅ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဗီယက်နမ်နိုင်ငံမှ အများဆုံးတင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေတန်ချိန် ၁၅၀ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၂၁၀၀၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၆၃၀၀ ကျော်ရှိပြီး ယခင်သီတင်းပတ်ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၃၇၃၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၇၄၃၀ ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းလမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ အဝင်လျော့ခဲ့ပါတယ်။



### တောင်ကြီးဘိလပ်မြေဈေးကွက် အရောင်းအေး

**ရန်ကုန်ဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ်ထဲမိုးဆက်တိုက် ရွာနေတာကြောင့် အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က ဈေးနည်းနည်း မြင့်ခဲ့ပေမယ့် ဒီတစ်ပတ်ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့အထိုင်ဈေးမှာ ဆင်(ထိုင်း)ကျပ် ၅၈၅၀၊ စိန်(ထိုင်း) ကျပ်၅၇၅၀၊ မော်လမြိုင်ဆင် ကျပ် ၅၆၀၀၊ ကြံ့နှစ်ကောင်(နီ) ကျပ် ၅၅၅၀၊ ကြံ့နှစ်ကောင်(စိမ်း) ကျပ် ၅၂၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘုရင့်နောင်ပွဲရုံတန်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ကျပ် ၄၇၀၀၊ ကြံ့နှစ်ကောင် ကျပ် ၄၈၀၀၊ အယ်လ်ဖာ ကျပ် ၄၈၀၀၊ ဆင်မင်း (ကျောက်ဆည်) ကျပ် ၃၉၀၀၊ ခရောင်း ကျပ် ၅၂၀၀၊ ကျားခေါင်း ကျပ် ၄၂၀၀၊ မြင်းခေါင်းကျပ် ၄၂၀၀၊ မော်လမြိုင်ဆင် ကျပ် ၆၇၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ**အရောင်းအဝယ်အေးပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၉၅၀၊ ကြံ့(မြိုင်ကလေး) ကျပ် ၄၉၅၀၊ ဆင်(ထိုင်း) ကျပ် ၅၅၀၀၊ စိန်(ထိုင်း) ကျပ် ၅၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီတစ်ပတ်မှာလည်းအရောင်းအဝယ်အေးပြီး ဈေးငြိမ်တယ်လို့သိရပါတယ်။ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာစိန်(ထိုင်း) ကျပ် ၇၃၀၀၊ အေသုံးလုံးကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၃၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ နဂါးကျပ် ၄၆၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

## ဓာတ်မြေဩဇာ

### ဒီတစ်ပတ်မြေဩဇာအဝင်ပို

စက်တင်ဘာလ ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅၈၀၃၆၆၃ တန်ဖိုးရှိ မြေဩဇာ ၂၁၅၅၄ ဒသမ ၅၁၆ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဘီလာရုစ်နိုင်ငံမှ ၁၅၁၂ ဒသမ ၅၀ တန်၊ ကနေဒါနိုင်ငံမှ တန်၅၀၀၊ တရုတ်နိုင်ငံမှ ၅၅၄၀ တန်၊ ဂျာမနီနိုင်ငံမှ ၄ ဒသမ ၅၀တန်၊ အိန္ဒိယနိုင်ငံမှ ၆၄ဒသမ ၄၇၆တန်၊ အီရန်နိုင်ငံမှ ၇၃၅ တန်၊ မလေးရှားနိုင်ငံမှ တန်ချိန် ၈၉၀၊ ပါကစ္စတန်နိုင်ငံမှ၇၅၀၁ ဒသမ ၅၀တန်၊ ရုရှားနိုင်ငံမှ ၁၁၂၈ဒသမ ၁၄တန်၊ ထိုင်းနိုင်ငံမှ ၂၄၆၈ ဒသမ ၄၀ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ ၁၂၁၀ တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ပိုတက်၊ ကောမတ်၊ ယူရီးယား၊ ကွန်ပေါင်း ၁၅း၁၅း၁၅၊ ကွန်ပေါင်း ၁၆း၁၆း၁၆၊ ကွန်ပေါင်း ၂၀း၂၀း၁၀နဲ့ ဩဂဲနစ်တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့မြေဩဇာတန်ချိန်၁၂၅၂၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၉၀၀၀ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### မြေဩဇာဈေးကွက် အရောင်းအေးနေ

စက်တင်ဘာလ ၁၀ရက်မှ ၁၆ ရက် အထိသီတင်းပတ်အတွင်း ပြည်တွင်းသို့ရေလမ်းကြောင်းမှ မြေဩဇာတန်ချိန် ၂၁၅၅၀ ကျော်အဝင်ရှိခဲ့တာကြောင့် ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၁၂၅၂၀ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၉၀၀၀ ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ယခုတစ်ပတ်မှာ နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာ တန်ချိန် ၂၄၄၇၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာတန်ချိန် ၁၉၈၄၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၄၆၃၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ် မြေဩဇာတင်သွင်းမှုမှာ ရေကြောင်းလမ်းရော နယ်စပ်လမ်းမှပါ အဝင်ပိုခဲ့ပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊ မန္တလေး၊မကွေးနဲ့တောင်ကြီးမှာ အရောင်းအေးတယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မြေဩဇာဈေးငြိမ်သလို အရောင်းအေးတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ် ၂၃၀၀၀၊ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၃၉၀၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၂၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ်၃၀၀၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၁၅၀၀၊ တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်) ကျပ် ၁၃၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းအေးတယ်လို့ စိုက်ပျိုးရေးအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဒီတစ်ပတ် မြားကမ္ဘာ-တရုတ် (၁၂း၁၃)၊ တောင်သူမနဲ့ အာမိုက ကျပ်၃၀၀ဈေးကျပြီး တီစူပါက ကျပ်၃၀၀ ဈေးမြင့်ကာ ကျန်မြေဩဇာများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ၁၂း၁၃ကျပ်၁၅၅၀၀၊ဆင်၁၀း ၁၀း၅ ကျပ် ၁၅၅၀၀၊ အာမို ၁၅း၁၅း၁၅း ကျပ် ၃၇၀၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၀၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၇၃၀၀၊ သီးစုံ(ဝါစိမ်းပြာ) ကျပ် ၁၆၂၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၃၃၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၃၀၀၀၊ ဇာမဏီ ကျပ် ၁၇၂၀၀၊အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ တီစူပါ ကျပ် ၂၁၀၀၀၊ တောင်သူမ ကျပ် ၁၅၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီတစ်ပတ်မှာလည်း အရောင်းအဝယ်အေးသလို ဈေးလည်းငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ(ကမ္ဘာလုံး-တရုတ်)ကျပ် ၂၂၆၀၀ ၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၂၆၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်) ကျပ် ၂၃၄၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၁၇၀၀ ၊ ပိုးသတ်ဆေး ကျပ် ၂၃၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၇၅၀၀ ၊ တီစူပါ ၁၀း၁၀း၅ (တရုတ်)ကျပ်၁၆၀၀၀၊ ဓာတ်ဆား(တရုတ်) ကျပ် ၁၄၂၀၀၊ ပိုတက် (တရုတ်) ကျပ် ၂၃၂၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၂၇၀၀ ၊ မြားကမ္ဘာကျပ် ၁၅၅၀၀ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

## နို့ဆီ/နို့မှုန့်

### ဒီတစ်ပတ် နို့ဆီရော နို့မှုန့်ပါ အဝင်လျော့

စက်တင်ဘာ ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၀၃၈၄၀ တန်ဖိုးရှိ နို့ဆီ ၂၁၈ ဒသမ ၈၇၉ တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် အိုကေတံဆိပ်နို့ဆီ တစ်မျိုးသာ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီတန်ချိန် ၂၄၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ နို့ဆီတန်ချိန် ၂၀ ကျော်လျော့နည်းတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ နို့မှုန့်က ဒီတစ်ပတ် ပြင်သစ်နိုင်ငံမှ ၂ ဒသမ ၆၂၈ တန်၊ နယူးဇီလန်နိုင်ငံမှ ၄၁ ဒသမ ၆၀ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ ၁၁ ဒသမ ၉၂၂ စုစုပေါင်း ၅၆ ဒသမ ၁၅တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့မှုန့်တန်ချိန် ၂၀၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာနို့မှုန့်တန်ချိန် ၁၄၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီရောနို့မှုန့်ပါ အဝင်လျော့ခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** နယ်ဘက်တွေအဝယ်မဆင်းတော့ ဒီတစ်ပတ်လည်း အရောင်းအဝယ်အေးသလိုဈေးလည်းငြိမ်နေတယ်လို့စိုက်ပျိုးရေးပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၂၂၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်) ကျပ်၂၂၃၀၀၊ တီစူပါ၄၆% ကျပ် ၂၀၂၀၀၊ မြားသီးစုံ ကျပ် ၁၄၄၀၀၊ ပန်းသီးစုံ ကျပ် ၁၅၄၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ**

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၉/၉ မှ ၁၅/၉ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂/၉ မှ ၈/၉ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၃၀.၀၀ | ၇၅.၈၀ | (-) | ၄၅.၈၀ |
| ၂။ | လွယ်ဂျယ် | ၃၃၀.၀၀ | ၂၆၅.၀၀ | (+) | ၆၅.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီ | ၁၇၄၁.၅၀ | ၈၀၈.၀၀ | (+) | ၉၉၃.၅ |
| ၅။ | တာချီလိတ် | ၃၈၀၀.၀၀ | ၂၆၀၀.၀၀ | (+) | ၁၂၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | | ၅၄၄၁.၂၅ | (-) | ၅၄၄၁.၂၅ |
| ၈။ | မြိတ် | ၄၀၀.၀၀ | ၄၅၄၃.၅၀ | (-) | ၄၁၄၃.၅၀ |
| | စုစုပေါင်း | ၆၃၀၁.၅၀ | ၁၃၇၃၃.၅၅ | (-) | ၇၄၃၂.၀၅ |

မော်မော်အောင်

**ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ**

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၉/၉ မှ ၁၅/၉ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂/၉ မှ ၈/၉ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၇၆၃၇.၆၀ | ၁၄၄၁၉.၁၀ | (+) | ၃၂၁၈.၅၀ |
| ၂။ | လွယ်ဂျယ် | ၄၉၇.၀၀ | ၃၂၉.၀၀ | (+) | ၁၆၈.၀၀ |
| ၃။ | ချင်းရွှေဟော် | ၂၃၄၂.၉၅ | ၁၁၃၉.၅၀ | (+) | ၁၂၀၃.၄၅ |
| ၄။ | ကန်ပိုက်တီ | ၁၆၀.၀၀ | ၄၀.၀၀ | (+) | ၁၂၀.၀၀ |
| ၅။ | မြဝတီ | ၃၄၈၈.၃၇ | ၃၃၁၇.၁၅ | (+) | ၁၇၁.၂၂ |
| ၆။ | ကော့သောင်း | ၁၀၀.၀၀ | - | (+) | ၁၀၀.၀၀ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိုဒ် | ၂၅၀.၀၀ | ၆၀၀.၀၀ | (-) | ၃၅၀.၀၀ |
| | စုစုပေါင်း | ၂၄၄၇၅.၉၂ | ၁၉၈၄၄.၇၅ | (+) | ၄၆၃၁.၁၇ |

ခင်မိုးသူ

## နှမ်း

# ချင်းရွှေဟော်မှ နှမ်းပိုမိုတင်ပို့ပြီး မူဆယ်မှလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၈၁ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ ၂၄၄၅ တန်ခွဲကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

တင်ပို့ခဲ့တဲ့ နှမ်းအမျိုးအစားများမှာ နှမ်းနက် ၁၉၇၃ တန်ကျော်၊ နှမ်းဖြူ ၃၆၃ တန်ကျော်နဲ့ နှမ်းဖြူ(အခွံချွတ်) ၁၀၉ တန်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က ချင်းရွှေဟော်မှ နှမ်းတန်ချိန် ၂၀၂၆ တန်ကျော်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၄၁၉ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

အလားတူမူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၂၄၈ သန်း တန်ဖိုးရှိ နှမ်းနက် ၉၇ တန်ခွဲ၊ နှမ်းညို ၁၂၉ တန်နဲ့ နှမ်းဖြူ (အခွံချွတ်) ခြောက်တန်ခွဲ စုစုပေါင်း ၂၃၃ တန်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၆၁ တန်နဲ့နှိုင်းယှဉ်ပါက ၂၈ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ စက်တင်ဘာ ၂ ရက်မှ ၈ ရက်အထိ သီတင်းပတ်အတွင်း နှမ်းဖြူတစ်တန်လျှင် ၁၃၉၉၇၉၇ ကျပ်၊ နှမ်းနက်တစ်တန်လျှင် ၂၂၁၃၆၃၂ ကျပ်ဈေးရှိရာ မှ စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ သီတင်းပတ်မှာ နှမ်းဖြူတစ်တန်ကို ၁၄၀၁၂၂၂ ကျပ်နဲ့ နှမ်းနက်တစ်တန်ကို ၂၂၁၅၈၈၆ ကျပ်သို့ ဈေးမြင့်တက်ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# ပြည်မိုးနှမ်း အဝယ်လိုက်လို့ ဈေးပြန်မြင့်လာ

ပြည်ဈေးကွက်တွင် ယခုတစ်ပတ် အဝယ်လိုက်လာလို့ နှမ်းဈေးပြန်မြင့်လာတာတွေ့ရပါတယ်။ မြန်အောင်၊ ကြံခင်း၊ မိုးညိုနဲ့ နတ်တလင်းမြို့နယ် တာပွန်ဘက်မှ တစ်နေ့လျှင် အိတ် ၇၀၀ မှ ၈၀၀ ခန့် ဝင်ရောက်လာပြီး၊ မိုးရွာတဲ့နေ့ဆိုလျှင် ဝင်ရောက်မှုနည်းတာ တွေ့ရပါတယ်။ နှမ်းနီဝင်ရောက်မှုနည်းပေမယ့် ဆီစက်သမားများက အဝယ် ရှိနေလို့ ဈေးမြင့်လာတာ တွေ့ရပါတယ်။

နှမ်းနီနဲ့နှမ်းနက်ဈေးမှာ ယခင်နှစ်ဈေးက ယခုနှစ်ဈေးကို မမီတာတွေ့ရပါတယ်။ ယခင်နှစ်ကာလတူက နှမ်းများဈေးကွက်တွင် အဝင်လှိုင်နေပြီး ဝယ်လက်ပါးသဖြင့် ဈေးနိမ့်နေတာတွေ့ရပါတယ်။ အဲဒီအချိန်က နှမ်းနီးသုံးတင်းတစ်အိတ်လျှင် ကျပ် ၈၀၀၀၀ ၊ နှမ်းနက် သုံးတင်းတစ်အိတ်လျှင် ကျပ် ၉၅၀၀၀ ဖြစ်ခဲ့ပြီး၊ စမုံနက်နှမ်းသာ ဝယ်ယူမှု အားကောင်းသဖြင့် သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၄၀၀၀၀ အထိ ဈေးမြင့်ခဲ့တာ တွေ့ရပါတယ်။ ယခုနှစ်တွင် အထွက်နှုန်းနည်းပြီး အခုအချိန်ထိ ဈေးကွက်သို့ နှမ်းအဝင်နည်းနေသေးပေမယ့် ဝယ်ယူနေတာတွေ့ရပါတယ်။ ယခုတစ်ပတ် နှမ်းဈေးမှာ နှမ်းနီသုံးတင်းတစ်အိတ်လျှင် ကျပ် ၉၆၀၀၀ ၊ နှမ်းနက် သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၀၅၀၀၀ နှင့် စမုံနက်နှမ်း သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၂၂၀၀၀ နဲ့တစ်နေ့လျှင် အိတ် ၈၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း**

## စားအုန်းဆီ

# မလေးရှားစားအုန်းဆီဈေးနှုန်းများ ခြောက်လတာအတွင်း အမြင့်ဆုံးဈေးသို့ ရောက်ရှိ

မလေးရှားစားအုန်းဆီဈေးများသည် ခြောက်လတာအတွင်း အမြင့်ဆုံးဈေးသို့ ရောက်ရှိခဲ့ကြောင်း စတားအွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။ မလေးရှားစားအုန်းဆီကြိုရောင်းကြိုဝယ်ဈေးများသည် ခြောက်လအတွင်း သုံးကြိမ်မြောက်အဖြစ် ဆက်တိုက်ဈေးမြင့်တက်လာခြင်းဖြစ်သည်။

ဘာဆာမလေးရှားကုန်စည်ဒိုင်တွင် နိုဝင်ဘာလအတွက် စာချုပ်ချုပ်ဆိုဝယ်ယူခဲ့သည့် စားအုန်းဆီစံထားဈေးနှုန်းများမှာ ၁ ဒသမ ၅၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ၂၈၇၃ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၈၅ ဒသမ ၆၈)ရှိခဲ့သည်။

စားအုန်းဆီအရောင်းအဝယ်ဖြစ်မှု ပမာဏမှာ ၂၅ တန်ရှိ အတွဲပေါင်း ၅၇၆၀၀ ရှိခဲ့သည်။ဘာဆာမလေးရှားကုန်စည်ဒိုင်တွင် အစောပိုင်းကာလများက စာချုပ်ချုပ်ဆိုခဲ့သည့် ဈေးနှုန်းမှာ ၂၈၇၆ ရင်းဂစ်ရှိခဲ့ပြီး အဆိုပါဈေးနှုန်းသည် မတ် ၈ ရက်ကတည်းက မြင့်တက်ခဲ့သည့် ဈေးနှုန်းပင်ဖြစ်ပြီး သုံးရက်အတွင်း လေးရာခိုင်နှုန်းမြင့်တက်ခဲ့ခြင်းဖြစ်သည်။

ဈေးကွက်အတွင်းရှိ စားအုန်းဆီ ကုန်သည်များအနေဖြင့် အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများကို မြင်တွေ့လာနိုင်ဖွယ်ရှိကြောင်း ကွာလာလမ်ပူအခြေစိုက် ကြိုရောင်းကြိုဝယ်ကုန်သည်များက ပြောကြားခဲ့သည်။

“နည်းပညာအားကောင်းလာမှုနဲ့ ကုန်သည်တွေရဲ့ကြိုရောင်းကြိုဝယ်ဈေးတွေ မြင့်တက်လာမှုက စားအုန်းဆီဈေးနှုန်းအဆင့်ကို ရင်းဂစ် ၂၈၅၀ အထိ ရောက်ရှိဖို့အတွက် အထောက်အပံ့ဖြစ်စေခဲ့ပါတယ်”ဟု ကုန်သည်တစ်ဦးကပြောကြားခဲ့သည်။

သုံးရက်ကြာကျင်းပလျက်ရှိသည့် Globoil India ညီလာခံတွင် ဆွေးနွေးခဲ့ကြသူများက စားအုန်းဆီနှင့် ပတ်သက်၍ အကျယ်တဝင့်ဆွေးနွေးခဲ့ကြသဖြင့် စားအုန်းဆီနှင့်ပတ်သက်၍ မျှော်လင့်ရနိုင်သည်ဟု ဆိုသည်။



စက်တင်ဘာ ၁၃ ရက်အစောပိုင်းက စားအုန်းဆီဈေးနှုန်းသည် တစ်တန်လျှင် ၂၈၃၆ ရင်းဂစ်ရှိခဲ့ပြီး ၂၈၅၃ ရင်းဂစ်မှ ၂၈၇၇ ရင်းဂစ်အတွင်းရှိနေခဲ့ကြောင်း ရိုက်တာသတင်းဌာနမှ ဈေးကွက်ဆန်းစစ်ရေးမှူး ဝမ်တောင်းက ပြောကြားခဲ့သည်။

“တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်ရဲ့ ဈေးကွက်မှာ အောက်တိုဘာလဟာ တရုတ်လူမျိုးတို့ရဲ့ နှစ်သစ်ကူးကာလဖြစ်တာကြောင့် စားအုန်းဆီဈေးကွက်ပိတ်ရက် နီးကပ်လာပြီဖြစ်ပါတယ်။ စက်တင်ဘာလဟာ စားအုန်းဆီလက်ကျန်ကောက်ယူမှာဖြစ်သလို စားအုန်းဆီဈေးနှုန်းဟာလည်း မပြောင်းလဲဘဲတည်ရှိနေမှာဖြစ်ပါတယ်”ဟု ဒါလီယံကုန်စည်ဒိုင်မှကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

ချီကာဂိုကုန်သည်များ ဘုတ်အဖွဲ့တွင် ပဲပုပ်ဆီစာချုပ်ချုပ်ဆိုဈေးသည် သုည ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်တွင် ဇန်နဝါရီလအတွက် ပဲပုပ်ဆီစာချုပ် ချုပ်ဆိုဈေးမှာ သုည ဒသမ ၄ ရာခိုင်နှုန်းကျဆင်းပြီး စားအုန်းဆီစာချုပ် ချုပ်ဈေးမှာ သုည ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ **မယ်သီတာ**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၂-၉-၂၀၁၇) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၁၀၀ | ၅၁၀၀ | □ | ၄၄၀၀ | ၄၄၀၀ | □ | ၁၉၅၀ | ၂၀၀၀ | △ |
| ရန်ကုန် | ၅၅၀၀ | ၅၅၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၂၀၀၀ | ၁၉၅၀ | ▽ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၂၁၀၀ | ၂၁၀၀ | □ |
| ပဲခူး | ၅၀၀၀ | ၅၀၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၈၃၀ | ၁၈၀၀ | △ |
| မကွေး | ၄၂၀၀ | ၄၂၀၀ | □ | ၄၁၀၀ | ၄၁၀၀ | □ | ၁၉၅၀ | ၂၁၀၀ | △ |
| မုံရွာ | ၄၀၀၀ | ၃၉၀၀ | ▽ | ၃၇၀၀ | ၃၇၀၀ | □ | ၁၉၄၀ | ၁၉၀၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၂-၉-၂၀၁၇ US$/Ton

| အမျိုးအစား | စက်တင်ဘာဒုတိယပတ် | စက်တင်ဘာတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၉၃.၀၀ | ၇၀၈.၀၀ | △ |
| RBD P.Olein | ၆၇၉.၅၀ | ၇၁၆.၅၀ | △ |
| RBD P.Stearin | ၆၆၈.၀၀ | ၆၉၇.၀၀ | △ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၂-၉-၂၀၁၇ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၆၇၆.၅၄ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၄.၁၉ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၈.၃၈ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၉.၀၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၈၁.၀၅ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၃.၁၈ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၆၆ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၈၃၄.၈၁၆ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၂-၉-၂၀၁၇နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၅၅ ဒေါ်လာနှင့် USD ဈေး ၁၃၅၉ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၂၂-၉-၂၀၁၇နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၅၉ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# ဂျပန်နိုင်ငံသို့ တင်ပို့သည့် မြန်မာ့ပို့ကုန်ပစ္စည်းများနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် ဂျပန်နိုင်ငံ၏ စားသောက်ကုန်တင်သွင်းရန် လမ်းညွှန်ချက်များ

**သီတာကျော်(နှစ်နိုင်ငံ)**

## နိဒါန်း

မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံသို့ ချုပ်ပြီးအထည်၊ ပုစွန်၊ နှမ်း၊ ကျောက်မျက်ရတနာ၊ ပဲတီစိမ်း၊ မတ်ပဲ၊ ထောပတ်ပဲ၊ ရော်ဘာစိမ်း၊ သတ္တုနှင့်သတ္တုရိုင်းများနှင့် ငါးတို့ကို တင်ပို့ရောင်းချလျက်ရှိပါသည်။ ထိုသို့မြန်မာနိုင်ငံမှ တင်ပို့ရောင်းချသည့် ကုန်ပစ္စည်းများကို ဂျပန်နိုင်ငံမှ ၎င်းတို့နိုင်ငံ၏သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် ကိုက်ညီမှသာလျှင် ဝယ်ယူတင်သွင်းလျက် ရှိပါသည်။ မြန်မာနိုင်ငံမှ တင်ပို့ရောင်းချသည့် ကုန်ပစ္စည်းများအနက် တစ်ခုအပါအဝင်ဖြစ်သော ပဲတီစိမ်းကိုလည်း ဂျပန်နိုင်ငံ၏ ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ချမှတ်ထားသော စံချိန်စံညွှန်းများနှင့် ကိုက်ညီမှသာလျှင် ဝယ်ယူတင်သွင်းပါသည်။

ယခုအခါ မြန်မာကုမ္ပဏီတစ်ခုမှ တင်ပို့ရောင်းချခဲ့သည့် ပဲတီစိမ်းများသည် ဂျပန်နိုင်ငံသို့ ရောက်ရှိချိန်တွင် ဂျပန်နိုင်ငံ၊ ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ စစ်ဆေးခဲ့ရာ ဂျပန်နိုင်ငံမှချမှတ်ထားသော စားသောက်ကုန် ကျန်းမာရေး စံချိန်စံညွှန်းနှင့်မကိုက်ညီ၍ အဆိုပါ ပဲတီစိမ်း များအား ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်တင်ပို့ခြင်းခံခဲ့ရပါသည်။ ဂျပန်နိုင်ငံအစိုးရအနေဖြင့် အဆိုပါဖြစ်စဉ်အပေါ် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ (တိုကျိုမြို့) သံရုံးမှတစ်ဆင့် စားသောက်ကုန်ကျန်းမာရေးဥပဒေနှင့်မကိုက်ညီ၍ ပြန်လည်ပေးပို့ခြင်းဖြစ်ကြောင်း အကြောင်းကြားစာနှင့်အတူ ဆက်လက်၍ မြန်မာနိုင်ငံမှ ပဲတီစိမ်းတင်ပို့မှုအပေါ် Food Sanitation Act (Act No. 233 of 1947) နောက်ဆက်တွဲ (၁) ၏ ပြဋ္ဌာန်းချက်များအရ စစ်ဆေးမှုများကို တင်းကျပ်စွာ ပြုလုပ်သွားမည်ဖြစ်ကြောင်း မေတ္တာရပ်ခံ အကြောင်းကြားလာပါသည်။ သို့ဖြစ်ပါ၍ ဂျပန်နိုင်ငံသို့ တင်ပို့မည့်ကုန်စည်များအား ဂျပန်နိုင်ငံမှ သတ်မှတ်ထားသော စံချိန်စံညွှန်း သတ်မှတ်ချက်များအရ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

## လိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်ချက်များ

ဂျပန်နိုင်ငံအစိုးရအနေဖြင့် အခြားနိုင်ငံများမှ တင်သွင်းလာသည့် စားသောက်ကုန်များနှင့် စိုက်ပျိုးရေးထုတ်ကုန်များ အပေါ်တွင် အန္တရာယ်ကင်းရှင်းပြီး ထိရောက်သော ထိန်းချုပ်ကွပ်ကဲနိုင်မှုတို့ကို မြှင့်တင်နိုင်စေရေးအတွက် အထူးအလေးထားဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် ဂျပန်ပြည်သူလူထုကျန်းမာရေးကို ထိခိုက်စေနိုင်သော စားသောက်ကုန်ပစ္စည်းများ၊ တင်ပို့နိုင်ငံများနှင့် လယ်ယာသုံး ဓာတုပစ္စည်းပါဝင်မှုများအပေါ် အထူးစစ်ဆေးကြပ်မတ်လျက် ရှိပါသည်။

ဂျပန်နိုင်ငံ၏ ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၇ ဘဏ္ဍာနှစ်အတွက် အစားအစာသွင်းကုန်ထိန်းချုပ်ခြင်းနှင့် လမ်းညွှန်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု စီမံချက်ကို ရေးဆွဲခဲ့ပြီး Food Sanitation Act (Act No. 233 of 1947) ၏ နောက်ဆက်တွဲ (၁)၊ စာပိုဒ်(၁) အောက်တွင် အခန်း(၂၃)ဖြင့် ပြဋ္ဌာန်းဖော်ပြထားပါသည်။ ဖော်ပြပါအခန်း၏ စာပိုဒ်(၃) အရ အစိုးရ၏ တရားဝင်ကြေညာထုတ်ဝေခဲ့သည့်ပြန်တမ်းတွင် တင်သွင်းလာသည့်အစားအစာများကို လမ်းညွှန်ထိန်းချုပ်ခြင်း၊ အရောင်၊ အနံ့၊ အရသာတို့ကို တာရှည်ခံအောင်ထည့်သည့် အရာများ၊ ပစ္စည်းကိရိယာများ၊ Containers ထုပ်ပိုးခြင်းနှင့် ကစားစရာအရုပ်များ ပါဝင်ပါသည်။

အဆိုပါစီမံချက်တွင် စားသောက်ကုန်များ အန္တရာယ်ကင်းရှင်းစေရေးအတွက် ၂၀၁၇ ဘဏ္ဍာနှစ်တွင် ဂျပန်နိုင်ငံ၏ ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် စုံစမ်းစစ်ဆေးခြင်း အစီအမံများအား ၂၀၁၆ ဘဏ္ဍာနှစ်နှင့်မတူညီအောင် အဆင့်မြှင့်တင်မည်ဖြစ်ကြောင်း ပါဝင်ပါသည်။ ရည်ရွယ်ချက်မှာ တင်သွင်း စားသောက်ကုန်များ၏ ဘေးကင်းလုံခြုံမှုများအတွက် တင်သွင်းလာသည့် စားသောက်ကုန်များအပေါ် ပြင်းထန်ထိရောက်၍ အကျိုးဖြစ်ထွန်းစေမည့် စောင့်ကြည့်စစ်ဆေးမှုများနှင့် လမ်းညွှန်ဆောင်ရွက်မှုများကို မြှင့်တင်ရန်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်ချက်များမှာ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ ရက်အထိ ဖြစ်ပါသည်။ အထူးသဖြင့် ရောဂါဖြစ်ပွားစေသော ဇီဝပိုးမွှားများအား စောင့်ကြပ်စစ်ဆေးခြင်းများကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး ယခင်နှစ်များတွင် ဆောင်ရွက်ခဲ့သည့် စုံစမ်းစစ်ဆေးခြင်းများမှ ရရှိသော အချက်အလက်များနှင့် ရလဒ်များကို ထည့်သွင်းစဉ်းစား၍ စုံစမ်းစစ်ဆေးမှု လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်မည် ဖြစ်ပါသည်။ တစ်ဆက်တည်းမှာပင် စားသောက်ကုန် တင်ပို့သောနိုင်ငံများ၏ ထုတ်လုပ်သူများ၊ ကုန်ထုတ်လုပ်သူများအပါအဝင် အစိုးရများကြားတွင် စားသောက်ကုန် ကျန်းမာရေး စည်းမျဉ်း၊ စည်းကမ်းများအား ပိုမိုနားလည်နိုင်စေရန် Briefing Sessions များအား ကျင်းပပေးမည်ဖြစ်ပါသည်။ ထို့အပြင် HACCP (Hazard Analysis and Critical Control Point) အားအခြေခံ၍ ကုန်တင်ပို့သော နိုင်ငံများမှ ကုန်ထုတ်လုပ်သူများနှင့် အစိုးရများအကြားတွင် အစားအစာသန့်ရှင်းမှု ထိန်းချုပ်ရေးလုပ်ငန်းစဉ်များကို မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖော်ပြပါရှိပါသည်။

ဂျပန်နိုင်ငံ၏ ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၇ ဘဏ္ဍာနှစ်အတွက် အစားအစာသွင်းကုန် ထိန်းချုပ်ခြင်းနှင့် လမ်းညွှန်မှုဆိုင်ရာ ပြဋ္ဌာန်းဖော်ပြချက်တွင် အောက်ဖော်ပြပါအတိုင်း ခေါင်းစဉ်ကြီး ကိုးခုဖြင့် အကျယ်တဝင့် ဖော်ပြပါရှိ ပါသည်-

- ရည်ရွယ်ချက်
- အသက်ဝင်မည့်ကာလ
- တင်သွင်းစားသောက်ကုန်များအပေါ် စောင့်ကြည့်စစ်ဆေးခြင်းနှင့် လမ်းညွှန်မှုများပေးခြင်း ကိစ္စရပ်များအား အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေခံလုပ်ထုံးလုပ်နည်းများ
- ပို့ကုန်နိုင်ငံများတွင် ဘေးကင်းလုံခြုံမှု အတိုင်းအတာများ မြှင့်တင်ရေး
- စောင့်ကြည့်စစ်ဆေးခြင်းအား ပယ်ဖျက်ခြင်း
- သွင်းကုန်လုပ်ငန်းရှင်များအား voluntary safety controls အကြောင်း လမ်းညွှန်မှုများပြုလုပ်ခြင်း
- စည်းမျဉ်းချိုးဖောက်မှုကို ရှာဖွေဖော်ထုတ်ရာတွင် တန်ပြန်ဆောင်ရွက်ချက်များ
- အများပြည်သူကို အသိပေးသည့် သတင်းအချက်အလက် ထုတ်ပြန်ချက်များ
- စောင့်ကြည့်လေ့လာခြင်းနှင့် လမ်းညွှန်မှုများ အကောင်အထည်ဖော်ရန်အတွက် လိုအပ်သော အခြားလုပ်ဆောင်ချက်များ စသည်တို့ဖြစ်ပါသည်။

## တင်သွင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

၎င်းပြဋ္ဌာန်းချက်များအရ ဂျပန်နိုင်ငံသို့တင်ပို့သည့် မြန်မာ့ပို့ကုန်ပစ္စည်းများ ပြန်လည်တင်ပို့ခံရခြင်း မရှိစေရေးအတွက် လိုက်နာဆောင်ရွက်ရမည့် ဂျပန်နိုင်ငံ၏ စားသောက်ကုန် တင်သွင်းရန် လမ်းညွှန်ချက်နှင့် တင်သွင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအနေဖြင့် ဂျပန်နိုင်ငံသို့ စတင်တင်သွင်းသည်မှ ကုန်စည်ဖြန့်ဖြူးခြင်းအထိ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်အဆင့်(၈)ရပ်ပါဝင်ပါသည်။ ၎င်းတို့မှာ-

**(အဆင့်-၁)** ဂျပန်နိုင်ငံ၏ ရောဂါပိုးမွှားစစ်ဆေးရေးဌာနမှ သတ်မှတ်ထားသော ဓာတ်ကြွင်းပါဝင်မှုပမာဏများ ဖော်ပြပါရှိသည့် ကနဦးလမ်းညွှန်အကြံပေးချက်များကို ဦးစွာရယူရမည် ဖြစ်ပါ သည်။

**(အဆင့်-၂)** Import Notification Form အတွက် ပြင်ဆင်ခြင်းဖြစ်ပါသည်။ အစားအသောက်တင်သွင်းခြင်းအတွက် Notification Form နှင့် အခြားစာရွက်စာတမ်းများနှင့် ပါဝင်သော ပစ္စည်းများနှင့် ထုတ်လုပ်မှုနည်းလမ်းများ ပါဝင်ရမည်ဖြစ်သည်။ **(လိုအပ်ပါက- ကျန်းမာရေးဆိုင်ရာ ထောက်ခံချက်နှင့်** Self-Inspection **ရလဒ်များကို တင်ပြရမည် ဖြစ်ပါသည်။)**

**(အဆင့်-၃)** တင်သွင်းကုန်ပစ္စည်းရောက်ရှိခြင်း ဖြစ်ပါသည်။

**(အဆင့်-၄)** အစားအသောက်သွင်းကုန် တင်သွင်းခြင်းအတွက် Online မှ Notification Form ပေးပို့ရမည် ဖြစ်ပါသည်။

**(အဆင့်-၅)** ဂျပန်နိုင်ငံ၏ ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့် ရောဂါပိုးမွှားစစ်ဆေးရေး စခန်းတွင် စာရွက်စာတမ်းများ စစ်ဆေးခြင်းဖြစ်ပါသည်။ ဤအဆင့်တွင် စစ်ဆေးရေးဌာနအနေဖြင့် **စောင့်ကြည့်စစ်ဆေးရန် မလိုအပ်** ဟု ယူဆပြီး Approve ဖြစ်ပါက အဆင့် (၆)သို့ တိုက်ရိုက်ရောက်ရှိသွားမည်ဖြစ်ပြီး Certificate ထုတ်ပေးသွားမည်ဖြစ်ပါသည်။ အကယ်၍ စစ်ဆေးရန် လိုအပ်ပါက လိုအပ်မှုအပေါ် မူတည်၍ **ထပ်တိုးအဆင့် (၂) ဆင့်** အထိ တိုးမြှင့်လာမည်ဖြစ်ပြီး စစ်ဆေးမှုလုပ်ငန်းစဉ်များအား Diagram ဖြင့် ရေးဆွဲပြသထားပါသည်။

- စီမံခန့်ခွဲမှုဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများအား စစ်ဆေးခြင်း ဖြစ်ပါသည်။ **(ထပ်တိုးအဆင့်-၁)**
- သတ်မှတ်ထားသော ဓာတ်ခွဲခန်းတွင် စစ်ဆေးခြင်းဖြစ်ပြီး ညွှန်ကြားထားသည့်အတိုင်းစစ်ဆေးခြင်း (သို့မဟုတ်) စောင့်ကြည့်စစ်ဆေးခြင်း ထက်ပိုသော စီမံခန့်ခွဲမှုဆိုင်ရာ စစ်ဆေးခြင်း ဖြစ်ပါသည်။ (**ထပ်တိုးအဆင့် -၂** သည် နောက်ဆုံးစစ်ဆေးခြင်းဖြစ်ပြီး **စံချိန်မီပါက ခွင့်ပြုခြင်းနှင့် စံချိန်မမီပါက ပြန်လည် တင်ပို့ခြင်း** ဟူ၍ ပါရှိပါသည်။)

**(အဆင့်-၆)** အစားအသောက်တင်သွင်းလာခြင်းအပေါ် တင်သွင်းရန် ခွင့်ပြုသည့် Certificate ထုတ်ပေးသည့် အဆင့် ဖြစ်ပါသည်။

**(အဆင့်-၇)** အကောက်ခွန်ရှင်းလင်းခြင်း အဆင့် ဖြစ်ပါသည်။

**(အဆင့်-၈)** ပြည်တွင်းသို့ တင်သွင်းလာသည့် စားသောက်ကုန်စည်များ ဖြန့်ဖြူးခြင်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရှိ စားသောက်ကုန်ပစ္စည်းများ တင်ပို့ရောင်းချသည့် ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် ဂျပန်နိုင်ငံသို့ စားသောက်ကုန်ပစ္စည်းများ တင်ပို့ရာတွင် ကုန်သွယ်မှုဆိုင်ရာ ဗဟုသုတများကို သိရှိစေရန်နှင့် ကုန်သွယ်မှုပြုရာတွင် အထောက်အကူပြုနိုင်စေရန်အတွက် ဂျပန်နိုင်ငံ၏ ၂၀၁၇ ဘဏ္ဍာနှစ်အတွက် ပြဋ္ဌာန်းထုတ်ပြန်ချက်ဖြစ်သော ဂျပန်နိုင်ငံ၏ စားသောက်ကုန်တင်သွင်းရန် လမ်းညွှန်ချက်နှင့် တင်သွင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရေးသားဖော်ပြလိုက်ရပါသည်။

မြန်မာနိုင်ငံဆိုင်ရာ ဂျပန်(တိုကျိုမြို့) သံရုံးမှတစ်ဆင့် ပေးပို့လာသော ဂျပန် နိုင်ငံ၊ The Environmental Health and Food Safety ၏ ၂၀၁၇ ခုနှစ် မတ်လ ၂၇ ရက်နေ့ထုတ် ကြော်ငြာစာအမှတ် No.0327၊ Article 1 ၏ ၂၀၁၇ ဘဏ္ဍာနှစ်အတွက် အစားအစာ သွင်းကုန်ထိန်းချုပ်ခြင်းနှင့် လမ်းညွှန်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုစီမံချက်၏ မူရင်းအပြည့်အစုံကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်များဖြစ်သော www.commerce.gov.mm၊ www.commercejournal. com.mm နှင့် www. myanmartradenet. com.mm တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။



## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# အကောက်ခွန်ဌာနမှ စောင့်ကြည့်ခြင်းမရှိဘဲ ပို့ကုန် ကွန်တိန်နာများအား ပို့ကုန်တင်ပို့သူများကိုယ်တိုင် ချိတ်ပိတ်သည့်စနစ်ကို အိန္ဒိယ၌ အောက်တိုဘာ ၁ ရက်မှ စတင်ဖော်ဆောင်မည်



အိန္ဒိယ အကောက်ခွန်ဦးစီးဌာနသည် ယုံကြည်မှုကိုအခြေခံ သည့် စည်းမျဉ်းစည်းကမ်း လိုက်နာသော ဝန်းကျင်တစ်ခု တည်ဆောက်ရန်နှင့် ပို့ကုန်လုပ်ငန်းရှင်များအတွက် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရန် ရည်ရွယ်ချက်များဖြင့် ပို့ကုန်တင်ပို့မည့် ကွန်တိန်နာများအား လုပ်ငန်းရှင်များ ကိုယ်တိုင်ချိတ်ပိတ်သည့်စနစ်ကိုအောက်တိုဘာလ ၁ ရက်မှစတင်ခွင့်ပြုမည်ဖြစ်ကြောင်း၊ ယခင်က အကောက်ခွန်ဦးစီးဌာန တာဝန်ရှိသူများ၏ ကြီးကြပ်မှုဖြင့် စက်ရုံ၌ ချိတ်ပိတ်ခြင်းများ ဆောင်ရွက်သည့် ပို့ကုန်လုပ်ငန်းရှင်များသည်လည်း ယခုထုတ်ပြန်ချက်၌ အလိုအလျောက် အကျုံးဝင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ယခုကျင့်သုံးမည့် မူဝါဒသစ်အရ ပို့ကုန်လုပ်ငန်းရှင်များသည် ကိုယ်တိုင် ချိတ်ပိတ်ခွင့် ခွင့်ပြုချက် တစ်ကြိမ်ရရှိပြီးသည်နှင့် ယင်းခွင့်ပြုချက်အား ပြန်လည်မရုပ်သိမ်းမီအထိအကျုံးဝင်မည်ဖြစ်ကြောင်း၊ စက်ရုံနေရာအဝန်းအဝိုင်း ပြောင်းလဲပါက အကောက်ခွန်ဦးစီးဌာနသို့ ခွင့်ပြုချက်ဖြင့် ပြန်လည်တင်ပြ တောင်းခံရမည်ဖြစ်ကြောင်း သိရှိရပါသည်။

ထို့ပြင် ပို့ကုန်လုပ်ငန်းရှင်များသည် ကွန်တိန်နာများ၏ ချိတ်နံပါတ်များအား သင်္ဘောတင်စာရွက်စာတမ်းများ အွန်လိုင်းဖြည့်သွင်းချိန်တွင် (သို့မဟုတ်)လက်ရေးဖြင့်ဖြည့်စွက်သည့် သင်္ဘောတင် စာရွက်စာတမ်းများအနေဖြင့် ကွန်တိန်နာများဆိပ်ကမ်းမှ မခွာမီ ကြေညာရမည်ဖြစ်ကြောင်း RFID တံဆိပ်များကို လက်လီရောင်းသမားများထံမှ တိုက်ရိုက်ဝယ်ယူရမည်ဖြစ်ကြောင်း သိရှိရပါသည်။

သို့ဖြစ်၍ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ ပို့ကုန်လုပ်ငန်းရှင်များသည် ကိုယ်တိုင်ချိတ်ပိတ်သည့် ကွန်တိန်နာများ၏ ချိတ်တံဆိပ် နံပါတ်၊ ချိတ်ပိတ်သည့်နေ့၊ ချိတ်ပိတ်သည့်အချိန်၊ ပို့ကုန်ဆိုက်ရောက် မည့်နေရာ၊ ကွန်တိန်နာနံပါတ်နှင့် ကွန်တိန်နာတင်မည့် ကုန်တင်နောက်တွဲယာဉ် နံပါတ်တို့ကို အကောက်ခွန်ဦးစီးဌာနသို့ ပေးပို့ အကြောင်းကြားရမည်ဖြစ်ကြောင်း၊ အဆိုပါကွန်တိန်နာများ၏ RFID များတွင် သံသယဖြစ်ဖွယ် တွေ့ရှိပါက အကောက်ခွန်ဦးစီးဌာနမှ စစ်ဆေးမှုများပြုလုပ်သွားမည်ဟု အိန္ဒိယနိုင်ငံ Central Board of Excise and Customs (CBEC) က ပြောကြားထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# တရုတ်နှင့် ရုရှား ရေနံစိမ်းပိုက်လိုင်းအသစ်သွယ်တန်း

တရုတ်သည် ရုရှားနှင့် ဒုတိယမြောက် ရေနံစိမ်းပိုက်လိုင်းအသစ်တစ်ခု ထပ်မံသွယ်တန်းနေပြီး လာမည့်နှစ်မှစတင်၍ လက်ရှိပိုက်လိုင်းနှင့်အတူ ပိုက်လိုင်းနှစ်ခုမှ နှစ်စဉ် စုစုပေါင်းရေနံစိမ်းတန်ချိန် သန်းပေါင်း ၃၀ တရုတ်သို့တင်သွင်းမည်ဖြစ်ကြောင်း National Energy Administration (NEA) က ပြောကြားလိုက်ပါသည်။

အဆိုပါ တရုတ်-ရုရှား ရေနံစိမ်းပိုက်လိုင်းတည်ဆောက်မှုမှာ စက်တင်ဘာလကုန်တွင် ပြီးစီးမည်ဖြစ်ပြီး အကြိမ်ကြိမ်စမ်းသပ်မှုကို နှစ်လကြာ ထပ်မံပြုလုပ်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ဟေလောင်ကျန်းပြည်နယ်၊ Mohe မှ Daqing အထိ ၉၄၁ ဒသမ ၈ ကီလိုမီတာ ရှည်လျားသည့် အဆိုပါပိုက်လိုင်းမှ နှစ်စဉ်ရေနံ စိမ်းတန်ချိန် ၁၅ သန်းခန့် ပို့ဆောင်ပေးမည်ဖြစ်သည်။

ပထမပိုက်လိုင်းကို ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလမှစတင်၍ Skovorodinoမှ တရုတ်နိုင်ငံ၊ စေလောင်ကျန်းပြည်နယ် Mohe မြို့ကိုဖြတ်သန်း၍ Daqing မြို့အထိ ကီလိုမီတာ ၁၀၀၀ ခန့် ရေနံစိမ်းပိုက်လိုင်းတစ်ခုဆက်သွယ်ထားပါသည်။ ယခုအချိန်အထိ ရုရှားမှ တရုတ်သို့တန်ချိန် ၁၀၄ ဒသမ ၉၁ သန်းအထိ တင်ပို့ခဲ့ကြောင်း Heilongjiang Entry - Exit Inspection and Quarantine Bureau က ဖော်ပြထားပါသည်။ ပိုက်လိုင်းဖြင့် ဆက်သွယ်တင်ပို့မှုသည် ပင်လယ်ရေကြောင်းတင်ပို့မှုထက်ပို၍စိတ်ချလုံခြုံမှုရှိသည့်အပြင် တရုတ်၏ စွမ်းအင်လုံလောက်မှုအတွက် အထောက်အပံ့ဖြစ်စေကြောင်း၊ တရုတ်သို့ တင်ပို့သည့် အခြားပိုက်လိုင်းနှစ်ခုဖြစ်သည့် တရုတ်-မြန်မာရေနံစိမ်းပိုက်လိုင်းနှင့် တရုတ်-ကာဇက်စတန် ရေနံစိမ်းပိုက်လိုင်းများသည် စွမ်းအင်ကို အရင်းအမြစ်များစွာမှ တင်သွင်းဝယ်ယူမှုအတွက် အရေးကြီးသည့် ပိုက်လိုင်းများဖြစ်ကြောင်း ဆက်လက်ဖော်ပြထားပါသည်။

၂၀၁၆ ခုနှစ်အတွင်း စုစုပေါင်းရေနံစိမ်း တန်ချိန် သန်း ၅၆၀ သုံးစွဲခဲ့ပြီး ၆၅ ရာခိုင်နှုန်းမှာ ပြည်ပမှ တင်သွင်းခဲ့ပါသည်။ ရုရှားသည် တရုတ်၏ ရေနံစိမ်းအဓိကတင်ပို့သည့်နိုင်ငံဖြစ်ပြီး နှစ်နိုင်ငံ စွမ်းအင်ပူးပေါင်းဆောင်ရွက်မှု ဆက်လက်တိုးမြှင့်မည်ဖြစ်ကြောင်းသိရှိရပါသည်။ တရုတ်သည် ကမ္ဘာ့ဒုတိယ အများဆုံး စွမ်းအင်သုံးစွဲသူဖြစ်ပြီး ရုရှားသည် ကမ္ဘာ့ထိပ်ဆုံး ရေနံစိမ်းထုတ်လုပ်သူဖြစ်သည့်အတွက် နှစ်ဖက်အကျိုးရှိသည့် ပူးပေါင်းဆောင်ရွက်မှုဖြစ်ကြောင်း ဖော်ပြထားပါသည်။ တရုတ်၏ရေနံစိမ်းသုံးစွဲမှုမှာ ဆက်လက်မြင့်တက်နေသည့်အတွက် ပြည်ပမှတိုးမြှင့်တင်သွင်းမည်ဖြစ်ရာ စွမ်းအင်အရင်းအမြစ်နိုင်ငံ အမျိုးမျိုးနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်းသိရပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

# တရုတ်သံမဏိသွင်းကုန်အချို့အပေါ် အပိုဆောင်းအခွန် (Additional Tax) စည်းကြပ်ရန် အိန္ဒိယအစိုးရက သတ်မှတ်

ဈေးပေါသည့် ပြည်ပသွင်းကုန်များ ဝင်ရောက်မှုကို ထိန်းချုပ်ဟန့်တားနိုင်ရန်အတွက် တရုတ်နိုင်ငံမှ သံမဏိပြားသွင်းကုန်များအပေါ် အပိုဆောင်းသွင်းကုန်ခွန် (Additional import Tax) ကို ငါးနှစ်ကြာစည်းကြပ်မည်ဖြစ်ကြောင်း အိန္ဒိယအစိုးရက စက်တင်ဘာ ၈ ရက်တွင် ထုတ်ပြန်သတ်မှတ်လိုက်ကြောင်း သိရှိရပါသည်။

အိန္ဒိယအစိုးရသည် ပြည်တွင်း သံမဏိထုတ်လုပ်သူများအား အထောက်အကူပြုစေရန် ရည်ရွယ်ကာ သံမဏိပြားများ (hot-rolled and cold -rolled) ပေါ်တွင် Countervailing duty ၁၈ ဒသမ ၉၅ ရာခိုင်နှုန်း စည်းကြပ်ရန် သတ်မှတ်လိုက်ကြောင်း၊ အိန္ဒိယအစိုးရသည် ယခင်က တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားမှ သံမဏိနှင့် သံမဏိထုတ်ကုန်ပစ္စည်းများအပေါ် တန်ပြန်စုပုံခွန်များ (Anti-dumping duties) ကိုသာ စည်းကြပ်လေ့ရှိကြောင်း၊ ယခုကဲ့သို့ Countervailing duty သတ်မှတ်စည်းကြပ်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရှိရပါသည်။

အမေရိကန်ကုန်သွယ်ရေးဦးစီးဌာနကလည်း တရုတ်နှင့်အိန္ဒိယမှ သံမဏိပစ္စည်းများမှာ အစိုးရထောက်ပံ့ခြင်းရှိ/မရှိနှင့် အဆင့်မမီသည့် ပစ္စည်းများအား စုပြုံတင်သွင်းခြင်း ဟုတ်/မဟုတ်တို့ကို စုံစမ်းစစ်ဆေးမှုများ စတင်ပြုလုပ်လျက်ရှိသည်ဟု စက်တင်ဘာ ၆ ရက်၌ ပြောကြားထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# နည်းပညာဖွံ့ဖြိုးတိုးတက်မှုတွင် အာရှ၏ပြိုင်ဘက်နိုင်ငံများ၏နောက်တွင် ဟောင်ကောင်ကျန်ခဲ့ဟုဆို

ဟောင်ကောင်လူဦးရေ၏ ၃၀ ရာခိုင်နှုန်းကျော်မှာ နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုတွင် ဟောင်ကောင်မှာ အာရှ၏ ပြိုင်ဘက်နိုင်ငံများ နောက်တွင်ကျန်ခဲ့ပြီး အစိုးရအနေဖြင့် နည်းပညာထုတ်ကုန်အသစ်များ ထုတ်လုပ်နိုင်ရေး တွန်းအားပေးရန် လိုအပ်ကြောင်း၊ ဆန်းသစ်တီထွင်မှုဆိုင်ရာ နည်းပညာတွင် မြို့ငါးမြို့အား အဆင့်သတ်မှတ်ရာတွင် တိုင်ပေ၊ ရှန်းကျန့်၊ ဆိုးလ်နှင့် စင်ကာပူတို့၏ နောက်တွင်ကျန်ခဲ့ကြောင်း HKUPOP အား ဆန်းသစ်တီထွင်မှုဆိုင်ရာ သုတေသနစာတမ်းတွင် ဖော်ပြထားသည်။

Sharing Economy Alliance မှ HKUPOP အား ဆန်းသစ်တီထွင်မှုဆိုင်ရာ နည်းပညာဖွံ့ဖြိုးတိုးတက်မှုအပေါ် ဒေသတွင်းပြည်သူများ၏ အမြင်များအား အွန်လိုင်းမှကောက်ယူ၍ သုတေသနပြုလုပ်နိုင်ရေး အလုပ်အပ်နှံခဲ့ကြောင်း သိရှိရသည်။

စစ်တမ်းကောက်ယူသည့် ဦးရေ၏ ၆၁ ရာခိုင်နှုန်းမှ အစိုးရအဖွဲ့အစည်းများအနေဖြင့် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများ အကောင်အထည်ဖော်ချမှတ်ရာတွင် ပူးပေါင်းဆောင်ရွက်မှုအပေါ် စိတ်ကျေနပ်မှုမရှိကြောင်း၊ ဆန်းသစ်တီထွင်မှုနည်းပညာအတွက် ပြည်သူများ၏ တောင်းဆိုချက်အပေါ် မူတည်၍ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်ရန်လိုအပ်ကြောင်း သိရသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၂-၉-၂၀၁၇)

သန်းထိုက်အောင်

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးကျသော်လည်း အရောင်းအဝယ်ကောင်းနေ

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေးကျနေပေမယ့် အရောင်းအဝယ်ကောင်းနေခဲ့ပါတယ်။ ယခင်တစ်ပတ်က ပြောင်းတစ်ပိဿာ ကျပ် ၅၉၀ မှ ယခုတစ်ပတ်မှာတော့ ကျပ် ၅၂၀ (တစ်တန် ကျပ် ၃၁၈၄၄၀) ထိဈေးကျဆင်းခဲ့သော်လည်း အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က ပိဿာချိန် ၂၈၀၂၉၀၀သာရှိခဲ့ရာက ယခုတစ်ပတ်မှာ ပိဿာချိန် ၃၂၄၂၆၀၀ ထိရှိခဲ့တာကြောင့် အရောင်းအဝယ်လည်းသွက်ခဲ့ပါတယ်။ သယ်ယူပို့ဆောင်ခအနေနဲ့ လားရှိုးမှမူဆယ်အထိ ပြောင်းတစ်ပိဿာ ၂၉ ကျပ်ရှိပြီး အတက်အကျမရှိကြောင်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ ပဲတီစိမ်းလုံးကြီး ဈေးတည်ငြိမ်နေပြီး မတ်ပဲဈေးပြန်တက်လာ

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ ယခင်တစ်ပတ်ကအတိုင်း ပဲတီစိမ်းလုံးကြီးဈေးကောင်းရနေပြီး မတ်ပဲဈေးအနည်းငယ်တက်လာကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းလုံးကြီး တစ်ပိဿာ ၁၄၄၇ကျပ်(တစ်တန်ကျပ် ၈၈၆၁၂၀)နဲ့ ဈေးမြင့်ခဲ့ရာမှ ယခုတစ်ပတ်မှာလည်း အလားတူအတိုင်း ဈေး တည်ငြိမ်နေပါတယ်။ မန္တလေးဝယ်လက်က ပဲတီစိမ်းလုံးကြီးကို ဝယ်ချင်ကြပေမယ့်လည်း နယ်အဝင်နည်းနေတာကြောင့် အရောင်းအဝယ်ဖြစ်မှုလည်း နည်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ကျပ် ၉၅၀နဲ့ ရှိခဲ့ရာမှ ယခု တစ်ပတ်မှာတော့ တစ်ပိဿာ ကျပ်၁၀၀၀ (တစ်တန် ကျပ်၆၁၂၃၉၀) အထိ ဈေးအနည်းငယ်တက်လာခဲ့ပါတယ်။ မြို့ခံပဲခွဲစက်များက အရည်အသွေးကောင်းမွန်မှုကို ရွေးချယ်ဝယ်ကြသလို အရောင်းအဝယ်ပုံမှန်သာရှိကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ကျပ် ၆၆၀နဲ့ ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ကျပ် ၆၅၀ (တစ်တန်ကျပ် ၃၉၈၀၅၀) ထိ ဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်နဲ့ ဝယ်ရောင်းကုန်သည်များက ဝယ်လိုအားရှိပေမယ့် ရောင်းသူများဘက်မှ ဈေးမကြိုက်၍ ယခုတစ်ပတ်မှာလည်း အရောင်းအဝယ်နည်းနေကြောင်း သိရပါတယ်။ဆီထွက်သီးနှံ နှမ်းမျိုးစုံအနက် ယခုတစ်ပတ်မှာလည်း နှမ်းဖြူနဲ့ နှမ်းနက်တို့ တစ်ပိဿာ ၂၃၆၇ကျပ်(တစ်တန်ကျပ် ၁၄၄၉၅၂၀) ဈေးဖြင့် ရောင်းဝယ်နေကြကြောင်း သိရပါတယ်။နှမ်းဖြူနဲ့ နှမ်းနက်ကို မန္တလေးဝယ်လက်က ဝယ်ယူနေကြပေမယ့် အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ ပဲစင်းငုံနီအရောင်းအဝယ် အေးနေပြီး မတ်ပဲဈေးအနည်းငယ်တက်လာ

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲဈေး အနည်းငယ်တက်လာပေမယ့် ပဲစင်းငုံနီကတော့ အရောင်းအဝယ်အေးနေပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ကျပ် ၁၀၀၀ ပေါက်ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၀၁၇ ကျပ် (တစ်တန်ကျပ် ၆၂၂၈၀၀) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ၆၅၀ကျပ်မှ ၆၈၀ကျပ်ထိရှိခဲ့ရာက ယခုတစ်ပတ်မှာ တစ်ပိဿာ ၆၅၀ကျပ်မှ ၇၀၀ကျပ် (တစ်တန်ကျပ် ၄၂၈၆၇၀)ထိ ဈေးအနည်းငယ် ပြန်တက်ခဲ့ပေမယ့် အရောင်းအဝယ်အနေနဲ့ တစ်ရက်ကို အိတ်၁၀၀ခန့်သာရှိကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း(အညာ) ရွှေဝါ တစ်ပိဿာ ၁၇၂၄ ကျပ်နဲ့ ဈေးဖွင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၆၈၉ကျပ် (တစ်တန်ကျပ် ၁၀၃၄၃၂၀ ) အထိ ဈေးပြန်ကျခဲ့သလို ပဲတီစိမ်း (အညာ)ရွှေဝါကို တရုတ်တင်ပို့သူများက ပုံမှန်ဝယ်ယူနေသလိုကြိုက်ဈေးလည်းဖြစ်နေလို့ အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ကြောင်းသိရပါတယ်။ ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိဿာ ၂၈၂၂ ကျပ် (တစ်တန် ကျပ် ၁၇၂၈၁၆၀) နဲ့ ဈေးငြိမ်နေကြောင်း သိရပါတယ်။ အလားတူ ယခင်တစ်ပတ်က နှမ်းဖြူတစ်ပိဿာ ၂၅၁၁ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၂၅၅၆ကျပ် (တစ်တန်ကျပ် ၁၅၆၅၂၆၀) အထိ ဈေးအနည်းငယ် တက်ခဲ့ကြောင်း သိရပါတယ်။တရုတ်ဝယ်လက်တွေနဲ့ အစာစပ်လုပ်ငန်းရှင်တွေက ပုံမှန်ဝယ်ယူနေတဲ့ အစေ့ထုတ်ပြောင်းဈေးက ထပ်မံမြင့်တက်ခဲ့သလို ယခင်တစ်ပတ်ကတစ်ပိဿာ ၅၄၆ ကျပ် ရှိခဲ့ရာမှ ယခု တစ်ပတ်မှာလည်း ၅၅၆ကျပ် (တစ်တန် ကျပ် ၃၄၀၄၈၀)နဲ့အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲတီစိမ်း၊ မတ်ပဲနှင့် ပဲစင်းငုံနီ ဈေးပြန်တက်လာ

ယခုတစ်ပတ် မကွေးဈေးကွက်မှာ ပဲတီစိမ်း၊မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးပြန်လည်တက်လာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းတစ်ပိဿာ ၁၃၁၅ ကျပ်နဲ့ ရောင်းဝယ်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၃၇၀ကျပ် (တစ်တန် ကျပ် ၈၃၈၉၇၀) အထိ ဈေးပြန်တက်ခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ကျပ် ၉၁၀ သာရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၁၀၀၀ (တစ်တန်ကျပ် ၆၁၂၃၉၀) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ အလားတူ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၆၃၅ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာက ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၆၅၀ကျပ်(တစ်တန် ကျပ် ၃၉၈၀၅၀) အထိဈေးမြင့်တက်ခဲ့ကြောင်း သိရပါတယ်။ နှမ်းနက်စမုံ တစ်ပိဿာ ၂၆၉၀ကျပ် (တစ်တန် ၁၆၄၇၃၃၀ကျပ်) နဲ့ ဈေးငြိမ်ခဲ့ပါတယ်။ မန္တလေးဝယ်လက်နဲ့ မြို့ခံနှမ်းလှော်လုပ်ငန်းတွေက ပုံမှန်ဝယ်ယူနေခဲ့တဲ့ နှမ်းဖြူထိပ်စကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ၂၅၁၀ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၅၅၅ကျပ် (တစ်တန် ကျပ် ၁၅၆၄၆၅၀) အထိ ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ကုလားပဲဟော်လန်နဲ့ ပဲတီစိမ်း(သစ်) ဈေး ထပ်မံမြင့်တက်လာ

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ကုလားပဲဟော်လန်ဈေးဆက်ငြိမ်နေသလို ယခင်တစ်ပတ်ကတည်းက ဈေးတက်ခဲ့တဲ့ ပဲတီစိမ်း(အသစ်)ကတော့ ဈေးထပ်မြင့်လာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ကုလားပဲဟော်လန် တစ်ပိဿာကို ကျပ် ၂၂၅၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့သလို ယခုတစ်ပတ်မှာလည်း ဈေးတက်လာခဲ့ကာ တစ်ပိဿာ ကျပ် ၂၄၀၀ (တစ်တန်ကျပ် ၁၄၆၉၇၃၀) ထိဈေးတက်ခဲ့ပါတယ်။ ကုလားပဲဟော်လန်ကို မြို့ခံပဲခွဲစက်များက ပုံမှန်ဝယ်ယူကြပေမယ့် ဈေးမြင့်လာတာကြောင့် အရောင်းအဝယ်အေးနေကြောင်း သိရပါတယ်။ ပဲတီစိမ်း (အသစ်)ကလည်း ယခင်တစ်ပတ်အထိ တစ်ပိဿာ ကျပ် ၁၄၀၀နဲ့အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုတစ်ပတ်မှာ တစ် ပိဿာ ၁၅၀၀ ကျပ် (တစ်တန် ကျပ် ၉၁၈၅၈၀)အထိ ဈေးမြင့်ခဲ့ ကြောင်း သိရပါတယ်။ ပဲတီစိမ်းအသစ်ကို မန္တလေးဝယ်လက်များက ဝယ်ယူကြတာကြောင့် အရောင်းအဝယ်များခဲ့ကြောင်း သိရပါတယ်။ ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းနီနဲ့ နှမ်းနက်ရိုးရိုး တစ်ပိဿာ ကျပ် ၂၁၁၀ (တစ်တန် ကျပ် ၁၂၉၂၁၄၀) ဈေးနဲ့ ဆက်ရှိနေခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၂၇၅၅ ကျပ် (တစ်တန် ကျပ်၁၆၈၇၁၃၀) နဲ့ ဈေးမြင့်တက်ခဲ့တဲ့ သိပ္ပံနှမ်းနက်ကတော့ ဈေးအတက်အကျမရှိခဲ့ကြောင်း သိရပါတယ်။ သိပ္ပံနှမ်းနက်နဲ့ နှမ်းနက်ကို မန္တလေးဝယ်လက်က ဝယ်ယူကြသလို နှမ်းနီကို မြို့ခံဆီစက်လုပ်ငန်းရှင်များက ဝယ်ယူနေတာကြောင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်း(သေး)ဈေး ထပ်မံမြင့်တက်ပြီး ပဲစင်းငုံနီ ဈေးအနည်းငယ်ကျလာ

ယခုတစ်ပတ် ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်း(လုံးသေး) ဈေးထပ်တက်ခဲ့ပြီး ပဲစင်းငုံနီ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ၆၆၀ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၆၅၀ကျပ် (တစ်တန် ကျပ်၃၉၈၀၅၀) ဈေးရှိခဲ့ပြီး ပွဲရုံဝယ်လက်တွေရှိနေပေမယ့် ရောင်းချမှုနည်းပါးနေတာကြောင့် အရောင်းအဝယ်နည်းပါးကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း (လုံးသေး)တစ်ပိဿာ ကျပ် ၁၅၄၀ ရှိခဲ့ရာက ယခုတစ်ပတ်မှာလည်း ဈေးကောင်းခဲ့ပြီး တစ်ပိဿာကျပ် ၁၅၈၀(တစ်တန်ကျပ် ၉၆၇၅၇၀) နဲ့ ဈေးတက်ခဲ့ကြောင်း သိရပါတယ်။ ရန်ကုန်ဝယ်လက်က ပဲတီစိမ်း(လုံးသေး)ကို ဝယ်ယူချင်ကြပေမယ့် ဈေးကွက်ထဲမှာ ကုန်နည်းနေသေးတာကြောင့် အရောင်းအဝယ် နည်းပါးခဲ့ပါတယ်။

××××××××××××××××

## ဘုရင့်နောင်ပဲဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးပြန်လည်မြင့်တက်

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲ FAQ (RC)၊ မတ်ပဲ SQ(RC) နဲ့ ပဲစင်းငုံနီတို့ဟာ ယခင်တစ်ပတ်က ထက် ဈေးအနည်းငယ်တက်လာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ(RC) တစ်တန် ကျပ် ၅၅၄၀၀၀ ရှိခဲ့ရာက ယခုတစ်ပတ်မှာ တစ်တန် ကျပ် ၅၆၅၀၀၀ အထိ၊ မတ်ပဲ SQ(RC) ကလည်း ယခင်တစ်ပတ်က တစ်တန် ကျပ် ၇၄၄၀၀၀ အထိရှိခဲ့ပြီး ယခုတစ်ပတ်မှာ တစ်တန် ကျပ် ၇၄၇၀၀၀ ထိ ဈေးပြန်တက်လာခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်တန် ကျပ် ၄၁၈၅၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန်ကျပ် ၄၂၇၀၀၀ နဲ့ဈေးပြန်တက်လာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ မတ်ပဲ FAQ (RC) တစ်တန်ကို ကျပ် ၁၁၀၀၀၊ မတ်ပဲ SQ(RC) တစ်တန်ကို ကျပ် ၃၀၀၀၊ ပဲစင်းငုံနီတစ်တန်ကို ကျပ် ၈၅၀၀ စသည်ဖြင့် ဈေးတက်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဟင်္သာတဈေးကွက်မှာ မတ်ပဲ ဈေးငြိမ်နေပြီး အစေ့ထုတ်ပြောင်း ကုန်ပစ္စည်းပြတ်လပ်နေ

ယခုတစ်ပတ် ဟင်္သာတဈေးကွက်မှာ မတ်ပဲဈေးငြိမ်နေခဲ့ပြီး အစေ့ထုတ်ပြောင်းကတော့ ကုန်ပစ္စည်းလက်ကျန်မရှိတော့ဘူးလို့ သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာ ကျပ် ၉၇၀ (တစ်တန်ကျပ် ၅၉၄၀၁၀) ဈေးမှာ ယခုတစ်ပတ်မှာအပြောင်းအလဲမဖြစ်ခဲ့သလို တစ်နေ့ အိတ် ၃၀၀၀မှ ၃၅၀၀ ကြား အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။ မတ်ပဲကို ဒေသခံဝယ်ရောင်းကုန်သည်များက ဝယ်ယူနေခဲ့လို့ အရောင်းအဝယ်ပုံမှန် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အစေ့ထုတ်ပြောင်းကတော့ ဈေးကွက်အတွင်း အရောင်းအဝယ်မရှိသလို ယခင်တစ်ပတ်က ပြင်ပပွဲရုံတွေမှာ အရောင်းအဝယ်အနည်းငယ်ဖြစ်ခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ ပွဲရုံတွေမှာပါ ကုန်စည်မရှိတော့လို့ အရောင်းအဝယ်မဖြစ်တော့ကြောင်း သိရပါတယ်။ ရန်ကုန်အစာစပ်လုပ်ငန်း ဝယ်လက်တွေက အစေ့ထုတ်ပြောင်းကို ဝယ်ယူမှုလည်းမရှိတော့ သလို ရောင်းချမှုလည်းမရှိတော့ကြောင်း သိရပါတယ်။

××××××××××××××××

# နေပြည်တော်တွင် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး (အရာထမ်း) သင်တန်းအမှတ်စဉ် (၁/၂၀၁၇) ဖွင့်ပွဲကျင်းပ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ရန်အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ စိစစ်ရွေးချယ်စေလွှတ်သည့် ဦးစီးအရာရှိ ၃၅ ဦးအတွက် ရည်ရွယ်ဖွင့်လှစ်သည့် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေး (အရာထမ်း) သင်တန်းအမှတ်စဉ်(၁/ ၂၀၁၇) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၂၀ ရက်တွင် ရုံးအမှတ် (၅၂)၊ နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် စားသုံးသူရေးရာ ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးက မိမိတို့ဦးစီးဌာန၏ ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်မားရေး၊ လူ့စွမ်းအား အရင်းအမြစ်များ တိုးတက်ရေး၊ ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရေးတို့အတွက် သင်တန်းများ ဖွင့်လှစ်လျက်ရှိပါကြောင်း၊ ဝန်ထမ်းများသည် မိမိဌာနမှ ဆောင်ရွက်နေသော လုပ်ငန်းများအား သိရှိစေရန် အထူးလိုအပ်ပါကြောင်း၊ သင်တန်းသားများအနေဖြင့် မိမိတို့၏ ရှိပြီးသားအရည်အသွေးများထက် ပိုမိုတိုးတက်အောင် ကြိုးကြိုးစားစား မှတ်သားသင်ယူကြရန် တိုက်တွန်းလိုပါကြောင်း၊ မိမိဦးစီးဌာနအကြောင်း၊ မိမိဝန်ကြီးဌာနအကြောင်းများနှင့် လုပ်ငန်းတာဝန်များကိုလည်း သိရှိရန်လိုအပ်ပါကြောင်း၊ အထူးသဖြင့် ပေးအပ်သောတာဝန်များကို စေတနာအပြည့်ထားကာ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ အဖိုးတန်ကျောက်မျက်ရတနာတစ်လုံးအား အရိုင်းတုံးအတိုင်း ထားပါက မည်သူမှ အလေးဂရုပြုမည် မဟုတ်ကြောင်း၊ ကျောက်သွေးပညာရှင်များမှ ပုံဖော်၍ အရည်အသွေး တောက်ပြောင်အောင် ဆောင်ရွက်ထားမှသာလျှင် လိုချင်မက်မောစရာ ကျောက်ကောင်းတစ်ပွင့် ဖြစ်လာမည်ဖြစ်ကြောင်း၊ ယခုသင်တန်းတက်ရောက်မည့် အရာထမ်းများသည်လည်း အရာရာ ကြိုးစားအားထုတ်ပါက လူတိုင်းမှ အသိအမှတ်ပြုသည့် ဝန်ထမ်းကောင်းများ ဖြစ်လာမည်ဖြစ်ကြောင်း စသည်ဖြင့် မှာကြားပါသည်။

ထို့နောက် စီးပွားရေးနှင့် ကူး သန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စား သုံးသူရေးရာဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ရန်အတွက် ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ စိစစ်ရွေးချယ်စေလွှတ်သည့် ဦးစီးအရာရှိ ၃၅ ဦးက တစ်ဦးချင်းမိတ်ဆက်စကား ပြောကြားပါသည်။

ဝန်ထမ်း စွမ်းဆောင်ရည်မြှင့် တင်ရေး (အရာထမ်း) သင်တန်းအမှတ် စဉ်(၁/၂၀၁၇) ဖွင့်ပွဲ အခမ်းအနားသို့ ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ သင်တန်းသား၊ သင်တန်းသူများ၊ ဖိတ်ကြားထားသူများ၊ စုစုပေါင်း ၈၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**နိုင်ဦး၊ မြင့်မြင့်ချို**

# ကုန်သွယ်ရေးဦးစီးဌာနနှင့် ထိုင်းနိုင်ငံရှိ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းတို့ ပူးပေါင်း၍ Myanmar’s Digital Economy Preparation ဆိုင်ရာ သင်တန်းများကို နေပြည်တော်နှင့် ရန်ကုန်မြို့၌ ကျင်းပ

မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ် စီးပွားရေးဆိုင်ရာ နည်းပညာစွမ်းဆောင်ရည် တည်ဆောက်မှု လိုအပ်ချက်များ မြှင့်တင်နိုင်ရေးအတွက် Myanmar’s Digital Economy Preparation ဆိုင်ရာသင်တန်းအား ထိုင်းနိုင်ငံရှိ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်း International Institute for Trade and Development (ITD), UNESCAP တို့မှ ကျွမ်းကျင်ပညာရှင်များနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာနတို့ ပူးပေါင်း၍ နေပြည်တော်ရှိ Lake Garden ဟိုတယ်၌ စက်တင်ဘာ ၁၈ ရက်တွင် ကျင်းပခဲ့ပါသည်။




အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းနှင့် International Institute for Trade and Development (ITD) မှ Executive Director Dr. Kamalinne Pinitpuvadol တို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ သင်တန်းသို့ ဖိတ်ကြားထားသည့် ဝန်ကြီးဌာနများမှ သင်တန်းသား စုစုပေါင်း ၈၇ ဦး တက်ရောက်ခဲ့ပါသည်။

ထိုင်းနိုင်ငံအခြေစိုက် ITD နှင့် UNESCAP အဖွဲ့အစည်းများမှ ပညာရှင်များက ဒစ်ဂျစ်တယ် စီးပွားရေးအခြေအနေများနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၌ ဒစ်ဂျစ်တယ်စီးပွားရေးကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပြင်ဆင်မှုတစ်ရပ်အနေဖြင့် လာရောက်ပို့ချခြင်းဖြစ်သည်။

အဆိုပါသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်စီးပွားရေးအား နိုင်ငံတစ်ဝန်း ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရုံသာမက ဒေသတွင်းနှင့် နိုင်ငံတကာ ကုန်သွယ်မှုတွင် မြန်မာနိုင်ငံအနေဖြင့် ထိထိရောက်ရောက် ပါဝင်လာရေးကိုရှေးရှု၍ အစိုးရဘက်မှ ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများ၊ ပုဂ္ဂလိကကဏ္ဍမှ ပူးပေါင်းပါဝင်ရမည့် အခန်းကဏ္ဍများကို သိရှိနိုင်ရေးကို မျှဝေဆွေးနွေးနိုင်ရန်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံ၏ အိုင်စီတီကဏ္ဍဖွံ့ဖြိုးတိုးတက်မှု ရပ်တည်ချက်အဆင့်မီလာရေးအတွက် နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှု အစီအစဉ်များတွင် ခေတ်မီသောနည်းပညာများကို အသုံးပြုခြင်းဖြင့် ဌာနအချင်းချင်း ထိထိရောက်ရောက် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်လည်းကောင်း၊ ထို့အပြင် Paperless Trade နှင့် Trade Facilitation သည် ဒစ်ဂျစ်တယ်စီးပွားရေးဖြစ်ပေါ် တိုးတက်လာရေးအတွက်လည်းကောင်း၊ မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ် စီးပွားရေးဆိုင်ရာ နည်းပညာစွမ်းဆောင်ရည် တည်ဆောက်မှုလိုအပ်ချက်များ မြှင့်တင်နိုင်ရေးအတွက် အတွေ့အကြုံဗဟုသုတများ ရရှိနိုင်ရေးတို့အတွက်လည်းကောင်း ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါသည်။

အလားတူ ပုဂ္ဂလိကကဏ္ဍအတွက်ရည်ရွယ်၍ Myanmar’s Digital Economy Preparation ဆိုင်ရာသင်တန်းကိုလည်း စက်တင်ဘာလ ၂၀ ရက်တွင် ရန်ကုန်မြို့ Best Western Green Hill Hotel ၌ ကျင်းပခဲ့ရာ သင်တန်းသား စုစုပေါင်း ၁၀၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**MMT(WTO)**

# ဆေးဝါးနှင့် စားသောက်ကုန်ရောင်းချသည့် ဆိုင်များသို့ ရှောင်တခင် ဝင်ရောက်စစ်ဆေး၍ ဈေးကွက် နမူနာကောက်ယူ

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနခွဲ (ရန်ကုန်) မှ ဦးဆောင်၍ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ လှိုင်မြို့နယ်နှင့် မရမ်းကုန်းမြို့နယ်အတွင်းရှိ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ရဲတပ်ဖွဲ့တို့ ပူးပေါင်းပါဝင်ပြီး စက်တင်ဘာလ ၁၉ ရက်တွင် လှိုင်မြို့နယ်၊ စိန်ဂေဟာစူပါမားကတ်(ပါရမီ)၊ မြ(ပါရမီ)ဆေးရုံနှင့် မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံအတွင်းရှိ မျှင်ငါးပိ၊ ငံပြာရည်၊ ရေထွက်ကုန်ပစ္စည်းရောင်းချသော ပွဲရုံကိုးရုံသို့ ရှောင်တခင်ဝင် ရောက်စစ်ဆေးပြီး ဈေးကွက်နမူနာများ ကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါတယ်။

ကွင်းဆင်းပူးပေါင်းအဖွဲ့သည် အုပ်စုနှစ်ခုခွဲ၍ နံနက်ပိုင်းတွင် လှိုင်မြို့နယ် စိန်ဂေဟာစူပါမားကတ်(ပါရမီ)နှင့် မြ(ပါရမီ)ဆေးရုံတို့ရှိ ဆေးဝါးရောင်းချသောဆိုင်များတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါး၊ ပျက်စီးဆေးဝါး၊ သက်တမ်းလွန်ဆေးဝါး၊ ဆေးဝါးအတု၊ စပ်ဆေးများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သုံးစွဲရန်မသင့်ဟု အမိန့်ကြေညာစာ ထုတ်ပြန်ထားသော ဘေးအန္တရာယ်ရှိသည့် ဆေးဝါးများကို (လုံး၀)ဝယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်းမပြုလုပ်ရန်နှင့် တွေ့ရှိပါက အမျိုးသားဆေးဝါးဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးစေခြင်း၊ စိန်ဂေဟာစူပါမားကတ်(ပါရမီ)အတွင်းရှိ စားသောက်ကုန်ပစ္စည်း ရောင်းချသည့် ဆိုင်ခန်းများသို့ ကွင်းဆင်းစစ်ဆေးခဲ့ပြီး အမှတ်တံဆိပ်ထောက်ခံချက်မပြည့်စုံသည့် စားသောက်ကုန် အမျိုးအစား ၁၂ မျိုးကို နမူနာဝယ်ယူခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။

နေ့လယ်ပိုင်းတွင် မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံအတွင်းရှိ မျှင်ငါးပိ၊ ငံပြာရည်၊ ရေထွက်ကုန်ပစ္စည်း ရောင်းချသော ပွဲရုံကိုးရုံသို့ ကွင်းဆင်းစစ်ဆေးပြီး မျှင်ငါးပိ၊ စိမ်းစားငါးပိနမူနာများအား ကောက်ယူပြီး Mobile Lab ဖြင့် ခဏတွဲစမ်းသပ်စစ်ဆေးကာရရှိလာသည့် စမ်းသပ်ချက်အဖြေများကို လုပ်ငန်းရှင်များသို့ ရှင်းလင်းပြန်ကြားခဲ့ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**ခင်သီ (စားသုံးသူ) ရန်ကုန်**

# ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန်များ ပိုမိုတင်ပို့

မြန်မာ-ထိုင်း နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ စက်တင်ဘာ ၉ရက်မှ ၁၅ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၃၇၃ သန်းတန်ဖိုးရှိ ရေထွက်ကုန် တန် ၆၂၅၀ တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က ၅၅၂၃တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၇၂၇ တန် လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းမှ လျော့နည်းတင်ပို့ခဲ့ပေမယ့် မြိတ်ကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်များ ပိုမိုတင်ပို့ခဲ့တဲ့အတွက် ယခုလိုပိုမိုရခြင်းဖြစ်တယ်လို့ သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၀၆ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်း၊ ပုစွန်တို့ကို တန် ၁၇၀၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၁၅ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ အခြားရေထွက်၊ ကဏန်း၊ ပုစွန်၊ ရေဘဝဲ၊ ပင်လယ်ငါးရှဉ့်တို့ကို ၃၁၃၆တန်နဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၃ ဒသမ ၅၅၂ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ငါးမုန့်၊ အေးခဲကဏန်းပျော့၊ အေးခဲပုစွန်၊ ရေငန်ပုစွန်၊ ကင်းမွန်၊ မွေးပုစွန်၊ ကင်းမွန်လိပ်တို့ကို ၂၉၄၃တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

# အိန္ဒိယနယ်စပ်မှ ကွမ်းသီး တန် ၇၀ ကျော် ပိုမိုတင်ပို့

မြန်မာ-အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၅၉၀ သန်း တန်ဖိုးရှိ ကွမ်းသီး ၆၉၂တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၆၁၆ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၇၆ တန် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ ရိဒ်ကုန်သွယ်ရေးစခန်းရော တမူး ကုန်သွယ်ရေးစခန်းမှပါ ကွမ်းသီးများ ပိုမိုတင်ပို့ခဲ့တဲ့အတွက် ယခုလိုပိုမိုရခြင်းဖြစ်တယ်လို့ သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၅၃သန်းတန်ဖိုးရှိ ကွမ်းသီး ၃၉၉ တန်၊ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၃၇သန်း တန်ဖိုးရှိ ကွမ်းသီး ၂၉၃တန်ကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန် ဒေါ်လာ သုည ဒသမ ၃၈၃ သန်းတန်ဖိုးရှိ နမ့်ဖာလုံကုန်စုံနဲ့ ငရုတ်ကောင်း ၇တန်ခွဲကို တင်ပို့ခဲ့ပြီး ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၁၁ သန်း တန်ဖိုးရှိ ဆေးရိုး၊ ဆေးကြေမှုန့်၊ စီးကရက်၊ မုန့်မျိုးစုံ၊ စောင်၊ မဝတ်တီရှပ်၊ မစီးဖိနပ်တို့ကို ၂၇၉တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

# တိုယိုတာယာဉ်ပေါ်မှ ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးများအား ကန်ပိုက်တီကုန်သွယ်ရေးစခန်း OSS အဖွဲ့မှ စစ်ဆေးတွေ့ရှိ

မြစ်ကြီးနားဘက်မှ တရုတ်နိုင်ငံဘက်သို့ထွက်ခွာမည့် တိုယိုတာကိုရိုလာဘင် (အဖြူရောင်) ယာဉ်အမှတ် 2C-xxxx အား စက်တင်ဘာ ၂၁ ရက်တွင် ကန်ပိုက်တီကုန်သွယ်ရေးစခန်း OSS အဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးစီးအဖွဲ့သည် သတင်းအရ ရှာဖွေစစ်ဆေးခဲ့ရာ ယာဉ်၏နောက်ခန်းအတွင်း အံဝှက်ပြုလုပ်သယ်ဆောင်လာသော တိပ်အဝါရောင်ဖြင့် ပတ်ထားသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးအကြီးအသေးရောရာ ၈၁ တုံးအား ရှာဖွေတွေ့ရှိခဲ့တယ်လို့ သတင်းရရှိပါတယ်။

အဆိုပါ တရားမဝင်ပစ္စည်းများ သယ်ဆောင်လာသည့် တိုယိုတာ ကိုရိုလာဘင်အား OSS အဖွဲ့မှ ဖွင့်ဖောက်စစ်ဆေးစဉ် ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင် သွားခဲ့ပြီး ဖမ်းဆီးရမိသော ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံးများနှင့် မော်တော်ယာဉ်အား မြစ်ကြီးနားမြို့နယ် အကောက်ခွန်ဦးစီးဌာနတွင် လုပ်ထုံးလုပ်နည်းနဲ့အညီ အမှုတွဲဖွင့်လှစ်အပ်နှံပြီးဖြစ်တယ်လို့ သိရပါတယ်။ ဖမ်းဆီးရမိသော ကျောက်စိမ်းဟုယူဆရတဲ့ ကျောက်တုံးများရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ် ၁၃၇၀၀၀၀ ကျော် ဖြစ်တယ်လို့ သိရပါတယ်။ **ကန်ပိုက်တီကုန်သွယ်ရေးစခန်း**

# ပြည်တွင်းသို့ ဆိုင်ကယ်တင်သွင်းမှု အနည်းငယ်ပိုမို

ကုန်သွယ်ရေးစခန်းများမှ စက်တင်ဘာ ၉ ရက်မှ ၁၅ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၁သန်းတန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၇၉၉၂စီး တင်သွင်းခဲ့ပါတယ်။

ယခင်တစ်ပတ်က ၇၉၃၃စီး တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၅၉စီး ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မူဆယ်ကုန်သွယ်ရေးဇုန်မှ လျော့နည်းတင်သွင်းခဲ့ပေမယ့် ကန်ပိုက်တီကုန်သွယ်ရေးစခန်း၊ မြဝတီကုန်သွယ်ရေးဇုန်နဲ့ တမူးကုန်သွယ်ရေးစခန်းမှ ပိုမိုတင်သွင်းခဲ့တဲ့အတွက် ယခုလိုပိုမိုရခြင်းဖြစ်တယ်လို့ သိရပါတယ်။

တင်သွင်းမှုကိုကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၁၁ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၆၁၇၆စီး၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၄၉သန်း တန်ဖိုးရှိ ဆိုင်ကယ် အစီး ၁၉၀၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၈၇သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၃၇၀စီး၊ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၆၃ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၅၆ စီးကို တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

# တရုတ်နိုင်ငံသို့ လက်ဖက်ခြောက်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၈၃၈၈ တန်ဖိုးရှိလက်ဖက်ခြောက် ၂၆ တန် ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၃၁ တန်နဲ့နှိုင်းယှဉ်ပါက ငါးတန် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မြန်မာနိုင်ငံမှာ သဘာဝနည်းဖြင့် စိုက်ပျိုးတဲ့ အော်ဂဲနစ်လက်ဖက် သည် ဈေးနှုန်းအားဖြင့် အခြားနိုင်ငံမှာ စိုက်ပျိုးတဲ့ လက်ဖက်များထက် ဈေးနှုန်းအနည်းငယ်ကြီးသော်လည်း အနောက်နိုင်ငံဈေးကွက်က လက်ခံကြောင်း၊ မြန်မာနိုင်ငံတွင် လက်ဖက်ကို ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် အများဆုံးထွက်ရှိပြီး ရှမ်းပြည်နယ် (တောင်ပိုင်း)မှ ဒုတိယအများဆုံးထွက်ရှိကြောင်း၊ ပလောင်၊ ပအိုဝ်၊ ဓနုနဲ့ ရှမ်းတိုင်းရင်းသားများသာ အများဆုံး စိုက်ပျိုးလေ့ရှိကြောင်း မြန်မာနိုင်ငံ လက်ဖက်စိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သိရပါတယ်။ **မော်မော်အောင်**

# တရုတ်နိုင်ငံသို့ သကြားပိုမိုတင်ပို့သလို ထိုင်းနိုင်ငံမှ ပိုမို တင်သွင်း

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီနယ်စပ်စခန်း သုံးခုမှ စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၂၆၇ သန်းတန်ဖိုးရှိ Re-Export သကြား ၂၃၄၈၉ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၇၀၉၂တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၆၃၉၇ တန်ပိုမိုခဲ့တာ တွေ့ရပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ ၂၀၁၆၆ တန်ကျော်၊ ချင်းရွှေဟော်မှ ၃၂၁၃ တန်နဲ့ ကန်ပိုက်တီမှ တန် ၁၁၀ ဖြစ်ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခုသီတင်းပတ်အတွင်း သကြားတစ် တန်လျှင် ကျပ် ၇၃၄၄၀၀ ဈေးရှိပြီး တစ်ဖက်နိုင်ငံဝယ်ဈေးမှာ ယွမ် ၃၆၀၀ ရှိတယ် လို့ သိရပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၀၉ သန်းတန်ဖိုးရှိ Re-Export သကြားတန် ၃၄၇၀ ကို ထိုင်းနိုင်ငံမှ တင်သွင်းခဲ့ရာ ယခင်တစ်ပတ်က တင်သွင်းခဲ့တဲ့ ၁၁၂၈ တန်နဲ့ နှိုင်းယှဉ်ပါက ၂၃၄၂တန်ပိုမိုတင်သွင်းခဲ့ကြောင်း ကုန်သွယ်ရေးစခန်းစာရင်းများအရ သိရပါတယ်။ **မော်မော်အောင်**

# မူဆယ်မှ ရေထွက်ကုန် ပိုမိုတင်ပို့

မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၄၂ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၁၂၆၈ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်ကတင်ပို့ ခဲ့တဲ့ ၉၃၇ တန်နဲ့နှိုင်းယှဉ်ပါက ၃၃၁ တန်ပိုမိုတင်ပို့ခဲ့ပြီး တန်ဖိုးမှာလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၃၀၈ သန်းပိုမိုခဲ့ပါတယ်။

ယခုတစ်ပတ်တွင် ကဏန်း၊ ငါးရှဉ့်၊ ပုစွန်တင်ပို့မှုလျော့နည်းခဲ့သော်လည်း ငါးမုန့်၊ ငါးမျိုးစုံ၊ ငါးစီဖောင်းနဲ့ ငါးဆားနယ်တင်ပို့မှု ပိုမိုခဲ့တာကြောင့် တန်ချိန်ရော တန်ဖိုးပါ ပိုမိုရခြင်းဖြစ်ကြောင်းသိရပါတယ်။ **မော်မော်အောင်**

# ထိုင်းနိုင်ငံသို့ ကော်ဖီစေ့ ၁၀ တန်တင်ပို့

မြန်မာနိုင်ငံတွင် စက်မှုသီးနှံဖြစ်တဲ့ ကော်ဖီကို အဓိကသီးနှံအနေနဲ့ စိုက်ပျိုးခြင်းမရှိသေးသော်လည်း နိုင်ငံတကာကော်ဖီပြပွဲများတွင် အထူးတန်းဝင်တဲ့ မြန်မာ့ကော်ဖီကို ထုတ်လုပ်မှုအရည်အသွေး မြှင့်တင်ပြီး ဝင်ရောက်ပြသခဲ့သည့်နောက်ပိုင်း နိုင်ငံခြားဈေးကွက်မှ မြန်မာ့ကော်ဖီကို ဝယ်ယူရန် စိတ်ဝင်စားမှုမြင့်တက်လာခဲ့ကြောင်း၊ အာရေဗီးကားနဲ့ ရိုဘတ်စတာ ကော်ဖီအမျိုးအစားများကို အဓိကစိုက်ပျိုးကြကြောင်း၊ ရွှာင်ဒေသထွက်ကော်ဖီကို အမေရိကန်ပြည်ထောင်စုသို့ ပို့ဆောင်ရန် နိုင်ငံတကာစံနှုန်းများအတိုင်း မြည်းစမ်းလေ့လာမှုပြုလုပ်ခဲ့ရာ အရည်အသွေး၊ အရောင်၊ အနံ့၊ အရသာအပေါ် မူတည်ပြီး အထူးတန်းဝင်ကော်ဖီအဖြစ် သတ်မှတ်ခံခဲ့ရကြောင်း ရွှာင်မြို့နယ်ကော်ဖီအသင်းမှ သိရပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၁၃၇၀၀ တန်ဖိုးရှိ ကော်ဖီစေ့ ၁၀ တန်ကို စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ သီတင်းပတ်အတွင်း ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချခဲ့ကြောင်း သတင်းရရှိပါ တယ်။ **မော်မော်အောင်**

# စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါး တင်ပို့မှုလျော့နည်း

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ စက်တင်ဘာ ၉ရက်မှ ၁၅ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၁၁၅ သန်း တန်ဖိုးရှိ ရေချိုငါးမြစ်ချင်းနဲ့ ငါးခေါင်းပွတို့ကို ၁၁၆ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန် ၁၂၀ တင်ပို့ခဲ့ရာ ယခုတစ်ပတ်မှာ လေးတန် လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ ငါးမြစ်ချင်းနဲ့ ငါးသလောက်တင်ပို့မှု လျော့နည်းခဲ့တဲ့အတွက် ယခုလိုလျော့နည်းရခြင်းဖြစ်တယ်လို့ သိရပါတယ်။

စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါးများအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၂၁၀သန်းတန်ဖိုးရှိ ဧည့်မထဆန်၊ မန်ကျည်းစေ့၊ ဆီးဖတ်၊ ဆီးယိုထုပ်တို့ကို ၉၄၅တန် တင်ပို့ခဲ့တယ် လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

# မြန်မာနိုင်ငံရှိ စားသုံးသူပြည်သူများ အစားအစာဘေးကင်းလုံခြုံမှုရှိစေရေး

## မဲခေါင်အင်စတီကျု့က ပူးပေါင်းဆောင်ရွက်လျက်ရှိ

နေအေးလွင် (စားသုံးသူရေးရာဦးစီးဌာန)

မျက်မှောက်ကာလတွင် ကုန်သွယ်ရေးဖြေလျှော့မှုများ လုပ်ဆောင်လာသည်နှင့်အမျှ ပြည်ပမှတင်သွင်းမှု တိုးတက်များပြားလာသည့် စားသောက်ကုန် အမျိုးအမည်များစွာအပေါ် ဘေးဥပဒ်ကင်းရှင်းရေး အထူးဂရုပြုဆောင်ရွက်ရမည့်နည်းတူ ပြည်တွင်း၌ စိုက်ပျိုးမွေးမြူထုတ်လုပ်သည့် စားသောက်ကုန်များတွင်လည်း ဓာတုဆေးကြွင်းနှင့် ရောဂါပိုးမွှားများပါရှိမှုအန္တရာယ်မှ ကင်းရှင်းရေးကိုလည်း အလေးပေးဆောင်ရွက်ရန် လိုအပ်လာပါသည်။ ပြည်သူများ၏ နေ့စဉ်စားသောက်နေထိုင်မှုပတ်ဝန်းကျင်တွင် အစားအစာဘေးကင်းလုံခြုံမှုရှိစေရေးဆောင်ရွက်ရာ၌ စားသုံးသူများကိုယ်တိုင်အသိပညာရှိမှုသည် အဓိကအရေးကြီးသည့် အချက်တစ်ရပ်ဖြစ်ပါသည်။ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ပြည်တွင်းရှိစားသုံးသူပြည်သူလူထု၏ အကျိုးစီးပွားကို အကာအကွယ်ပေးနိုင်ရေးနှင့် ကုန်စည်နှင့် ဝန်ဆောင်မှုများရယူသုံးစွဲရာတွင် ဘေးဥပဒ်အန္တရာယ် ကင်းရှင်းစေရေးတို့အတွက် အသိပညာပေး ဟောပြောဆွေးနွေးမှုများ၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဈေးကွက်ကွင်းဆင်းလေ့လာစစ်ဆေးမှုများ၊ လူထုဆက်သွယ်ရေး နည်းလမ်းများဖြင့် သတင်းဖြန့်ဝေပေးခြင်းများ၊ စားသုံးသူတိုင်ကြားမှုများအား လက်ခံညှိနှိုင်းဖြေရှင်းပေးမှုများကို ဆောင်ရွက်လျက်ရှိပါ သည်။

ယခုအခါ ပြည်တွင်းရှိအစိုးရမဟုတ်သော အဖွဲ့အစည်းများသာမက နိုင်ငံတကာအဖွဲ့အစည်းများကပါ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းကဏ္ဍများ၌ ပူးပေါင်းပါဝင်ဆောင်ရွက်လာကြသည်ကို တွေ့ရှိလာရပါသည်။ အစားအစာ ဘေးကင်းလုံခြုံမှုရှိစေရေး လုပ်ဆောင်ရာ၌ ထိုင်းနိုင်ငံ Khon Kaen မြို့တွင် တည်ထောင်ထားရှိသော Mekong Institute သည် နယူးဇီလန်နိုင်ငံ အကူအညီပေးရေးအစီအစဉ် (NZAP) ၏ အထောက်အပံ့ဖြင့် မဲခေါင်ဒေသတွင်း CLMV နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့တွင် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စီမံကိန်းတစ်ရပ်ကို ၂၀၁၆ ခုနှစ် အောက်တိုဘာလမှ စတင်ဆောင်ရွက်ခဲ့ပါသည်။ Mekong Institute Food Safety Project (MI-FSP) ၏ ၁၈ လတာကြာမြင့်မည့် စီမံကိန်းအရ ၂၀၁၇ ခုနှစ် စက်တင်ဘာလအထိ အလုပ်ရုံဆွေးနွေးပွဲတစ်ကြိမ်နှင့် အစားအစာဘေးကင်းလုံခြုံမှုနည်းပညာရပ်ဆိုင်ရာ သင်တန်းခုနစ်ကြိမ်ကျင်းပခဲ့ပြီးဖြစ်ပါသည်။ ၎င်းသင်တန်းများနှင့်ဆွေးနွေးပွဲများသို့ တက်ရောက်သည့် CLMV နိုင်ငံများမှ ကိုယ်စားလှယ်များ၏ မဲခေါင်အင်စတီကျု့သို့လာရောက်သည့် ခရီးစရိတ်များ၊ တည်းခိုနေထိုင် စားသောက်သည့်စရိတ်များကို NZAP မှ ကျခံပေးခြင်းဖြစ်ပါသည်။

ထိုင်းနိုင်ငံ Khon Kaen မြို့၌ MI-FSP အစီအစဉ်အရ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၇ ရက်မှ ၁၁ ရက် အထိ ပထမဆုံးဖွင့်လှစ်သောစားသောက်ကုန်ထုတ်လုပ်ငန်းများ၌ အစားအစာဘေးကင်းလုံခြုံမှုရှိစေရေး စီမံခန့်ခွဲမှုနည်းလမ်းများဆိုင်ရာ သင်တန်း (Food Safety Management Tools in Food Manufacturing)သို့ မြန်မာနိုင်ငံ အစားအစာသိပ္ပံနှင့် နည်းပညာအသင်း(FoSTA)နှင့် စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းများမှ ကိုယ်စားလှယ် ငါးဦး တက်ရောက်ခွင့်ရရှိခဲ့ပါသည်။ ၂၀၁၇ ခုနှစ် မေလ ၁၅ ရက်မှ ၂၆ ရက်အထိဖွင့်လှစ်ခဲ့သော ပိုးမွှားနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတုပစ္စည်းများအား စီမံခန့်ခွဲခြင်းဖြင့် အစားအစာဘေးကင်းလုံခြုံမှုရှိစေရေး သင်တန်း (Assuring Food Safety through Pest and Agrichemical Management)သို့ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)၊ မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့သူများအသင်း(MFVPEA) တို့မှ ကိုယ်စားလှယ် ခုနစ်ဦး တက်ရောက်ခဲ့ကြပါသည်။

MI-FSP ကူညီထောက်ပံ့မှု အစီအစဉ်၌ စိုက်ပျိုးရေးအခြေခံစားသောက်ကုန်များအား စစ်ဆေးမှုနှင့် စာရင်းစစ်ဆေးမှုတို့ကို ပို့ချပေးသော Agri-food Inspection and Audit သင်တန်းတစ်ရပ်လည်းပါဝင်ပြီး ၂၀၁၇ ခုနှစ် ဇွန်လ ၁၉ ရက်မှ ၂၃ ရက်နေ့အထိ ဖွင့်လှစ်ခဲ့ရာ FDA၊ MFVPEA နှင့် FoSTA တို့မှ ကိုယ်စားလှယ် ခုနစ်ဦး တက်ရောက်ခွင့် ရရှိခဲ့ပါသည်။

မဲခေါင်အင်စတီကျု့အနေဖြင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့တွင် အစားအစာ ဘေးကင်းလုံခြုံမှုရှိစေရေးနှင့် စပ်လျဉ်း၍ ကျရောက်နိုင်သည့် အန္တရာယ်များအား ခွဲခြမ်းစိတ်ဖြာလေ့လာသုံးသပ်နိုင်စေရန်အတွက် Mainstreaming Food Safety Risk Analysis သင်တန်းကို ၂၀၁၇ ခုနှစ် ဇူလိုင်လ ၁၀ ရက်မှ ၂၀ ရက်အထိဖွင့်လှစ်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းသို့ မြန်မာစားသုံးသူများသမဂ္ဂ (MCU)၊ FoSTA နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ် လေးဦးတက်ရောက်ခဲ့ကြပါသည်။ ဘေးကင်းလုံခြုံမှုရှိသည့်အစားအစာများအား ပြည်သူများက ရွေးချယ်ဝယ်ယူစားသုံးနိုင်စေရေး အသိပညာပေးမှုမြှင့်တင်နိုင်စေရန်အတွက် Raising Public Awareness for Safe Food Consumption ခေါင်းစဉ်ဖြင့် သင်တန်းတစ်ရပ်ကို ဇူလိုင်လအတွင်းမှာပင် ထပ်မံဖွင့်လှစ်ခဲ့ပါသည်။ ဇူလိုင် ၂၄ မှ ၂၈ ရက်အထိငါးရက်တာ ကြာမြင့်သောအဆိုပါ သင်တန်းသို့ FoSTA နှင့် MCU တို့မှ ကိုယ်စားလှယ် ခြောက်ဦးအပြင် စားသုံးသူရေးရာဦးစီးဌာနမှ အရာထမ်းတစ်ဦးလည်း ပါဝင်တက်ရောက်ခဲ့ပါသည်။

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့မှ သင်တန်းတက်ရောက်လာကြသူများနှင့် ပြင်ပ ပညာရှင်များထံမှ အကြံပြုချက်နှင့်ထောက်ခံချက်များအရ ပထမဆုံးဖွင့်လှစ်ပို့ချခဲ့သော Food Safety Management Tools in Food Manufacturing သင်တန်းကိုပင် ဒုတိယအကြိမ်အဖြစ် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၁၄ ရက်မှ ၁၈ ရက်အထိ ထိုင်းနိုင်ငံ KhonKaen မြို့ရှိမဲခေါင်အင်စတီကျု့တွင် ထပ်မံဖွင့်လှစ်ခဲ့ပါသည်။ ၎င်းအကြိမ်၌ မြန်မာနိုင်ငံမှ သင်တန်းသားရှစ်ဦးတက်ရောက်ခွင့်ရရှိခဲ့ရာ FDA၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် စားသောက်ကုန်လုပ်ငန်းများမှ ကိုယ်စားလှယ်များပါဝင်ခဲ့ပါသည်။

MI-FSP ကူညီထောက်ပံ့မှုအစီအစဉ်အရ ယခုနောက်ဆုံး ဖွင့်လှစ်ခဲ့သော သင်တန်းမှာ Regional Media Training on Communicating Food Safety ဖြစ်ပြီး အစားအစာဘေးကင်းလုံခြုံမှုသဘောတရားများ၊ ကမ္ဘာလုံးဆိုင်ရာ အစားအစာဘေးအန္တရာယ်ပြဿနာရပ်များနှင့် ဒေသတွင်း၌ လက်ရှိကျင့်သုံးဆောင်ရွက်နေသော အလေ့အထကောင်းများအပေါ် သတင်းမီဒီယာလုပ်ငန်းများ၌ ပါဝင်လုပ်ဆောင်နေကြသူများ၏ သိရှိနားလည်မှုကို ပိုမိုအားကောင်းလာစေရန်ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပါသည်။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၈ ရက် မှ စက်တင်ဘာလ ၁ ရက်အထိဖွင့်လှစ်သော ၎င်းသင်တန်းသို့ CLMV နိုင်ငံများရှိသတင်းမီဒီယာနှင့်အစိုးရဌာနများမှ သင်တန်းသား ၃၂ ဦးကိုဖိတ်ကြားခဲ့ရာမြန်မာကိုယ်စားလှယ်အဖွဲ့တွင် စားသုံးသူရေးရာဦးစီးဌာနမှ အရာထမ်းတစ်ဦးအပါအဝင် MCU နှင့် ပုဂ္ဂလိကသတင်းမီဒီယာဌာနများမှ စုစုပေါင်းရှစ်ဦး တက်ရောက်ခဲ့ကြပါသည်။

မဲခေါင်အင်စတီကျု့နှင့် နယူးဇီလန်နိုင်ငံ အကူအညီပေးရေး အစီအစဉ် (NZAP)တို့ပူးပေါင်းစီစဉ်သည့် MI-FSP စီမံကိန်းသည် စားသောက်ကုန်ထုတ်လုပ်မှု တန်ဖိုးကွင်းဆက်တစ်လျှောက် ကုန်ထုတ်လုပ်မှု၊ စစ်ဆေးထိန်းချုပ်မှု၊ ကျရောက်နိုင်သည့် ဘေးအန္တရာယ်များအား ခွဲခြမ်းစိတ်ဖြာလေ့လာသုံးသပ်မှု၊ အသိပညာနှင့် သတင်းအချက်အလက်ဖြန့်ဖြူးမှုစသည်တို့ကို ဒေသတွင်းနှင့် ကမ္ဘာတစ်ဝန်း၌ ကျင့်သုံးလုပ်ကိုင်နေသော အလေ့အထကောင်းများနှင့် နှိုင်းယှဉ်သုံးသပ်လျက် မဲခေါင်ဒေသ CLMV နိုင်ငံများအတွင်း အစားအစာ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် သင့်လျော်သော လုပ်ထုံးလုပ်နည်း၊ မူဝါဒများချမှတ်ဆောင်ရွက်နိုင်စေရန် အထောက်အကူပြုလျက်ရှိပါသည်။ ဘေးကင်းလုံခြုံစိတ်ချရမှုရှိသော အစားအစာများ ထုတ်လုပ်စားသုံးနိုင်စေခြင်းဖြင့် ပြည်သူလူထု၏ ကျန်းမာရေး၊ လူမှုရေးပတ်ဝန်းကျင်ကို ဖွံ့ဖြိုးတိုးတက်စေသကဲ့သို့ စီးပွားရေးရှုထောင့်အရလည်း တန်ဖိုးမြင့်မားသည့် စားသောက်ကုန်ဈေးကွက်သို့ ဝင်ရောက်နိုင်ခြင်း၊ ပြည်ပခရီးသွားလုပ်ငန်းကဲ့သို့ ဝန်ဆောင်မှုကဏ္ဍကို အထောက်အကူပြုခြင်းစသည့်အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ရာပြည်တွင်းရှိစားသောက်ကုန်ထုတ်လုပ်မှုဆိုင်ရာအသင်းအဖွဲ့များ၊ ကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်များ၊ အစားအစာဘေးကင်းလုံခြုံမှုရှိစေရေးနှင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းစဉ်များ၌ ပါဝင်လျက်ရှိသော ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအနေဖြင့် မဲခေါင်အင်စတီကျု့မှ လုပ်ဆောင်လျက်ရှိသော MI-FSP စီမံကိန်းနှင့် ချိတ်ဆက်၍ နည်းပညာဆိုင်ရာ အထောက်အပံ့များရယူ ဆောင်ရွက်သင့်ပါကြောင်း အသိပေးဖော်ပြလိုက်ရပါသည်။

❑

### Commerce ကာတွန်း




### စာမျက်နှာ-၃ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မှအဆက်

အခမ်းအနားအပြီးတွင် မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံတို့ကို အသုံးပြု၍ မတ်ပဲဘယာကြော်၊ ပဲဝါလေး၊ ပဲကြာဆန်ဟင်းချို၊ ပဲစင်းငုံသီးစုံ ချဉ်ရည်ဟင်းများအား အလွယ်တကူနှင့် အရသာရှိစွာ ချက်ပြုတ်စားသောက်ခြင်း သရုပ်ပြနေမှုတို့အား ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများက အားပေးကြည့်ရှုခဲ့ကြပြီး တွေ့ဆုံညှိနှိုင်းပွဲသို့ တက်ရောက်လာသူများအားလုံးကို မတ်ပဲ၊ ပဲတီစိမ်းနှင့်ပဲစင်းငုံတို့ကို အသုံးပြု၍ ချက်ပြုတ်ထားသော ဟင်းလျာများပါဝင်သည့် နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

MOC(IR)

# [illegible] Re-export [illegible]



ရှင်မင်းအံ့(တန့်ဆည်)

မြန်မာနိုင်ငံရဲ့ ပြည်ပကိုတင်ပို့လျက်ရှိတဲ့ လယ်ယာထွက်ကုန်ပစ္စည်းများအနက် ပဲမျိုးစုံ တင်ပို့မှုဟာ လယ်ယာထွက်ကုန်ပစ္စည်း တင်ပို့မှု စုစုပေါင်းရဲ့ ၄၅ ရာခိုင်နှုန်းခန့်ရှိတာကို တွေ့ရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ပဲတင်ပို့မှုကို ကြည့်မယ်ဆိုရင် ပဲမျိုးစုံတင်ပို့မှုအနက် မတ်ပဲ၊ ပဲတီစိမ်းနဲ့ ပဲစင်းငုံတို့ကို အိန္ဒိယ၊ ထိုင်း၊ မလေးရှား၊ ပါကစ္စတန်၊ စင်ကာပူနဲ့ အာရပ်နိုင်ငံတွေကို တင်ပို့နေတာဖြစ်ပါတယ်။

ယခု ၂၀၁၇-၁၈ ဘဏ္ဍာနှစ် စက်တင်ဘာလ ၁၅ ရက်အထိ စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၈၈ ဒသမ ၂၃၇ သန်းတန်ဖိုးရှိ ပဲမျိုးစုံ တန်ချိန်ရှစ်သိန်းကျော်ကို တင်ပို့ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဘဏ္ဍာနှစ် ကာလတူက အမေရိကန်ဒေါ်လာ ၈၄၃ ဒသမ ၆၂၆ သန်း တန်ဖိုးရှိ ပဲမျိုးစုံတန်ချိန် ခုနစ်သိန်းကျော်ကို တင်ပို့ခဲ့တာကြောင့် ဒီနှစ်မှာ တန်ချိန်အားဖြင့် တစ်သိန်းနီးပါး ပိုမိုတင်ပိုနိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သန်း ၂၅၀ ကျော် လျော့နည်းတင်ပို့ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

အဲဒီလို ပဲတင်ပို့မှုတန်ချိန်တွေ ပိုမိုလာတဲ့ အချိန်မှာ အိန္ဒိယနိုင်ငံဟာ သူ့နိုင်ငံရဲ့ပဲစိုက်တောင်သူတွေအကျိုးစီးပွားအတွက် ပဲဈေးနှုန်းတွေ အဆမတန်ကျဆင်းနေတာကို အထောက်အကူဖြစ်စေဖို့အတွက် ပြီးခဲ့တဲ့ ဩဂုတ်လ ၈ ရက်က ပဲစင်းငုံတင်သွင်းမှုတန်ချိန်ကို ကန့်သတ်လိုက်သလို ဩဂုတ်လ ၂၁ ရက်မှာလည်း မတ်ပဲနဲ့ ပဲတီစိမ်းတို့ တင်သွင်းမှုကိုလည်း အကန့်အသတ်နဲ့သာ တင်သွင်းစေဖို့ အမိန့်ကြေညာစာထုတ်ပြန်ခဲ့ပါတယ်။

အဲဒီလို ထုတ်ပြန်ခဲ့တဲ့အတွက် အိန္ဒိယနိုင်ငံကို မတ်ပဲနဲ့ပဲစင်းငုံအများ အပြားတင်သွင်းနေတဲ့ မြန်မာနိုင်ငံအနေနဲ့ အကျပ်အတည်းတွေ ဖြစ်ပေါ်ခဲ့ရပါတယ်။

အိန္ဒိယနိုင်ငံရဲ့ပဲတင်သွင်းမှု ကန့်သတ်လိုက်တဲ့ကြေညာချက် ထုတ်ပြန်အပြီးမှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနဲ့ တာဝန်ရှိသူများဟာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနဲ့တွေ့ဆုံပြီး ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ ဒ့ါအပြင် အိန္ဒိယနိုင်ငံ နယူးဒေလီမှာရှိတဲ့ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံရုံးကိုလည်း ဆက်သွယ်ပြီး ပဲတင်သွင်းခွင့် ကိစ္စများအတွက် ဆွေးနွေးခဲ့ကြပါတယ်။

ဒ့ါအပြင် မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူများကလည်း ဘုရင့်နောင်ကုန်စည်ဒိုင်တွင် တွေ့ဆုံခဲ့ပြီး ရှေ့ဆက်လက်ဆောင်ရွက်ရမယ့် ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။

ဒ့ါအပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာနမှ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ UMFCCI မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းများ တာဝန်ရှိသူများ၊ ပြည်နယ်/တိုင်းဒေသကြီးအသီးသီးမှ ပဲစိုက်တောင်သူများ တွေ့ဆုံခဲ့ကြပြီး ရှေ့ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြပါတယ်။

အဲဒီဖြစ်စဉ်များနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံတော်သမ္မတ ဦးထင်ကျော်နဲ့ အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် နရိန္ဒရာမိုဒီတို့ မြန်မာနိုင်ငံရဲ့မြို့တော် နေပြည်တော်၌ နှစ်နိုင်ငံခေါင်းဆောင်များ တွေ့ဆုံ စဉ် မြန်မာနိုင်ငံနဲ့ အိန္ဒိယနှစ်နိုင်ငံအကြား ကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များအား ထည့်သွင်းဆွေးနွေးခဲ့ကြပါတယ်။

အဲဒီလိုဆွေးနွေးခဲ့ရာမှာ နှစ်နိုင်ငံ ကုန်သွယ်မှုကဏ္ဍတွင် ‘ပဲမျိုးစုံကုန်သွယ်မှုသည် မြန်မာပဲစိုက်ပျိုးသူများနှင့် အိန္ဒိယ စားသုံးသူများအတွက် အကျိုးသက်ရောက်မှုရှိသဖြင့် ပဲမျိုးစုံကုန်သွယ်မှု၏အရေးပါမှုကို နှစ်ဖက်လုံးက အသိအမှတ်ပြုခဲ့ပါကြောင်း၊ သို့ဖြစ်ရာ မကြာသေးမီက အိန္ဒိယအစိုးရက ပဲမျိုးစုံ ကုန်သွယ်မှုအပေါ် ကန့်သတ်ချက်များ ထုတ်ပြန်ခဲ့မှုအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က စိုးရိမ်ကြောင်း ပြောကြားလျက် နှစ်နိုင်ငံပြည်သူများ၏ ရေရှည်အကျိုးစီးပွားနှင့် ချစ်ခင်ရင်းနှီးသည့် နှစ်နိုင်ငံဆက်ဆံရေးကို ရှေးရှုလျက် မြန်မာနိုင်ငံမှ တင်သွင်းကုန်များအပေါ် ကန့်သတ်မှုများရုပ်သိမ်းပေးရန် အိန္ဒိယဝန်ကြီးချုပ်အားတောင်းဆိုခဲ့ပါကြောင်း၊ အိန္ဒိယဝန်ကြီးချုပ်က အနာဂတ်တွင် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်မည့် ရေရှည်အစီအမံများချမှတ်ဆောင်ရွက်ရန် အရေးကြီးပါကြောင်းဖြင့် ပြန်လည်ပြောကြားခဲ့ပါကြောင်း’ နှစ်နိုင်ငံပူးတွဲကြေညာချက်မှာ ထည့်သွင်းဖော်ပြခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

၂၀၁၇-၁၈ ဘဏ္ဍာနှစ် စက်တင် ဘာလ ၁၅ ရက်အထိ ကုန်သွယ်မှု တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံကျော် ရှိခဲ့ပြီး ၂၀၁၆-၁၇ ဘဏ္ဍာနှစ်ကာလတူက အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံကျော်ရှိခဲ့တာကြောင့် ဒီနှစ် ဘဏ္ဍာနှစ်ကာလတူအချိန်မှာ ကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော် မြင့်တက်လာတာကို တွေ့ရမှာဖြစ်ပါတယ်။

ဒါပေမဲ့လည်း မြန်မာနိုင်ငံရဲ့ အဓိကပို့ကုန်ဖြစ်နေတဲ့ ဆန်ကလွဲရင် ပဲတင်ပို့မှုကို အိန္ဒိယက ကန့်သတ်လိုက်တဲ့အတွက် ပို့ကုန်ပိုင်းမှာ အရေအတွက်ရော တန်ဖိုးပါလျော့ကျလာမှာ ဖြစ်ပါတယ်။

မတ်ပဲ၊ ပဲတီစိမ်းနဲ့ပဲစင်းငုံတို့ဟာ ကိုယ့်နိုင်ငံရဲ့လိုအပ်ချက်အတွက် စိုက်ပျိုးတာမဟုတ်ဘဲ တခြားနိုင်ငံရဲ့ လိုအပ်ချက်အတွက် စိုက်ပျိုးတာဖြစ်လို့ အဲဒီပဲတွေရဲ့နေရာမှာ အခြားသောသီးနှံတွေကို အစားထိုးစိုက်ပျိုးရတော့မှာဖြစ်ပါတယ်။ အဲဒီပဲသုံးမျိုးအနက် ပဲတီစိမ်းကို အီးယူ နိုင်ငံများနဲ့ ဂျပန်နိုင်ငံတို့ကို အများအပြား ဝယ်ယူလိုပေမယ့်လည်း ပိုးသတ်ဆေးကြွင်းပမာဏများပြားနေမှု၊ ပဲအရည်အသွေးညံ့ဖျင်းမှုတို့ကြောင့် အရည်အသွေးကောင်းတဲ့ ပဲတီစိမ်းစိုက်ပျိုးဖို့အတွက်လည်း ကြိုးပမ်းရမှာဖြစ်ပါတယ်။

ဒ့ါအပြင် မတ်ပဲနဲ့ ပဲစင်းငုံစိုက်ပျိုးတဲ့ နေရမှာ အခြားသောသီးနှံကို အစားထိုး စိုက်ပျိုးဖို့အတွက် အချိန်ကာလတစ်ခု ပေးရမှာဖြစ်ပါတယ်။ ချက်ချင်းကြီး ပြောင်းလဲပြီး စိုက်ပျိုးဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ အဓိကအချက်တွေဖြစ်တဲ့ မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်ပျိုးမြေပြုပြင်ရေး၊ ရေရရှိရေး၊ ရာသီဥတု အခြေအနေ၊ အရင်းအနှီးစတဲ့ ဘက်စုံ ရှုထောင့်စုံက ညီညွတ်မျှတစွာ ပါဝင်ကြရမှာဖြစ်ပါတယ်။စိုက်ပျိုးသီးနှံပြောင်းလဲဖို့အတွက် စိုက်ပျိုးသူတောင်သူများအနေနဲ့ ဖော်ပြပါအခက်အခဲများအပြင် ကျွမ်းကျင်လုပ်သား ရှားပါးမှုနဲ့လည်း ရင်ဆိုင်ရဦးမှာဖြစ်ပါတယ်။

ဒါကြောင့် ပြောင်းလဲစိုက်ပျိုးကြမယ့် သီးနှံအတွက် စိုက်ပျိုးသူတောင်သူများသာမက ထွက်ရှိလာမယ့် သီးနှံအရည်အသွေးကောင်းဖို့၊ ဈေးကွက်မှာ ဈေးကောင်းရဖို့ စတဲ့စိန်ခေါ်မှုတွေနဲ့လည်း ရင်ဆိုင်ရဦးမှာဖြစ်ပါတယ်။

ဒီကိစ္စကို ဖြေရှင်းဖို့အတွက် ရေတိုဖြေရှင်းခြင်းနည်းလမ်းထက် ရေရှည်စီမံချက် ချမှတ်ပြီး အကောင်အထည်ဖော်ကြရမှာဖြစ်ပါတယ်။

အဲဒီလိုအကောင်အထည်ဖော်ရာမှာ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ Stakeholder များ၊ ကုန်သည်များ၊ စိုက်ပျိုးသူတောင်သူများ ပူးပေါင်းပြီး ဖြေရှင်းကြရမှာဖြစ်ပါတယ်။

ဒ့ါအပြင် ပို့ကုန်ပမာဏ ပိုမိုတိုးတက်စေဖို့အတွက် သကြား၊ ကွမ်းသီး၊ စက်သုံးဆီတို့အပြင် အဝတ်အထည်၊ ကြက်သွန်ဖြူ၊ နှမ်း(ဖြူ/နက်) ငရုတ်သီးခြောက်၊ မြေပဲ၊ ဝါဂွမ်း၊ ပဲပုပ်စေ့၊ ချည်မျှင်၊ သစ်သီးအစို၊ လျှပ်စစ်ပစ္စည်းများ၊ အချိုရည်အမျိုးမျိုးနဲ့ စားသောက်ကုန်ပစ္စည်းများ၊ စားသုံးဆီ၊ ကားတာယာတို့ကိုလည်း Re-export စနစ်နဲ့ တင်ပို့ခွင့်ပြုခဲ့ပါတယ်။ ဒ့ါအပြင် ပို့ကုန်အမယ်သစ်များတိုးချဲ့တင်ပို့နိုင်ရေးကိုလည်း သက်ဆိုင်ရာဌာနအသီးသီးနဲ့ ညှိနှိုင်းဆောင်ရွက်လျက်ရှိတဲ့အပြင် အေးခဲအသားကိုလည်း Re-export စနစ်နဲ့ တင်ပို့နိုင်ရေးအတွက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

မြန်မာနိုင်ငံတွင် Re-export စနစ်နဲ့ စတင်ခွင့်ပြုတဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ သကြား တန်ချိန် ၇ သိန်း ကျော်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၃၉၄ သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် သိန်း ၂၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၂၂ သန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စက်တင်ဘာလ ၁၅ ရက်အထိ တန်ချိန် ၅ သိန်း၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၁၁ သန်း တင်ပို့နိုင်ခဲ့တဲ့အတွက်ကြောင့် ကုန်သွယ်မှုပမာဏ မြင့်မားတိုးတက်လာမှုနဲ့အတူ နိုင်ငံတော်အတွက်သတ်မှတ်အခွန်အခများ တိုးတက်ရရှိရေး ဆောင်ရွက်နိုင်ခဲ့ပါတယ်။

Re-export စနစ်ဖြင့် သကြား တင်ပို့/တင်သွင်းခဲ့တဲ့အတွက် ယခင်က ကားခတစ်ပိဿာကို ၃၅ ကျပ် ရရှိရာမှ ယခုအခါသကြားသယ်ယူတင်ပို့တဲ့ ကားခတစ်ပိဿာ ကျပ် ၇၀မှ ၈၀အထိ ရရှိလာတာကြောင့် ကားခ ၄၅ ကျပ်ခန့် တိုးတက်ရရှိလာခဲ့ပါတယ်။ Re-export စနစ်နဲ့ ကုန်သွယ်မှုကြောင့် ကုန်စည်သယ်ယူပို့ဆောင်မှု လုပ်ငန်းခွင်မှာ ဆောင်ရွက်နေတဲ့ ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအပါအဝင် အလုပ်အကိုင် အခွင့်အလမ်းများရရှိခဲ့ပါတယ်။

Re-export သကြားတင်ပို့တဲ့ လုပ်ငန်းစဉ်အရ အလုပ်သမားခအနေဖြင့်လည်း သကြား ၅၀ ကီလို တစ်အိတ်လျှင် တင်/ချခ ကျပ် ၂၀၀ ကျပ်ရရှိသဖြင့် တစ်တန်လျှင် တင်/ခ အလုပ်သမားခ ကျပ် ၄၀၀၀ ရရှိပြီး တန်ချိန်တစ်သန်းရှိပါက ခန့်မှန်းခြေ အလုပ်သမား တင်/ချခ ကျပ်သန်း ၄၀၀၀ ခန့်ရရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ဒ့ါအပြင် နိုင်ငံတော်အတွက် အခွန်အခများကိုလည်းရရှိခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

ဒါပေမယ့် အခုလက်ရှိအချိန်မှာတော့ မြန်မာနိုင်ငံရဲ့ Re-export သကြားတင်ပို့မှုကို အသင်းအဖွဲ့များ၊ အချို့သော ဌာနဆိုင်ရာများရဲ့ တောင်းဆိုချက်အရ ရပ်ဆိုင်းခဲ့ပြီဖြစ်ပါတယ်။

Re-export ဈေးကွက်ဟာ ဗီယက်နမ်မှ တရုတ်နိုင်ငံသို့တင်ပို့လျက် ရှိသလို တရုတ်(တိုင်ပေ)၊ ဟောင်ကောင်တို့မှလည်း တရုတ်နိုင်ငံသို့ တစ်ဆင့်ပြန်လည်တင်ပို့လျက်ရှိကြောင်း သိရှိရပါတယ်။

ဒါပေမယ့်လည်းမြန်မာနိုင်ငံအနေနဲ့ Re-export စနစ်နဲ့ သကြားတင်ပို့ တင်သွင်းခြင်းကို ရပ်ဆိုင်းလိုက်မယ်ဆိုရင် Supply Chain တစ်လျှောက်လုံး အကျိုးဖြစ်ထွန်းမှုများကို ဆုံးရှုံးရတော့မှာ ဖြစ်ပါတယ်။ Re-export စနစ်ဟာ နိုင်ငံတကာမှာ တွင်ကျယ်စွာ ကျင့်သုံးလျက်ရှိတဲ့စနစ် ဖြစ်ပါတယ်။

**စာမျက်နှာ - ၂၄သို့**

# မိုးကောင်းကင် အထည်ချုပ်

NATURAL® Fashion · Guest® Fashion · Chilli · Tiger® Simple Collection · SKY® · Ever® fashion · FOX® fashion · Daewii Fashion



100% cotton ဆိုဒ်စုံအဖြူရောင်နှင့်ရောင်စုံ T-Shirt များ၊ စွပ်ကျယ်နှင့် Sport Shirt များကို အရည်အသွေးကောင်း ဈေးနှုန်းချိုသာစွာဖြင့် အထူးဆောင်ရွက်ပေးသည်။
ခေတ်မီ၍ ဒီဇိုင်းဆန်းသစ်လှပသည့် ကလေးဝတ်နှင့် အမျိုးသမီးဝတ်များလည်း လက်လီလက်ကား ရရှိနိုင်ပါသည်။

ကုမ္ပဏီအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များအတွက် မိမိတို့၏ကုန်ပစ္စည်းအမှတ်တံဆိပ်အားရိုက်နှိပ်၍ လက်ဆောင်ပေးရန် အကောင်းဆုံး

အမှတ် (၃၃)၊ လမ်း (၆၀) လမ်းသွယ်၊ သုခလမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၃၀၃၄၃၀၁၊ ၀၉၅၁၇၃၂၂၃၊ ၀၉ ၅၀၈၃၈၉၉၊ ၀၉ ၃၁၇၇၉၃၉၁

# SHWE YIT WINEE CO., LTD.

READY-MIXED CONCRETE PLANT

ISO 9001:2008




No. 58, Satmhu Road, Shwe Pyi Thar Zone (II), Shwe Pyi Thar Township, Yangon. Ph : 01 618839, 09 49101672, 09 8620764 Fax : 01 618839
Email : shweyitwineeconcreate@gmail. com, admin-syw@myanmar.com.mm Website : www.shweyitwinee-concrete.com

# SNOW COMPANY LIMITED

VCL · Gas Stove IKURA ISO 9001:2008



IKURA Japan နည်းပညာဖြင့် ဗီယက်နမ်တွင် ထုတ်လုပ်သော
Gas Stoves ကော်စ်မီးဖို အမျိုးအစားများစွာကို
Snow Company Ltd မှ တဦးတည်း ကိုယ်စားလှယ်ဖြင့်
တင်သွင်းဖြန့်ချိ ရောင်းချနေပါသဖြင့် လက်လီလက်ကား
မှာယူလယ်ယူနိုင်ပါသည်။

VCL - 0514



Gas Stove IKURA ISO 9001:2008
No. (137) Ground Floor, (40)Street, Kyauktada Township, Yangon, Myanmar.
PH: (95) 9 5129917, (95) 9 5030228.
Email : snowmay01@gmail.com

# SHAYT PYAYE AGENCY

Authorized Customs Brokers & Forwarding Agency

Daw Win Win Maw
(Authorized Signature)

off:
No. 9/11, Room No. (006)
36th Short Street,
Kyauktada T/S, Yangon.

Res:
No. 17, First Floor, Sinyaekan Street,
Sinmin Ward, Ahlone T/S, Yangon.
Tel:01-2301024, Fax; 01 372221

Tel : 09-51-88382,09-766087058 , 09-50-85837, 09-50-86990
E-mail; shaytpyaye081@gmail.com

AMA

Daw Win Win Maw
Managing Director

# Aung Maw Aung Co., Ltd

Office ; Bldg-9/11, Rm-006, 36th (Short),
Kyauktada T/S,Yangon, Myanmar.
Tel ; 095188382, 095164354, 095086990
Fax ; 01372221
E-mail; shaytpyaye081@gmail.com
ayesanda2030@gmail.com
aungaungtunyee@gmail.com

# ကုန်သွယ်မှုသင်တန်းကျောင်းမှသည် ကုန်သွယ်မှုမြှင့်တင်ရေးဆီသို့

❑ သိန်းမြင့်ဝေ

ကုန်သွယ်မှု သင်တန်းကျောင်း (Trade Training Institute-TTI) ကို ၂၀၁၂ ခုနှစ်တွင် ရန်ကုန်မြို့၌ စတင် ဖွင့်လှစ်ခဲ့သည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ရန်ကုန်ပို့ကုန်သွင်းကုန်ရုံး၌ ဖွင့်လှစ်ထားရှိပါသည်။ သင်တန်းကျောင်းတွင် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု အခြေခံသင်တန်းများ (International Trade Basic Courses) ကို စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိလည်းကောင်း၊ ရုံးဖွင့်ရက်များဖြစ်သည့် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာတို့တွင် နံနက် ၉ နာရီ ခွဲမှ မွန်းလွဲ ၁၂ နာရီခွဲထိလည်းကောင်း ဖွင့်လှစ်ပို့ချလျက်ရှိပါသည်။

အထူးသဖြင့် ပို့ကုန်လုပ်ငန်းနှင့် သွင်းကုန်လုပ်ငန်းကို စိတ်ဝင်စားသူများ တစ်နည်းအားဖြင့် ကုန်သည်စီးပွားရေး လုပ်ငန်းရှင်ဖြစ်လိုသူများအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်း ဖြစ်သည်။ သို့သော်လည်း တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူတိုင်း၊ စီးပွားရေးလုပ်ငန်းတစ်ခုခုကို စတင်ဆောင်ရွက်လိုသူတိုင်း၊ စီးပွားရေးနှင့် ကုန်သွယ်ရေးကိစ္စရပ်များကို လက်တွေ့ကျကျ လေ့လာနားလည်လိုသူတိုင်း တက်ရောက်သင့်သော သင်တန်းဖြစ်ပါသည်။ သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည့် ကုန်သည်လုပ်ငန်းရှင်များကို မွေးထုတ်ပေးရန်ဖြစ်သော်လည်း အန္တိမရည်မှန်းချက်မှာ မြန်မာနိုင်ငံ၏ကုန်သွယ်မှုကို မြှင့်တင်ရန်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ အသေးစိတ်သိရှိလိုပါက ကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ၀၁ ၂၅၀ ၈၇၁၊ ၀၁ ၃၇၈ ၇၉၈ နှင့် ၀၉ ၅၀၉၆၁၃၁ တို့သို့ ဆက်သွယ်၍ လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

သင်တန်းနှင့် ပတ်သက်သည်များကို ယေဘုယျသိရှိနိုင်ရန်အတွက် အဆိုပါသင်တန်းတွင် သင်ကြားပို့ချသော သင်တန်းနည်းပြနှင့် သင်တန်းသား၊ သင်တန်းသူများ၏ အမြင်များကို စုစည်းဖော်ပြလိုက်ပါသည်။



**ညီညီအောင် (ဥက္ကဋ္ဌ)**
**မြန်မာနိုင်ငံ အကောက်ခွန်လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်သူများအသင်း**

ကျွန်တော်က TTI ရဲ့ သင်တန်းတိုင်းမှာ အကောက်ခွန်ရှင်းလင်းရေး ဝန်ဆောင်မှုအကြောင်း၊ နိုင်ငံတကာ ကုန်စည်ပြပွဲများအကြောင်းတို့ကို သင်ကြားပို့ချပေးလျက်ရှိတဲ့ ဆရာတစ်ဦးပါ။ TTI ဟာ အစဉ်အလာကောင်းများနဲ့ ရပ်တည်လျက်ရှိတဲ့ ကုန်သွယ်မှုသင်တန်းကျောင်း တစ်ကျောင်းဖြစ်သည်မှာ ငြင်းဖွယ်ရာမရှိပေ။

သင်တန်းကျောင်းရဲ့ တည်နေရာဟာ သင်တန်းသားများအဖို့ သွားရေးလာရေး အလွန်အဆင်ပြေတဲ့ နေရာတစ်နေရာလည်း ဖြစ်ပါတယ်။

ဒီသင်တန်းဟာ မြန်မာ့ကုန်သွယ်မှုကို မြှင့်တင်ပေးနေတဲ့ သင်တန်းတစ်ခုလည်း ဖြစ်ပါသည်။ သင်တန်းကျောင်းအနေနဲ့ အခြေခံသင်တန်းမှသည် အဆင့်မြင့် ကုန်သွယ်မှုသင်တန်းနှင့် ဒီပလိုမာသင်တန်းများ ဆက်လက်တိုးချဲ့ဖွင့်လှစ်သွားမယ်လို့ ယူဆပါတယ်။ တင့်တယ်ကောင်းမွန်တဲ့ သင်တန်းကျောင်းကြီးတစ်ကျောင်းဖြစ်လာလိမ့်မယ်လို့ ယုံကြည်မိပါတယ်။



**သက်စုထွန်း M.D (IPOWER Co.Ltd)**

ကျွန်မကတော့ TTI Weekend Batch(2)က သက်စုထွန်း ဖြစ်ပါတယ်။ IPOWER Company Limited မှာ Managing Director ရာထူးနဲ့ တာဝန်ထမ်းဆောင်နေပါတယ်။ သင်တန်းတက်ရတဲ့ ရည်ရွယ်ချက်ကတော့ သွင်းကုန်/ထုတ်ကုန်နဲ့ ပတ်သက်တာကို စိတ်ဝင်စားတာရယ်၊ ကိုယ်ပိုင်လုပ်ငန်းမှာလည်း ထည့်သွင်းအသုံးပြုဖို့ ဖြစ်ပါတယ်။ သင်တန်းမှာ import & export ဆိုင်ရာ license, procedures နှင့် registration process, World Trade Organization, GATT, UNCTAD, Asean Economic Community, Transport, Incoterm and required Documentations, Taxation, Custom procedures and process, Contract, FDA, International Trade Strategy, Marketing and Market analysis, Rules of Origin, Registration of Company, အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဘဏ်လုပ်ငန်း, သက်ဆိုင်ရာ ဌာနအချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှုများ စတာတွေ သင်ကြားပေးပါတယ်။

သင်တန်းကာလအတွင်း Private Company တွေ၊ Yangon Stock Exchange နဲ့ ဆိပ်ကမ်းတွေကိုသွားရောက်လေ့လာခွင့် ရရှိခဲ့ပါတယ်။ Border Trade အတွက် နယ်စပ်ကုန်သွယ်ရေးစခန်းတွေကိုလည်း လက်တွေ့လေ့လာခွင့်ရရှိခဲ့ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ တရုတ်နိုင်ငံမှ သက်ဆိုင်ရာဌာနများ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်နေမှုများကိုလည်း လေ့လာခွင့်ရရှိခဲ့ပါတယ်။ ဒါကြောင့် G to G၊ Over Sea Trade နဲ့ Border Trade တို့ကို နားလည်ခွင့်ရရှိခဲ့ပါတယ်။ သင်တန်းကာလအတွင်း စာတမ်းတစ်စောင် ရေးသားပြုစုခဲ့ရတဲ့အတွက် သက်ဆိုင်ရာ စီးပွားရေးအကြောင်းအရာများကို နက်နက်နဲနဲ သိရှိလေ့လာနိုင်ခဲ့ပါတယ်။

ဒီသင်တန်းဟာ စာတွေ့အပြင် လက်တွေ့ပါတွဲဖက်သင်ကြားပေးတဲ့အတွက် တကယ့်လုပ်ငန်းခွင်မှာ ပြန်လည်အသုံးချနိုင်ပါတယ်။ သင်တန်းပြီးသွားပေမယ့် လက်တွေ့လုပ်ငန်းခွင်မှာ ကြုံတွေ့ရတာတွေ ထပ်မံသိလိုတာအတွက်လည်း ဆရာဦးသိန်းလွင်နှင့် သက်ဆိုင်ရာ ဆရာဆရာမများက အကြံပေး ကူညီကြပါတယ်။ ဒီသင်တန်းကို တက်တဲ့အတွက် ပညာဗဟုသုတများစွာရသလို မိတ်ဆွေအသစ်များစွာလည်း တိုးပွားရရှိပါတယ်။

ဒီသင်တန်းဟာ ကိုယ်ပိုင်လုပ်ငန်းရှင်များအတွက်ရော ဝန်ထမ်းအဖြစ် လုပ်ကိုင်နေသူများအတွက်ပါ တက်ရောက်သင့်တဲ့ သင်တန်းဖြစ်လို့ တက်ရောက်ဖို့ အကြံပေးတိုက်တွန်းလိုပါတယ်။



**အေးမြတ်နန္ဒီ (တရားလွှတ်တော်ရှေ့နေ)**

ကျွန်မကတော့ TTI Batch(9) က အေးမြတ်နန္ဒီဖြစ်ပြီး တရားလွှတ်တော်ရှေ့နေတစ်ယောက်ဖြစ်ပါတယ်။ သင်တန်းတက်ရခြင်း ရည်ရွယ်ချက်ကတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ နိုင်ငံသား ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွေမှာ သွင်းကုန်၊ ထုတ်ကုန်လုပ်ငန်းဟာ အရေးကြီးတဲ့အခန်းကဏ္ဍက ပါဝင်နေတဲ့အတွက် ကျွန်မဆီလာပြီး ဆွေးနွေးကြတဲ့ Client တွေအတွက် ပိုမိုကောင်းမွန်တဲ့ အကြံဉာဏ်တွေ ပေးနိုင်ဖို့ အဓိကရည်ရွယ်ပြီး တက်ခဲ့တာဖြစ်ပါတယ်။ သင်တန်းကာလအတွင်းမှာ ကုန်သွယ်မှုလုပ်ငန်းနဲ့ ဆက်နွှယ်မှုရှိတဲ့ ဌာနအသီးသီးမှ အတွေ့အကြုံရှိ ဆရာ၊ ဆရာမများရဲ့ သင်ကြားပို့ချမှုကြောင့် ဗဟုသုတများစွာ တိုးပွားခဲ့ပါတယ်။ သင်တန်းတက်ရောက်နေစဉ်အတွင်း သီလဝါ SEZ စတဲ့ ကုန်သွယ်ရေးနဲ့ဆက်စပ်တဲ့ စက်မှုဇုန်တွေအပြင် မြန်မာနိုင်ငံသားပိုင် ဘီယာစက်ရုံ၊ စီးကရက်စက်ရုံ၊ အထည်ချုပ်စက်ရုံ စတဲ့ ထုတ်လုပ်မှုနဲ့ပတ်သက်တဲ့ စက်ရုံ အလုပ်ရုံများကိုလည်း လေ့လာခွင့်ရခဲ့ပါတယ်။ နိုင်ငံဖွံ့ဖြိုးမှုမှာ အရေးပါတဲ့ သုတေသန (R&D) ကိုလည်း စာတွေ့လက်တွေ့ လေ့လာခွင့်ရခဲ့ပါတယ်။ ရန်ကုန်စတော့အိတ်ချိန်း (YSX) အပြင် သံရုံးများမှ စီးပွားရေးသံမှူးများ၊ JICA မှ တာဝန်ရှိပုဂ္ဂိုလ်များ လာရောက်ပို့ချကြတဲ့အတွက်လည်း ဗဟုသုတများ တိုးပွားခဲ့ပါတယ်။ မြဝတီကုန်သွယ်ရေးဇုန်ကိုလည်း သွားရောက်လေ့လာခွင့်ရခဲ့ပါတယ်။ ကျွန်မတို့ဟာ နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များဖြစ်ကြတဲ့အတွက်လည်း အသိမိတ်ဆွေများ ပိုမိုတိုးပွားခဲ့ပါတယ်။ ကျွန်မအတွက်တော့ TTI မှာ ကုန်သွယ်မှုအခြေခံသင်တန်း တက်ရောက်ရခြင်းဟာ အဖိုးမဖြတ်နိုင်တဲ့ ဗဟုသုတ၊ အတွေ့အကြုံ၊ ပတ်ဝန်းကျင် စတဲ့ အကျိုးကျေးဇူးတွေ ရရှိခဲ့တဲ့အတွက် သွင်းကုန်/ထုတ်ကုန်နဲ့ပတ်သက်သော လုပ်ငန်းရှင်များ၊ SME လုပ်ငန်းရှင်များနဲ့ ကဏ္ဍအသီးသီး၊ နယ်ပယ်အသီးသီးမှ စိတ်ပါဝင်စားသူများ အားလုံးအတွက် အလွန်အကျိုးရှိစေမယ့် သင်တန်းတစ်ခုဖြစ်ပါတယ်။



**လင်းကျော်ကျော်**

ကျွန်တော်ကတော့ Construction Design & Interior Designer တစ်ဦး အဖြစ် ရပ်တည်နေသူဖြစ်ပါတယ်။ စနေ၊ တနင်္ဂနွေမှာဖွင့်တဲ့ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ် (၂) ကို တက်ရောက်ခဲ့ပါတယ်။ ကျွန်တော် ဒီသင်တန်းကိုတက်ရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ Construction Field မှာ အသုံးပြုနေတဲ့ Construction Material တွေ ဘယ်လိုကုန်သွယ်မှုပြုနေသလဲဆိုတာကို သိချင်တာရယ်၊ ဒီ Construction Materials တွေကို စနစ်တကျ သူတို့ Information Data တွေရဲ့ One Stop Service ရနိုင်အောင်လုပ်ချင်တဲ့ ရည်ရွယ်ချက်နဲ့ အခြေခံမှ စတင်လေ့လာဖို့ တက်ခဲ့ခြင်းဖြစ်ပါတယ်။ အဲဒါက ပထမရည်ရွယ်ချက်ပါ။ ဒုတိယရည်ရွယ်ချက်ကတော့ ကျွန်တော်တို့နိုင်ငံရဲ့ ကုန်သွယ်မှုနဲ့ စီးပွားရေးပေါ်လစီတွေကို လေ့လာဖို့ပါ။ ဒီရည်ရွယ်ချက်နှစ်ရပ်နဲ့ တက်ခဲ့တာဆိုပေမယ့် သင်တန်းတက်ရင်း ကျွန်တော်သိလာခဲ့ရတာတွေက အလွန်ကို များပြားလှပါတယ်။ ဥပမာအနေနဲ့ တချို့ကိုပြောရရင် ကုမ္ပဏီတစ်ခုကို တည်ထောင်ရာမှာ Register ဘယ်လိုလုပ်ရမယ်။ အခွန်တွေဘယ်လိုဆောင်ရမယ်၊ SME လုပ်ငန်းတွေ စတင်တည်ထောင်ရင်လည်း လိုအပ်တဲ့ Law & Regulation တွေ၊ ပို့ကုန်သွင်းကုန်တွေမှာ လိုက်နာရမယ့်/လိုက်နာသင့်တဲ့ စဉ်းမျဉ်းစည်းကမ်းတွေ၊ အခြားဝန်ကြီးဌာနတွေဖြစ်တဲ့ Custom၊ FDA စသည့်ဌာနများမှလည်း ပညာများရရှိခြင်း၊ ရင်ဆိုင်ရမယ့် အတားအဆီးတွေ၊ လုပ်ရင်ရနိုင်တဲ့ အခွင့်အရေးတွေကိုပါ သိလာရပါတယ်။ ဒ့ါအပြင် စက်မှုဇုန်လေ့လာရေးခရီးများကိုလည်း သွားရောက်ကြရပါတယ်။ ဒါတွေဟာ ကျွန်တော်လုပ်မယ့် နောက်လုပ်ငန်းတွေမှာ များစွာ အထောက်အကူ ဖြစ်စေပါတယ်။ နောက်ထပ်တစ်ခု သိရတာကတော့ ကိုယ့်နိုင်ငံမှာ သွင်းကုန်ထက် ပို့ကုန်ကို ပိုပြီးဦးစားပေးထုတ်လုပ်နိုင်ဖို့ကိုပါ တွေးမိပါတယ်။ ကျွန်တော်တို့ ဆောက်လုပ်ရေးနယ်ပယ်မှာဆိုရင် Material အားလုံးကို နိုင်ငံခြားကပဲ တင်သွင်းနေတာ ဖြစ်ပါတယ်။ ဒါတွေကို အတတ်နိုင်ဆုံး ဘယ်လိုလျှော့ကျလာအောင် လုပ်ကြမှာလဲ စတဲ့ အတွေးသစ်အမြင်သစ်တွေပါ ရရှိခဲ့ပါတယ်။ စီးပွားရေးလုပ်ငန်းတစ်ခုကို စတင်လုပ်ကိုင်တော့မယ် ဆိုရင် နိုင်ငံတော်ရဲ့ ဥပဒေ တွေ၊ မူဝါဒ တွေကို မျက်ခြည်မပြတ် လေ့လာနေရပါတယ်။ ဒါကြောင့် ဒီသင်တန်းကို လုပ်ငန်းခွင့်ဝင်မယ့်သူတွေရော ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်မယ့် သူတွေရော တက်ရောက်သင့်တယ်လို့ ထင်ပါတယ်။

❑

# ဘယ်လိုလဲ ကြက်သွန်နီ

ခင်ချောစု (ကုန်သွယ်မြှင့်)

မြန်မာ့မီးဖိုချောင်တွင် ကြက်သွန်နီသည်မပါမပြီးသော စားသောက်ကုန်တစ်မျိုးဖြစ်ပါသည်။ မြန်မာ့ဟင်းလျာတွင် ကြက်သွန်နီကို အစဉ်အမြဲ ထည့်သွင်းချက်ပြုတ်ကြပါသည်။ သို့ဖြစ်၍မြန်မာ့အစားအစာ၏ အခြေခံ စားကုန်(၉)မျိုးတွင် ကြက်သွန်နီသည် စားဖိုဆောင်သီးနှံအဖြစ် ပါဝင်ပါသည်။ ကြက်သွန်နီကို အချို့နိုင်ငံများတွင် သစ်သီးဝလံဟင်းသီးဟင်းရွက်အုပ်စုတွင် ထည့်သွင်းတတ်ပါသည်။ ၂၀၁၀ ခုနှစ်မတိုင်မီ တပ်မတော်အစိုးရလက်ထက်တွင် ကြက်သွန်နီကို ပြည်တွင်းဖူလုံမှသာ ပြည်ပတင်ပို့ရန် ကန့်သတ်ခဲ့သဖြင့် ကြက်သွန်နီပြည်ပတင်ပို့မှုနည်းပါးခဲ့ပြီး မြေလွတ်မြေရိုင်းများတွင် တိုးချဲ့စိုက်ပျိုးမှုကိုသာ တင်ပို့ခွင့်ပြုခဲ့သဖြင့် ပြည်ပတင်ပို့သူများက Supply Chain တစ်ခုလုံး ပါဝင် ဆောင်ရွက်လာကြပါသည်။ ၂၀၁၁ ခုနှစ်တွင် ရွေးချယ်တင်မြှောက်ထားသော ဒီမိုကရေစီ အစိုးရလက်ထက် မှစ၍ လွတ်လပ်စွာ တင်ပို့ခွင့်ပြုခဲ့ပါသည်။ ထိုအချိန်မှစ၍ ကြက်သွန်နီကို တိုးတက် တင်ပို့လျက်ရှိသော်လည်း ပြည်တွင်း စားသုံးမှုများပြားခြင်း၊ ပြည်တွင်းဈေးကြီးမြင့်ခြင်း၊ ပုပ်သိုးလွယ်သော ပစ္စည်းဖြစ်၍ ပင်လယ်ရေကြောင်းမှ တင်ပို့ရန် ခက်ခဲသောကြောင့် နယ်စပ်ကုန်သွယ်မှုမှသာ တင်ပို့မှု များပြားလျက်ရှိပါသည်။

ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုတွင်လည်း မိုးကြက်သွန်နီစိုက်ပျိုးနိုင်မှုမှာ နည်းပါးပြီး ဆောင်းကြက်သွန်နီစိုက်ပျိုးမှုပေါ်တွင်သာ တစ်နိုင်ငံလုံးအားထားရကြောင်း တွေ့ရှိရပါသည်။ ဆောင်းကြက်သွန်နီကို အဓိကစိုက်ပျိုးသောမြေနေရာမှာ မြန်မာနိုင်ငံ အထက်ပိုင်းရှိ ချောင်းကြီးလေးချောင်းဖြစ်သော မန္တလေးတိုင်းတွင် ဆင်တဲဝချောင်း၊ မကွေးတိုင်းတွင် မုန်းချောင်း၊ မင်းချောင်း၊ ယင်းချောင်းတို့တွင် ဖြစ်ပါသည်။ ယင်းမြေနေရာအခြေအနေအရ စိုက်ပျိုးထုတ်လုပ်မှု စရိတ်ကြီးမားပြီး မိုးလေဝသ အခြေအနေအပေါ် အဓိက တည်မှီနေသဖြင့် ထုတ်လုပ်မှုမှာ နှစ်စဉ်မတည်ငြိမ်သည်ကို တွေ့မြင်နေရပါသည်။ ထို့အပြင် ဈေးနှုန်းအနိမ့်အမြင့်ကိုလိုက်ပြီး စိုက်ပျိုးမှု ဧရိယာအကျယ်အဝန်းမှာလည်း ပြောင်းလဲတတ်သဖြင့် ဈေးအမြင့်ဖြင့် ပိတ်သောနှစ်တွင် စိုက်ဧကများပြီး ဈေးအနိမ့်ဖြင့် ပိတ်သောနှစ်တွင် စိုက်ဧက နည်းတတ်ပါသည်။ ယင်းအတွက်ပင် ကြက်သွန်နီ၏ Supply Side သည် နှစ်စဉ်မတည်ငြိမ်မှု ဖြစ်ပေါ်လျက်ရှိပါသည်။ Supply နည်းသော (တစ်နည်းအားဖြင့်) စိုက်ဧကနည်းပြီး ထုတ်လုပ်မှု အထွက်နည်းသော)နှစ်တွင် ဈေးကြီးမြင့်လာတတ်ပါသည်။ ဈေးကြီးသဖြင့် စိုက်ပျိုးမှုများပြီး အထွက်များကာ ဈေးကျဆင်းမှုဖြင့် ကြုံရပြန်ပါသည်။ ဤသို့ဖြင့် ကြက်သွန်နီသည် နိမ့်ချည်မြင့်ချည် ဈေးကွက်ဖြစ်နေပြီး၊ ဈေးနှုန်းမတည်ငြိမ်မှုကို နှစ်စဉ် ကြုံတွေ့နေရပါသည်။ ယခုနှစ် ကြက်သွန်နီပေါ်ချိန်ကာလမှာ အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် ကြာရှည်အထားမခံဘဲ အလျော့တွက်များခြင်းကြောင့် လက်ကျန် လျော့နည်းလာပြီး ပြည်တွင်းဈေးနှုန်းမြင့်တက်လာခဲ့သည်။ ကြက်သွန်နီအသစ်ထွက်ပေါ်မည့်အချိန်မှာ နှစ်လကျော်လိုသေးသည့်အတွက် ဈေးဆက်တက်နိုင်ခြေရှိသည်။ ယခုနှစ် ကြက်သွန်နီသည် ကြက်သွန်နီပေါ်စအချိန်လောက် တွင်သာ ဈေးအနည်းငယ်ကျခဲ့သော်လည်း ဈေးအမြင့်ဖြင့်သာ တစ်လျှောက်လုံးရှိနေကြောင်း တွေ့ရသည်။

ပြည်ပတင်ပို့မှုကို ကြည့်ပါကလည်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ အထွက်တန်ချိန် ၁၀၉၁၀၀၀ ခန့်၊ ပိုလျှံမှုတန်ချိန် ၄၆၂၀၀၀ ခန့်၊ ပြည်ပတင်ပို့မှုမှာ ၅၆၅၁၂ တန်ဖြစ်ပြီး ပိုလျှံမှုအပေါ် ပြည်ပတင်ပို့မှုရာခိုင်နှုန်းမှာ ၁၂ ဒသမ ၂၃ ရာခိုင်နှုန်းခန့်သာ ရှိပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ကြက်သွန်နီ အထွက်တန်ချိန် ၁၂၆၄၈၅၄ ခန့် ပြည်ပတင်ပို့မှုမှာ ၃၆၁၃၅ တန်ခန့်၊ ပိုလျှံမှုအပေါ် ပြည်ပတင်ပို့မှုရာခိုင်နှုန်းမှာ ၆ ဒသမ ၀၅ ရာခိုင်နှုန်းခန့် ရှိပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ အထွက်တန်ချိန် ၁၂၆၄၄၀၄ ခန့် ပြည်ပ တင်ပို့မှုမှာ ၄၇၇၄၈ တန်ခန့်၊ ပိုလျှံမှုအပေါ် ပြည်ပ တင်ပို့မှုရာခိုင်နှုန်း မှာ ၇ ဒသမ ၉၈ ရာခိုင်နှုန်းခန့်ဖြစ်ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ အထွက်တန်ချိန် ၁၁၄၁၁၁၁ ခန့်၊ ပြည်ပ တင်ပို့မှုမှာ ၆၆၇၁၄ တန်ခန့်၊ ပိုလျှံမှုအပေါ် တင်ပို့မှုရာခိုင်နှုန်းမှာ ၁၃ ဒသမ ၁၇ ရာခိုင်နှုန်းခန့် ဖြစ်ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စက်တင်ဘာ ၁ ရက်ထိ ကြက်သွန်နီ ပြည်ပတင်ပို့မှုမှာ ၁၆၆၁၅ ဒသမ ၅၃) တန်ခန့် ဖြစ်ပြီး ယခင် ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်၏ ပြည်ပ တင်ပို့မှုကာလတူ နှိုင်းယှဉ်ကြည့်တဲ့အခါ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်ရဲ့ ကာလတူတင်ပို့မှု ၄၇၁၄၂ တန် ဖြစ်သည့်အတွက် ၆၅ ရာခိုင်နှုန်းခန့် လျော့နည်းတင်ပို့မှု ရှိနေကြောင်း တွေ့ရပါသည်။

ကြက်သွန်နီစီးဆင်းမှုအနေဖြင့်ကြည့်ပါက ရန်ကုန်ဘုရင့်နောင်ပွဲရုံသို့ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လအတွင်း ဝင်ရောက်မှု ပိသာပေါင်း ၃၂,၈၅,၀၀၀ ရှိပြီး တစ်နေ့ပျမ်းမျှ ၁,၆၄,၂၅၀ ပိသာခန့် ဝင်ရောက်ပါသည်။ ဩဂုတ်လတွင် ဝင်ရောက်မှုပိသာပေါင်း ၃၃,၃၀,၀၀၀ ရှိပြီး



တစ်နေ့ပျမ်းမျှ ၁,၄၄,၇၈၃ ပိသာခန့် ဝင်ရောက်လျက်ရှိကြောင်း တွေ့ရပါသည်။ စက်တင်ဘာ လ ၁ ရက်နေ့မှ ၁၄ ရက်နေ့ထိ ဝင်ရောက်မှုပေါင်း ၁၅၈၄၀၀၀ ပိသာရှိပြီး၊ တစ်ရက်ပျမ်းမျှ ၁၁၃၁၄၃ ပိသာရှိကြောင်း သိရသည်။ အထက်ပါစီးဆင်းမှုကိုကြည့်ရင် ရန်ကုန်ကို ဇူလိုင်လကစပြီး စက်တင်ဘာလအလယ်ထိ စီးဆင်းမှုသည် ပုံမှန်အတိုင်း ရှိနေကြောင်း တွေ့ရသည်။ ယခုနှစ်တွင်မူ အထွက်နည်းသောနှစ်၊ ကြက်သွန်နီအပုပ်များသောနှစ်ဖြစ်ခြင်း၊ ပြည်ပ တင်ပို့မှုနည်းခြင်း စသည့် အကြောင်းတရားအမျိုးမျိုးကြောင့် ကြက်သွန်နီဈေးသည် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း တရိပ်ရိပ် ဈေးတက်လာသည်ကို တွေ့ရပါသည်။ ရန်ကုန်ဘုရင့်နောင်၏ ဆိပ်ဖြူစ-လတ်သန့် တစ်ပိသာ လက်ကားဈေးမှာ ဩဂုတ်လ ပထမပတ်တွင် ကျပ် ၁၅၀၀၊ ဩဂုတ်လ ဒုတိယပတ်တွင် ကျပ် ၁၅၅၀၊ ဩဂုတ်လ တတိယပတ်တွင် ကျပ် ၁၆၀၀၊ ဩဂုတ်လ စတုတ္ထပတ်တွင် ၁၆၂၅ ကျပ်၊ စက်တင်ဘာလ ပထမပတ်တွင် ၁၈၇၅ ကျပ်နှင့် စက်တင်ဘာလ ဒုတိယပတ် ၁၉၂၀ ကျပ်ထိ ဖြစ်လာကြောင်း တွေ့ရပါသည်။ တစ်ခါတစ်ရံတွင် ဘုရင့်နောင်ဈေးထက်ပင် နယ်ဈေးများ ကြီးမြင့်သည်ကို တွေ့ရတတ်ပါသည်။

ဤကဲ့သို့ ပြည်တွင်းကြက်သွန်နီဈေးနှုန်းများ ကြီးမြင့်လာပါက တရုတ်နှင့် အိန္ဒိယမှ ဈေးသက်သာသော ကြက်သွန်နီများသည် ပြည်တွင်းဈေးကွက်များအတွင်းသို့ ဝင်ရောက်လာတတ်ပါသည်။ ၂၀၁၅ ခုနှစ်က ပြည်တွင်းကြက်သွန်နီဈေးနှုန်း မြင့်တက်လာပြီး မိုးကြက်သွန်နီ အသစ်မထွက်ခင်ကာလဖြစ်သော ဩဂုတ်လကုန်မှစ၍ နိုဝင်ဘာလဆန်းတွင် ပိုမိုဈေးမြင့်လာခဲ့သည်။ ထို့အပြင် နိုဝင်ဘာလထဲတွင်ပင် အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိလာခဲ့ကာ ဒီဇင်ဘာလတွင်မှ ဈေးပြန်ကျခဲ့ပါသည်။ ပြည်တွင်းဈေး အဆမတန်မြင့်တက်လာသဖြင့် ပြည်ပမှ မှာယူတင်သွင်းသည့်အခြေအနေသို့ ရောက်ရှိလာပါသည်။ တရုတ်မှ ကြက်သွန်နီ ၃၀၆ တန်ခန့်၊ အိန္ဒိယမှ ၃၇၃ ဒသမ ၅ တန်ခန့် စုစုပေါင်း ကြက်သွန်နီတန်ချိန် ၆၇၉ ဒသမ ၅ တန် တင်သွင်းခဲ့ရပြီး တစ်ပိသာလျှင် ကျပ် ၁၁၀၀ မှ ၁၃၀၀ နှုန်းဖြင့် ပြည်တွင်း၌ ရောင်းချခဲ့ရပါသည်။

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ဒုတိယပတ်ရှိ ကြက်သွန်နီ လက်ကား အလတ်စဈေးနှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| တိုင်းဒေသကြီး | ၂၀၁၇ | ၂၀၁၆ | ၂၀၁၅ | ၂၀၁၄ | ၂၀၁၃ |
|---|---|---|---|---|---|
| ရန်ကုန်ဘုရင့်နောင်ပွဲရုံ ဆိပ်ဖြူစ လတ်သန့် | ၁၉၂၀ | ၃၄၀ | ၈၉၀ | ၆၀၀ | ၇၂၅ |
| မန္တလေး | ၁၉၀၀ | ၆၀၀ | ၁၀၅၀ | ၄၀၀ | ၇၅၀ |
| မြင်းခြံ | ၁၉၀၀ | ၃၇၅ | ၉၀၀ | ၃၅၀ | ၆၅၀ |
| ဆိပ်ဖြူ | ၁၉၅၀ | ၂၈၀ | ၉၀၀ | ၃၅၀ | ၆၅၀ |
| မုံရွာ | ၁၇၀၀ | ၃၅၀ | ၉၀၀ | ၃၅၀ | ၆၇၀ |

ယခုနှစ်တွင်လည်း ဈေးနှုန်းမြင့်တက်လာပြီး တစ်ပိသာ လျှင် ကျပ် ၂၀၀၀ ထိ ရောက်ရှိလာနေပြီဖြစ်သဖြင့်လည်းကောင်း၊ ကြက်သွန်နီ အသစ်ပေါ်ရန်မှာ ဒီဇင်ဘာလအထိဆိုလျှင် နှစ်လခွဲခန့် အချိန်လိုသေးသည့်အတွက်လည်းကောင်း ကြက်သွန်နီဈေး ဆက်လက်မြင့်တက်လာနိုင်သည့် အခြေအနေပင်ဖြစ်သည်။ ပြည်တွင်း ကြက်သွန်နီ ဈေးကြီးခြင်း၊ ဈေးနည်းခြင်းဖြစ်လျှင် အဓိကအကျိုးသက်ရောက်မှုသည် လူတန်းစားနှစ်ရပ်လုံးဖြစ်သည့် ကုန်ထုတ်လုပ်သူနှင့် စားသုံးသူတို့အပေါ် ကျရောက်တတ်သည်။ လူနည်းစုနှင့် လူများစုဖြစ်သဖြင့် စားသုံးသူလူများစုကိုဦးစားပေးရသည့် အခြေအနေဖြစ်ပါသည်။ ထို့အပြင် ယခုအချိန်မျိုးတွင် ကြက်သွန်နီကို သိုလှောင်ရုံရှိသည့် ပုဂ္ဂိုလ်အနည်းစုကသာ သိုလှောင်ရောင်းဝယ်တတ်ကြပြီး ဈေးကစားတတ်ကြပါသည်။ ယင်းအချက်များအရလည်းကောင်း၊ Supply and Demand သဘောအရလည်းကောင်း ကြက်သွန်နီဈေးသက်သာသည့် တရုတ်နှင့် အိန္ဒိယမှ ကြက်သွန်နီများ ပြန်လည်ဝင်ရောက်လာမည်မှာ မလွဲသည့်အခြေအနေဖြစ်နေကြောင်း တွေ့ရှိနေရပါသည်။ သို့ဖြစ်၍ ကြက်သွန်နီရေရှည်တည်တံ့ရေး၊ ဈေးကွက်အတွင်း သင့်တော်သော ဈေးနှုန်းဖြင့်ရပ်တည်ရေး၊ တောင်သူများအတွက် အမြတ်ရာခိုင်နှုန်းများရေး၊ စားသုံးသူများအတွက် ဈေးသက်သာရေး စသည့် အချက်များသည် တောင်သူ၊ ကုန်သည်များ၏ စွမ်းဆောင်မှုနှင့် ကျင့်ဝတ်ပေါ်တွင်သာ အဓိကတည်ရှိမည်ဖြစ်သည်။

## မြင်းခြံကြက်သွန်နီများ ဈေးဆက်လက်မြင့်တက်

မြင်းခြံမြို့တွင် စိုက်ပျိုးထွက်ရှိသည့် မြင်းခြံ ကြက်သွန်နီများ ဈေးဆက်လက် မြင့်တက်လျက်ရှိကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။ မြင်းခြံခရိုင်အတွင်း ကြက်သွန်နီစိုက်ဧက ၂၈၃၁၂ ဧက ရှိပြီး ကြက်သွန်နီပိသာချိန် သိန်း ၉၀၀ ကျော်အထိ ထွက်ရှိကြောင်း သိရှိရသည်။ မြင်းခြံခရိုင်အတွင်း မိုးကြက်သွန်နီကို အနည်းငယ် စိုက်ပျိုးသော်လည်း နွေကြက်သွန်နီကိုမူ အများအပြား စိုက်ပျိုးကြသည်။

မြင်းခြံ၊ တောင်သာ မြို့နယ်များမှ တလုပ်၊ ဝဲလောင်၊ တမိုက်သာ၊ ဘုရားလှ၊ ဖက်တော စသည့် ကျေးရွာများသည် ကြက်သွန်နီစိုက်ပျိုးရာတွင် နာမည်ကြီးသော ရွာများဖြစ်သည်။ အဆိုပါဒေသများမှ ထွက်ရှိသည့် ကြက်သွန်နီများကို ရန်ကုန်မြို့ရှိ ဘုရင့်နောင်ပွဲရုံများသို့ တစ်နေ့လျှင် ကုန်တင်ကား နှစ်စီးမှ သုံးစီးအထိ တင်ပို့လေ့ရှိကြောင်း၊ ယခုနှစ်တွင် ကြက်သွန်နီဈေးသည် ဩဂုတ်လလယ်မှ စတင်ကာ တစ်စတစ်စ မြင့်တက်လာကြောင်း၊ ယခုရက်များတွင် ကြက်သွန်နီ(ဂွန်) တစ်ပိသာလျှင် ကျပ် ၂၀၀၀ အထိ ရောင်းချလျက်ရှိကြောင်း၊ ကြက်သွန်နီလက်ကျန်များ ရှိနေသေးသော်လည်း ယခုနှစ်အစပိုင်းကတည်းက မိုးရွာသွန်းခဲ့သဖြင့် ကြက်သွန်နီများ အထားမခံကြောင်း၊ ကြက်သွန်နီလှောင်သည့် တောင်သူများမှာ အပုပ်များ ရွေးထုတ်ရသဖြင့် အမြတ်အစွန်း အနည်းငယ်သာရရှိကြောင်း၊ ယခုနှစ်တွင် အရင်းများပြီး ကြက်သွန်နီရွေးရာတွင် အလုပ်သမားလည်း ရှားသဖြင့် လုပ်ခများကြောင်း၊ ထို့ကြောင့် ကြက်သွန်နီဈေးမြင့်လာရခြင်းဖြစ်ကြောင်း၊ ထို့အပြင် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ကြက်သွန်နီများ ဝင်ရောက်လာသဖြင့် ကြက်သွန်စိုက်တောင်သူများ နစ်နာလျက်ရှိကြောင်း ကြက်သွန်စိုက်တောင်သူတစ်ဦးက ပြောကြားခဲ့သည်။

မြင်းခြံခရိုင်တစ်ခုလုံးတွင် ယခုအခါ၌ ကြက်သွန်နီလက်ကျန် ပိသာ သိန်း ၅၀ ခန့်သာ ကျန်ရှိတော့ရာ မိုးကြက်သွန်နီပေါ်ရန် နှစ်လခွဲခန့် ကျန်ရှိနေသေးသဖြင့် ဈေးကွက်အတွင်း ကြက်သွန်နီဈေးများ ဆက်လက်မြင့်တက်လာနိုင်ကြောင်း၊ နိုဝင်ဘာလကုန်ခန့်တွင် ပေါ်ထွက်လာမည့် ဆောင်းစိုက် ကြက်သွန်နီမှာ အနည်းငယ်သာ ထွက်ရှိနိုင်သဖြင့် ပြည်တွင်းကြက်သွန်နီဈေးများ ဆက်လက်မြင့်တက်လာနိုင်ကြောင်း ကြက်သွန်ကုန်သည်တစ်ဦးက ခန့်မှန်း ပြောကြားခဲ့သည်။

ယခုအခါတွင် ကြက်သွန်နီတစ်ပိသာလျှင် လက်ကားဈေး ကျပ် ၁၅၀၀ မှ ကျပ် ၂၀၀၀ အတွင်းရှိနေပြီး လက်လီဝယ်ယူစားသုံးသူများအနေဖြင့် တစ်ပိသာလျှင် ကျပ် ၂၅၀၀ မှ ကျပ် ၃၀၀၀ အတွင်း ဝယ်ယူစားသုံးနေရကြောင်း သိရှိရသည်။

**မျိုးသီတာ (မြင်းခြံ)**

Vol: 17, No.37 Monday September 25 2017

## ပုသိမ်မြို့တွင် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ (ဧရာဝတီတိုင်းဒေသကြီးကော်မတီ) ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပ

အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ ကော်မတီ (ဧရာဝတီတိုင်းဒေသကြီး) ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၈ ရက်တွင် ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီး ကော်မတီဥက္ကဋ္ဌ၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေး၊ အတွင်းရေးမှူး အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မိုးမိုးအေးနှင့် တိုင်းဒေသကြီး ကော်မတီဝင်များ တက်ရောက်ခဲ့ပါသည်။

တိုင်းဒေသကြီး ကော်မတီဥက္ကဋ္ဌ လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေးက အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး အလုပ်သမား ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မိုးမိုးအေးက အနည်းဆုံး အခကြေးငွေသတ်မှတ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဩဂုတ်လတွင် တိုင်းအတွင်းရှိ ခရိုင် ၆ ခရိုင်၊ မြို့ပေါ်ရှိ အထည်ချုပ်စက်ရုံတို့တွင် ကော်မတီဝင်များ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်၊ အလုပ်ရှင်ကိုယ်စားလှယ်တို့နှင့် တွေ့ဆုံဆွေးနွေး၍ ၎င်းရလဒ်များကို အခြေခံပြီး စက်တင်ဘာ ပထမပတ်တွင် ပုသိမ်မြို့၊ မြို့တော်ခန်းမတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ကော်မတီအဖွဲ့ဝင်များ၊ အလုပ်ရှင်/အလုပ်ရှင် ကိုယ်စားလှယ်၊ အလုပ်သမားကိုယ်စားလှယ်များ၊ အနည်းဆုံး အခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီမှ ကျွမ်းကျင်ပညာရှင် စီးပွားရေးသုတေသီ ဦးခင်မောင်ညို (ဘောဂဗေဒ)၊ စီးပွားရေးလုပ်ငန်းရှင်၊ ဟိုတယ်ဇုန်၊ ဘဏ်၊ အထည်ချုပ်စက်ရုံ၊ ARCCI၊ အသင်းအဖွဲ့များနှင့်တွေ့ဆုံ၍ သုံးပွင့်ဆိုင်ဆွေးနွေးပြီး ရရှိလာသော ရလဒ်များကို ယခုအစည်းအဝေးတွင် ပြန်လည်ဆွေးနွေးခြင်းဖြစ်ကြောင်း သိရသည်။

အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ ဧရာဝတီတိုင်းဒေသကြီးကော်မတီဝင်များမှ ဆွေးနွေးဆုံးဖြတ်ချက်များကို ဗဟိုသို့ ဆက်လက်တင်ပြရန်အတွက် ကော်မတီဝင်များ၊ အလုပ်ရှင်၊ အလုပ်ရှင်ကိုယ်စားလှယ်၊ အလုပ်သမား၊ အလုပ်သမား ကိုယ်စားလှယ်များမှ နေရာစဉ်အလိုက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မင်းမင်းဦး (ပုသိမ်)**

## ပုသိမ်မြို့နည်းပညာအထက်တန်းကျောင်းတွင် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ကိုင်တွယ် ပြုပြင်ထိန်းသိမ်းရေး သင်တန်းဖွင့်လှစ်

ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ARCCI)၊ စက်မှုလယ်ယာဦးစီးဌာနနှင့် နည်းပညာအထက်တန်းကျောင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ကိုင်တွယ်ပြုပြင် ထိန်းသိမ်းရေး သင်တန်းဖွင့်ပွဲကို ပုသိမ်မြို့ နည်းပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၂၀ ရက်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းတွင် လယ်ယာသုံး စက်အသေး၊ စက်အလတ်၊ စက်အကြီး၌ ကိုင်တွယ်အသုံးပြုရာတွင် စနစ်တကျ မောင်းနှင်ပြင်ဆင်တတ်စေရန် ၎င်းပညာရပ်များ တတ်မြောက်ခြင်းဖြင့် လက်တွေ့လုပ်ငန်းခွင်၌ ပြန်လည်အသုံးချပြီး အချိန်ကုန် ငွေကြေးကုန်ကျစရိတ် သက်သာစေရန်သာမက အသက်မွေးဝမ်းကျောင်းပညာရပ်များ တတ်မြောက်စေရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားရခြင်း ဖြစ်ကြောင်း ARCCI အသင်း အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောသည်။

အဆိုပါသင်တန်းသို့တိုင်းအတွင်းရှိမြို့နယ်အသီးသီးမှ သင်တန်းသား ၅၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**စိုးဦး (ပုသိမ်)**

## ရန်ကုန်ကားဈေးကွက် ရန်ကုန်လိုင်စင်အဝယ်ရှိသော်လည်း အရောင်းနည်းနေ

ရန်ကုန်မြို့ ကားဈေးကွက်အတွင်း စက်တင်ဘာ တတိယပတ် ဝန်းကျင်အခြေအနေမှာ မြို့တွင်းရှိ ကားပွဲစားတန်းများ၊ အရောင်းစင်တာများတွင် အရောင်းအဝယ်အေးနေပြီး တစ်ပိုင်တစ်နိုင်ရောင်းဝယ်သူများ၊ ဝယ်ရောင်းများသာ အချင်းချင်းရောင်းဝယ်မှုရှိ၍ ရောင်းကားရှားနေကြောင်း သိရသည်။

ဈေးကွက်အတွင်း လက်ရှိအပြောအများဆုံးသတင်းမှာ လာမည့် အောက်တိုဘာလတွင် ထုတ်ပြန်မည့် မော်တော်ယာဉ်များ တင်သွင်းခွင့်ဆိုင်ရာ မော်ဒယ်သတ်မှတ်ချက်များတွင် ဖရီးပါမစ်ကား၊ စလစ်ကပ်ကား၊ လုပ်ငန်းသုံးကား၊ အသစ်သွင်းကားစသည်ဖြင့် ခွဲထားသော အုပ်စုများအလိုက် မော်ဒယ်ခုနှစ် ယခုထက် ပိုမိုမြင့်မားလာနိုင်သလို နှစ်ဦးပိုင်းကတည်းကပင် ကြားနေရပြီး နားရည်ဝနေပြီဖြစ်သည့် ဘယ်မောင်းစနစ်သတ်မှတ်ခြင်းမှာလည်း ပိုမိုပြီးပြည့်စုံစွာ သတ်မှတ်လာနိုင်ကြောင်း သိရသည်။

လတ်တလောတွင် ရန်ကုန်ကားဈေးကွက်ထဲ၌ တစ်ဦးချင်းရောင်းချသူများနှင့် ဝယ်ရောင်းများအချင်းချင်း အရောင်းအဝယ်ရှိနေသော်လည်း အပြင်လူများမှာ ပေးသည့်ဈေးဖြင့် ချက်ခြင်းမရောင်းနိုင်ကြဘဲ ချင့်ချိန်စဉ်းစားနေကြသည့်သဘောဖြစ်နေပြီး ဈေးနှုန်းမေးခြင်း၊ ဈေးညှိနှိုင်းခြင်းသာရှိနေကြောင်း အမှန်တကယ်ရောင်းနိုင်ခြင်းမရှိ၍ အရောင်းအဝယ်မဖြစ်ကြောင်း ဝယ်ရောင်းကိုမြင့်ကျော်က ပြောသည်။

လတ်တလော ရန်ကုန်ကားဈေးကွက်ထဲတွင် ဖရီးပါမစ်ကားလေးများ၊ စလစ်ကပ်ကားစသည့် ကားအသီးသီးမှာ ဈေးနှုန်းမြင့်မားကာ အကွာရာပေါက်တက္ကစီယာဉ် နီ/နက် သတင်းများကြောင့် အကွာရာပေါက်တက္ကစီ ရောင်းချမှုများရှိလာပြီး တက္ကစီစလစ်လည်း ဈေးတက်မှုများရှိလာကြောင်း၊ လူစီးစလစ်နှစ် ၂၀ များမှာလည်း သိန်း ၁၂၀ နီးပါး ပြန်ဖြစ်လာကြောင်း၊ ၁၀ လပိုင်းမော်ဒယ်ခုနှစ် သတ်မှတ်ချက်စည်းကမ်းများ မထွက်မီဖြစ်စေ၊ နှစ်မကုန်မီ ဒီဇင်ဘာ ဒုတိယပတ်မတိုင်ခင်ဖြစ်စေ ယခုကဲ့သို့ ဈေးမာလေ့ရှိပြီး သီတင်းကျွတ်ကာလ နောက်ပိုင်းများတွင် ပိုမိုဈေးမြင့်တက်လာဖွယ်ရှိကြောင်း ၎င်းကပြောသည်။

**SN**

## ဟသ်ာတမြို့တွင် လယ်ယာစီးပွားဝန်ဆောင်မှု စင်တာစီမံကိန်း (ASC Project) ဆွေးနွေးပွဲ ကျင်းပ




လယ်ယာစီးပွားဝန်ဆောင်မှုစင်တာ စီမံကိန်းဆွေးနွေးပွဲကို စက်တင်ဘာလ ၂၀ ရက်က ဟသ်ာတမြို့၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးရုံးတွင် ကျင်းပခဲ့ပါသည်။ အစည်းအဝေးသို့ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဟသ်ာတခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်စီမံကိန်းဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ဆည်/မြောင်း ဦးစီးဌာန၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆန် စပါးအသင်းမှတာဝန်ရှိသူ များ၊ MAPCO ကုမ္ပဏီမှ တာဝန်ရှိသူများ၊ တောင်သူများ၊ မြို့နယ် ဆန်စက်လုပ်ငန်းရှင်များ အသင်းမှ တာဝန်ရှိသူများ၊ တရုတ်နိုင်ငံ CITIC ကုမ္ပဏီမှတာဝန်ရှိသူများ တက်ရောက်ကြပါသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ဒေါက်တာမင်းအောင်က မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)၊ မြန်မာနိုင်ငံ လယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက် (MAPCO) နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းဖြစ်သည့် CITIC Construction Group တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည့် လယ်ယာစီးပွားရေးဝန်ဆောင်မှု စင်တာစီမံကိန်း(Agribusiness Services Center-ASC Project) အား မြို့နယ် ၃၃ မြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ယာယီအဆိုပြုထားပြီး ဟသ်ာတခရိုင်ရှိ ဟသ်ာတမြို့နယ်နှင့် အင်္ဂပူမြို့နယ်တို့ ပါဝင်သဖြင့် ယခုလိုဆွေးနွေးပွဲကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ MAPCO ကုမ္ပဏီမှ ဦးကျော်ဇောမောင်က ဟသ်ာတမြို့တွင် ASC Project ကို အကောင်အထည်ဖော်ပါက ဝန်ဆောင်မှုပေးမည့် လုပ်ငန်းများဖြစ်သော အာမခံဈေးနှုန်းဖြင့် စာချုပ်ချုပ်ဆို ဝယ်ယူသောစနစ် (Contract Farming )၊ မျိုးစေ့ ထုတ်လုပ်ခြင်း၊ သီးနှံအခြောက်ခံခြင်း၊ သိုလှောင်ခြင်း၊ ဓာတ်မြေဩဇာနှင့် ဆေးများပံ့ပိုးမှု၊ စက်ပစ္စည်းကိရိယာများ ဝန်ဆောင်မှုပေးခြင်းတို့ကို ရှင်းလင်းဆွေးနွေးပါသည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးမင်းလွင်၊ စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကြည်ဟန်၊ ဟသ်ာတ ဆန်စက်လုပ်ငန်းရှင်အသင်းမှ ဦးလှမြင့်နှင့်တောင်သူဦးစိုးနိုင်တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။ အလားတူ စက်တင်ဘာ ၂၁ ရက်တွင် အင်္ဂပူမြို့နယ်၌လည်း ယခုကဲ့သို့ ဆွေးနွေးပွဲကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**မောင်မောင်မြတ်ခိုင်**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ကလူဂျာ (၂၀၀၄) | K | ၃၇၅ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | အက်ဇီယို (၂၀၁၃) | ယာယီ | ၂၇၀ သိန်း | 1.5 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၃။ | ပရိဘောက် (၂၀၁၂) | ယာယီ | ၁၇၅ သိန်း | 1.5 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၄။ | ကရောင်း (၂၀၀၃) | G | ၂၅၀ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ဝုရှ် (၂၀၀၄) | ယာယီ | ၂၈၀ သိန်း | 1 .8 ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | ဆွစ် (၂၀၁၁) | ယာယီ | ၁၈၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၇။ | ဒီမီယို (၂၀၁၁) | ယာယီ | ၁၇၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၈။ | ဖစ်/ရှပ်တဲလ် (၂၀၁၁) | M | ၂၂၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၉။ | အပ်ကား (၂၀ နှစ်) | | ၁၁၀ သိန်း | |

## ဟသ်ာတမြို့နယ် ပေါက်တန်းကြီးကျေးရွာတွင် မတ်ပဲအစားထိုးသီးနှံ စိုက်ပျိုးရေးအတွက် တောင်သူများနှင့် ဆွေးနွေး

ဟသ်ာတမြို့နယ်၊ ပေါက်တန်းကြီးကျေးရွာအုပ်စု၊ ဘုန်းကြီးကျောင်း၌ စက်တင်ဘာလ ၂၁ ရက်တွင် ဟသ်ာတမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများတွေ့ဆုံ၍ မတ်ပဲ အစားထိုးသီးနှံစိုက်ပျိုးရေး ဆွေးနွေးပွဲ ပြုလုပ်ခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲသို့ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူ ၁၁၄ ဦး စုစုပေါင်း ၁၂၀ ဦး တက်ရောက်ခဲ့ပါသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမျိုးမင်းလွင်ဦးနှင့် ဝန်ထမ်းများက လာမည့်ရာသီသီးထပ်စိုက်ပျိုးရာတွင် မတ်ပဲအစားအခြားအစားထိုးစိုက်ပျိုးမည့် ဒေသနှင့်ကိုက်ညီသည့် သီးနှံများအကြောင်းကို ဆွေးနွေးခဲ့ရာ တက်ရောက်လာသည့်



တောင်သူများက ပဲတီစိမ်းသီးနှံကို စိုက်ပျိုးလိုကြောင်း ဆွေးနွေးခဲ့ကြပါသည်။ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူတို့လိုအပ်သော မျိုးရရှိအောင် ကူညီဆောင်ရွက်မည်ဖြစ်ပြီး စိုက်ပျိုးနည်းစနစ်၊ ကုန်ကျစရိတ်အနည်းဆုံးနှင့် အထွက်အများဆုံးရရှိအောင် ပိုးသတ်ဆေးခတ်ကြွင်းများ လျှော့နည်းစေရေး၊ အရည်အသွေးကောင်းအောင် စိုက်ပျိုးထုတ်လုပ်နိုင်ရေး ပြန်လည်ဆွေးနွေးပြီး ပညာပေးစာစောင်များလည်း ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါသည်။

**မောင်မောင်မြတ်ခိုင်**

## မုံရွာမြို့ရှိ မဟာဗန္ဓုလဈေးတွင် ကွင်းဆင်းစစ်ဆေးအသိပညာပေး

မုံရွာခရိုင် စားသုံးသူအခြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များသည် မိတ်ဖက်အဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်း၍ စက်တင်ဘာလ ၁၈ရက်က မုံရွာမြို့၊ မြို့သစ်ရပ်ရှိ မဟာဗန္ဓုလဈေး၌ စစ်ဆေးအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ဈေးဆိုင်များတွင် တားမြစ်စားသောက်ကုန်/ အလှကုန် များ၊ လုံခြုံစိတ်ချရမှုမရှိသော အိမ်သုံး/ လူသုံးကုန်ပစ္စည်းများ၊ ကလေးကစားစရာ ပစ္စည်းများ၊ ရက်လွန်စားသောက်ကုန်များ၊ တားမြစ်ဆိုးဆေးများ အသုံးပြုထုတ်လုပ်ထားသော မုန့်များ၊ မှိုတက်မုန့်များ ရောင်းချခြင်း ရှိ/မရှိ စစ်ဆေးခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့သည်။ ထို့ပြင် ဈေးအတွင်းရှိ ကုန်မျိုးစုံဈေးဆိုင် ၁၀ ဆိုင်ကို စစ်ဆေးခဲ့ရာ ရက်လွန်ခေါက်ဆွဲခြောက်နှင့် အချိုရည်ဗူးများကို တွေ့ရှိရသဖြင့် သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိပါသည်။

**သန်းသန်းတင်(မုံရွာ)**

# ငပုတောမြို့နယ်တွင် ကုမ္ပဏီနှင့် အကျိုးဆောင်တောင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ စုပေါင်းလယ်ယာစနစ်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ဧရာဝတီတိုင်းဒေသကြီးအတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုး တိုးတက်စေရန်နှင့် ပို့ကုန်သုံးဆမြှင့်တင်နိုင်ရန်အတွက် ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ARCCI) မှ ဦးဆောင်၍ လွှတ်တော်ကိုယ်စားလှယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ ကုမ္ပဏီများ၊ အကျိုးဆောင်တောင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ Contract Farming စနစ်ဖြင့်ဆောင်ရွက်မည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၅ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ မြို့နယ်အားကစားခန်းမ၌ ကျင်းပခဲ့ရာ ကုမ္ပဏီ၊ တောင်သူ၊ လုပ်ငန်းရှင် စုစုပေါင်း ၅၀၀ဦးခန့် တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက မြို့နယ်အတွင်းရှိ တောင်သူအများစုမှာ မိရိုးဖလာ သမားရိုးကျသာစိုက်ပျိုးလျက်ရှိပြီး အရင်းအနှီးနည်းပါးခြင်း၊ မျိုးကောင်းမျိုးသန့် မသုံးခြင်းများကြောင့် အထွက်နည်းကြောင်း၊ ယခုလို ကုမ္ပဏီမှ စုပေါင်းလယ်ယာစနစ်ဖြင့် တောင်သူများလိုအပ်သော အရင်းအနှီးဖြစ်သည့် မျိုး၊ သွင်းအားစုများကိုပံ့ပိုး၍ အကျိုးတူလုပ်ဆောင်ခြင်း၊ ဈေးနှုန်းအာမခံစနစ်ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်သဖြင့် တောင်သူများလိုအပ်သော အရင်းအနှီးစိုက်ထုတ်စရာမလိုဘဲ မိမိလယ်မြေအား မိမိတို့ကြိုးစားလုပ်ကိုင်မည်ဆိုပါက တောင်သူများအကျိုးဖြစ်ထွန်းပြီး ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်ကာ စီးပွားရေးအခွင့်အလမ်းများပါ တိုးတက်ရရှိလာမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။



ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူးက ပို့ကုန်သုံးဆမြှင့်တင်နိုင်ရေးအတွက် ကုမ္ပဏီ၊ တောင်သူ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် တောင်သူများမှ ယခုရရှိလာသည့် အခွင့်အရေးများကို အသုံးချ၍ မိမိတို့ထုတ်ကုန်တိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှလည်း ကုမ္ပဏီ၊ တောင်သူများနှင့် ပူးပေါင်း၍ လိုအပ်သောနည်းပညာများအား ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ARCCI အသင်းဥက္ကဌက ယခုကဲ့သို့ တောင်သူများအား လာရောက်တွေ့ဆုံညှိနှိုင်းခြင်းမှာ ဧရာဝတီတိုင်းအတွင်း တောင်သူများ လိုအပ်လျက်ရှိသော မျိုး၊ အရင်းအနှီး၊ သွင်းအားစုများအား မိမိတို့မှ ကုမ္ပဏီများနှင့်ပူးပေါင်း၍ အကျိုးတူစုပေါင်း လယ်ယာစနစ်ကို ဖော်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့မှလည်း ဧရာဝတီတိုင်းဒေသကြီးအစိုးရ၊ ပြည်ထောင်စုအစိုးရများထံ ဧရာဝတီတိုင်းဒေသကြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံချက်များ ရေးဆွဲတင်ပြဆောင်ရွက်နေပါကြောင်း၊ အကူအညီများလည်း ပံ့ပိုးပေးသွားမည်ဖြစ်သဖြင့် တောင်သူများက ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အခက်အခဲများကို ကျော်လွှားနိုင်မည်ဖြစ်ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာကာ ထုတ်ကုန်ကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**မောင်ပုသိမ်**

### နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

### ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါ်လမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

# (၇) နေ့ သားသမီးများအတွက် စီးပွားရေး အကြံပေး ဟောကိန်း

## ၂၅-၉-၂၀၁၇ မှ ၁-၁၀-၂၀၁၇ ရက်နေ့ထိ

### ဒေါ်မြတ်မြတ်အေး (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** ပဲ၊ ပြောင်း၊ ဂျုံတို့နှင့်ပတ်သက်သောလုပ်ငန်းများ၊ မုန့်မျိုးစုံလုပ်ငန်းတို့အကျိုးပေးကောင်းနေတတ်ပါသည်။ ပညာရေးတွင် မျှော်လင့်ချက်များ၊ ရည်ရွယ်ချက်များချမှတ်၍ ပညာရေးကို ကြိုးစားသင်ယူနေရတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် စိုးရိမ်ပူပန်တတ်သော သံယောဇဉ်ကြီးသောသူရှိနေတတ်ပါသည်။ များသောအားဖြင့် ကျန်းမာရေးကောင်းနေတတ်ပါသည်။

**ယတြာ။ ကံပွင့်ဂါထာရွတ်ဖတ်ပူဇော်ပါ။**



**တနင်္လာသားသမီးများအတွက်** ဆန်၊ စပါး၊ ပဲ၊ ပြောင်း၊ နှမ်းများနှင့်လယ်ယာထွက်ကုန်ပစ္စည်းများ အကျိုးပေးတတ်ပါသည်။ ပညာရေးကံကောင်းနေတတ်ပါသည်။ အချစ်ရေး ကံမကောင်းသေးပါ။ ရည်ရွယ်သူနှင့်လွဲတတ်သည်။ အိမ်ထောင်ပြုရန် အကြောင်းမညီညွတ်သေးပါ။ အိမ်ထောင်ရှိပြီးသူဖြစ်လျှင် ဘဝရှေ့ရေးအတွက် လုပ်ကိုင်ဆောင်ရွက်နေရတတ်သည်။ ကျန်းမာရေးတွင် အစာအိမ်အူလမ်းကြောင်းဆိုင်ရာ အူရောင်ခြင်း၊ အူအတက်ပေါက်ခြင်းဖြစ်တတ်ပါသည်။

**ယတြာ။ ။အရပ် ၁၀ မျက်နှာမေတ္တာပို့၍ သံဃာတော်နှင့် သီလရှင်အား ဆွမ်းကပ်ပါ။**



**အင်္ဂါသားသမီးများအတွက်** မီးဖိုချောင်သုံးစားသောက်ကုန်လုပ်ငန်း၊ ပွဲရုံလုပ်ငန်း၊ လက်လီလက်ကားဒိုင်များ အကျိုးပေးပါသည်။ ပညာရေးကံကောင်းတတ်ပါသည်။ စာရင်းအင်းပညာ၊ ဆေးပညာရပ်များ၊ ဥပဒေရေးရာနှင့်ဆိုင်သော ပညာရပ် များကို အကျိုးပေးပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ချစ်ခင်ယုယစွာဖြင့် အလိုလိုက်အကြိုက်ဆောင်ပြီး အပင်ပန်းခံ၍ကြိုးစားနေရတတ်သည်။ ကျန်းမာရေးတွင် ကိုက်ခဲဖျားနာ၊ အစာအိမ်ရောဂါတို့ဖြစ်တတ်ပါသည်။

**ယတြာ။ ။သီလရှင်နှင့်သံဃာတော်တို့အား သကြားသာကူကပ်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်းများ၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများ၊ သတ္တု၊ ကြေး၊ သံနှင့် သံထည်ပစ္စည်းများ အကျိုးပေးနေတတ်ပါသည်။ ပညာရေးတွင် ထူးချွန်မှုကံ အားကောင်းနေတတ်ပါသည်။ အချစ်ရေးတွင် တိတ်တခိုးချစ်နေတတ်ပါသည်။ အိမ်ထောင်ဖက်အပေါ် အလိုလိုက်အကြိုက် ဆောင်နေရတတ်သည်။ ကျန်းမာရေးတွင် လေထိုး၊ လေအောင့်၊ အကြောအား နည်းသောရောဂါဝေဒနာတို့ ခံစားရတတ်ပါသည်။

**ယတြာ။ ။ဘုရားတွင် ရေသက်စေ့သပ္ပါယ်ပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးတိုးတက်မှုများရရှိနေတတ်သည်။ ရာသီအလိုက်ထွက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်နှင့် အလှကုန်ပစ္စည်းများ လုပ်ကိုင်ဆောင်ရွက်နေရတတ်သည်။ ပညာရေးတွင် ထူးချွန်ပြောင်မြောက်နိုင်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် မိတ်ဆွေဟောင်းများနှင့် ပြန်လည်ဆုံတွေ့ရတတ်သည်။ ကျန်းမာရေးတွင် ဆီးရောဂါ၊ ဆီးအိမ်တွင် ကျောက်တည်ခြင်း၊ အသည်းနှင့်ပတ်သက်သော ရောဂါများသတိထားသင့်ပါသည်။

**ယတြာ။ ။သရဏဂုဏ်တည်ပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများမှ ဝင်ငွေအမြတ်အစွန်း ပုံမှန်ရရှိနေတတ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်း၊ ပိုးထည်၊ ချည်ထည်လုပ်ငန်းများ၊ စိန်နှင့်ကျောက်မျက်ရတနာလုပ်ငန်းများ အကျိုးပေးအားကောင်းနေတတ်ပါသည်။ ပညာရေးမှာ စီမံခန့်ခွဲမှုပညာရပ်များ အကျိုးပေးအားကောင်းနေတတ်သည်။ ကျန်းမာရေးတွင် ခေါင်းမူး၊ ခေါင်းကိုက်၊ ဇက်ကြောတက်ဝေဒနာစသည်တို့ကို သတိပြုသင့်ပါသည်။ **ယတြာ။ ။ဘုရားတွင် ရောင်တော်ဖွင့်၍ အနေကဇာတင်ပါ။**



**စနေသားသမီးများအတွက်** ရေနှင့်ရေနံထွက်ပစ္စည်းများ၊ ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာများ အကျိုးဆောင်လုပ်ငန်းများစသည်တို့နှင့် အကျိုးပေးနေတတ်ပါသည်။ ပညာရေးတွင် လောဘတရားကြီးမားပြီး အတ္တများလွှမ်းမိုးနေတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးအတွက် တင့်တယ်မှုများရရှိစေရန် စီးပွားရေးလုပ်ငန်းများကို အထူးကြိုးစားနေရတတ်ပါသည်။ ကျန်းမာရေးကောင်းမွန်နေမည်။ မျက်ရိုးကိုက်ခြင်း၊ မျက်စိနာခြင်းကို သတိပြုသင့်ပါသည်။

**ယတြာ။ ။ မြေစောင့်နတ်များနှင့်အတူ ဘုရားရှင်အား ဆီမီးအလင်းရောင်ဖြင့် ပူဇော်ပါ။**

---

**စာမျက်နှာ-၁၈ အိန္ဒိယနိုင်ငံက ပဲတင်သွင်းမှုကို ခွဲတမ်းဖြင့် မှအဆက်**

နိုင်ငံတော်အနေနဲ့ သကြားကို Sensitive List ထဲမှာ ထည့်သွင်းမထားသလို တင်သွင်းခွင့်၊ တင်ပို့ခွင့်မပြုရလို့ ကန့်သတ်ထားခြင်းလည်း မရှိပါဘူး။ ဒါကြောင့် နိုင်ငံတော်အတွက် အကျိုးအမြတ်များရရှိသလို Re-export ကုန်သွယ်မှုသွားရာ လမ်းကြောင်းတစ်လျှောက် အကျိုးဖြစ်ထွန်းမှုများရှိနေတာကြောင့် ဆောင်ရွက်သင့်တဲ့ ကုန်သွယ်မှုတစ်ခုပဲဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ပို့ကုန်သုံးဆမြှင့်တင်ရေး ရည်မှန်းချက်ဟာ အိန္ဒိယနိုင်ငံရဲ့ ပဲတင်သွင်းခွင့်ခွဲတမ်းသတ်မှတ်ချက်နဲ့ Re-export သကြားရပ်ဆိုင်းလိုက်ခြင်း တို့ကြောင့် အနည်းငယ်တုန့်ဆိုင်းသွား မှာကတော့ အသေအချာပါပဲ။ ဒါပေမယ့်လည်း နိုင်ငံတော်အစိုးရတာဝန်ရှိသူများနဲ့ သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးမှ တာဝန်ရှိသူများ၊ ကုန်သည်များရဲ့ ပူးပေါင်းဆောင်ရွက်မှုကြောင့် ကုန်သွယ်မှုပမာဏ တိုးလာမလား လျော့ကျသွားမလားဆိုတာကတော့ စောင့်ကြည့်ကြရဦးမှာပါ။

---

# ကန်ကြီးထောင့်မြို့နယ်တွင် ဇရာပုသိမ်ဖွံ့ဖြိုးမှု အများနှင့်သက်ဆိုင်သောကုမ္ပဏီမှ ကန်ထရိုက်လယ်ယာစနစ်ဖြင့် စိုက်ပျိုးနိုင်ရေးဆွေးနွေးပွဲကျင်းပ

ကန်ကြီးထောင့်မြို့နယ်တွင် ဇရာပုသိမ် ဖွံ့ဖြိုးမှု အများနှင့်သက်ဆိုင်သော ကုမ္ပဏီမှ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်၍ ကန်ထရိုက်လယ်ယာစနစ်ဖော်ဆောင်နိုင်ရေးအတွက် ဇရာပုသိမ်ကုမ္ပဏီမှ အုပ်ချုပ်မှု ဒါရိုက်တာ ဦးဝင်းမြင့်လှိုင်နှင့် အဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးသိန်းနိုင်၊ ခရိုင်ဦးစီးမှူး ဦးစိုးဦး၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနတို့ ပါဝင်လျက် ကန်ကြီးထောင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ဇရာသီရိသုခ အစည်းအဝေးခန်းမတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်မည့် ဒေသခံတောင်သူ ၁၅၀ ဦးနှင့် စက်တင်ဘာ ၂၀ ရက်တွင် တွေ့ဆုံခဲ့သည်။

စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဦးသိန်းနိုင်က ကန်ထရိုက်လယ်ယာစနစ် ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် ပြည်တွင်း ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်မည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမှ ဆောင်ရွက်လျှင် မိမိဒေသဖွံ့ဖြိုးတိုးတက်မှုနောက်ကျသွားမှာဖြစ်ကြောင်း၊ ARCCI အသင်းဥက္ကဋ္ဌဖြစ်သည့်အတွက် လယ်ယာကဏ္ဍမြှင့်တင်ရေးကို အထူးစိတ်ဝင်စားပြီး တောင်သူများ၏ လိုအပ်ချက်ကို မိမိတို့ကုမ္ပဏီသာမက အခြားအဖွဲ့အစည်းများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ တောင်သူအစုအဖွဲ့များ ဖွဲ့စည်းကာ ကန်ထရိုက်လယ်ယာစနစ်ဖြင့် လိုအပ်သည်များကို ပံ့ပိုးပေးမှာဖြစ်ကြောင်းနှင့် သီးနှံပေါ်ချိန်ဈေးနှုန်းအာမခံစနစ်ဖြင့် ဝယ်ယူပြီး ပိုလျှံစပါးများကိုလည်း အပ်နှံထားကာ ဈေးအမြင့်ဆုံးအချိန်ရောက်မှသာ ရောင်းချနိုင်ကြောင်း ဇရာပုသိမ်ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာဦးဝင်းမြင့်လှိုင်က ဆွေးနွေးပြောကြားပါသည်။

ပုသိမ်ခရိုင်၊ ငပုတောမြို့နယ် အားကစားခန်းမတွင် ဇရာပုသိမ်ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းမြင့်လှိုင်နှင့် အဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး၊ ခရိုင်ဦးစီးမှူးများလိုက်ပါလျက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ စိုက်တိုးမြှင့် အဖွဲ့ဝင်များ၊ စီးပွားရေးအသင်းအဖွဲ့မှ တာဝန်ရှိသူများ၊ ဆန်စက်ပိုင်ရှင်များ၊ ဒေသခံတောင်သူများအပါအဝင် စုစုပေါင်း ၃၁၆ ဦး အား စက်တင်ဘာ ၁၅ ရက်နေ့တွင် သွားရောက်တွေ့ဆုံ၍ ငပုတောမြို့နယ် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကန်ထရိုက်လယ်ယာစနစ် ဖော်ဆောင်နိုင်ရေးအတွက် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြင့်နိုင်ထွန်း၊ မင်းမင်းဦး (ပုသိမ်)**

---

# ခရမ်းချဉ်သီးစိုက် တောင်သူများ ဈေးကောင်းရရှိ

ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ် အညာကျေးလက်ဒေသများတွင် မြေယာစိုက်ပျိုးရေး လုပ်ငန်းများဖြင့် တွဲဖက်ကာ တစ်ပိုင်တစ်နိုင် မိသားစုဝင်ငွေရအောင် ပင်ထောင်ခရမ်းချဉ်သီးများ စိုက်ပျိုးသည့်တောင်သူများ ယခုနှစ်တွင် ဈေးကောင်းရရှိနေပါတယ်။ တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀ မှ ၁၃၀၀ ကျော်ခန့်ဖြင့် နေ့စဉ်ရောင်းချနေရသဖြင့် စိုက်ပျိုးရောင်းချသူများ အဆင်ပြေလျက်ရှိကြောင်း တောင်သူများထံမှ သိရပါတယ်။ စိုက်ပျိုးရာသီက မိုးဦးနဲ့ မိုးနှောင်းကာလတွေမှာ စိုက်ပျိုးပါတယ်။ မိုးဦးမိုးနဲ့ စိုက်ပျိုးတဲ့ခရမ်းချဉ်သီးကတော့ မိုးရွာသွန်းမှုများလျှင် အပျက်အစီးများပါတယ်။ မိုးနှောင်းကာလမှာ စိုက်ပျိုးတဲ့ ခရမ်းချဉ်သီးကတော့ ထိခိုက်ပျက်စီးမှုနည်းပါတယ်။ ယခုနှစ် ခရမ်းချဉ်သီးစိုက်ပျိုးတဲ့ တောင်သူများအနေဖြင့် ဆွတ်ခူးရောင်းချစဉ်မှာပင် ဈေးကောင်းရရှိနေပါတယ်။ လွယ်ကူစွာ ချက်ပြုတ်စားသောက်လို့ရတဲ့ စားသောက်ဖွယ်ရာ



ဟင်းလျာတစ်မျိုးဖြစ်တာကြောင့် ဝယ်ယူစားသုံးမှုများလို့လက်လီလည်း ရောင်းကောင်းပါတယ်။ ဒါကြောင့် ဒီနှစ် ခရမ်းချဉ်သီးစိုက်ပျိုးရောင်းချတဲ့ တောင်သူများနေ့စဉ် မိသားစုအပိုဝင်ငွေရရှိလို့ အဆင်ပြေလျက်ရှိကြောင်း သိရပါတယ်။

**မိုးမိုးမြင့်(ယင်းမာပင်)**

---

## မကွေးမြို့တွင် From Farm To Fork Food Safety စီမံချက်အား FDA က ဦးဆောင်၍ မိတ်ဆက်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်

မကွေးတိုင်းဒေသကြီးအတွင်း From Farm To Fork Food Safety စီမံချက်အား FDA ကဦးဆောင်၍ မိတ်ဖက်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၆ ရက်တွင် မကွေးမြို့ပေါ်ရှိ စိုးဆီစက်၊ တန် ၃၀ ဆီစက်၊ အမေထွားဆီစက်တို့အားလည်းကောင်း၊ စက်တင်ဘာ ၁၇ ရက်တွင် မြို့မဈေး၊ ရန်ပယ်ဈေးတို့ရှိ ဈေးဆိုင်များအားလည်းကောင်း ကွင်းဆင်းစစ်ဆေးခဲ့သည်။

ယင်းကဲ့သို့ စစ်ဆေးခဲ့ရာတွင် ကုန်ပစ္စည်းနမူနာများနှင့် ကုန်ချောပစ္စည်းများအား နမူနာ ကောက်ယူခဲ့ပြီး Mobile Lab ဖြင့် ဓာတ်ခွဲစစ်ဆေးခဲ့ကာ အာဖလာတောက်စင်မှုပါဝင်မှုရှိ၊ မရှိ၊ ပိုးသတ်ဆေးဓာတ်ကြွင်းကျန်မှု ရှိ/မရှိနှင့် ဆိုးဆေးပါဝင်မှု ရှိ/မရှိ စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**စန္ဒာစိုးလွင် (မကွေး)**

# JobNet Banking and Finance Career Conference 2017 တွင် မြန်မာနိုင်ငံ၏ငွေရေးကြေးရေး စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များကို ကျွမ်းကျင်သူများက ဟောပြောမည်

မြန်မာနိုင်ငံ၏ ငွေကြေးပိုင်းဆိုင်ရာတွင် ပရော်ဖက်ရှင်နယ်များ လိုအပ်နေမှုကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် JobNet Banking and Finance Career Conference 2017 ကို ကျင်းပခြင်းဖြစ်ပြီး စက်တင်ဘာ ၂၄ ရက်နေ့တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဟောပြောပွဲတွင် မြန်မာနိုင်ငံ၏ ငွေရေးကြေးရေး ကိစ္စရပ်များကို ကျွမ်းကျင်သူများက တက်ရောက်ဟောပြောမည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာသည့်အပြင် အရှိန်အဟုန်ဖြင့် တိုးတက်လာသော ဘဏ်လုပ်ငန်းစနစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် လက်ရှိကြုံတွေ့နေရသော အခက်အခဲများကို ဖြေရှင်းနိုင်စေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"ဘဏ်လုပ်ငန်းတွေ၊ ငွေရေးကြေးရေးလုပ်ငန်းတွေဟာ နိုင်ငံအတွက် တကယ်ကို အရေးကြီးတဲ့ကဏ္ဍမှာ ပါဝင်ပါတယ်။ အဲဒါကြောင့် နိုင်ငံ့စီးပွားရေးကို တစ်ဖက်တစ်လမ်းကနေ အထောက်အကူပြုနိုင်ဖို့အတွက် ဒီလို JobNet Banking and Finance Career Conference 2017 ကို ပြုလုပ်တာပါ။ ကျွန်တော်တို့အနေနဲ့ မြန်မာ့စီးပွားရေးကဏ္ဍကို အထောက်အကူပြုနိုင်မယ့်ပွဲတွေကို အမြဲလုပ်ပေးနေမှာပါ။" ဟု JobNet.com.mm မှ မန်နေဂျင်းဒါရိုက်တာ Matt De Luca ကပြောသည်။

အဆိုပါ Conference တွင် မြန်မာနိုင်ငံစာရင်းကိုင်အသင်း၊ Myanmar Institute of Finance နှင့် Win Thin & Associates တို့မှ ငွေရေးကြေးရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက လာရောက်ဟောပြောပေးမည်ဖြစ်ပြီး သိလိုသည်များကိုလည်း ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

“ဒီပွဲက တကယ်ကိုအကျိုးရှိမယ့်ပွဲတစ်ပွဲပါပဲ။ ဟောပြောမယ့် ခေါင်းစဉ်တွေကလည်း ငွေရေးကြေးရေးကဏ္ဍအတွက် စိတ်ဝင်စားစရာခေါင်းစဉ်တွေပါ။ လူငယ်တွေအနေနဲ့လည်း ကိုယ့်နယ်ပယ်မှာ ဘာတွေပြင်ဆင်ရမလဲဆိုတာ သိနိုင်သလို စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့လည်း ပိုစိတ်ဝင်စားစရာ ကောင်းတာတွေကို နားထောင်ရမှာပါ”ဟု မြန်မာနိုင်ငံ စာရင်းကိုင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးစိုးထွန်းက ပြောသည်။

အဆိုပါပွဲတွင် မြန်မာ့ဘဏ်လုပ်ငန်းဆိုင်ရာ အခြေအနေများအတွက် အမြင်များမျှဝေခြင်း၊ အခြားသော အကြောင်းအရာများနှင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးလာသော အာမခံလုပ်ငန်းကဏ္ဍ၏ အလုပ်အကိုင် အခွင့်အလမ်းများ အကြောင်းကို ကဏ္ဍအလိုက် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

## သိန်း၃၀၀ တန်ဖိုးရှိ လေဆာကံစမ်းမဲ အစီအစဉ်မှ ပထမဆုံးကံထူးသူ ၃၀ ဦး ထွက်ပေါ်

မြန်မာနိုင်ငံ၏ ထိပ်တန်းသွားတိုက် ဆေးအမှတ်တံဆိပ်ဖြစ်သော လေဆာ သွားတိုက်ဆေး၏ သိန်း ၃၀၀ တန် ကံစမ်းမဲအစီအစဉ်တွင် ပထမဆုံး ကံထူးသူ ၃၀ ဦးပေါ် ထွက်လာခဲ့ကြောင်း သိရသည်။

လေဆာအနေဖြင့် သိန်း ၃၀၀ ကျော်တန်ဖိုးရှိ ဆိုလာပြားပေါင်း ၁၂၀ ကို မြန်မာနိုင်ငံတစ်ဝန်းရှိ ဝေးလံခေါင်ဖျား၍ လျှပ်စစ်မီးရရှိမှုနည်းသော ကျေးလက်ဒေသများသို့ ကံစမ်းမဲစနစ်ဖြင့် မဲဖောက်ပေးရန် ရည်ရွယ်၍ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါကံထူးသူများမှာလည်း ဖွံ့ဖြိုးတိုးတက်မှုအားနည်းသည့် ဒေသများဖြစ်သော ဇီးကုန်း၊ လှည်းကူး၊ ခရမ်း သုံးခွ၊ မုံရွာမြို့နယ်နှင့် မလွှပင်ကျေးရွာတို့မှ ဖြစ်ကြောင်း သိရသည်။

"ဒီအစီအစဉ်ကနေ မြန်မာ့ကျေးလက်နေဒေသများနဲ့ ဝေးလံခေါင်ဖျားတဲ့ အရပ်ဒေသက ပြည်သူတွေရဲ့ လူနေမှုအဆင့်အတန်းကို မြှင့်တင်တဲ့နေရာမှာ အထောက်အပံ့ဖြစ်မယ်လို့ ယုံကြည်ပါတယ်။ ညဘက် အလင်းရောင်ဆိုတာက ကလေးတွေ စာလေ့လာနိုင်ဖို့၊ အစားအစာတွေ ချက်ပြုတ်ဖို့နဲ့ လုပ်ငန်းစီးပွားတွေအတွက် မရှိမဖြစ် လိုအပ်ပါတယ်။ ဒီအစီအစဉ်ကို မြန်မာနိုင်ငံတစ်ဝန်းလုံးကို ဖြန့်ကြက်သွားမှာဖြစ်လို့ အနယ်နယ်အရပ်ရပ်က ဝယ်ယူသူတွေလည်း ပါဝင်နိုင်ပါတယ်။ ကံစမ်းမဲကာလအချိန် ကျန်သေးတဲ့အတွက် မီးအလင်းရောင်ရဖို့ အခွင့်အရေးကို လက်မလွှတ်ဘဲ အရယူကြဖို့ ပြောချင်ပါတယ်” ဟု Colgate- Palmolive အင်ဒိုချိုင်းနား၏ အထွေထွေမန်နေဂျာဖြစ်သူ Mr. Kunal Chada က ပြောသည်။

ကံစမ်းမဲကာလမှာ ဩဂုတ်လ ၁ ရက်မှ အောက်တိုဘာလ ၃၁ ရက်အထိ ဖြစ်ပြီး ကံထူးသူများကိုလည်း အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ညနေ ၄ နာရီမှ ၅ နာရီအတွင်း ပတ္တမြား FM မှ တစ်ဆင့် ကြေညာပေးလျက်ရှိကြောင်း သိရသည်။

## ပြည်တွင်း၌ စတင်မိတ်ဆက်သည့် Vaseline အမှတ်တံဆိပ်၏ သံတမန်အဖြစ် သရုပ်ဆောင် မင်းသမီးအေးမြတ်သူကို ခန့်အပ်




ကမ္ဘာ့နံပါတ် (၁) Hand and Body Care Lotion အမှတ်တံဆိပ်တစ်ခုဖြစ်သော Vaseline ကို စက်တင်ဘာ ၂၂ ရက်တွင် ဆူးလေရှန်ဂရီလာဟိုတယ်၌ စတင် မိတ်ဆက်ခဲ့သည်။

မြန်မာပြည်ဈေးကွက်အတွင်းသို့ တရားဝင် မိတ်ဆက်လိုက်သည့်နေ့မှာပင် အမှတ်တံဆိပ်သံတမန်အဖြစ်ကိုလည်း သရုပ်ဆောင်မင်းသမီး အေးမြတ်သူကို ခန့်အပ်ခဲ့ကြောင်း သိရသည်။

ဈေးကွက်အတွင်း ရရှိနိုင်ပြီဖြစ်သော Vaseline Body Lotion များတွင် Vitamin B3 နှင့် နေရောင်ခြည်ဒဏ်ကို သုံးဆအထိ ကာကွယ်ပေးသော Sunscreen ပါဝင်သောကြောင့် အသားအရေခြောက်သွေ့ခြင်း၊ နေလောင်ခြင်းတို့မှ ကာကွယ်ပေးနိုင်သည့်အပြင် အသားအရေ၏ အတွင်းပိုင်းအထိ အစိုဓာတ်ကို သုံးဆထိန်းပေးနိုင်ကြောင်း သိရသည်။

“ကျွန်မက Vaseline Body Lotion ကိုသုံးတာ တော်တော်ကြာပါပြီ။ အပြင်မှာ အမြဲလှုပ်ရှားသွားလာနေရတဲ့ အတွက် တစ်နေ့ကိုနှစ်ကြိမ်လိမ်းပါတယ်။ Vaseline Lotion ကိုကြိုက်ရတဲ့အကြောင်းအရင်းအများကြီးရှိပေမယ့် အသားပေါ်လိမ်းလိုက်တာနဲ့ အရေပြားထဲ စိမ့်ဝင်သွားပြီး စေးကပ်မှုမရှိတာကို ပိုကြိုက်ပါတယ်” ဟု သရုပ်ဆောင် မင်းသမီး အေးမြတ်သူက ပြောသည်။

အဆိုပါအလှကုန်များမှာ ဆေးဝါးထောက်ခံချက်ရရှိထားသော Vaseline Intensive Care Deep Restore Lotion တို့ဖြစ်ပြီး ပျက်စီးနေသော အသားအရေများကို ပြန်လည်ကောင်းမွန်စေသည့် Petroleum Jelly ကိုလည်း ရရှိနိုင်မည်ဖြစ်သည်။

“လူတိုင်းက မျက်နှာအသားအရေ အလှအပအတွက် နေ့စဉ်ဂရုစိုက်ကြပေမယ့် ခန္ဓာကိုယ်အသားအရေကို ဂရုစိုက်ဖို့ကို မေ့လျော့နေတတ်ကြပါတယ်။ မျက်နှာနဲ့ ခန္ဓာကိုယ် အသားအရောင်တစ်ပြေးညီဖြစ်ပြီး သဘာဝအတိုင်း ဝင်းပဖို့ဆိုရင် အသားအရေကို ကျန်းမာအောင် ကုသပေးခြင်းက အဓိကကျပါတယ်။ မြန်မာနိုင်ငံက လူတွေကိုလည်း ခန္ဓာကိုယ်အသားအရေရဲ့ ကျန်းမာရေးအတွက် စစ်မှန်တဲ့အသားအရေထိန်းသိမ်းမှုပစ္စည်းတွေသုံးကြဖို့ မျှော်လင့်ပါတယ်”ဟု Unilever Myanmar မှ Senior Brand Manager ဖြစ်သူ ဒေါ်တင်မျိုးဆက်က ပြောသည်။

Vaseline Lotion များအားလုံးတွင် အသားအရေအတွင်းပိုင်းအထိ ပြန်လည်ကုသပေးနိုင်သည့် Vaseline ဂျယ်လီအရည်စက်လေးများ ထည့်သွင်းထားပြီး ခြောက်သွေ့သော အသားအရေနှင့် ပျက်စီးသော အသားအရေများကို ကုသရာတွင် ရလဒ်ကောင်းများ ရရှိထားကြောင်း သိရသည်။

## စတုတ္ထအကြိမ်မြောက် နိုင်ငံတကာဆိုင်ရာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးမွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာပြပွဲ ကျင်းပမည်

ဗီယက်နမ်အခြေစိုက် Minh Vi Exhibition and Advertisement Servises Co.,Ltd(VEAS) မှ ကြီးမှူးကျင်းပသော ‘စတုတ္ထအကြိမ်မြောက် နိုင်ငံတကာဆိုင်ရာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးမွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာပြပွဲကြီး’ကို စက်တင်ဘာလ ၂၇ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲကြီးတွင် ပြည်တွင်းမှ ကုမ္ပဏီများအပြင် USA, Germany, Taiwan, Singapore, Malaysai, Korea နှင့် မြန်မာအစရှိသော နိုင်ငံပေါင်း ၁၅ နိုင်ငံမှ နာမည်ရကုမ္ပဏီကြီးများမှ ပြခန်းပေါင်း ၆၀ ကျော်ခန့်ဖြင့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် နိုင်ငံတကာနှင့် ပြည်တွင်းမှ စိုက်ပျိုးရေးနှင့် မွေးမြူရေးအတတ်ပညာရှင်များ၊ ငါးမွေးမြူရေးနှင့် ရေလုပ်ငန်းမှပညာရှင်များ၊ ကုမ္ပဏီများမှ လုပ်ငန်းရှင်ကြီးများက တိုးတက်ပြောင်းလဲလျက်ရှိသော သက်ဆိုင်ရာနယ်ပယ်အသီးသီးအလိုက် နည်းပညာများကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာတွင် နာမည်ရသော ကုမ္ပဏီများမှလည်း ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး အစရှိသည့် စိုက်ပျိုးရေးဆိုင်ရာဝန်ဆောင်မှု ကုမ္ပဏီများ၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဆိုင်ရာ ဆေးဝါး ထုတ်လုပ်သူများ၊ မွေးမြူရေးအထောက်အကူပြုပစ္စည်းများ၊ နည်းပညာများ၊ ငါးမွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ မွေးမြူရေးကဏ္ဍ တင်ပို့/တင်သွင်း ရောင်းချမှု၊ အအေးခန်းသိုလှောင်ထားရှိမှု၊ ထုတ်ပိုးရောင်းချမှု စသည့် နည်းပညာပိုင်းများနှင့် ပတ်သက်၍လည်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲကို ရန်ကုန်မြို့အထက် ပန်းဆိုးတန်းလမ်းရှိ Rose Garden Hotel တွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး မနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာမှ ကုမ္ပဏီများအနေ ဖြင့်လည်း ကုန်ပစ္စည်းခင်းကျင်းပြသနိုင်သလို ပြပွဲလာရောက်လေ့လာသူ မြို့တွင်းနှင့် နယ်ဝေးမှ လုပ်ငန်းရှင်များအနေဖြင့်လည်း လေ့လာခြင်း၊ ရောင်းချခြင်းတို့ပြုလုပ်နိုင်ကြောင်း သိရသည်။ ထို့ပြင် ပြပွဲအတွင်း ပြသသူအချင်းချင်း B2B matching program များကို စိတ်ဝင်စားသူများအား ဝန်ဆောင်ခပေးရန်မလိုဘဲ အခမဲ့စီစဉ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ချောစု စုစည်းတင်ပြသည်။

# "Corporate Market Diversification Strategies" ခေါင်းစဉ်ဖြင့် ဒေါက်တာအောင်ထွန်းသက် ဟောပြော

‘Corporate Market Diversification Strategies’ခေါင်းစဉ်ဖြင့် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က စက်တင်ဘာ ၂၃ ရက်တွင် ရန်ကုန်မြို့ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ညီလာခံခန်းမ၌ ဟောပြောခဲ့ကြောင်း သတင်းရရှိသည်။




အဆိုပါဟောပြောပွဲတွင် စီးပွားရေးလုပ်ငန်းလောကအတွင်း Marketing နှင့်ပတ်သက်သော အသိပညာများ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ ဈေးကွက်တွင်းထိုးဖောက်ဝင်ရောက်နိုင်ရေးအတွက် နည်းဗျူဟာများကို ဒေါက်တာအောင်ထွန်းသက်က ဟောပြောခဲ့သည်။

“ဆရာတို့အနေနဲ့ Diversification လုပ်ပါလို့ တိုက်တွန်းတယ်။ တိုက်တွန်းတဲ့အခါမှာလည်း ပစ္စည်းတစ်ခုတည်းကို ဖောက်သည်တစ်ဦးတည်း ရောင်းရင် Risk များတယ်။ ပစ္စည်းများများကို ဖောက်သည် အများကြီးဆီ ရောင်းတာက Risk နည်းမယ်။ သာမန် အားဖြင့် အဲဒီလိုပဲပြောကြတယ်။ တချို့လူတွေက Diversificationကို အဖြေတစ်ခုအနေနဲ့ မြင်ကြတယ်။ လတ်တလောမှာရှိနေတဲ့ အကျပ်အတည်းတွေအားလုံးကို Diversify လုပ်လိုက်ရင် ပြီးမယ်လို့ထင်တာကို ဆရာက စိတ်ပူတယ်။ Diversificationလုပ်ရင် Risk ရှိတယ်။ ဘာလဲဆိုတော့ ပစ္စည်းအသစ်တွေ ထုတ်ရမယ်။ အိုင်ဒီယာတစ်ခုရှိပေမယ့် ဒီအိုင်ဒီယာကို Market ထဲရောက်ဖို့က အချိန်တော်တော်ယူရမယ်။ ပစ္စည်းအသစ်ကို ထုတ်ဖို့ လုပ်ရသလို တစ်ဖက် ဈေးကွက်သစ်ကလည်း ကိုယ်မရင်းနှီးတဲ့ ဈေးကွက်ကို သိအောင်လုပ်ရမယ်။ ဒါကို ဂဃနဏ အစီအစဉ်မလုပ်နိုင်ရင် အခက်အခဲရှိပါတယ်” ဟု ဒေါက်တာ အောင်ထွန်းသက်က ပြောကြားသည်။

Diversification မဟာဗျူဟာအပြင် အခြား Corporater, Market, Strategies သုံးခုဖြင့်လည်း မိမိနိုင်ငံ၊ မိမိကုမ္ပဏီအခြေအနေကို သုံးသပ်ပြီး ကိုက်ညီအောင် စဉ်းစားလုပ်ကိုင်စေချင်ကြောင်း ဒေါက်တာအောင်ထွန်းသက်က ဆက်လက်ပြောကြားသည်။

ထို့နောက် တက်ရောက်လာသော စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သွယ်မှုသင်တန်းကျောင်းမှ သင်တန်းသူ သင်တန်းသားများက အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုသင်တန်းကျောင်းမှ ဖွင့်လှစ်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုသင်တန်းများမှသင်တန်းသားများ စီးပွားရေးဆိုင်ရာ ဗဟုသုတများရရှိစေရန် ရည်ရွယ်၍ ပြုလုပ်ပေးခြင်း ဖြစ်ကြောင်း သိရသည်။

# မျက်နှာပြင်ခြောက်လက်မကျော်ရှိ Samsung Galaxy Note 8 ကို ပြည်တွင်းဈေးကွက်တွင် စတင်မိတ်ဆက်

ဖုန်းမျက်နှာပြင်အရွယ်အစား ခြောက်လက်မကျော်ဖြင့် ဖန်တီးထားသော Samsung Galaxy Note 8 ကို အောက်တိုဘာ ၆ရက်မှစတင်၍ ပြည်တွင်းဈေးကွက်တွင် စတင်ဝယ်ယူနိုင်မည်ဖြစ်ကြောင်း Samsung Myanmarကုမ္ပဏီမှ သတင်းရရှိ သည်။

ယခု ထပ်မံမိတ်ဆက်လိုက်သော Samsung Galaxy Note 8တွင် ၆ ဒသမ ၃ လက်မအရွယ်အစားရှိ Quad HD+ Super AMOLED Infinity မျက်နှာပြင်ပါရှိပြီး ဗီဒီယိုများကြည့်ရှုရာတွင်ဖြစ်စေ၊ စာဖတ်ရာတွင်ဖြစ်စေ၊ ပုံဆွဲရာတွင်ဖြစ်စေ လွယ်ကူစွာအသုံးပြုနိုင်ရန်ဖန်တီးထားကြောင်း သိရသည်။

ထို့ပြင် အဆင့်မြှင့်တင်ထားသော S Pen ဖြင့် ဖုန်းအတွင်းစာရေးသားရန်၊ ပုံဆွဲရန်အသုံးပြုနိုင်သလို နိုင်ငံရပ်ခြားသို့ သွားရောက်လည်ပတ်သည်ဖြစ်စေ၊ နိုင်ငံခြားဘာသာစကားဖြင့် ရေးသားထားသည့် ဝက်ဘ်ဆိုက်သို့ဝင်ရောက်သည်ဖြစ်စေ အဆင့်မြှင့်တင်ထားသော S pen Translateလုပ်ဆောင်ချက်ဖြင့် ဘာသာစကား ၇၁ မျိုးထိ ဘာသာပြန်ပေးနိုင်မည်ဖြစ်ပြီး နိုင်ငံခြားငွေကြေးစနစ်များကိုလည်း ပြောင်းလဲပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

စမတ်ဖုန်းကင်မရာအဖြစ် Optical Image Stabilization(OIS) နှင့် အတူ 12MP အနောက်ကင်မရာနှစ်လုံး ပါဝင်မည်ဖြစ်ကြောင်း၊ ဖုန်းတွင်း မှတ်ဉာဏ်အဖြစ် 6 GB RAM ၊ 64GB Storage + micro SD slot (256GB)အထိ သုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

“အဆုံးအစမဲ့မျက်နှာပြင်ကစပြီး အရည်အသွေးမြှင့်တင်ထားတဲ့ S Pen နဲ့အတူ စွမ်းဆောင်ရည်မြင့်ကင်မရာတွေ ပါဝင်တာကြောင့် Note 8က သုံးစွဲသူတွေအနေနဲ့ မဖြစ်နိုင်ဘူးလို့ ထင်ထားတာတွေကို စွမ်းဆောင်ပေးသွားမှာဖြစ်ပါတယ်” ဟု Samsung Myanmar ၏ Head of IT and Mobile ကိုဇာနည်ဝင်းထက်က ပြောသည်။




မြန်မာနိုင်ငံတွင် Samsung Galaxy Note 8 အား မြန်မာကျပ်ငွေ ၁,၂၇၀,၀၀၀ဖြင့် အနက်ရောင်၊ ရွှေရောင်၊ မီးခိုးရောင် စသဖြင့် ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်ပြီး Samsung Galaxy Note 8 မိတ်ဆက်ခြင်းအထိမ်းအမှတ်အဖြစ် တယ်လီနောမြန်မာနှင့် ပူးပေါင်း၍ လစဉ်ဖုန်းငွေ ၁၀၀၀၀ ကျပ်ဖြည့်သွင်းပါက အင်တာနက်လက်ဆောင် 5GB ကိုခြောက်လဆက်တိုက် ရရှိမည်ဖြစ်ကြောင်း သိရသည်။

Samsung မှ ပထမဦးဆုံး Note Series ကို ၂၀၁၁ ခုနှစ်တွင် စတင်မိတ်ဆက်ခဲ့သည်။

# YPS တင်ဒါအတွက် နိုင်ငံတကာကုမ္ပဏီကြီးများအပြင် SME ကုမ္ပဏီများကိုပါ ဖိတ်ခေါ်

ရန်ကုန်မြို့တွင်းပြေးဆွဲနေသည့် YBSဘတ်စ်ကားများတွင် ကတ်စနစ်ဖြင့် ငွေပေးချေနိုင်မည့် Yangon Payment System တင်ဒါအတွက် နိုင်ငံတကာကုမ္ပဏီကြီးများသာမက အသေးစားအလတ်စား ကုမ္ပဏီများကိုပါ ဖိတ်ခေါ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

Yangon Payment System တင်ဒါအတွက် စိတ်ဝင်စားသည့် ကုမ္ပဏီများနှင့် အစည်းအဝေးကို နှစ်ကြိမ်ပြုလုပ်ခဲ့ပြီး နည်းပညာပိုင်းနှင့်စပ်လျဉ်း၍ စိတ်ဝင်တစား ဆွေးနွေးခြင်းများရှိခဲ့ကြောင်း သိရသည်။

“ရန်ကုန်တိုင်းဒေသကြီးအစိုးရပိုင် Back Up System ကြီးတစ်ခု ရှိထားပြီးလို့ လာရောက်ပူးပေါင်းကြတဲ့ လူတွေထဲမှာ တကယ့်နိုင်ငံတကာကုမ္ပဏီကြီးတွေကလည်း သူတို့မှာ အကုန်လုံး အစအဆုံးလုပ်ထားတာနဲ့ဝင်ချင်ပါတယ်ဆိုပြီး အကြောင်းကြားတာတွေ တအားဝင်လာပါတယ်။ ဝင်လာတဲ့အခါကျတော့ ကျွန်မတို့ တင်ဒါကော်မတီက ဝန်ကြီးချုပ်ဆီ တင်ပြပါတယ်။ ဝန်ကြီးချုပ်ရဲ့ မူဝါဒကလည်း All Inclusive ပေါ့။ ရှိသမျှ စီးပွားရေးလုပ်ငန်းရှင်အားလုံး၊ နိုင်ငံတကာ စီးပွားရေးလုပ်ငန်းရှင်ရော၊ ပြည်တွင်း အလယ်အလတ်စီးပွားရေးလုပ်ငန်းရှင်ရော ဝင်လို့ရတဲ့ Model မျိုးကို ဝန်ကြီးချုပ်က ဖြစ်စေချင်တယ်။ အားလုံးပူးပေါင်းကြစေချင်တယ်။ အဲဒါကြောင့်မို့ EOI ကို နှစ်ပတ်နောက်ဆုတ်လိုက်ပြီးတော့ တတိယအကြိမ် ထပ်ခေါ်တာဖြစ်ပါတယ်။ တကယ့်နိုင်ငံတကာကကုမ္ပဏီတွေ Complete Solution နဲ့ လာရောက်ယှဉ်ပြိုင်လိုတယ်ဆိုလည်း ကြိုဆိုတယ်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရပိုင်စနစ်မှာကိုမှ လာပြီးတော့ ချိတ်ဆက်လုပ်ဆောင်မယ့် အသေးစား အလတ်စား ကုမ္ပဏီသေးသေးလေးတွေအတွက်လည်း ကြိုဆိုတယ်ဆိုတဲ့ဟာကို ဒီနေ့ရှင်းပြတာဖြစ်ပါတယ်။ Business Model နည်းနည်းပြောင်းသွားတာပါ”ဟု ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ကရင်တိုင်းရင်းသားရေးရာ ဝန်ကြီး နော်ပန်းသဥ္ဇာမျိုးက စက်တင်ဘာ ၁၉ရက်က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် ပြုလုပ်သည့် တတိယအကြိမ် Yangon Payment System နှင့် ပတ်သက်သည့် ကုမ္ပဏီများနှင့် ဆွေးနွေးပွဲတွင်ပြောကြားသည်။

Yangon Payment System တင်ဒါ(ပထမအဆင့်)အဆိုပြုလွှာများကို စက်တင်ဘာ ၂၉ ရက်နောက်ဆုံးထား၍ လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

# အူရီဒူးမြန်မာ၏ M-ပိုက်ဆံ အွန်လိုင်း ငွေလွှဲဝန်ဆောင်မှု အူရီဒူး သုံးစွဲသူများ ရရှိနိုင်ပြီဟုဆို

အူရီဒူးမြန်မာမှ M-ပိုက်ဆံအွန်လိုင်းငွေလွှဲဝန်ဆောင်မှုကို အူရီဒူးဆက်သွယ်ရေး ဝန်ဆောင်မှု သုံးစွဲသူများရရှိနိုင်ပြီဖြစ်ကြောင်း အူရီဒူးမြန်မာမှ သတင်းရရှိသည်။

“ အူရီဒူးက M-ပိုက်ဆံဆိုတဲ့ လုံခြုံစိတ်ချရမှုရှိရှိနဲ့ ငွေလွှဲပေးနိုင်တဲ့နည်းလမ်းကောင်းနဲ့အတူ မြန်မာပြည်သူတွေကို ဝန်ဆောင်မှုပေးသွားပါမယ်။ငွေလွှဲဖို့အတွက် ဘဏ်ကိုသွားပြီး အချိန်အကြာကြီးစောင့်နေရတာမျိုး မလိုတော့ဘဲ မိမိနေအိမ်မှာပဲ ဘယ်အချိန်မဆို ပိုက်ဆံလွှဲပေးနိုင်မယ်။ ဒါတင်မကဘဲ M-ပိုက်ဆံက CBဘဏ်နဲ့ တိုက်ရိုက်ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်တာကြောင့် ဘဏ်စာရင်းနဲ့ မိုဘိုင်းပိုက်ဆံအကြား အချိန်နဲ့ တစ်ပြေးညီငွေလွှဲပြောင်းပေးပို့ခြင်းကို ပြုလုပ်ပေးနိုင်မှာ ဖြစ်ပါတယ်” ဟု အူရီဒူးမြန်မာ၏ Acting CEO Mr. Vikram Sinha က ပြောသည်။

မိုဘိုင်း ငွေကြေးဝန်ဆောင်မှုသည် သုံးစွဲသူများအား မူလငွေစက္ကူတန်ဖိုးအတိုင်း ငွေသားကို အီလက်ထရောနစ် ပိုက်ဆံအဖြစ် မြန်မာနိုင်ငံတစ်ဝန်းရှိ M-ပိုက်ဆံကိုယ်စားလှယ်များထံတွင် ပြောင်းလဲကာ မိမိတို့၏ မိုဘိုင်းဖုန်းထဲတွင် စုဆောင်းနိုင်မည်ဖြစ်ပြီး မိသားစုနှင့် သူငယ်ချင်းများထံသို့ ငွေလွှဲခြင်း၊ အချိန်မရွေး ဖုန်းငွေဖြည့်နိုင်ခြင်း စသည့်တို့ကို လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

“ ပိုက်ဆံကို မည်သည့်မိုဘိုင်းဖုန်းနံပါတ်ကိုမဆို လွှဲပြောင်းပေးနိုင်မှာ ဖြစ်လို့ နီးစပ်ရာ M-ပိုက်ဆံအေးဂျင့်တွေဆီမှာ ငွေသားထုတ်ယူနိုင်မှာ ဖြစ်ပါတယ်။ အူရီဒူးအနေနဲ့လည်း ဈေးကွက်အတွင်းမှာ မိုဘိုင်းငွေကြေးဝန်ဆောင်မှု ပေးနိုင်ဖို့အတွက် အခြေခံပြင်ဆင်မှုတွေကို ပြီးခဲ့တဲ့နှစ်ကစပြီး ဆောင်ရွက်ခဲ့တာပါ” ဟု Mr.Vikram Sinha က ဆက်လက်ပြောကြားသည်။ M-ပိုက်ဆံ Application ကို *999#သို့ခေါ်ဆိုစာရင်းသွင်းပြီး ဒေါင်းလုတ်ရယူနိုင်ကြောင်း သိရသည်။

၂၀၁၃ ခုနှစ်တွင် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လိုင်စင်ခွင့်ပြုချက်ရရှိခဲ့သော အူရီဒူးမြန်မာသည် ၂၀၁၄ ခုနှစ် ဩဂုတ်လမှ စတင်ကာ ဆက်သွယ်ရေးဝန်ဆောင်မှုများကို စတင်ပေးအပ်ခဲ့ပြီး ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းတွင် သုံးစွဲသူများကို 3G/4Gဝန်ဆောင်မှုများ ပေးနေကြောင်း သိရသည်။

သန်းထိုက်အောင်
စုစည်းတင်ပြသည်။



## မြို့ကြီးများ၏ ၂၅-၉-၂၀၁၇ မှ ၂၉-၉-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၅-၉-၂၀၁၇) | အင်္ဂါ(၂၆-၉-၂၀၁၇) | ဗုဒ္ဓဟူး(၂၇-၉-၂၀၁၇) | ကြာသပတေး(၂၈-၉-၂၀၁၇) | သောကြာ(၂၉-၉-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | ၈၀% ၃၁°C/၈၈°F | ၇၀% ၃၂°C/၈၉°F | ၇၀% ၃၁°C/၈၇°F | ၆၀% ၃၀°C/၈၆°F | ၆၀% ၃၁°C/၈၈°F |
| ရန်ကုန်မြို့ | ၉၀% ၃၀°C/၈၆°F | ၆၀% ၂၉°C/၈၅°F | ၇၀% ၂၉°C/၈၄°F | ၆၀% ၃၀°C/၈၆°F | ၆၀% ၃၁°C/၈၈°F |
| မန္တလေးမြို့ | ၅၀% ၃၃°C/၉၂°F | ၈၀% ၃၃°C/၉၁°F | ၇၀% ၃၂°C/၈၉°F | ၄၀% ၃၁°C/၈၇°F | ၆၀% ၃၁°C/၈၈°F |
| မြစ်ကြီးနား | တိမ်အသင့်အတင့် ၂၉°C/၉၂°F | ၅၀% ၃၃°C/၉၂°F | တိမ်အသင့်အတင့် ၃၃°C/၉၂°F | ၆၀% ၃၀°C/၈၆°F | ၅၀% ၂၉°C/၈၄°F |
| လားရှိုး | တိမ်အသင့်အတင့် ၃၁°C/၈၇°F | တိမ်အသင့်အတင့် ၃၀°C/၈၆°F | ၆၀% ၂၉°C/၈၄°F | ၆၀% ၂၇°C/၈၁°F | ၆၀% ၂၇°C/၈၁°F |
| ကျိုင်းတုံ | ၆၀% ၃၀°C/၈၆°F | ၅၀% ၂၉°C/၈၄°F | ၄၀% ၂၈°C/၈၂°F | ၆၀% ၂၈°C/၈၃°F | ၅၀% ၂၉°C/၈၅°F |
| လွိုင်ကော် | ၆၀% ၂၈°C/၈၂°F | ၆၀% ၂၇°C/၈၀°F | ၈၀% ၂၄°C/၇၆°F | ၅၀% ၂၆°C/၇၈°F | ၆၀% ၂၇°C/၈၁°F |
| တောင်ကြီး | နေသာ ၂၉°C/၈၄°F | နေသာ ၂၈°C/၈၃°F | တိမ်အသင့်အတင့် ၁၉°C/၆၇°F | တိမ်အသင့်အတင့် ၁၉°C/၆၆°F | တိမ်အသင့်အတင့် ၂၇°C/၈၁°F |
| မော်လမြိုင် | ၇၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F | ၇၀% ၂၈°C/၈၃°F | ၆၀% ၃၀°C/၈၆°F | ၅၀% ၃၁°C/၈၈°F |
| ဘားအံ | ၈၀% ၃၁°C/၈၇°F | ၉၀% ၃၁°C/၈၇°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၃၁°C/၈၈°F | ၆၀% ၃၂°C/၈၉°F |
| ထားဝယ် | ၉၀% ၃၁°C/၈၈°F | ၇၀% ၂၉°C/၈၅°F | ၆၀% ၃၀°C/၈၆°F | ၆၀% ၃၀°C/၈၆°F | ၆၀% ၃၁°C/၈၈°F |
| မုံရွာ | ၇၀% ၃၃°C/၉၃°F | ၇၀% ၃၃°C/၉၂°F | ၇၀% ၃၂°C/၉၀°F | ၆၀% ၃၁°C/၈၈°F | ၆၀% ၃၁°C/၈၈°F |
| ပုသိမ် | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၀°C/၈၆°F | ၉၀% ၃၁°C/၈၇°F | ၆၀% ၃၀°C/၈၆°F | ၆၀% ၃၁°C/၈၈°F |
| မြိတ် | ၉၅% ၂၇°C/၈၁°F | ၇၀% ၂၇°C/၈၁°F | ၇၀% ၂၉°C/၈၄°F | ၆၀% ၂၈°C/၈၅°F | ၆၀% ၂၉°C/၈၅°F |
| စစ်တွေ | ၅၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F | ၇၀% ၃၀°C/၈၆°F | ၆၀% ၂၉°C/၈၄°F | ၆၀% ၂၉°C/၈၄°F |
| မကွေး | ၆၀% ၃၂°C/၉၂°F | ၇၀% ၂၉°C/၉၀°F | ၇၀% ၃၁°C/၈၇°F | ၆၀% ၃၂°C/၈၅°F | ၆၀% ၃၃°C/၈၈°F |
| ဖလမ်း | ၄၀% ၂၄°C/၇၆°F | ၄၀% ၂၄°C/၇၅°F | ၆၀% ၂၂°C/၇၂°F | ၆၀% ၂၁°C/၇၀°F | ၆၀% ၂၁°C/၇၀°F |



## မက္ကဆီကိုငလျင် သေဆုံးသူ ၂၉၃ ဦးအထိရှိလာ ရှာဖွေမှုများ ဆက်လက်လုပ်ဆောင်နေဆဲ

မက္ကဆီကိုနိုင်ငံ၏မြို့တော် မက္ကဆီကိုတွင် စက်တင်ဘာ ၁၉ ရက်က အင်အားရစ်ချ်တာစကေး ၇ ဒသမ ၁ အဆင့်ရှိ အင်အားပြင်းထန်သည့်ငလျင် တစ်ခုလှုပ်ခတ်ခဲ့ရာ မြို့တော် မက္ကဆီကိုစီးတီးတွင် နေအိမ်များ ပျက်စီးဆုံးရှုံးခဲ့ရပြီး သေဆုံးသူ ၂၉၃ ဦးအထိ ရှိလာပြီဖြစ်သည်။

ကယ်ဆယ်ရေးတပ်ဖွဲ့များအနေဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိရာ သေဆုံးသူဦးရေ တိုးလာနိုင်ကြောင်း နီကေးသတင်းတွင် ဖော်ပြထားသည်။ အဆိုပါငလျင်လှုပ်ခတ်မှုကြောင့် မြို့တော်မက္ကဆီကိုစီးတီးရှိ Enrique Rebsamen စာသင်ကျောင်းပြိုကျခဲ့ရာ ကျောင်းသား၊ ကျောင်းသူ ၂၀ ဦးကျော် သေဆုံးခဲ့ကြောင်း၊ အဆောက်အဦ၏ အပျက်အစီးများအောက်တွင် ကလေးငယ်များရှိနေသေးကြောင်း၊ အဆိုပါကလေးငယ်များမှာ အသက်ရှင်နေသေးသည် သို့မဟုတ် သေဆုံးနေသည်ကိုမူ အတည်မပြုနိုင်သေးပေ။

ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေစဉ်အတွင်း မြို့တော်မက္ကဆီကို၌ သတင်းအမှားထုတ်လွှင့်မှုများကြောင့် ကယ်ဆယ်ရေးသမားများ အခက်တွေ့နေရသည်ဟုဆိုသည်။

စက်တင်ဘာ ၂၉ ရက်က ကျောင်း၏အပျက်အစီးများအောက်မှ ကလေးငယ်နှစ်ဦးကို အသက်ရှင်လျက် ကယ်ဆယ်ရရှိခဲ့ပြီး အဆိုပါအပျက်အစီးများ၏အောက်တွင် ကလေးငယ်များ အများအပြား ရှိနေသေးသည်ဟုဆိုသည်။

ထို့ပြင် စက်တင်ဘာ ၇ ရက်က မက္ကဆီကိုနိုင်ငံတောင်ပိုင်းကမ်းခြေဒေသတွင် အင်အားရစ်ချ်တာစကေး ၈ ဒသမ ၁ အဆင့်ရှိ အင်အားပြင်းထန်သည့်ငလျင်လှုပ်ခတ်ခဲ့သေးသည်။

ယခုလှုပ်ခတ်ခဲ့သည့် ငလျင်သည် အင်အားရစ်ချ်တာစကေး ၇ ဒသမ ၁ အဆင့်ရှိသော်လည်း နိုင်ငံ၏မြို့တော်ဖြစ်သည့် မက္ကဆီကိုစီးတီးတွင် လှုပ်ခတ်ခဲ့သဖြင့် အသေအပျောက်များခဲ့ပြီး ပျက်စီးဆုံးရှုံးမှုလည်း များပြားခဲ့ရသည်။

မက္ကဆီကိုနိုင်ငံတွင် ၁၉၈၅ ခုနှစ် စက်တင်ဘာ ၁၉ ရက်ကလည်း အင်အားရစ်ချ်တာစကေး ၈ ရှိသည့် အင်အားပြင်းထန်သည့် ငလျင်လှုပ်ခတ်မှုကြောင့် လူပေါင်း ၉၅၀၀ ကျော် သေဆုံးခဲ့ရကာ ဆူနာမီလှိုင်းများ ဖြစ်ပေါ်ခဲ့သည်။ **မယ်သီတာ**

## အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းမှ မီးတောင်လှုပ်ရှားမှု ပိုမိုပြင်းထန်လာ၍ အမြင့်ဆုံးအဆင့်သတိပေးချက်ထုတ်ပြန်

အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီကျွန်းပေါ်ရှိ မီးတောင်သည် လှုပ်ရှားမှုပြင်းထန်လာ၍ အဆိုပါမီးတောင်အနီးတွင် နေထိုင်ကြသည့်ပြည်သူများအား အမြင့်ဆုံးအဆင့် သတိပေးချက်များထုတ်ပြန်ထားကြောင်း သည်နယူးစ်ထရိတ်တိုင်းမ်သတင်းတွင် ဖော်ပြထားသည်။

အဆိုပါမီးတောင်သည် ပြီးခဲ့သည့် ရက်သတ္တပတ်ကတည်းက လှုပ်ရှားနေခြင်းဖြစ်ပြီး စက်တင်ဘာ ၂၂ ရက်တွင် ပိုမိုလှုပ်ရှားလာခဲ့သဖြင့် အနီးအနားရှိကျေးရွာများမှ ဒေသခံများအား ရွှေ့ပြောင်းနေထိုင်ကြရန် နှိုးဆော်လျက်ရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။ အဆိုပါမီးတောင်သည် ဘာလီကျွန်း၏ အရှေ့ဘက်တွင်တည်ရှိပြီး Agung ဟု ခေါ်တွင်ကြောင်း သိရသည်။

"အဲဒီမီးတောင်ရဲ့လှုပ်ရှားမှုက တစ်နေ့တခြား ပိုပြီး ပြင်းထန်လာပါပြီ။ ဒါကြောင့် သတိပေးချက်အဆင့်ကိုလည်း အမြင့်ဆုံးအဆင့်အဖြစ် သတ်မှတ်ထားပါတယ်။ အနီးဝန်းကျင်က ရွာသားတွေကိုလည်း မီးတောင်နဲ့ဝေးရာကို ရွှေ့ပြောင်းဖို့ နှိုးဆော်ထားပါတယ်။ မီးတောင်ပေါက်ကွဲတဲ့အချိန်မှာ အဲဒီနေရာမှာ တစ်စုံတစ်ယောက်မှ ရှိမနေရင် ပိုကောင်းပါတယ်"ဟု သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးအေဂျင်စီမှ ဆူတိုပိုပါအိုနူဂိုဟိုက ပြောကြားခဲ့သည်။

မီးတောင်ပတ်ဝန်းကျင်တွင် နေထိုင်ကြသူများအနက်မှ ဒေသခံ ၆၀၀၀ ကျော် ပြောင်းရွှေ့လာပြီဖြစ်ကြောင်း၊ နောက်ထပ်လည်းရောက်ရှိလာနိုင်သေးကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါမီးတောင်သည် ချော်ရည်များကို စတင်မှုတ်ထုတ်ချိန်တွင်ပင် ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ ၉၈၄၀ ခန့်အထိမှုတ်ထုတ်ခဲ့ချိန်တွင် ဒေသခံများအား ရွှေ့ပြောင်းပေးခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ အင်ဒိုနီးရှားနိုင်ငံ၏ အနီးဝန်းကျင်ရှိ မီးတောင်များအနက် မီးတောင်ပေါင်း ၁၃၀ ကျော်မှာ မီးတောင်ရှင်များဖြစ်သည်။

အဆိုပါမီးတောင်သည် ၁၉၆၃-၆၄ ခုနှစ်တွင်ပေါက်ကွဲခဲ့ရာ လူပေါင်း ၁၀၀၀ ကျော်သေဆုံးခဲ့ကာ လူရာပေါင်းများစွာ ဒဏ်ရာရရှိခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။**မယ်သီတာ**

## ကန်ကြီးထောင့်မြို့နယ် မဂ္ဂုကျွန်း အမှတ်(၄) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲကျင်းပ

ကန်ကြီးထောင့်မြို့နယ်၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများသည် စက်တင်ဘာ ၁၄ ရက်တွင် မဂ္ဂုကျွန်းကျေးရွာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း အမှတ်(၄) ကျောင်း၌ စားသုံးသူများ၏ အခွင့်အရေး၊ ထုတ်လုပ်သူများ၏ အခွင့်အရေးနှင့်တာဝန်များ၊ ဥပဒေပါအကြောင်းအရာများ၊ ဆိုးဆေးအန္တရာယ်များ၊ တားမြစ်ကုန်စည်များ၊ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ပါသည်။

ဟောပြောပွဲသို့ ဆရာ၊ ဆရာမ၊ ကျောင်းသားမိဘ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၃၀ ဦးတက်ရောက်ခဲ့ပြီး ဟောပြောပွဲကျင်းပပြီးနောက် ကျောင်းမုန့်ဈေးတန်းသို့ သွားရောက်၍ စားသုံးရန်မသင့်သည့် မုန့်များရောင်းချနေမှု ရှိ/မရှိစစ်ဆေးခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး၊ မြင့်နိုင်ထွန်း(ပုသိမ်)**

## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်သပြေကုန်းဈေးတွင် ကွင်းဆင်းစစ်ဆေး



ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ နေပြည်တော် သပြေကုန်းဈေးရှိ မောခမ်းနွံ စားသောက်ဆိုင်၊ အဝေးပြေး ခရီးသည်တင်ဂိတ်နှင့် Asia Light Supermarket တို့ကို စက်တင်ဘာလ ၁၆ ရက်တွင် ရှောင်တခင် ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

ကွင်းဆင်းစစ်ဆေးရာတွင် ထုတ်လုပ်သည့်ရက်စွဲ၊ ကုန်ဆုံးသည့်ရက်စွဲ၊ ထုတ်လုပ်သည့်လိပ်စာ၊ ဖုန်းနံပါတ်များ ပြည့်စုံစွာပါရှိသော စားသောက်ကုန်များ၊ ထုတ်လုပ်သည့် ကုမ္ပဏီလိပ်စာ သို့မဟုတ် ပြည်ပမှ တင်သွင်းသည့် ကုမ္ပဏီအမည်နှင့်လိပ်စာ၊ ရောင်းချဖြန့်ဖြူးသူ အမည်နှင့်လိပ်စာ မပါရှိသော Electronic and Electrical Goods များ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ သုံးစွဲရန် မသင့်၍ တားမြစ်ထားသော အလှကုန်ပစ္စည်းများကို စစ်ဆေးတွေ့ရှိရသဖြင့် နေပြည်တော်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနှင့်အညီ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသော စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများကို ရောင်းချခြင်းမပြုရန် ဝန်ခံကတိလက်မှတ်ရေးထိုးစေခြင်းနှင့် ဥပဒေပါပြဋ္ဌာန်းချက်များ၊ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် ပြဋ္ဌာန်းချက်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းစဉ်များကို အလေးထားလိုက်နာရန်နှင့် တည်ဆဲဥပဒေများကို ကျူးလွန်ခြင်းမရှိစေရန် အသိပညာပေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါသည်။

**ဖြူဖြူလတ်**

## ရေစကြိုမြို့ မြို့မဈေးတွင် စားသုံးရန်မသင့် အန္တရာယ်ရှိ စားသောက်ကုန်များ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေး

မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ပခုက္ကူခရိုင်ဦးစီးမှူးရုံးအနေဖြင့် ခရိုင်ဦးစီးမှူး ဦးသန်းဦးနှင့် မိတ်ဖက်အဖွဲ့ဝင်များသည် စက်တင်ဘာ ၇ ရက်တွင် ရေစကြိုမြို့၊ မြို့မဈေးအတွင်း၌ စားသုံးရန် မသင့်အန္တရာယ်ရှိ စားသောက်ကုန်များရောင်းချခြင်း ရှိ/ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

ဆက်လက်၍ ကုန်စုံဆိုင်၊ မုန့်မျိုးစုံဆိုင် ၂၁ ဆိုင်ကို ဝင်ရောက်စစ်ဆေးခဲ့ရာ မှိုတက်နေသော ပေါင်မုန့်များ၊ တံဆိပ်မပါသော ပီကေများ၊ ချိုချဉ်ထုပ်များ၊ သက်တမ်းလွန်နေသောမုန့်များ၊ အချိုရည်များ၊ တရုတ်ဆီးသီးများ၊ ဓာတုဆိုးဆေးများ အလွန်အကျွံ အသုံးပြုထားသော ငရုတ်သီးမှုန့်များ၊ အချိုရည်ဗူးများ၊ ကြယ်ပုံစံမုန့်ကတ်များ၊ အညွှန်းအချက်အလက်များ ပြည့်စုံစွာ မပါရှိသော စားသုံးရန်မသင့် ငါးပိထောင်းဗူးများ၊ မုန့်များကိုတွေ့ရှိခဲ့ရာ အဖွဲ့မှ ထုတ်ကုန် လုံခြုံစိတ်ချမှုမရှိသော စားသောက်ကုန်ပစ္စည်းများကို စားသုံးသူပြည်သူများ မလိုလားအပ်သော ရောဂါအန္တရာယ်များ ကျရောက်မည်ဖြစ်သောကြောင့် သိမ်းဆည်းခဲ့ပါသည်။

ထို့နောက် စစ်ဆေးရေးအဖွဲ့သည် ဈေးဆိုင်ပိုင်ရှင်များကို လုံခြုံစိတ်ချမှုရှိပြီး စားသုံးသူများ ဘေးဥပဒ်အန္တရာယ်မရှိသော အစားအသောက်များကိုသာ ရောင်းချရန်၊ ဓာတုဆိုးဆေးများကို အစားအသောက်တွင် သုံးစွဲရန်ခွင့်ပြုထားသည့် ဆိုးဆေးများရှိသလို အစားအသောက်များတွင် မသုံးစွဲရန် တားမြစ်ထားသော ဆိုးဆေးလေးမျိုးရှိကြောင်း၊ မိမိတို့ သာမာန်မျက်စိဖြင့် မသိနိုင်ဘဲ ဓာတ်ခွဲခန်းများ၌ ဓာတ်ခွဲစမ်းသပ်ကြည့်မှသာ သိရှိနိုင်သောကြောင့် ဆိုးဆေး အများအပြားသုံးစွဲထားသော အစားအစာများကို လုံးဝမရောင်းချရန်၊ FDA မှ ထုတ်ပြန်ထားသော တားမြစ်စားသောက်ကုန်များကိုလည်း မရောင်းချရန်၊ စားသုံးသူ မိဘပြည်သူများကို စေတနာထား၍ ရောင်းချရန်၊ မိမိကိုယ်တိုင်လည်း စားသုံးသူဖြစ်သောကြောင့် အစားအသောက်များ၏ ကောင်းကျိုး၊ ဆိုးကျိုးကို ပြန်လည်ခံစားရနိုင်ကြောင်း ရှင်းလင်းဆွေးနွေးအသိပညာပေးခဲ့ပြီး မိမိတို့ဌာနမှ ထုတ်ဝေသည့်စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများနှင့် ထုတ်ကုန်လုံခြုံစိတ်ချမှုရှိသော အချက် ၁၀ ချက်ပါဝင်သည့် လက်ကမ်းစာစောင်များကိုလည်း အသိပညာ၊ ဗဟုသုတများရရှိစေရန် ဖြန့်ဝေပေးခဲ့ပါသည်။

**သူဇာကျော်(ပခုက္ကူ)**

## ကသာခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ဒသမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ကသာခရိုင်၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ဒသမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကသာခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ်လ ၃၁ ရက်က ကျင်းပရာ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင် ၁၀ ဦးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်ဝေသုန်က စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သည် စားသုံးသူများ နစ်နာမှုရှိ၍ တိုင်ကြားလာပါက အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့အနေဖြင့် ပူးပေါင်းဆောင်ရွက်ပြီး အကြံဉာဏ်များပေးကြပါက အဖြေရလဒ်ကောင်းမည်ဖြစ်ပါကြောင်း၊ ဈေးများစစ်ဆေးခြင်းသည် တစ်ဦးတစ်ယောက်ကောင်းဖို့မဟုတ် ပြည်သူကောင်းဖို့လုပ်တာဖြစ်၍ အဖွဲ့စုံဖြင့် ပူးပေါင်းစစ်ဆေးလိုကြောင်း၊ အဓိကအားဖြင့် စည်ပင်ဌာန ပါဝင်ရန်လိုအပ်ပြီး စည်ပင်ဌာနမှ ဈေးသည်များအား ပညာပေးပြောပြရန်လိုပါကြောင်း၊ ပြည်သူများ ပူးပေါင်းပါဝင်လာနိုင်ပါက အကောင်းဆုံးဖြစ်ပါကြောင်း ပြောကြားပြီး ခရိုင်အငြင်းပွား မှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ စားသုံးသူရေးရာ ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်အုန်းက ဩဂုတ်လအတွင်း ပညာပေးဟောပြောခြင်း (၂၁) ကြိမ်၊ အသိပညာပေး ဆွေးနွေးပွဲတစ်ကြိမ်၊ ဈေးစစ်ဆေးခြင်းကို ဗန်းမောက်မြို့နှင့် ထီးချိုင့်မြို့များတွင် နှစ်ကြိမ်စစ်ဆေးခဲ့ကြောင်း အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့သည်။

တက်ရောက်လာသော ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များကလည်း သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။ **လှလှခိုင်(ကသာ)**

## ပုသိမ်မြို့တွင် (၁၀)ကြိမ်မြောက် အင်တာပိုလ်ဆေးဝါးအတု တိုက်ဖျက်ရေး အစီအစဉ်အဖြစ် ဆေးဆိုင်များအား ရှောင်တခင် ဝင်ရောက်စစ်ဆေး

ပုသိမ်မြို့တွင် (၁၀)ကြိမ်မြောက် အင်တာပိုလ်ဆေးဝါးအတု တိုက်ဖျက်ရေးအစီအစဉ်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဦးဆောင်၍ စားသုံးသူရေးရာဦးစီးဌာန အပါအဝင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီ၊ အကောက်ခွန်ဦးစီး ဌာန၊ ပြည်တွင်းအခွန်ဦးစီးဌာန၊ မှုခင်းတပ်ဖွဲ့၊ သတင်းတပ်ဖွဲ့၊ မူးယစ်တပ်ဖွဲ့၊ နယ်မြေရဲစခန်းပါအဖွဲ့စုံဖြင့် ပုသိမ်မြို့ပေါ်ရှိ ဆေးဆိုင်များအား စက်တင်ဘာ ၁၂ ရက်တွင် ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

တရားဝင် မှတ်ပုံမတင်ထားသော လိုင်စင်မဲ့ဆေးဝါးများ၊ သက်တမ်းလွန်ဆေးဝါးများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသော ဆေးဝါးများ၊ တရားမဝင်လိုင်စင်မဲ့ဆေးဝါးများအပြင် လိုင်စင်သက်တမ်းတိုးရန် လိုအပ်သောဆေးဝါးများ စသည်တို့ကို ရောင်းချခြင်း မရှိစေရန်နှင့် စစ်ဆေးတွေ့ရှိပါက သိမ်းဆည်းခြင်း၊ ရောင်းချခြင်းမပြုရန် ခံဝန်ကတိလက်မှတ်ရေးထိုးခြင်းနှင့် အရေးယူမည့်အပိုင်းများကိုလည်း ဆေးဆိုင်ပိုင်ရှင်များအား ရှင်းလင်းအသိပညာပေးဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**စောမိုက်ကယ်**

## မြိတ်မြို့ မြိတ်တောင်ရပ်၊ အ.လ.က (၁၀)တွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပ၍ ကျောင်းမုန့်ဈေးတန်းစစ်ဆေး

မြိတ်မြို့၊ မြိတ်တောင်ရပ်၊ အမှတ်(၁၀) အခြေခံပညာ အလယ်တန်းကျောင်း၌ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ အသိပညာပေးဟောပြောပွဲနှင့် ကျောင်းမုန့်ဈေးတန်း စစ်ဆေးခြင်းတို့ကို စက်တင်ဘာလ ၈ ရက်က ဆောင်ရွက်ခဲ့သည်။

အဆိုပါဟောပြောပွဲတွင် မြိတ်ခရိုင် စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်းများက စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ၊ ဌာန၏ ဆောင်ရွက်နေသည့် လက်ရှိအခြေအနေများ၊ စားသုံးရန်/သုံးစွဲရန်မသင့် ခွင့်မပြု ဓာတုဆိုးဆေးများ အကြောင်း၊ ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များ ရွေးချယ်ဝယ်ယူစားသောက်တတ်စေရန် လည်းကောင်း ဟောပြောဆွေးနွေးခဲ့ပါသည်။

အဆိုပါ ဟောပြောပွဲသို့ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၄၅၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မြိတ်စားသုံးသူ**

# ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(ဆိပ်ကမ်း) မြို့နယ် အခြေခံပညာကျောင်းများတွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောပွဲကျင်းပပြီး ကျောင်းမုန့်ဈေးတန်းများအား ကွင်းဆင်းစစ်ဆေး

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင် ဦးစီးမှူးရုံး၊ စားသုံးသူရေးရာဦးစီးဌာန၊ အရှေ့ပိုင်းခရိုင်၊ ခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် စက်တင်ဘာ ၁၂ ရက်နေ့တွင် ဒဂုံ (ဆိပ်ကမ်း) မြို့နယ်ရှိ အ. ထ. က(၄) အခြေခံပညာ အထက်တန်းကျောင်း၌ စားသုံးသူ အကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာများ ဟောပြော ဆွေးနွေးခဲ့ပါသည်။

ဟောပြော ဆွေးနွေးပွဲတွင် စာရင်းကိုင်-၃ ဦးမောင်မောင်သောင်းက စားသုံးသူရေးရာဦးစီးဌာန စတင်ပေါ်ပေါက်လာပုံ၊ စားသုံးသူဥပဒေအကြောင်း၊ စားသုံးသူများ နစ်နာမှုရှိလျှင် တိုင်ကြားနိုင်သည့် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးဌာန (CICC) ဖွင့်လှစ်ထားရှိမှု အခြေအနေ၊ စားသုံးသူများ၏ အခွင့်အရေး (၅) ရပ်နှင့် တာဝန်များ၊ မြန်မာနိုင်ငံတွင်သာမက အရှေ့တောင်အာရှရှိ အာဆီယံနိုင်ငံများတွင်လည်း စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်းကိုလည်းကောင်း၊ အကြီးတန်းစာရေး ဒေါ်မိုးမိုးကြည်က စားသုံးရန်မသင့်သော အစားအစာများအကြောင်းနှင့် ဖော်မလင်ပါဝင်သော အစားအစာများအကြောင်း၊ ဖော်မလင်ဆေး၏ အန္တရာယ်များအကြောင်းကို လည်းကောင်း ဟောပြောခဲ့ပါသည်။

ဟောပြောပွဲအပြီးတွင် ကျောင်းမုန့်ဈေးတန်းအား ဆက်လက်စစ်ဆေးရာ သန့်ရှင်းလတ်ဆတ်သော အစားအစာများရောင်းချပေးရန်၊ ဓာတုဆိုးဆေးများ ပါဝင်သော မုန့်များမရောင်းချရန်၊ သက်တမ်းကုန်ဆုံးသော မုန့်များကို မရောင်းချရန် ဈေးသည်များအား အသိပညာပေးပြောကြားခဲ့ကြောင်း သတင်း ရရှိပါသည်။



**လှိုင်ထွန်း**

# ရန်ကုန်အနောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၈/၂၀၁၇) လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

ရန်ကုန်အနောက်ပိုင်းခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၈/၂၀၁၇) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာ ၂၁ ရက်တွင် ရန်ကုန်အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။

အစည်းအဝေးတွင် ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းဝေက စားသုံးသူရေးရာဌာနမှာ စားသောက်ကုန်၊ လူသုံးကုန်များနှင့် ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းရခြင်း၊ တာဝန်ယူ ဆောင်ရွက်ရာတွင် အရေးကြီးသော အခန်းကဏ္ဍတွင်ပါဝင်ကြောင်း၊ ပြည်တွင်းအခြေအနေ၊ ပြည်ပအခြေအနေများကို လေ့လာခြင်း၊ အစားအသောက် ကုမ္ပဏီတစ်ခုက ထုတ်လုပ်သော်လည်း အတုအပ လုပ်တာတွေ ရှိ မရှိ ပစ္စည်းပေါ်မှာ သန့်ရှင်းသပ်ရပ်မှုအတွက် စိစစ်ရေးလုပ်ငန်း အများကြီးရှိပါကြောင်း၊ စားသုံးသူရေးရာ ဦးစီးဌာနသည် တစ်ခရိုင်လုံးရောင်းချနေသော ပစ္စည်းမျိုးပေါင်းစုံအား စစ်ဆေးလုပ်ဆောင်ရသော အပိုင်းဖြစ်ခြင်းကြောင့် စနစ်တကျရှိရန် လိုအပ်ကြောင်း ပြောကြားပါသည်။

ထို့နောက် အနောက်ပိုင်းခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးကျင်ဌေးက ပဲသွေးများတွင် ဖော်မလင်သုံးစွဲခြင်းနှင့် ပတ်သက်၍ တိုင်းဒေသကြီး အငြင်းပွားမှု ဖြေရှင်းရေးအစည်းအဝေးမှ ဆုံးဖြတ်ချက်များကိုလည်းကောင်း၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုအတွက် ခရိုင်စားသုံးသူအငြင်းပွားမှုအဖွဲ့မှ ဈေးကွက်အတွင်း ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ပင်လေးဈေးနှင့် ကမ်းနားဈေးတို့တွင် စစ်ဆေးရာ၌ ကမ်းနားဈေးတွင် ငရုတ်သီးမှုံတက်များ တွေ့ရှိ၍ သိမ်းဆည်းခြင်း၊ ဖျက်ဆီးခြင်းများကို လည်းကောင်း၊ အေးခဲအသား၊ ငါးနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးသော အချက်အလက်များကိုလည်းကောင်း၊ Korean Food Chair Co,.Ltd မှခေါက်ဆွဲခြောက်၊ သွားတိုက်ဆေး၊ ဆပ်ပြာမှုန့်တို့နှင့် ပတ်သက်၍လည်းကောင်း၊ မိတ်ဖက်ဌာနပူးပေါင်းမှုအနေဖြင့် တိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့်အတူ ရွှေငါးမောင်မောင် ပင်လယ်စာဆိုင်သို့ ကွင်းဆင်းစစ်ဆေးခြင်းကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်များ၊ ဝန်ထမ်းများ တက်ရောက်ကြပါသည်။

**သန်းအေး (စားသုံးသူ)**

# ရေဦးမြို့နယ်အခြေခံပညာကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောခြင်းနှင့် ကျောင်းမုန့်ဈေးတန်း ကွင်းဆင်းစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်တာဝန်ခံသည် မိတ်ဖက်ဌာနများနှင့် ပူးပေါင်း၍ စက်တင်ဘာ ၇ ရက်က အင်တောကျေးရွာအုပ်စု၊ အင်တောကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)သို့ လည်းကောင်း၊ စက်တင်ဘာ ၁၂ ရက်က အင်တောကျေးရွာအုပ်စု၊ ပန်းကုန်းကျေးရွာအခြေခံပညာ အလယ်တန်းကျောင်းသို့လည်းကောင်း၊ စက်တင်ဘာ ၁၈ ရက်က မုန်တိုင်ပင်ကျေးရွာအုပ်စု၊ မုန်တိုင်ပင် ကျေးရွာ အခြေခံပညာ အထက်တန်း ကျောင်းသို့လည်းကောင်း သွားရောက်၍ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပြီး ကျောင်းမုန့်ဈေးတန်းများအား စစ်ဆေးခဲ့ပါသည်။ ဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန အပါအဝင်မိတ်ဖက်အဖွဲ့အသီးသီးမှ တာဝန်ရှိသူများက စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများကို ဟောပြောဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

ဟောပြောပွဲသို့ ဆရာ၊ ဆရာမ၊ ၅၉ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၁၁၇၆ ဦး၊ ဝန်ထမ်း ရှစ်ဦး၊ ဈေးသည် ခုနစ်ဦး စုစုပေါင်း ၁၂၅၀ ဦး တက်ရောက်ပြီး ပညာပေးလက်ကမ်းစာစောင် ၂၃၀ စောင် ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

**အောင်ညွှန့်(ရေဦး)**

# ကယားပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် ကော်မတီနှစ်ရပ်တို့၏ ၇/၂၀၁၇ လုပ်ငန်းညှိနှိုင်းအစည်းအဝေး

ကယားပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၇/၂၀၁၇) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာလ ၁၉ ရက်တွင် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ပြည်နယ်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် ကော်မတီနှစ်ရပ်မှ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါတယ်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်စားသုံးသူငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး ဦးမော်မော်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြည်နယ်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးခမ်လျန်စွမ်းက ယခင် (၆/၂၀၁၇) လုပ်ငန်းညှိနှိုင်း အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းအစီအမံများကိုလည်းကောင်း၊ အမှာစာဖြင့်တင်ပြသော ဆုံးဖြတ်ရန်အချက်များကို တင်ပြဆွေးနွေးခဲ့ပါတယ်။

ထို့နောက် တက်ရောက်လာကြသော အဖွဲ့ဝင်များက စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အရေးယူပိုင်ခွင့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပုဒ်မ ၁၉ အရ အဖွဲ့အနေဖြင့် ဈေးကွက်ကွင်းဆင်းစစ်ဆေးရာတွင် စားသုံးသူကိုဘေးအန္တရာယ်ဖြစ်စေသော တားမြစ်ပစ္စည်း၊ သက်တမ်းလွန်ပစ္စည်းများကို စစ်ဆေးတွေ့ရှိပါက အဖွဲ့ဖြင့် သိမ်းဆည်း၍ မြို့နယ်စည်ပင်သတ်မှတ်သော နေရာတွင် ဖျက်ဆီးသွားရန်၊ အာမခံချက် မရှိသော သက်ဆိုင်ရာ ထောက်ခံချက်မပါရှိသော ကုန်ပစ္စည်းများ၊ ကုန်ပစ္စည်းနှင့်ကိုက်ညီသည့် ဖော်ပြရမည့်အချက်များ မပါရှိသည့် ပစ္စည်းများ စစ်ဆေးတွေ့ရှိပါက ထုတ်လုပ်သောလုပ်ငန်းရှင်များအား ခေါ်ယူ၍ ပထမအကြိမ် အသိပညာပေးဆောင်ရွက်သွားရန်၊ ပဲဆီစစ်စစ်ဖြစ်ကြောင်း သက်ဆိုင်ရာ ထောက်ခံချက်နှင့် ကုန်ပစ္စည်း ကိုက်ညီသည့် ဖော်ပြချက်များမပါရှိဘဲ ရပ်ကွက်အတွင်းလှည့်လည်ရောင်းချနေသော ဆီရောင်းချသူများ ထပ်မံတွေ့ရှိပါက အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ စမ်းသပ်စစ်ဆေးချက် အဖြေမရရှိမီ ရောင်းချခွင့်မပြုရန် ဆုံးဖြတ်ခဲ့ကြောင်း သတင်း ရရှိပါတယ်။

**ကျော်ဇင်ထွေး (စားသုံးသူ၊ ကယား)**

# နေပြည်တော်ကောင်စီနယ်မြေ ပြည်စံအောင်ဈေးအတွင်း ထုတ်ကုန်လုံခြုံစိတ်ချရမှု ရှိ/ မရှိ စစ်ဆေး

နေပြည်တော်ကောင်စီ နယ်မြေ ဥတ္တရသီရိမြို့နယ် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးငြိမ်း ဦးဆောင်သည့် မိတ်ဖက်အဖွဲ့အသီးသီးတို့ ပူးပေါင်း၍ ပြည်စံအောင်ဈေးအတွင်း ထုတ်ကုန် လုံခြုံစိတ်ရမှု ရှိ/ မရှိ စစ်ဆေးခဲ့ရာ ရက်လွန်မုန့်များ၊ ဆေးဝါးများ၊ အလှကုန်များ၊ FDA ထောက်ခံချက်မပါရှိသော တရုတ်ခြင်ဆေးခွေများ တွေ့ရှိခဲ့ရာ အဆိုပါ ပစ္စည်းများအား သိမ်းဆည်းခဲ့ပြီး ပြည်စံအောင်ဈေးအမှိုက်ပုံ၌ ကျင်းတူး၍ မြေမြှုပ်ဖျက်ဆီးခဲ့ပါသည်။

ပြည်စံအောင်ဈေးအတွင်းရှိ လျှပ်စစ်ပစ္စည်းဆိုင်များ၊ ဖုန်းအရောင်းဆိုင်များအား ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အသိပညာ ပေးဆွေးနွေးခြင်း၊ လက်ကမ်း စာစောင်ဖြန့်ဝေခြင်းများကို စက်တင်ဘာလ ၁၈ ရက်တွင် ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**စိုးထင်လင်း**
**(တပ်ကုန်း၊ နေပြည်တော်)**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုဥပဒေနှင့် နိုင်ငံခြားကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ

■ သန်းသန်းနိုင်

## တရုတ်နိုင်ငံသို့ တင်သွင်းတင်ပို့မှု ကန့်သတ်ကုန်များအတွက် ကိုတာလျှောက်ထားခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ

**အကျုံးဝင်သည့်အရာများ**

၁။ ဤလမ်းညွှန်သည် တင်သွင်းတင်ပို့မှု ကန့်သတ်ကုန်များအတွက် ကိုတာလျှောက်ထားရန်သာဖြစ်ပါသည်။ တင်ပို့မှုတွင် ကိုတာကန့်သတ်ထားသည့် ကုန် ၂၄ မျိုးရှိပြီး ၎င်းတို့မှာ ဂျုံ၊ပြောင်း၊ ဆန်၊ ဝါဂွမ်း၊ နွားအရှင် (ဟောင်ကောင်မကာအိုအတွက် သီးသန့်)၊ ဝက်အရှင် (ဟောင်ကောင်မကာအိုအတွက် သီးသန့်)၊ ကြက်အရှင် (ဟောင်ကောင်မကာအိုအတွက် သီးသန့်)၊ ဂျုံမှုန့်၊ ပြောင်းမှုန့်၊ ဆန်မှုန့်၊ ခဲမဖြူနှင့်ခဲမဖြူပစ္စည်း၊ ခနောက်စိမ်းနှင့် ခနောက်စိမ်းပစ္စည်း (နိုင်ငံပိုင်ကုမ္ပဏီလုပ်ပိုင်ခွင့်)၊ အဖြိုက်နက်နှင့် အဖြိုက်နက်ပစ္စည်း (နိုင်ငံပိုင်ကုမ္ပဏီ လုပ်ပိုင်ခွင့်)၊ ကျောက်မီးသွေး၊ ရေနံ၊ ဓာတ်ဆီ၊ သစ်ခွဲသား၊ ငွေ(နိုင်ငံပိုင်ကုမ္ပဏီလုပ်ပိုင်ခွင့်)၊ အင်ဒီယမ်နှင့် အင်ဒီယမ်ပစ္စည်း၊ မီးစုန်းသတ္တုစသည်တို့ဖြစ်ပြီး ကိုတာလျှောက်ထားရန်လိုသည့် ကျန်လေးမျိုးမှာ နွယ်ချိုနှင့် နွယ်ချိုထွက်ပစ္စည်း၊ တရုတ်အိုင်းရစ်ပန်းနှင့် ထွက်ကုန်ပစ္စည်း၊ မဂ္ဂနီဆီယမ်၊ ကန့်ကူအတုံး (အမှုန့်) တို့ဖြစ်သည်။ အထက်ပါကုန်ပစ္စည်းများ တင်ပို့မည်ဆိုပါက ကိုတာရရှိရန် လိုအပ်သည်။ တင်သွင်းမှုကိုတာ သတ်မှတ်ချက်ရှိပါက ကိုတာရရှိရန်လိုသည်။ ယခုလက်ရှိတွင် ကိုတာ သတ်မှတ်ထားသော ကုန်ပစ္စည်းမရှိပေ။

**လုပ်ငန်းအမည်။** ။တင်သွင်းတင်ပို့မှုကန့်သတ်ကုန်များအတွက် ကိုတာလျှောက်ထားခြင်း

**လုပ်ငန်းအမျိုးအစား။** ။ အစိုးရခွင့်ပြုမိန့် ယူရမည်။

**ဝန်ဆောင်မှုရရှိမည့်။** ။ သွင်းကုန် ပို့ကုန်ကုမ္ပဏီ

**အသင်းအဖွဲ့**

**သက်ဆိုင်ရာ ဥပဒေများ**

၂။ တင်သွင်းတင်ပို့မှု ကန့်သတ်ကုန်များအတွက် ကိုတာလျှောက်ထားခြင်းမှာ နိုင်ငံခြားကုန်သွယ်မှုဥပဒေဆိုင်ရာ စည်းမျဉ်းစည်းကမ်းများပါ အပိုဒ်(၁၆)၊ အပိုဒ်၁၈၊ အပိုဒ်၁၉၊ အပိုဒ်(၂၀)၊ သွင်းကုန်ပို့ကုန်ကြီးကြပ်မှုနည်း ဥပဒေ(၂)ပါအပိုဒ်၁၀ (က)၊ အပိုဒ်၁၁(က)၊ အပိုဒ်၁၂၊ အပိုဒ်၃၅(ခ)၊ အပိုဒ်၃၆၊ အပိုဒ်၃၇၊ အပိုဒ်၃၈(က)(ခ)(ဂ)၊ အပိုဒ်၃၉၊ အပိုဒ်၄၀၊ အပိုဒ်၄၄ပါ အချက်များ အရဖြစ်သည်။

၃။ နိုင်ငံခြားကုန်သွယ်မှုဥပဒေဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ အပိုဒ်(၁၆)ပါအချက်များအရ နိုင်ငံတော်အနေဖြင့်အောက်ပါ အချက်များပေါ် မူတည်၍ ကုန်ပစ္စည်းနှင့် နည်းပညာတင်သွင်း (သို့မဟုတ်) တင်ပို့ခြင်းကို ကန့်သတ်(သို့မဟုတ်)ပိတ်ပင်နိုင်သည်။

(က)နိုင်ငံတော်လုံခြုံရေးကို ကာကွယ်ထိန်းသိမ်းရန်၊ အများအကျိုး (သို့မဟုတ်) လူ့ကျင့်ဝတ်ကို စောင့်ရှောက်ရန် လိုအပ်သည့် အရာများတွင် တင်သွင်းတင်ပို့မှုများကိုကန့်သတ်ခြင်း၊ ပိတ်ပင်ခြင်းပြုလုပ်နိုင်သည်။

(ခ) လူသားတို့၏ကျန်းမာရေး(သို့မဟုတ်) လုံခြုံရေး၊ တိရိစ္ဆာန်နှင့် ရုက္ခပင်များ၏အသက် (သို့မဟုတ်) ကျန်းမာရေး၊ ပတ်ဝန်းကျင်ကာကွယ်ရေးအတွက် လိုအပ်သည်များကို သွင်းကုန်ပို့ကုန် ကန့်သတ်ရန်လိုအပ်သည်။

(ဂ) ရွှေ(သို့မဟုတ်) ငွေသတ္တုတင်သွင်း၊ တင်ပို့မှုကို ကန့်သတ်ရန် လိုအပ်သည်။

(ဃ) နိုင်ငံတွင်းရှားပါးသော ကုန်(သို့မဟုတ်)ထိန်းသိမ်းကာကွယ်မှုမပြုလျှင်ကုန်ခမ်းသွားမည့် ကုန်များကိုတင်သွင်းတင်ပို့မှု ကန့်သတ်ရန်လိုအပ်သည်။

(င) တင်ပို့သည့်နိုင်ငံ(သို့မဟုတ်)ဒေသ၏ ဈေးကွက်ကန့်သတ်ချက်ရှိသည့် ကုန်များကို ကန့်သတ်ရန်လိုအပ်သည်။

(စ) တင်ပို့ရောင်းချမှုကြောင့် အခြေအနေရှုပ်ထွေးလာလျှင် ကန့်သတ်ရန်လိုအပ်သည်။

(ဆ)နိုင်ငံတွင်း အထူးသတ်မှတ်သည့် ထုတ်လုပ်မှုကဏ္ဍတိုးတက်ရန်(သို့မဟုတ်)လျင်မြန်စွာ တိုးတက်ရန် ကန့်သတ်မှုပြုရန်လိုအပ်သည်။

(ဇ) မည်သည့်လယ်ယာထုတ်ကုန်၊ တိရစ္ဆာန်ထုတ်ကုန်၊ ရေထွက်ကုန်များကိုမဆို သွင်းကုန်ကန့်သတ်ရန် လိုအပ်သည်။

(ဈ) နိုင်ငံတော်၏ နိုင်ငံတကာငွေကြေးအဆင့်ကို ထိန်းသိမ်းရန်၊ နိုင်ငံခြားငွေရသုံးမှုညီမျှစေရန်၊ ကုန်ပစ္စည်း ဝယ်ယူတင်သွင်းမှုကို ကန့်သတ်ထားရန်လိုသည်။

(ည) တရားဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ အခြားကန့်သတ်ရန်(သို့မဟုတ်)တားမြစ်ရန်လိုအပ်သည့် သွင်းကုန်ပို့ကုန်များကို ဆိုလိုသည်။

(ဋ) မိမိနိုင်ငံမှအဖွဲ့ဝင်အဖြစ် ပါဝင်သော (သို့မဟုတ်) နိုင်ငံတကာသတ်မှတ်ချက်များနှင့်အညီ တင်သွင်းမှု၊ တင်ပို့မှု ကန့်သတ်ရန်(သို့မဟုတ်)တားမြစ်ရန် လိုအပ်သည်များပါဝင်သည်။

၄။ အပိုဒ်(၁၈)အရ နိုင်ငံတော်ကောင်စီ၏ နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်းကြီးကြပ်ရေးဌာန (သို့မဟုတ်) အခြား တာဝန်လွှဲထားသောအသင်း အဖွဲ့မှ ဤဥပဒေပါအချက်(၁၆)၊(၁၇)အရ ကန့်သတ် (သို့မဟုတ်) တားမြစ်ထားသည့် သွင်းကုန် ပို့ကုန်ပစ္စည်း၊ နည်းပညာများကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းများ ပြုလုပ်သွားမည်ဖြစ်သည်။ နိုင်ငံတော်ကောင်စီ ၏ နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်း ကြီးကြပ်ရေးဌာန (သို့မဟုတ်)အခြား တာဝန်လွှဲထားသော အသင်းအဖွဲ့မှ နိုင်ငံတော် ကောင်စီ၏ ခွင့်ပြုမိန့်ဖြင့် ဤဥပဒေပါအချက် (၁၆)၊(၁၇) အရယာယီ ကန့်သတ် (သို့မဟုတ်)တားမြစ်ကုန်ပစ္စည်း၊ နည်းပညာအမည်စာရင်းများကိုလည်း သတ်မှတ်၊ ပြင်ဆင်ထုတ်ပြန်သွားနိုင်သည်။

၅။ အပိုဒ်(၁၉)ပါအချက်အရနိုင်ငံတော်အနေဖြင့် ကန့်သတ်ကုန်များ၏ တင်သွင်း၊ တင်ပို့မှုလုပ်ငန်းကို ကိုတာစနစ်၊ ခွင့်ပြုမိန့်ချပေးသည့်စနစ် စသည့် စနစ်များဖြင့် ကြီးကြပ်သွားမည်ဖြစ်သည်။ ကန့်သတ်နည်းပညာ၏ တင်သွင်း၊ တင်ပို့မှုလုပ်ငန်းကို ခွင့်ပြုမိန့်ချပေးသည့်စနစ်ဖြင့် ကြီးကြပ်သွားမည် ဖြစ်သည်။ ကိုတာစနစ်၊ ခွင့်ပြုမိန့်စနစ်ဖြင့် ကြီးကြပ်သောကုန်နှင့် နည်းပညာများအတွက် နိုင်ငံတော်ကောင်စီ နိုင်ငံခြား ကုန်သွယ်မှုလုပ်ငန်းကြီးကြပ်ရေးဌာန (သို့မဟုတ်)နိုင်ငံတော်ကောင်စီတွင်းရှိ အခြားသက်ဆိုင်ရာဌာန၏ ခွင့်ပြုမိန့်ရမှသာလျှင် တင်သွင်း၊ တင်ပို့မှုပြုနိုင်မည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့်အချို့ကုန်များကို ကိုတာစနစ်ဖြင့်သာ တင်သွင်းမှုပြုထားသည်။

၆။ အပိုဒ်(၂၀)ပါအချက်များအရ တင်သွင်း၊ တင်ပို့မှုကုန်ပစ္စည်းအတွက် ကိုတာသတ်မှတ်ခြင်း၊ အကောက်ခွန်ကိုတာသတ်မှတ်ခြင်းတို့ကို နိုင်ငံတော်ကောင်စီ နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်းကြီးကြပ်ရေးဌာန(သို့မဟုတ်) နိုင်ငံတော်ကောင်စီတွင်းရှိ အခြားသက်ဆိုင်ရာဌာနတို့မှ မိမိ၏လုပ်ပိုင်ခွင့်နှင့်အညီ သတ်မှတ်သွားမည်ဖြစ်သလို ပွင့်လင်းမြင်သာမှုရှိစွာ၊ တရားမျှတစွာ၊ သမာသမတ်ကျစွာ၊ ထိရောက်စွာ လုပ်ကိုင်ရန်ဆိုသော မူပေါ်တွင်ခွဲဝေမှုပြုသွားမည်ဖြစ်သည်။ ထို့အတူ အသေးစိတ်နည်းဥပဒေများကို နိုင်ငံတော်ကောင်စီမှ သတ်မှတ်သွားမည်ဖြစ်သည်။ သွင်းကုန်ပို့ကုန်ကြီးကြပ်မှု နည်းဥပဒေ(၂)ပါ အပိုဒ်၁၁(က)အရ-နိုင်ငံတော်မှာအရေးအတွက် ကန့်သတ်မှုရှိသော တင်သွင်းကုန်များအတွက် ကိုတာစနစ်ကျင့်သုံးသွားမည်ဖြစ်သည်။ အခြား ကန့်သတ်ကုန်များအတွက် တင်သွင်းခွင့်စနစ်ကျင့်သုံးသွားမည်ဖြစ်သည်။

၇။ အပိုဒ်(၁၂)အရ တင်သွင်းမှုပမာဏကန့်သတ်ထားသော ကုန်ပစ္စည်းများကို နိုင်ငံတော်ကောင်စီ နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာနနှင့် နိုင်ငံ တော်ကောင်စီ လက်အောက်ရှိစီးပွားရေးလုပ်ငန်းဦးစီးဌာနများ(အောက်တွင် သွင်းကုန်ကိုတာသတ်မှတ်သည့် ဌာနများဟု အတိုကောက်ခေါ်ဆိုမည်)က နိုင်ငံတော်ကောင်စီမှ ချပေးထားသော လုပ်ပိုင်ခွင့်နှင့်အညီ ကြီးကြပ်မှုလုပ်ငန်းများ လုပ်ကိုင်သွားရမည်။

၈။ အပိုဒ်(၂၀)အရ သွင်းကုန် ကိုတာသတ်မှတ်သည့် ဌာနများနှင့် သွင်းကုန်ခွင့်ပြုမိန့်ထုတ်ပေးသည့် ဌာနများမှာ ဤနည်းဥပဒေပုဒ်မနှင့်အညီ စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲရမည်။ ထို့အတူ လျှောက်ထားလာသူ အချက်အလက်များ၊ လျှောက်လွှာလက်ခံနိုင်သည့်ဌာနများ၊ လျှောက်လွှာစိစစ်ရေးမူများ၊ နည်းလမ်းများ စသည်တို့ကို အသေးစိတ်သတ်မှတ်ကာ လက်တွေ့မကျင့်သုံးမီ အများသိရန် ထုတ်ပြန်ကြေညာသွားရမည်။

၉။ အပိုဒ်၃၅(ခ)အရ တင်ပို့မှုကန့်သတ်ထားသော ကုန်ပစ္စည်းအမည်စာရင်းကို နိုင်ငံတော်ကောင်စီ နိုင်ငံခြား ကုန်သွယ်မှုဦးစီးဌာနနှင့် နိုင်ငံတော်ကောင်စီ အခြားသက်ဆိုင်ရာဌာနများမှ အတူတကွ သတ်မှတ်၊ ပြင်ဆင်၊ ထုတ်ပြန်သွားရမည်။

၁၀။ အပိုဒ်၃၆အရ နိုင်ငံတော်မှအရေးအတွက် ကန့်သတ်ထားသော တင်ပို့ကုန်အမျိုးအမည်ကို ကိုတာစနစ်ဖြင့် ကြီးကြပ်သည်။ အခြားသော ကန့်သတ်ကုန်များကို တင်ပို့ခွင့်လိုင်စင်စနစ်ဖြင့် ကြီးကြပ်သည်။

၁၁။ အပိုဒ် ၃၇ အရ တင်ပို့မှုပမာဏ ကန့်သတ်ထားသော ကုန်ပစ္စည်းများကို နိုင်ငံတော်ကောင်စီ နိုင်ငံခြားကုန်သွယ်မှု ဦးစီးဌာနနှင့်နိုင်ငံတော်ကောင်စီ လက်အောက်ရှိစီးပွားရေးလုပ်ငန်း ဦးစီးဌာနများ(အောက်တွင် ပို့ကုန် ကိုတာသတ်မှတ်သည့်ဌာနများဟု အတိုကောက်ခေါ်ဆိုမည်) မှ နိုင်ငံတော်ကောင်စီ ချပေးထားသော လုပ်ပိုင်ခွင့်နှင့်အညီ ကြီးကြပ်မှုလုပ်ငန်းများ လုပ်ကိုင်သွားရမည်။

၁၂။ အပိုဒ်၃၈(က)အရတင်ပို့မှုကို ကိုတာ စနစ်ကျင့်သုံးသော ကုန်ပစ္စည်းများအတွက် နှစ်စဉ် ပို့ကုန် ကိုတာသတ်မှတ်သည့် ဌာနမှာ နောက်တစ်နှစ်အတွက် ချပေးသောကိုတာစာရင်းကို အောက်တိုဘာလ ၃၁ ရက်နေ့မတိုင်မီ အများသိရန်ကြေညာရမည်-

(ခ) ကိုတာလျှောက်ထားသူသည် နှစ်စဉ် နိုဝင်ဘာလ ၁ ရက်မှ ၁၅ ရက်အတွင်း ပို့ကုန် ကိုတာသတ်မှတ်သည့်ဌာနကို နောက်နှစ်အတွက် ကိုတာလျှောက်ရမည်။

(ဂ) ပို့ကုန်ကိုတာသတ်မှတ်သည့်ဌာနမှ ဒီဇင်ဘာလ ၁၅ ရက်နေ့မတိုင်မီ နောက်နှစ်အတွက် လျှောက်ထားသော ကိုတာ လျှောက်လွှာများကို စိစစ်၍ ကိုတာချပေးရမည်။

၁၃။ အပိုဒ်၃၉အရ ကိုတာကို တိုက်ရိုက်ခွဲဝေပေးသည့် စနစ်ဖြင့် ချပေးနိုင်သလို လေလံတင်သည့် ပုံစံဖြင့်လည်း ချပေးနိုင်သည်။ အပိုဒ် ၄၀ အရ ပို့ကုန် ကိုတာသတ်မှတ်သည့်ဌာနမှ လျှောက်လွှာလက်ခံရရှိသည့်နေ့မှစ၍ ရက် ၃၀ အတွင်း ဒီဇင်ဘာ ၁၅ ရက် နောက်ဆုံးထားကာ ဆုံးဖြတ်ချက်ကို အသိပေးအကြောင်းကြားရမည်။ အပိုဒ် ၄၄(က) အရ ပို့ကုန် ကိုတာသတ်မှတ်သည့်ဌာနနှင့် ပို့ကုန်ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနတို့သည် ဤနည်းဥပဒေပုဒ်မနှင့်အညီ စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲရမည်။ ထို့အတူ လျှောက်ထားလာသူ၏ အချက်အလက်များ၊ လျှောက်လွှာလက်ခံနိုင်သည့်ဌာနများ၊ လျှောက်လွှာစိစစ်ရေးမူများ၊ နည်းလမ်းများ စသည်တို့ကို အသေးစိတ် သတ်မှတ်ကာ လက်တွေ့ မကျင့်သုံးမီ အများသိရန် ထုတ်ပြန်ကြေညာသွားရမည်။

၁၄။ လျှောက်လွှာလက်ခံသည့်ဌာန

(က) တိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မတီ - ဂျုံ၊ ပြောင်း၊ ဆန်၊ ဝါဂွမ်းစသည့် ကုန်ပစ္စည်းများတင်ပို့မှုကိုတာကို စိစစ်လက်ခံသည်။

(ခ) ကုန်သွယ်ရေးဝန်ကြီးဌာန - နွားအရှင် (ဟောင်ကောင် မကာအိုအတွက် သီးသန့်)၊ ဝက်အရှင်(ဟောင်ကောင်၊ မကာအိုအတွက် သီးသန့်)၊ ကြက်အရှင်(ဟောင်ကောင် မကာအိုအတွက် သီးသန့်)၊ ဂျုံမှုန့်၊ ပြောင်းမှုန့်၊ ဆန်မှုန့်၊ ခဲမဖြူနှင့် ခဲမဖြူပစ္စည်း၊ ခနောက်စိမ်းနှင့် ခနောက်စိမ်းပစ္စည်း (နိုင်ငံပိုင်ကုမ္ပဏီလုပ်ပိုင်ခွင့်)၊ အဖြိုက်နက်နှင့် အဖြိုက်နက်ပစ္စည်း(နိုင်ငံပိုင်ကုမ္ပဏီလုပ်ပိုင်ခွင့်)၊ ကျောက်မီးသွေး၊ ရေနံ၊ ဓာတ်ဆီ၊ သစ်ခွဲသား၊ ငွေ (နိုင်ငံပိုင်ကုမ္ပဏီလုပ်ပိုင်ခွင့်)၊အင်ဒီယမ်နှင့် အင်ဒီယမ်ပစ္စည်း၊ မီးစုန်းသတ္တု၊ နွယ်ချိုနှင့် နွယ်ချိုထွက်ပစ္စည်း၊ တရုတ်အိုင်းရစ်ပန်းနှင့် ထွက်ကုန်ပစ္စည်းမှလွဲ၍ မဂ္ဂနီဆီယမ်၊ ကန့်ကူအတုံး (အမှုန့်)တင်ပို့မှု ကိုတာကို စိစစ်လက်ခံသည်။ **ဆက်လက်ဖော်ပြပါမည်။**

# ခရီးသွားလာရေးလုပ်ငန်းမှ ဝင်ငွေ ဘတ် သုံးထရီလီယံ ရရှိရန် ထိုင်းအစိုးရမျှော်မှန်း

ထိုင်းနိုင်ငံအစိုးရအနေဖြင့် လာမည့်နှစ်တွင် ခရီးသွားလာရေး လုပ်ငန်း ၁၀ ရာခိုင်နှုန်းတိုးတက်ပြီး ဝင်ငွေ ဘတ် သုံးထရီလီယံရရှိရန် မျှော်မှန်းထားကြောင်း၊ ထိုင်းနိုင်ငံသားနှင့် နိုင်ငံခြားသားများ အုပ်စုလိုက် ခရီးသွားလာခြင်း လုပ်ငန်းအား တိုးမြှင့်ဆောင်ရွက်လျက်ရှိပြီး ခရီးစဉ်ဒေသအသစ်များ ရှာဖွေဖော်ထုတ်ခြင်းနှင့် ထိုင်းနိုင်ငံအတွင်း ကာလရှည်နေထိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း ဗန်ကောက်ပို့စ်တွင် ဖော်ပြထားပါသည်။



ယခုနှစ်အတွက် ခရီးသွားလာရေးလုပ်ငန်းမှ ဝင်ငွေ ၈ ရာခိုင်နှုန်း တိုးတက်ရရှိပြီးဖြစ်ကြောင်း၊ ယခင်နှစ်များက ရရှိခဲ့သည့် ပျမ်းမျှ တိုးတက်မှုနှုန်း ၃ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းထက် ပိုမိုရရှိခဲ့ကြောင်း၊ သို့ဖြစ်၍ အစိုးရနှင့် ထိုင်းနိုင်ငံ ခရီးသွားလာရေး မြှင့်တင်မှုအဖွဲ့ (Thai Tourism Promotion Association–TTPA) များသို့ လျှာထားချက် တိုးမြှင့်ဆောင်ရွက်ရန် တွန်းအားတစ်ရပ်ဖြစ်စေခဲ့ကြောင်း အဆိုပါ သတင်းတွင် ဖော်ပြထားပါသည်။

အစိုးရအနေဖြင့် ခရီးသွားလာရေးလုပ်ငန်း တိုးမြှင့်ရေးအတွက် အေဂျင်စီအဖွဲ့များနှင့် ပူးပေါင်းပြီး စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်လျက်ရှိကြောင်း၊ ဝန်ကြီးချုပ် ပရာရွတ်ချန်အိုချာကလည်း အရည်အသွေးမီ ခရီးသွားလုပ်ငန်း ဖြစ်မြောက်လာစေရေးနှင့် ထိုင်းနိုင်ငံတွင် ကာလရှည် နေထိုင်ရေးတို့အတွက် အာရုံပြုဆောင်ရွက်စေလိုကြောင်း အစိုးရ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်ချုပ်ကြီး ဆန်ဆဲင်းက ပြောကြားခဲ့သည်။ လာမည့်နှစ်တွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးနည်းလမ်းမျိုးစုံ ဖော်ထုတ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ်အတွက် ဆောင်ပုဒ်မှာ ထိုင်းနိုင်ငံအံ့ဩဖွယ်ခရီးသွားနှစ် ၂၀၁၈ ဖြစ်ကြောင်း၊ ခရီးသွားလာမှု တိုးမြှင့်ရေးလုပ်ငန်းများအား လာမည့် နိုဝင်ဘာလ ၁ ရက်မှစ၍ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ခရီးသွားလာရေးလုပ်ငန်းနှင့် ဆက်စပ်သော ပြပွဲများလည်း ပါဝင်ကျင်းပသွားမည်ဖြစ်ကြောင်း၊ ချွန်ဘူရီပြည်နယ်ရှိ ပတ္တရားမြို့တွင် နိုဝင်ဘာလ ၁၈ ရက်၌ နိုင်ငံတကာသင်္ဘောများချိတ်ကပ်ပွဲ အခမ်းအနားနှင့် နိုဝင်ဘာလအတွင်း၌ပင် U-Tapao လေဆိပ်၌ လေယာဉ်ပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

အမျိုးသား ခရီးသွားလာရေးမူဝါဒ ကော်မတီတွင် ဒုတိယ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး တာနာဆတ်က တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့မှစ၍ ခရီးသွားလာရေး မြှင့်တင်ရန် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ခရီးသွားလာရေး လုပ်ငန်းနှင့် ဆက်စပ်သော ကုန်တိုက်ကြီးများ၊ လေကြောင်းလိုင်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် ခရီးသွားလာရေး တိုးမြှင့်မှုလုပ်ငန်း အမှတ်အသား (Logo) တစ်မျိုးတည်းကို သုံးစွဲပြီး စည်းရုံးလှုံ့ဆော်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နှစ်အလိုက် တိုးတက်မှုကို နှိုင်းယှဉ်ကြည့်ပါက ယခုနှစ်တွင် ခရီးသည် ဝင်ရောက်မှု ဦးရေ ၅ ရာခိုင်နှုန်း တိုးတက်ပြီး ဝင်ငွေ ၈ ရာခိုင်နှုန်းတိုးတက်၍ ဘတ် ၂ ဒသမ ၅ ထရီလီယံအထိ ရရှိခဲ့သည်ကို တွေ့မြင်ရကြောင်း တာနာဆတ်က ပြောသည်။

ထိုင်းနိုင်ငံသား ခရီးသွားများအတွက် ဆွဲဆောင်မှု ပြုလုပ်နိုင်ရန် ခရီးသွားလာရေး မူဝါဒကော်မတီအနေဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ဝင်ငွေခွန်ကင်းလွတ်ခွင့်အဖြစ် တစ်ဦးလျှင် ဘတ် ၂၀၀၀၀ အထိ ခုနှိမ်ခွင့်ပေးရန် တောင်းဆိုထားပြီးဖြစ်ကြောင်း၊ လာမည့်လမှ ဒီဇင်ဘာလအထိ ခရီးသွားများအား ပိုမိုဆွဲဆောင်နိုင်ရန် ရည်ရွယ်ထားသော်လည်း အချိန်မီရန် ခက်ခဲနေပြီး လာမည့်နှစ်အတွက်သာ ဆောင်ရွက်နိုင်မည်ဟု ခန့်မှန်းကြောင်း၊ ခရီးသွားလာရေးလုပ်ငန်း ၁၀ ရာခိုင်နှုန်း တိုးတက်ရေး ရည်မှန်းချက် အောင်မြင်ရန်အတွက် ကဏ္ဍခုနစ်ခုတွင် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၎င်းတို့မှာ အားကစားခရီးသွားလုပ်ငန်း၊ အစားအစာခရီးသွားလုပ်ငန်း၊ ရေကြောင်းခရီးသွားလာမှု လုပ်ငန်း၊ မင်္ဂလာပွဲနှင့် ပျားရည်ဆမ်းခရီးသွားလာမှုလုပ်ငန်း၊ ဆေးဝါးကုသခြင်းနှင့် ကျန်းမာရေးဆိုင်ရာ ခရီးသွားလာမှုလုပ်ငန်း၊ လူမှုအဖွဲ့အစည်းအခြေပြု ခရီးသွားလာရေးလုပ်ငန်းနှင့် အပန်းဖြေခရီးသွားလာမှုလုပ်ငန်း စသည်တို့ဖြစ်ကြောင်း ရှင်းလင်း ပြောကြားခဲ့ပါသည်။

ယခုအစီအစဉ်တွင် Thai Airways International၊ Thai Air Asia နှင့် Nok Air စသည့် လေကြောင်းလိုင်းများ ပူးပေါင်းပါဝင်မည်ဖြစ်ပြီး Thai Airways International အနေဖြင့် လူကြီးနှစ်ဦးနှင့် ကလေးတစ်ဦး ပါဝင်သည့် မိသားစုခရီးသွားခြင်းကို လေယာဉ် လက်မှတ်ခ အထူးလျှော့ဈေး ပေးအပ်သွားမည်ဖြစ်ကြောင်း၊ Thai Air Asia အနေဖြင့် ခရီးသွားလာသူ ကလေးအသက် သတ်မှတ်ချက်အား ၁၅ နှစ်အထိ ဖြေလျှော့ လက်ခံ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ထိုင်း လေကြောင်းအာဏာပိုင်အဖွဲ့ အုပ်ချုပ်ရေးမှူး မစ္စတာ ယူသာဆပ်က ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံ ခရီးသွားလာရေး မြှင့်တင်မှုအဖွဲ့ (TTPA) ၏ ဥက္ကဋ္ဌ ဖူရီဝပ်မှ ၎င်းတို့အဖွဲ့အနေဖြင့် အုပ်စုလိုက် ခရီးသွားလာမှုတွင် ထိုင်းရိုးရာဝတ်စုံ ဝတ်ဆင်သွားလာမည့် ခရီးသွားများသို့ ဝန်ဆောင်ခ ၅၀ ရာခိုင်နှုန်းလျှော့ချပေးသွားမည်ဖြစ်ကြောင်း ပြောကြားသွားပါသည်။

**Source : Bankok Post**
**သောင်းနိုင်**

# ထိုင်းနိုင်ငံတွင် ဈေးနှုန်းသတ်မှတ်မှု အဆင့်သစ်အရ ဈေးကြီးသော အမှတ်တံဆိပ် စီးကရက်များအပေါ် အခွန် ပိုမို ကောက်ခံမည်

အထူးကုန်စည်ခွန်ဌာနအနေဖြင့် စီးကရက်များအပေါ် ဈေးနှုန်းသတ်မှတ်ချက်အဆင့်အသစ်ဖြင့် စည်းကြပ်သွားမည်ဖြစ်ကြောင်း၊ ဈေးကြီးသော အမှတ်တံဆိပ်များအပေါ် ဈေးပေါသော အမှတ်တံဆိပ်များထက် အခွန်နှုန်းထား ပိုမိုစည်းကြပ်မည်ဖြစ်ကြောင်း၊ ပြည်သူ့ကျန်းမာရေးနှင့် အစိုးရဘဏ္ဍာငွေ ရရှိရေး ဆန့်ကျင်ဘက် နှစ်ရပ်အကြား ညီမျှမှုရှိအောင် ထိန်းကျောင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဗန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားပါသည်။



အခွန်နှုန်းထား တစ်ခုတည်း သတ်မှတ်စည်းကြပ်ခြင်းဖြင့် ပြည်တွင်းထုတ် စီးကရက်များအပေါ် အခွန်ကျသင့်မှု ပိုမိုများပြားနေပြီး ပြည်ပမှ တင်သွင်းသည့် ဈေးကြီးသော စီးကရက်အမှတ်တံဆိပ်များအတွက် အကျိုးအမြတ် ဖြစ်ထွန်းနေကြောင်း၊ သို့ဖြစ်၍ ဆေးလိပ်သောက်သုံးသူများအား ပြည်ပသွင်းကုန် စီးကရက်များကို သုံးစွဲရန် အားပေးသကဲ့သို့ ဖြစ်နေကြောင်း၊ အခွန်နှုန်းထားတစ်ခုတည်း စည်းကြပ်ခြင်းဖြင့် ဌာနအတွက် အခွန်ငွေရရှိမှု လျော့နည်းနေပြီး နှုန်းထား တိုးမြှင့်သတ်မှတ်ပါကလည်း ဝင်ငွေနည်းဆေးလိပ်သောက်သုံးသူများအတွက် ထိခိုက်မှု ဖြစ်စေနိုင်ကြောင်း၊ ယခု စီးကရက်အပေါ် စည်းကြပ်မည့် အထူးကုန်စည်ခွန်အသစ်သည် ကုန်စည်ခွန် ဥပဒေအသစ်၏ အစိတ်အပိုင်း တစ်ရပ်ဖြစ်ကြောင်း၊ လက်လီရောင်းဈေးသတ်မှတ်ရာတွင် လက်ရှိသုံးစွဲနေသည့် စက်ရုံထုတ်ဈေး (သို့မဟုတ်) CIF ဈေးနှုန်းအစား ဈေးကွက်ရောင်းဈေးအပေါ် အခြေပြုတွက်ချက်သွားမည်ဖြစ်ကြောင်း၊ ယခု ပြောင်းလဲမှုသည် ပြည်တွင်းထုတ်လုပ်သူနှင့် တင်သွင်းသူများကြား မျှတမှုရှိရန် ရည်ရွယ်ကြောင်း၊ အချို့စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အခွန်လျော့နည်းပေးဆောင်မှုများ တွေ့ရှိခဲ့ရပြီးနောက် ပြင်ဆင်သတ်မှတ်ခြင်းဖြစ်ပြီး ဥပဒေအသစ်သည် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်က စတင်အကျိုးသက်ရောက်ခဲ့ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ပါသည်။

ယခု ဈေးနှုန်းအဆင့် သတ်မှတ်မှုအသစ်သည် ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ခြင်း မရှိပါကြောင်း၊ ပြည်တွင်းထုတ်နှင့် ပြည်ပမှ တင်သွင်းသည့် စီးကရက်များ လွတ်လပ်စွာ ကုန်သွယ်ရောင်းဝယ်ခွင့်ပြုထားပါကြောင်း၊ လက်လီရောင်းဈေးနှုန်းတူညီပါက အခွန်ငွေလည်း တူညီစွာ ကျသင့်မည်ဖြစ်ပါကြောင်း၊ ယခု အဆင့် သတ်မှတ်ချက်အသစ်သည် လက်လီ ရောင်းဈေးအပေါ် အခြေခံပါကြောင်း ဖော်ပြထားပါသည်။

ယခု သတ်မှတ်မှုနှင့်ပတ်သက်၍ Bolliger & Co Consulting Ltd ၏ မိတ်ဖက်ဖြစ်သူ ကုန်သွယ်မှုနှင့် အကောက်ခွန် ရှင်းလင်းရေးကိစ္စရပ်များ ကျွမ်းကျင်သူ မစ္စမာလီကာက သဘောမတူညီကြောင်း၊ အရက်နှင့် စီးကရက်တို့သည် ကျန်းမာရေးကို ထိခိုက်မှု ဖြစ်စေခြင်း အတူတူပင်ဖြစ်၍ အခွန် စည်းကြပ်ပုံသဏ္ဍာန် ရှင်းလင်းပြီး အခွန်ရှောင်တိမ်းမှု၊ အခွန်လျော့နည်းပေးဆောင်မှုကို ကာကွယ်သင့်ကြောင်း၊ အရက်နှင့် စီးကရက်တို့သည် အထူးကုန်စည်ခွန် အဓိကပေးဆောင်သည့် ကုန်ပစ္စည်းများ ဖြစ်ကြောင်း၊ အခွန်စနစ်အသစ်တွင် အခွန်ကောက်ခံမှု စွမ်းရည်ကို ကျဆင်းစေနိုင်ကြောင်း၊ ဌာနအနေဖြင့် အခြားအရေးကြီးအချက်အလက်များကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များအတွက် စီးပွားရေးစတင်လုပ်ကိုင်ရန် လွယ်ကူမှုအပြင် အခွန်ကောက်ခံမှုအေဂျင်စီများအကြား သတင်းများကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း ပြောကြားသွားပါသည်။

**Source : Bankok Post**
**သောင်းနိုင်**

# ကင်းလွတ်ဇုန် (Free Zones) တစ်ခုကပေးတဲ့ သင်ခန်းစာ

| မောင်ရင်မောင် |

**ယခင်တစ်ပတ်မှအဆက်**

ဒါပေမဲ့ ၁၉၈၀ ခုနှစ်ဝန်းကျင် နိုင်ငံကြွေးမြီပြဿနာများ ပေါ်ပေါက်လာပြီးနောက်မှာ နိုင်ငံရဲ့ စီးပွားရေးကို ပိုမို လွတ်လပ်စွာ လုပ်ကိုင်နိုင်တဲ့ မူဝါဒပြောင်းလဲကျင့်သုံးခဲ့ပြီး သမားရိုးကျ မဟုတ်တဲ့ ပြည်ပပို့ကုန်မြှင့်တင်ရေး အစီအစဉ်ကို အလေးပေး ဆောင်ရွက်ခဲ့ပါတယ်။ ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးလာမှုနဲ့အတူ အဓိကမြင်သာထင်သာ စီးပွားရေးပြုပြင် ပြောင်းလဲမှုကတော့ Free Trade Zone များ တိုးချဲ့ခြင်း အစီအစဉ်ဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုက သူ့နိုင်ငံရဲ့ဈေးကွက်ကို ဖြည့်ဆည်းနိုင်ဖို့ စက်ရုံ၊ အလုပ်ရုံတွေ ပြန်လည်နေရာချထားရာမှာ အထူးသဖြင့် အဝတ်အထည် ထုတ်လုပ်မှုလုပ်ငန်းတွေအတွက် ဒိုမီနီကန်သမ္မတနိုင်ငံမှာ Free Zone တွေဟာ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်လာခဲ့ပါတယ်။ ဒီဖွံ့ဖြိုးတိုးတက်မှုတွေကို အရှိန်ကောင်းကောင်းနဲ့ မောင်းနှင်ပေးတဲ့ အရင်းခံအကြောင်းတရားတွေ အများကြီးရှိတဲ့ အထဲက အရေးပါတဲ့အကြောင်းတွေကတော့ (က) စိတ်ကြိုက်နိုင်ငံတစ်ခုတည်းနှင့် ကုန်သွယ်မှုပြုခြင်း၊ (ခ) လုပ်အားခ သက်သာခြင်း၊ (ဂ) ယှဉ်ပြိုင်စွမ်းအားရှိသော ငွေကြေးလဲလှယ်မှု နှုန်းထားရှိခြင်း (ဃ) ဘဏ္ဍာရေးဆိုင်ရာ မက်လုံးပေးခြင်းနှင့် (င) ထိန်းသိမ်းကြပ်မတ်သည့် အဖွဲ့အစည်းအင်အားကောင်းမွန်ခြင်းတို့ ဖြစ်ပါတယ်။

ဒိုမီနီကန်သမ္မတနိုင်ငံရဲ့ ဦးစားပေး စိတ်ကြိုက်ရွေးချယ် ကုန်သွယ်မှုပြုတဲ့ နိုင်ငံကတော့ အမေရိကန်ပြည်ထောင်စု ဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စု CBI - Caribbean Basin Initiative က ၁၉၈၄ ခုနှစ်မှာ အဝတ်အထည်များ အပါအဝင် ကုန်ပစ္စည်းအမျိုးအစား ၃၀၀၀ ခန့်ကို Duty Free တင်သွင်းခွင့် ပြုပေးခဲ့ပါတယ်။

လုပ်အားခသက်သာမှုနဲ့ ပတ်သက်ရင် ဦးစားပေး စိတ်ကြိုက်ရွေးချယ် ကုန်သွယ်မှုပြုခြင်းနဲ့ ဆက်နွယ်နေပါတယ်။ ၁၉၈၀ ခုနှစ်ဝန်းကျင်မှာ ဒိုမီနီကန်သမ္မတနိုင်ငံအတွင်း ပြည်ပပို့ကုန် ထုတ်လုပ်မှုကဏ္ဍမှာ လုပ်ကိုင်နေတဲ့ အတော်အတန် ကျွမ်းကျင်လုပ်သားတစ်ဦးကို ပေးရတဲ့လုပ်အားခဟာ တစ်နာရီလျှင် အမေရိကန်ဒေါ်လာ သုည ဒသမ ၇၉ သာပေးရပြီး အမေရိကန်ပြည်ထောင်စုမှာ ပေးရတဲ့လုပ်ခရဲ့ ၆ ရာခိုင်နှုန်းသာရှိခဲ့ပါတယ်။ ဒီလုပ်ခဟာ အာရှဒေသမှာပေးရတဲ့ အခကြေးငွေထက် သုံးဆမြင့်တက်နေပေမယ့် ဦးစားပေး စိတ်ကြိုက်ရွေးချယ် ကုန်သွယ်မှုပြုခြင်းရဲ့ အရေးပါမှုနဲ့ Free Zone များ ရဲ့အစပိုင်းကာလမှာ ဈေးကွက်ယှဉ်ပြိုင်မှုအတွက် မက်လုံးများလည်း ဖြစ်ခဲ့ပါတယ်။

ဒိုမီနီကန်သမ္မတနိုင်ငံဟာ ၁၉၈၀ ခုနှစ် ပတ်ဝန်းကျင်တွေမှာ ငွေကြေးတန်ဖိုး လျှော့ချမှုတွေကို မကြာခဏ ဆောင်ရွက်ခဲ့ပြီး ၁၉၈၅ ခုနှစ်မှာ အမြင်သာအထင်သာဆုံး ငွေကြေးတန်ဖိုးချမှုကို ထူးခြားစွာ ဆောင်ရွက်ခဲ့ပါတယ်။ အမေရိကန်ဒေါ်လာနဲ့ နိုင်ငံသုံးငွေကြေး ပီဆိုလဲလှယ်နှုန်းကို နှုန်းရှင်ထားပြီး (Floating) လုပ်ခဲ့တဲ့အတွက် လုပ်အားခနဲ့ ထုတ်လုပ်မှုစရိတ်များကို လျော့ကျ ထိန်းသိမ်းနိုင်စေခဲ့ပါတယ်။ ယှဉ်ပြိုင်စွမ်းအားရှိတဲ့ ငွေကြေး လဲလှယ်မှုနှုန်းထားကို သတ်မှတ်ပြောင်းလဲ ဆောင်ရွက်ခဲ့ပါတယ်။

ဘဏ္ဍာရေးဆိုင်ရာ မက်လုံးပေးမှုအနေနဲ့ Free Zone တွေမှာ ဝင်ရောက်ရင်းနှီးမြှုပ်နှံမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ကုမ္ပဏီရဲ့ အသားတင်ဝင်ငွေအပေါ် အခွန်စည်းကြပ်ကောက်ခံခြင်း၊ သွင်းကုန်များ၊ တန်ဖိုးမြှင့်ကုန်များနဲ့ ပိုင်ဆိုင်မှု ပစ္စည်းများအပေါ် စည်းကြပ်ခြင်းများကို ခြွင်းချက်ထားခဲ့ပေးပါတယ်။ ထူးခြားတဲ့အချက်တစ်ခုကတော့ Free Zone ကုမ္ပဏီများဟာ မိမိတို့ရဲ့ ထုတ်ကုန်များရဲ့ အနည်းဆုံး ၈၀ ရာခိုင်နှုန်းကို ပြည်ပသို့တင်ပို့ရမည်လို့ သတ်မှတ်ထားချက် ဖြစ်ပါတယ်။ ဒါပေမယ့် ခြွင်းချက်အနေနဲ့ ပြည်တွင်းမှာ မထုတ်လုပ်တဲ့ ကုန်ပစ္စည်းများ ဖြစ်သော်လည်း ဒီကုန်ပစ္စည်းတွေမှာ ဒေသထွက်ပစ္စည်းများကို သွင်းအားစုအဖြစ် ထည့်သွင်းသုံးစွဲခဲ့ပြီး ဒီသွင်းအားစုတန်ဖိုးဟာ စုစုပေါင်း ကုန်ပစ္စည်းတန်ဖိုးရဲ့ အနည်းဆုံး ၂၅ ရာခိုင်နှုန်းရှိခဲ့ရင် သတ်မှတ်ချက်ကို ပယ်ဖျက်ပေးခြင်း ဖြစ်ပါတယ်။

Free Zone တွေကို ထိန်းသိမ်းကြပ်မတ်ဖို့ကတော့ ထိရောက်တဲ့ ထိန်းသိမ်းကြပ်မတ်မှုအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက် စေခြင်း ဖြစ်ပါတယ်။ ၁၉၇၈ ခုနှစ်မှာ CNZFE - National Freezone Council of Dominican Republic ကို ဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။ ဒီအဖွဲ့က နိုင်ငံရဲ့သမ္မတရုံးကို တာဝန်ခံရပြီး ဘုတ်အဖွဲ့မှာ ကုမ္ပဏီဒါရိုက်တာများက ၅၀ ရာခိုင်နှုန်း ကိုယ်စားပြုပါဝင်ပြီး ပုဂ္ဂလိက ကဏ္ဍဆိုင်ရာများမှာ မဲပေး ရွေးချယ်နိုင်ခွင့်ရတဲ့ အဖွဲ့အစည်းတစ်ရပ် ဖြစ်ပါတယ်။

၁၉၈၀ နဲ့ ၁၉၉၀ ခုနှစ်များအတွင်း Free Zone တွေဟာ ဒိုမီနီကန်သမ္မတနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် လျင်မြန်တဲ့ အသွင်ပြောင်းအင်ဂျင်များ ဖြစ်ခဲ့ပါတယ်။ ဒီကာလအတွင်းမှာ Free Zone အရေအတွက် ခြောက်ခုကနေ ၁၉ ခုအထိ တိုးလာသလို ကုမ္ပဏီအရေအတွက်ကလည်း ၁၄၆ ခုကနေ ၂၂၀ အထိ ရှိလာခဲ့ပါတယ်။ အလုပ်အကိုင်ပေးနိုင်မှုကလည်း ၃၆၀၀၀ ကနေ ၁၀၀၀၀၀ ခန့်အထိ ရှိလာခဲ့ပါတယ်။ ၁၉၉၀ ခုနှစ်မှာ Free Zone ဆိုင်ရာ ဥပဒေနဲ့ စည်းမျဉ်းစည်းကမ်းများ ပြဋ္ဌာန်းနိုင်ခြင်းကလည်း ပံ့ပိုးမှုတစ်ရပ် ဖြစ်ခဲ့ပါတယ်။ ၂၀၀၀ ပြည့်နှစ်မှာတော့ Free Zone အစီအစဉ်ဟာ အမြင့်ဆုံးအဆင့် ရောက်ပြီလို့ ပြောနိုင်သလို အလုပ်အကိုင်အခွင့်အလမ်းနဲ့ ပတ်သက်ရင် လူ ၁၉၅၀၀၀ ခန့်ကို အလုပ်ပေးနိုင်ခဲ့ပြီး နိုင်ငံရဲ့ စုစုပေါင်း အလုပ်ခန့်ထားနိုင်မှုရဲ့ ၁၀ ရာခိုင်နှုန်းထိ ရှိခဲ့ပါတယ်။

## ကင်းလွတ်ဇုန်များ၏ အောင်မြင်မှုအရှိန်အဟုန်

၂၀၀၀ ခုနှစ် ပတ်ဝန်းကျင်ကစပြီး Free Zone တွေက ရှာပေးတဲ့ နိုင်ငံခြားဝင်ငွေဟာ တစ်ဘီလီယံကျော်ရှိခဲ့ပြီး အလုပ်အကိုင် အခွင့်အလမ်းများစွာနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ထုတ်လုပ်မှုစွမ်းရည်မြှင့်တင်ရာကဏ္ဍလည်း ဖြစ်ခဲ့ပါတယ်။

ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်လို့ပြောရရင် ၂၀၀၈ ခုနှစ်မှာ Free Zone များအတွင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု တန်ဖိုး ၂ ဒသမ ၆၁၁ ဘီလီယံရှိခဲ့ပြီး ၈၀ ရာခိုင်နှုန်းဟာ Free Zone များမှာရှိတဲ့ စက်ရုံအလုပ်ရုံများမှာ ရင်းနှီးမြှုပ်နှံခြင်း ဖြစ်ပါတယ်။ ကျန်တဲ့ ၂၀ ရာခိုင်နှုန်းက သီးခြားထုတ်လုပ်မှုစက်ရုံတွေမှာ ရင်းနှီးမြှုပ်နှံကြတာဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုဟာ တစ်နိုင်ငံလုံးမှာရှိတဲ့ စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု FDI ရဲ့ ၃၂ ရာခိုင်နှုန်း ရှိခဲ့ပါတယ်။ ကမ္ဘာ့ဘဏ်ရဲ့ လေ့လာထုတ်ပြန်မှုအရ ၂၀၀၂ နဲ့ ၂၀၀၃ ခုနှစ်တွေမှာ နိုင်ငံအတွင်း ဝင်ရောက်လာတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အားလုံးရဲ့ ၉၀ ရာခိုင်နှုန်းဟာ Free Zone တွေကို ဝင်ရောက်သွားတယ်လို့ ဆိုပါတယ်။ ၂၀၀၈ ခုနှစ်ကုန်မှာ လေ့လာစိစစ်မှုများအရ အဓိကကျတဲ့ FDI အစိတ်အပိုင်းက ချည်မျှင်နဲ့ အဝတ်အထည်လုပ်ငန်းကို ၃၃ ရာခိုင်နှုန်း ဝင်ရောက်သွားပြီး ဆေးရွက်ကြီးနဲ့ ဆေးလိပ်လုပ်ငန်းကို ၁၉ ရာခိုင်နှုန်း ဝင်ရောက်သွားတယ်လို့ ဆိုပါတယ်။ ရင်းနှီးမြှုပ်နှံမှု အခြေအနေကတော့ အဓိကအားဖြင့် အမေရိကန်ပြည်ထောင်စုက FDI အနေဖြင့် ၄၆ ရာခိုင်နှုန်း၊ ဒိုမီနီကန်သမ္မတနိုင်ငံက ၂၆ ရာခိုင်နှုန်း၊ ယူနိုက်တက်ကင်းဒမ်းက ၆ ရာခိုင်နှုန်းနဲ့ ကနေဒါနဲ့ ဆွီဒင်တို့က ၅ ရာခိုင်နှုန်းစီ ထည့်ဝင်မြှုပ်နှံကြပါတယ်။ နောက်ပိုင်းမှာတော့ ဒိုမီနီကန်သမ္မတနိုင်ငံက ရင်းနှီးမြှုပ်နှံသူများဟာ အဝတ်အထည်လုပ်ငန်းတွေမှာ အရေးပါတဲ့ ရင်းနှီးမြှုပ်နှံသူများ ဖြစ်လာကြသလို စက်မှုဇုန်တွေမှာ ရင်းနှီးတည်ဆောက်သူ (Developer) များ ဖြစ်လာကြပါတယ်။

နိုင်ငံခြား ပို့ကုန်လုပ်ငန်းအတွက် ၁၉၉၅ ခုနှစ်ကနေ ၂၀၀၀ ခုနှစ်အတွင်း Free Zone တွေက ဆောင်ရွက်မှုဟာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၉ ဒသမ ၈ ဘီလီယံအထိ ရှိခဲ့ပြီး နှစ်စဉ် ၁၀ ရာခိုင်နှုန်း ပုံမှန်တိုးတက်နေခဲ့ပါတယ်။ အမြင့်မားဆုံး တင်ပို့နိုင်မှု အခြေအနေတစ်ရပ်ကို ရရှိခဲ့ပါတယ်။ အရှိန်အဟုန်အလွန်ကောင်းတဲ့ ၂၀၀၁ ခုနှစ်မှာတော့ Free Zone တွေက နိုင်ငံခြားပို့ကုန်တန်ဖိုးဟာ နိုင်ငံ၏ နိုင်ငံခြားပို့ကုန်တန်ဖိုးရဲ့ ၈၁ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ပါတယ်။ ဒီကာလနောက်ပိုင်းမှာတော့ Free Zone တွေရဲ့ နိုင်ငံအတွက် ပြည်ပပို့ကုန်တင်ပို့နိုင်မှုဟာ ၆၅ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ပါတယ်။

၂၀၀၉ ခုနှစ်ကစပြီး Free Zone အစီအစဉ်မှာ ပါဝင်တဲ့ကဏ္ဍတိုင်းလိုလို ဆုတ်ယုတ်ကျဆင်းခဲ့ပြီး နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေခဲ့ပါတယ်။ Free Zone တွေမှာ ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်နေကြတဲ့ လုပ်ငန်းတွေဟာ အရေအတွက်အားဖြင့် ၅၀၀ အောက် ရောက်သွားပြီး အလုပ်သမား ၈၀၀၀ ကျော်ဟာ အလုပ်လက်မဲ့ ဖြစ်သွားခဲ့ပါတယ်။ ပြည်ပပို့ကုန်လုပ်ငန်းဟာ များစွာကျဆင်းသွားပြီး နှစ်စဉ် ၂၀ ရာခိုင်နှုန်းကျော် ဆက်တိုက်ကျဆင်းခဲ့ပါတယ်။

အထက်မှာ တင်ပြခဲ့သလို ချည်မျှင်နဲ့ အဝတ်အထည်ကဏ္ဍရဲ့ အနေအထားဟာ နိုင်ငံရဲ့ ပြည်ပပို့ကုန်ထက်ဝက် တင်ပို့နိုင်ခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းများစွာ ရရှိစေခဲ့သော်လည်း လုပ်ငန်းကျဆင်းပြီးနောက်မှာ အစားထိုး ဝင်ရောက်လာတဲ့ လုပ်ငန်းတွေက ဆေးကုသမှုဆိုင်ရာ ပစ္စည်းကိရိယာများ၊ ဆေးဝါးနှင့် လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်ရေး လုပ်ငန်းများ ဖြစ်ပါတယ်။ အလားတူ ကျောက်မျက်ရတနာနဲ့ ဆေးရွက်ကြီးနဲ့ ဆေးလိပ်လုပ်ငန်းများဟာလည်း အရေးပါတဲ့ အခန်းကဏ္ဍကို ရောက်ရှိခဲ့ပါတယ်။ ဝန်ဆောင်မှုလုပ်ငန်းဖြစ်တဲ့ ဆက်သွယ်ရေးသည် Call Center ဟာလည်း ရှေ့တန်းရောက်ရှိပြီး အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်ခဲ့ပါတယ်။

ဆက်လက်ဖော်ပြပါမည်။



# ထိုင်းနိုင်ငံတွင် တန်ဖိုးမြှင့်ထုတ်ကုန်အပေါ် အခြေပြု၍ ဆန်စီမံကိန်းချမှတ်

ထိုင်းနိုင်ငံအနေဖြင့် ဆန်မဟာဗျူဟာ ရေးဆွဲလျက်ရှိပြီး တင်ပို့မှု အရေအတွက် ပမာဏအပေါ် အခြေပြုခြင်းထက် တန်ဖိုးမြှင့်ထုတ်ကုန် တီထွင်မှုအပေါ် အခြေပြုရန် ရည်ရွယ်ရေးဆွဲခြင်းဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှု မူဝါဒနှင့် မဟာဗျူဟာရုံး ညွှန်ကြားရေးမှူးချုပ် မစ္စပင်ချန္ဒတ်က ပြောကြားပါသည်။

၎င်းစီမံကိန်းရေးဆွဲရန် Kasetsart တက္ကသိုလ်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဝယ်လိုအားကို တိုက်တွန်းသော အချက်အလက်များကို လေ့လာလျက်ရှိကြောင်း၊ ဆန်တင်ပို့မှုဆိုင်ရာ မဟာဗျူဟာမှာ အရေအတွက်ပေါ် အခြေခံ၍ အရည်အသွေးမြင့် (တန်းမြင့်) ဆန်တိုးချဲ့တင်ပို့ရေးကို ဦးစားပေးခဲ့ရာမှ တန်ဖိုးမြှင့် (Value-Added) ထုတ်ကုန်တင်ပို့ရေးကို ပြောင်းလဲရန် ရည်ရွယ်လာကြောင်း၊ ဈေးနှုန်းအနိမ့်ဖြင့် အရေအတွက် များစွာတင်ပို့နိုင်ရေး ယှဉ်ပြိုင်မည့်အစား တန်ဖိုးမြှင့်ကုန်ပစ္စည်း ထုတ်လုပ်တင်ပို့ရန် အယူအဆများပြောင်းလဲရန် လိုအပ်နေပြီဖြစ်ကြောင်း၊ ယခု ရေးဆွဲလျက်ရှိသည့်မဟာဗျူဟာမှာ လက်ရှိနှစ်စဉ်တင်ပို့နေသည့် ဆန်တန်ချိန် ၁၀ သန်းအစား တန်ချိန် ခုနစ်သန်းကိုသာ တင်ပို့ရန် ရည်ရွယ်ကြောင်း၊ တန်းမြင့်ဆန် တန်ချိန် ခုနစ်သန်းတင်ပို့ပြီး ကျန်တန်ချိန် သုံးသန်းအား တန်ဖိုးမြှင့် (Value-Added) ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်တင်ပို့သွားမည်ဖြစ်ကြောင်း သူမက ပြောကြားခဲ့ပါသည်။

ယခုရည်ရွယ်ချက် အောင်မြင်ရန် ထိုင်းနိုင်ငံ ဆန်မဟာဗျူဟာသည် သတင်းအချက်အလက် ပြည့်စုံမှန်ကန်စွာရရှိရန် လိုအပ်ကြောင်း၊ သိပ္ပံနည်းကျ သတင်းအချက်အလက်များ စုဆောင်းပြုစုခြင်းကို ဆောင်ရွက်နေကြောင်း၊ ၎င်းအပြင် အရည်အသွေးမြင့် မျိုးကောင်းများရရှိရန်လည်း ဆောင်ရွက်နေကြောင်း၊ ယခုစုဆောင်းထားရှိသည့် သတင်းအချက်အလက်များတွင် နှစ်စဉ် ဆန်ဝယ်လိုအားနှင့် ရောင်းလိုအား အခြေအနေအပေါ် စိုက်ပျိုးထုတ်လုပ်သူ လယ်သမားများက ဈေးကွက်ခန့်မှန်းနိုင်မှု အခြေအနေလည်း ပါဝင်ကြောင်း၊ လယ်ယာသုံး စက်ကိရိယာဌာနအကြီးအကဲ မစ္စတာ ကရိုင်ခရီမှလည်း Kasetsart တက္ကသိုလ်တွင် လေ့လာချက်အရ ဆန်ကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် အမျိုးအစား သုံးမျိုး ထုတ်လုပ်ရောင်းချနိုင်မည်ကို တွေ့ခဲ့ရကြောင်း၊ ဆန်ဖြင့်ပြုလုပ်သော မုန့်ပဲသရေစာနှင့် ဖွဲနုဆီ နှစ်မျိုးတို့အတွက် ကမ္ဘာ့ဈေးကွက်တွင် နှစ်စဉ်ဝယ်လိုအား အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀၀ ခန့်ရှိပြီး ဆန်မှုန့်မှာလည်း ကမ္ဘာ့ဈေးကွက်တွင် နှစ်စဉ် ဝယ်လိုအား အမေရိကန်ဒေါ်လာဘီလီယံ ၂၇၀ ကျော် ရှိနေကြောင်း၊ သို့ဖြစ်၍ ဆန်လုပ်ငန်းနှင့် သက်ဆိုင်သော လုပ်ငန်းရှင်များအားလုံး ယခုအစီအစဉ်တွင် ပါဝင်ရန် တိုက်တွန်းလိုကြောင်း၊ ပုဂ္ဂလိက လုပ်ငန်းရှင်များအနေဖြင့် အရည်အသွေးမြင့် ဆန်ထုတ်လုပ်မှုသာမက တန်ဖိုးမြှင့် ဆန်အခြေခံကုန်ပစ္စည်းများ ထုတ်လုပ်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသွားပါသည်။

**သောင်းနိုင်(တာချီလိတ်)**

Source : Bangkok Post

# EEC တွင် ရင်းနှီးမြှုပ်နှံရန် ရုရှားနိုင်ငံက စိတ်ဝင်စားနေကြောင်း အပီရာဒီ ပြောကြား

ရုရှားအနေဖြင့် ထိုင်းနိုင်ငံက ဦးစီးဆောင်ရွက်လျက်ရှိသည့် EEC စီမံကိန်းတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားကြောင်း ဖော်ပြခဲ့ပြီး ထိုင်းနိုင်ငံနှင့် ယူရေးရှားစီးပွားရေးသမဂ္ဂ (Eurasian Economic Union) တို့ နီးကပ်စွာ ပူးပေါင်းပြီး အကျိုးအမြတ်ရရှိရေး ဆောင်ရွက်သွားရန် တိုက်တွန်းခဲ့ကြောင်း ဗန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားပါသည်။

ထိုင်းစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး မစ္စအပီရာဒီတန်တရာဘွန်းသည် လွန်ခဲ့သည့် ရက်သတ္တပတ်က ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံစီးပွားရေးဝန်ကြီးများ (AEM) အစည်းအဝေးတွင် ရုရှားနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Alexey Gruzdev နှင့်တွေ့ဆုံခဲ့ရာ ရုရှားလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးလုပ်ငန်းတိုးချဲ့ရန်နှင့် ထိုင်းနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန် အခွင့်အရေးများ ရှာဖွေနေသည်ဟု ပြောကြားခဲ့ကြောင်း၊ နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးရန် အခွင့်အရေးရရှိခဲ့ကြောင်း၊ ရုရှားကုမ္ပဏီများက ထိုင်းနိုင်ငံ EEC တွင် ရင်းနှီးမြှုပ်နှံလိုကြသည်ဟု သိရှိခဲ့ရကြောင်း ပြောကြားခဲ့ပါသည်။ ရုရှားနိုင်ငံအနေဖြင့် နှစ်နိုင်ငံကုန်သွယ်မှုအား ၂၀၂၀ ခုနှစ်တွင် တန်ဖိုး အမေရိကန် ဒေါ်လာ ၁၀ ဘီလီယံကျော်ရောက်ရှိအောင် ဆောင်ရွက်လိုကြောင်း၊ လက်ရှိတွင် ကုန်သွယ်မှုတန်ဖိုးမှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံခန့်သာရှိကြောင်း ပြောကြားခဲ့ပါသည်။

EEC စီမံကိန်းသည် အစိုးရက ဦးဆောင်မူဝါဒချမှတ်၍ ချွန်ဘူရီ၊ ရာယွန်နှင့် ချာချောင်ဆော ပြည်နယ်သုံးခုအတွင်း ဧရိယာ ရိုင် ၃၀၀၀၀ တွင် အထူးစီးပွားရေးဇုန် တည်ဆောက်သည့် စီမံကိန်းပင်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံသူ နှစ်ရပ်စလုံးကို စက်မှုလုပ်ငန်း ၁၀ မျိုးတွင် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ထားကြောင်း၊ ၎င်းလုပ်ငန်းများတွင် မျိုးဆက်သစ်ကားထုတ်လုပ်ရေးလုပ်ငန်း၊ အဆင့်မြင့်လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း၊ စံချိန်မီဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း၊ ခရီးသွားလာရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဇီဝနည်းပညာသုံး အစားအစာထုတ်လုပ်ရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းသုံးစက်ရုပ်များ ထုတ်လုပ်ရေးလုပ်ငန်း၊ ဇီဝလောင်စာနှင့် ဇီဝဓာတုထုတ်လုပ်ရေးလုပ်ငန်း၊ ဆေးကုသမှုလုပ်ငန်းများ စသည်တို့ပါဝင်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။ ရုရှားနိုင်ငံမှ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံသို့ အလည်အပတ် လာရောက်ရန်ရှိကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် EEU နှင့် ပူးပေါင်းမှုကြောင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအား ထိုင်းနှင့် ရုရှားနှစ်နိုင်ငံကြား တိုးတက်မှုတွင်သာမက ထိုင်းနှင့် အခြားသော EEU အဖွဲ့ဝင်နိုင်ငံများကြားတွင်လည်း တိုးတက်မှုရရှိနိုင်မည်ဖြစ်သည်။ EEU သည် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းဖြစ်ပြီး ၂၀၁၄ ခုနှစ်၊ မေလ ၂၉ ရက်က ဘီလာရုစ်၊ ကာဇက်စတန်နှင့် ရုရှားတို့ လက်မှတ်ရေးထိုးကာ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင်မူ အာမေနီးယန်းနိုင်ငံနှင့် ကာဂျစ်စတန်နိုင်ငံတို့ ပါဝင်လာကြကြောင်း သိရသည်။

အရှေ့ပိုင်း စီးပွားရေးဖိုရမ် (Eastern Economic Forum) အား ယခုလအတွင်း ရုရှားနိုင်ငံ ဗလာဒီဗော့စတော့မြို့တွင်ကျင်းပစဉ် ထိုင်းလုပ်ငန်းရှင်များ ပါဝင်တက်ရောက်ခဲ့ပြီး ယခုတစ်ပတ်အတွင်း ထိုင်းနိုင်ငံ၌ ပြုလုပ်ခဲ့သည့် ထိုင်းနိုင်ငံ ဆေးဝါးပြပွဲသို့လည်း ရုရှားလုပ်ငန်းရှင် ၁၆ ဦး တက်ရောက်ခဲ့ပါကြောင်း၊ EEC တွင် ရုရှားမှ ရင်းနှီးမြှုပ်နှံမှု အပါအဝင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ကြောင်း၊ ရုရှားနိုင်ငံသည် ထိုင်းနိုင်ငံ၏ ၃၂ ခုမြောက် အများဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၆ ဘီလီယံရှိခဲ့ပြီး ထိုင်းနိုင်ငံမှ တင်ပို့တန်ဖိုး အမေရိကန် ဒေါ်လာ ၅၇၇ သန်းနှင့် ထိုင်းနိုင်ငံဘက်သို့ တင်သွင်းတန်ဖိုး အမေရိကန် ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံရှိခဲ့ကြောင်း ဝန်ကြီး အပီရာဒီက ပြောကြားခဲ့ပါသည်။

**သောင်းနိုင်(တာချီလိတ်)၊ Source : Bangkok Post**

# အိန္ဒိယပဲကုန်သည်များက မတ်ပဲနှင့် ပဲတီစိမ်း ပြည်ပမှတင်သွင်းခွင့်ကို ထိန်းချုပ်ထားရန် ဆန္ဒရှိနေဟုဆို



အိန္ဒိယအစိုးရသည် နိုင်ငံတွင်းရှိ ပဲစိုက်တောင်သူများနှင့် ပဲကုန်သည်များ၏ အခက်အခဲကို ဖြေရှင်းသည့်အနေဖြင့် ပြည်ပမှ ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲတီစိမ်းတင်သွင်းနေမှုများအား အကန့်အသတ်ဖြင့်သာ တင်သွင်းရန် ပြီးခဲ့သည့် ဩဂုတ် ၅ရက်နှင့် ၂၁ရက်တို့တွင် ဆုံးဖြတ်ခဲ့သည်။

ပြည်ပမှ ပဲတင်သွင်းမှုကို အကန့်အသတ်ဖြင့်သာ တင်သွင်းရန် ထုတ်ပြန်ကြေညာခဲ့ပြီးနောက် အိန္ဒိယနိုင်ငံတစ်ဝန်းတွင် ပဲဈေးနှုန်းများ ပြန်လည်မြင့်တက်ခဲ့သည်။

သို့သော် အဆိုပါ အကန့်အသတ်ဖြင့်တင်သွင်းခြင်းသည် ၂၀၁၈ ခုနှစ်အထိသာဖြစ်ပြီး ယခုလက်ရှိကာလတွင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီးသောပဲများနှင့် လမ်းခုလတ်တွင်ရောက်ရှိနေသည့်ပဲများကို တင်သွင်းခွင့်ပြုခဲ့သည်။

အိန္ဒိယနိုင်ငံမှ ကုန်သည်များက ဝန်ကြီးချုပ် မိုဒီအစိုးရ၏ဆုံးဖြတ်ချက်ကို လှိုက်လှဲစွာကြိုဆိုပါကြောင်း ပြောကြားခဲ့သည်။

"ကျွန်တော်တို့အနေနဲ့ အစိုးရရဲ့ ပဲမျိုးစုံတင်သွင်းမှုကို အခုလို ကန့်သတ်လိုက်တာကို ကြိုဆိုပါတယ်။ ဒီလိုကြေညာလိုက်တဲ့အတွက် ပြည်တွင်းမှာ ပဲဈေးနှုန်းတွေ မြင့်တက်လာတာဟာ လယ်သမားတွေအတွက် အထောက်အပံ့ဖြစ်စေပါတယ်။ ဒါပေမယ့် အစိုးရအနေနဲ့ မတ်ပဲနဲ့ပဲတီစိမ်း တင်သွင်းခွင့်တားမြစ်ထားတာကို ဆက်လက်ထိန်းချုပ်ထားစေချင်ပါတယ်"ဟု အိန္ဒိယပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ ဒုတိယဥက္ကဋ္ဌ ဘိုင်မယ်လ်ကိုသာရီက ပြောကြားခဲ့သည်။

ကမ္ဘာအနှံ့အပြားတွင် ပဲစိုက်ပျိုးထုတ်လုပ်သည့်နိုင်ငံများ အများအပြားရှိသော်လည်း အိန္ဒိယနိုင်ငံသည် ပဲစားသုံးမှုအများဆုံးသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အထူးသဖြင့် အိန္ဒိယနိုင်ငံတစ်နိုင်ငံတည်းသာလျှင် ပဲစင်းငုံကို အများဆုံးစားသုံးသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

အာဖရိတိုက်မှ အိန္ဒိယနိုင်ငံသို့ ပဲစင်းငုံ တင်ပို့မှုသည် ၂၀၁၇ ခုနှစ်အတွင်း ယနေ့အထိ တန်ချိန် ခြောက်သိန်းရှိခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့်မူ တန်ချိန် ၂ ဒသမ ၅သိန်းမှ သုံးသိန်းကြားတွင်ရှိနေသည်ဟု ကုန်သွယ်မှုဆိုင်ရာကိန်းဂဏန်းများတွင် ဖော်ပြထားသည်။

အာဖရိကတိုက်တွင် ပြီးခဲ့သည့်နှစ်က ပဲစင်းငုံ တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၁၁၀၀ ရှိသော်လည်း ယခုနှစ် လက်ရှိအချိန်တွင်မူ ပဲစင်းငုံ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၅ သာရှိသည်။ **မယ်သီတာ**

အကြံပြုစာများ ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုလုပ်ငန်းသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အပတ်တကုတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများကို အဆင်ပြေစွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ် ချက်များကို စာဖတ်သူများထံမှ အကြံပြုချက်များအား ဖိတ်ခေါ်ပါသည်။ ပေးပို့လာသော အကြံပြုချက်များကို သက်ဆိုင်ရာများ သိရှိနိုင်စေရန်အတွက် ဂျာနယ်တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

အကြံဉာဏ်များကို ပေးပို့ရာတွင် အမည်၊ မှတ်ပုံတင်နှင့် နေရပ်လိပ်စာကို ဖော်ပြပေးရမည်ဖြစ်ပြီး အဆိုပါ ကိုယ်ရေးအချက်အလက်များကို ဖော်ပြသွားမည်မဟုတ်ပါ။

Ti2

(Ti2 Container Line)

# Ti2 Myanmar Co.,Ltd



## Our Services

- NVOCC
- Freight Forwarding
- Customs Clearance

Address -No 10,Room No 102,46th Street(Lower Block),Nearby YMCA,
Botahtaung Township,Yangon,Myanmar.
Tel - 09 453988802/03/04
Tel/Fax-01 392145, E-mail : www.ti2.com.mm



# WT LOGISTICS CO., LTD.

**Integrated Solutions Provider**

OUR SERVICES

WE HAVE WIDE NETWORK OF OFFICES IN ALL MAJOR LOCATIONS TO HELP YOU WITH THE SERVICES WE OFFER

**AIR FREIGHT**

AIR
- Door to Door Services.
- Consolidation.
- Dangerous Goods Handling.
- Personal Goods.
- Documentations.

**SEA FREIGHT**

SEA
- Door to Door Services.
- (LCL) Less Than Container Load.
- (FCL) Full Container Load.
- Reefer Cargo.
- Project Cargo.
- Documentations.

**ROAD FREIGHT ( Border Trade )**

LAND
- From Thailand & China.
- Door to Door Services.
- (LTL) Less Than Trucks Load.
- (FTL) Full Trucks Load.
- Trailer.
- Box Trucks.
- Dangerous Goods Handling.

**CUSTOMS CLEARANCE**

- In-depth working knowledge of Customs regulations.
- Quarantine rules.
- Consumer protection.
- Legal regulations.
- Interantional Legislation.

**PROJECT HANDLING**



- Project Forwarding Services to EPC ( Engineering, Procurement & Construction Companies )
- Large industrials Goods, Heavy & Over-Size
- Customized Project Handling & Transportation
- Project Consulation( Planning, Initial ,Operation Stags By Qualified Logistics Expers )

CONTACT US

+95 (9) 515 8435, +95 (9) 78 515 8435

No.91/105,Room (E2),Ground Floor,Min Ye' Kyaw Swar Road, (9) Q/T, Lanmadaw Tsp,Yangon,Myanmar



SPL

နိုင်ငံကျော်

# စိန်ပလောင်



ရာဇလမ်း၊ ဘုတာကြီးရှေ့၊ မန္တလေးမြို့။

09-91026667, 09-43117929

လက်ဖက်မှာဆို
အမြဲကို စားလို့မပြတ်

**ထူးခြားချက်(၇)ချက်**

(၁) ပဲဆီ(သန့်) တစ်မျိုးသာ အသုံးပြုခြင်း။
(၂) သံပုရာသီးစစ်စစ်ဖြင့်သာ အသုံးပြုခြင်း။
(၃) သဘာဝနည်းစနစ်ဖြင့်သာ ထုတ်လုပ်ခြင်း။
(၄) တာရှည်ခံဆေး (လုံးဝ) မသုံးထားခြင်း။
(၅) ဖြည့်စွက်အစားအစာ (လုံးဝ) ကင်းရှင်းခြင်း။
(၆) လက်ဖက်နှပ် (၁)လတိတိ အာမခံခြင်း။
(၇) ပဲနှစ်ပြန်ကြော် (၁)နှစ်တိတိ အာမခံခြင်း။

လူမျိုး ဘာသာမရွေး စားသုံးနိုင်ပါသည်။

ကျန်းမာရေးအတွက် အချိုမှုန့်မပါဝင်သော ပဲနှစ်ပြန်ကြော်နှင့်
လက်ဖက်ညှန့်နှပ်ကို သီးသန့် ထုတ်လုပ်ပါသည်။

SPL

နိုင်ငံကျော်

# စိန်ပလောင်

ပဲနှစ်ပြန်ကြော် ၊ လက်ဖက်ရွက်နှနှပ် ၊ ချဉ်ငံစပ်ရှာရှဲနှပ် ၊ ဂျပန်ဂျင်းနှနှပ်



ဓါတုဆိုးဆေး
လုံးဝမသုံးပါ။

ပဲဆီစစ်စစ်တစ်မျိုးသာ အသုံးပြုပါသည်။
မန္တလေးဒေသထွက်လက်ဆောင်မြန်မာအစားအစာ မျိုးစုံရပါသည်။




OFFICE (YGN) : No.45T, Tae Nu Yin Street, 7½ Mile, Off Pyay Road, Mayangone Township, Yangon, Myanmar. Tel : (95-1) 656 525 Mobile : (95-9) 40 158 7272

OFFICE (MDY) : No. 682, 35th Street, Between 73rd x 74th Street, Maw Ya Gi Wa Ward, Chan Aye Thar Zan Township, Mandalay. Mobile : (95-9) 401 587373 , 262 174 143

OFFICE (SG) : Block 12, Lorong Bakar Batu, # 05-08, Singapore 348745 Mobile : (65) 6742 3706

E-Mail : info@zenithpowermyanmar.com www.zenithpowermyanmar.com www.zenithpowerengineering.com.sg

SMART SOLUTION RELIABILITY EVERYWERE

GMP MOTORS

## Ga Mone Pwint (GMP) Motors Co,. Ltd.

Tel : 951 516031, 516160, 516162, 516179

e-mail : gmpmotor.mm@gmail.com, gmpmotor.office@gmail.com Fax : 951 516195



**We are a leading trader of all kinds of new and used vehicles.**



အမှတ်(၁၁/၉) ရွှေမကျောင်းလမ်း (၁)ရပ်ကွက် လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ရုံးချိန် - နံနက်(၈း၃၀)နာရီမှ ညနေ(၆)နာရီအထိ ပိတ်ရက်မရှိ ဖွင့်လှစ်ထားပါသည်။

COMMERCE
INTERNATIONAL

## နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ယူအေအီးနိုင်ငံတွင် အကြီးဆုံးစက်မှုဇုန် တည်ဆောက်ရေးအတွက် ယူအေအီးနှင့် တရုတ်နိုင်ငံတို့ နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်ရန်အတွက် ယူအေအီးနိုင်ငံတွင် အကြီးဆုံးစက်မှုဇုန်တည်ဆောက်ရန် ယူအေအီးနှင့် တရုတ်နိုင်ငံတို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ်ကို စက်တင်ဘာ ၁၉ ရက်က လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ရေးသားဖော်ပြထားသည်။

ဒူဘိုင်းမာလ်တီကွန်မိုဒီတီစင်တာ (Dubai Multi Commodities Centre-DMCC)ဟုအမည်ပေးထားသည့် အကြီးဆုံးစက်မှုဇုန်ကို ဒူဘိုင်းမြို့တွင် တည်ဆောက်မည်ဖြစ်သည်။

အဆိုပါနားလည်မှုစာချွန်လွှာကို DMCC နှင့် Xi'an International Trade & Logistics Park တို့က တရုတ်နိုင်ငံတွင် ကျင်းပခဲ့သည့် Xi'an Dubai Free Trade & Logistics Cooperation Conference 2017 တွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရသည့် ရည်ရွယ်ချက်မှာ ယူအေအီးနှင့် တရုတ်နိုင်ငံတို့အကြား အထူးစီးပွားရေးဇုန်များ ပူးပေါင်းလုပ်ဆောင်ရန်၊ ဈေးကွက်သစ်များ တိုးချဲ့ရှာဖွေရန်၊ နှစ်နိုင်ငံစီးပွားရေးကိုယ်စားလှယ်များ၊ လေ့လာရေးအဖွဲ့များကို စေလွှတ်၍ စီးပွားရေးတိုးတက်အောင် လုပ်ဆောင်ရန်ရည်ရွယ်၍ လက်မှတ်ရေးထိုးရခြင်းဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

"တရုတ်နိုင်ငံနဲ့ ကျွန်တော်တို့ နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတွေမှာ နီးနီးကပ်ကပ် လုပ်ဆောင်နိုင်ဖို့ ဦးစားပေးဆောင်ရွက်မှာဖြစ်ပါတယ်။ Xi'an International Trade & Logistics Park နဲ့ လက်မှတ်ရေးထိုးခြင်းအားဖြင့် ကျွန်တော်တို့ဟာ အဖွဲ့ဝင်ကုမ္ပဏီတွေအနေနဲ့ နှစ်နိုင်ငံကုန်သွယ်ရေးဆိုင်ရာ ကင်းလွတ်နယ်မြေတွေမှာ လုပ်ကိုင်ခွင့်ရရှိကြမှာဖြစ်ပါတယ်။ ဒ့ါအပြင် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးနဲ့ ကုန်သွယ်ရေးဆိုင်ရာ အတားအဆီးတွေကိုလည်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ဖယ်ရှားသွားမှာဖြစ်ပါတယ်"ဟု DMCC မှ အမှုဆောင်အရာရှိချုပ် Gautam Sashittal က ပြောကြားခဲ့သည်။

ယခုလအစောပိုင်းက ယူအေအီးနိုင်ငံ စီးပွားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ တရုတ်နိုင်ငံတွင် ၂၀၁၆ ခုနှစ်အတွင်း ယူအေအီးနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံအထိ ရှိခဲ့ကြောင်း ကြေညာခဲ့သည်။

မယ်သီတာ စုစည်းသည်




## တရုတ်နိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့ ရုပ်ရှင်လုပ်ငန်းနှင့် မီဒီယာလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူစာချုပ် ချုပ်ဆို

တရုတ်နိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့သည် ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းနှင့် မီဒီယာလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် စက်တင်ဘာ ၁၈ ရက်က သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

အဆိုပါ သဘောတူစာချုပ်ကို ယူကရိန်းနိုင်ငံတွင် ကျင်းပခဲ့သည့် (၇) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မီဒီယာဖိုရမ် (Kiev Media Forum) တွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ ယင်းစာချုပ်ကို တရုတ်နိုင်ငံ China Radio International(CRI) မှ ဒုတိယဥက္ကဋ္ဌ Tian Yuhong နှင့် ယူကရိန်းနိုင်ငံမှ Public Brocasting Company of Ukraing(PBCU) မှ ညွှန်ကြားရေးမှူးချုပ် Zurab Alasania တို့က လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ သဘောတူစာချုပ်အရ ယူကရိန်းရုပ်သံလိုင်းများတွင် တရုတ်နိုင်ငံမှ ရုပ်ရှင်များအား ပြသခွင့်ရရှိရေးနှင့် နှစ်နိုင်ငံ ပူးပေါင်း၍ ရုပ်ရှင်များ ရိုက်ကူးနိုင်ရေးတို့ကို ပြုလုပ်မည်ဖြစ်သည်။

ယင်းသဘောတူစာချုပ်၏ တစ်စိတ်တစ်ဒေသအဖြစ် တရုတ်နိုင်ငံတွင် ထုတ်လွှင့်လျက်ရှိသည့် ရုပ်သံဇာတ်လမ်းတွဲလေးခုနှင့် ရုပ်ရှင်များအား ယခုနှစ်အတွင်း PBCU ၌ ထုတ်လွှင့်ခွင့်ရရှိမည်ဖြစ်သည်။ ထို့ကြောင့် ယူကရိန်းနိုင်ငံ၏ ရုပ်သံနယ်ပယ်တွင် တရုတ်ရုပ်ရှင်နှင့် ဇာတ်လမ်းတွဲများက ၉၇ ရာခိုင်နှုန်းခန့် လွှမ်းမိုးသွားမည်ဖြစ်သည်။

"စာရင်းပြုစုထားတဲ့ ရုပ်ရှင်ကားအရေအတွက်က တော်တော်လေးကိုများပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့အချိန်ယူပြီး ဆွေးနွေးရဦးမှာဖြစ်ပါတယ်။ ရုပ်သံရိုက်ကူးတဲ့သူ အရေအတွက်လည်း တော်တော်များများ လိုအပ်လာမှာဖြစ်ပါတယ်"ဟု PCBU မှ ညွှန်ကြားရေးမှူးချုပ် Alsania က ပြောကြားခဲ့သည်။

ထို့ပြင် ယူကရိန်းနိုင်ငံတွင် ထုတ်လွှင့်ပြသမည့် တရုတ်ရုပ်ရှင်ဇာတ်လမ်းတွဲများကို ယူကရိန်းဘာသာသို့ ပြန်ဆို၍ စာတမ်းထိုးပြသရမည်ဖြစ်ကြောင်း၊ သို့မှသာ ယူကရိန်းနိုင်ငံမှ ရုပ်ရှင်ကြည့်ပရိသတ်များအနေဖြင့် တရုတ်နိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကို သိရှိနိုင်မည်ဖြစ်ကြောင်း၊ ယူကရိန်းနိုင်ငံအနေဖြင့်လည်း တရုတ်နိုင်ငံတွင် ၎င်းတို့၏ ရုပ်ရှင်ကားများကို ပြသနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

ယူကရိန်းနိုင်ငံ၊ ကိဗ်မြို့တွင် ငါးရက်တာကျင်းပသည့် Kiev Media Week တွင် နိုင်ငံပေါင်း ၂၅ နိုင်ငံမှ ရုပ်ရှင်ထုတ်လုပ်ရေးနှင့် မီဒီယာလုပ်ငန်းများ တက်ရောက်ခဲ့ကြကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြထားသည်။

## အာဆီယံ၏ ဆိုက်ဘာလုံခြုံရေးလုပ်ငန်းများတွင် စင်ကာပူနိုင်ငံက အမေရိကန်ဒေါ်လာတစ်သန်းကျော် ရင်းနှီးမြှုပ်နှံ

စင်ကာပူနိုင်ငံသည် အာဆီယံဒေသတွင်းနိုင်ငံများ၏ ဆိုက်ဘာလုံခြုံရေးလုပ်ငန်းများ အစီအစဉ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ သန်း ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း စင်ကာပူအစိုးရက စက်တင်ဘာ ၁၈ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

စင်ကာပူနိုင်ငံအနေဖြင့် ASEAN Cyber Capacity Building Program(ACCP) ကို လာမည့်သုံးနှစ်အတွင်းထူထောင်ကာ အာဆီယံဒေသအတွင်း နည်းပညာပိုမိုမြင့်မားအောင် လုပ်ဆောင်မည်ဖြစ်ကြောင်း စင်ကာပူအစိုးရ၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

ပြီးခဲ့သည့်နှစ်က စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ်မြောက် ဆိုက်ဘာလုံခြုံရေးနှင့်ပတ်သက်သည့် အာဆီယံဝန်ကြီးများအဆင့်ညီလာခံတွင် စင်ကာပူနိုင်ငံ သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာဝန်ကြီး ယာကွတ်အီဗရာဟင်က အဆိုပါရင်းနှီးမြှုပ်နှံမှုသည် အာဆီယံဒေသတွင်းနိုင်ငံများရှိ အော်ပရေတာများနှင့် ဆိုက်ဘာတိုက်ခိုက်သူများအကြား ဖြစ်ပွားလျက်ရှိသည့်ပြဿနာရပ်များကို ဖြေရှင်းနိုင်ရန်အတွက် နည်းပညာရပ်ဆိုင်ရာစွမ်းအားမြင့် အဆောက်အဦးတစ်ရပ်တည်ဆောက်ရာတွင် အသုံးပြုသွားမည်ဖြစ်သည်ဟု ပြောကြားခဲ့သည်။

အာဆီယအဖွဲ့ဝင် နိုင်ငံများအချင်းချင်း နည်းပညာရပ်ဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ မူဝါဒနှင့် မဟာဗျူဟာကျသည့် စွမ်းအားမြင့် အဆောက်အအုံများ တည်ဆောက်၍ ဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ၊ ညီလာခံများ ကျင်းပသွားမည်ဖြစ်သည်။ ယင်းကဲ့သို့ ကျင်းပရာတွင် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများ၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေသည့် ပညာရှင်များ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ ပါဝင်လာစေရန် စည်းရုံးဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် ယခုနှစ်အတွင်း စင်ကာပူနိုင်ငံတွင် ဆိုက်ဘာလုံခြုံရေးနှင့် ပတ်သက်သည့် ASEAN Cybersecurity Industrial Attachment Program ကို ကျင်းပသွားမည်ဖြစ်ကြောင်း၊ အဆိုပါ အစီအစဉ်တွင် အာဆီယံနိုင်ငံများမှ ပါဝင်လှုပ်ရှားသူ ၁၈ ဦးထက်မနည်း သင်တန်းများ တက်ရောက်နိုင်မည့် အခွင့်အရေးများကို ပေးအပ်သွားမည်ဖြစ်ကြောင်း အီဗရာဟင်က ပြောကြားခဲ့သည်။